ရွှေတိဂုံသမိုင်း အနှစ်ချုပ်

# သိင်္ဂုတ္တရရွှေတောင်

ဦးထွန်းအေး (ဓမ္မာစရိယ၊ ဘီအေ)

ဒုတိယအကြိမ်

ရွှေတိဂုံသမိုင်း အနှစ်ချုပ်

# သိင်္ဂုတ္တရရွှေတောင်

ဦးထွန်းဖေး (ဓမ္မာစရိယ၊ ဘီအေ)

ဒုတိယအကြိမ်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ०၄/၂००၃ (၁)

အဖုံးခွင့်ပြုချက်အမှတ် - ၈၂/၂००၃ (၂)

ထုတ်ဝေသူ

ဦးထွန်းအေး (ဓမ္မာစရိယ ဘီအေ) (ယာယီ-၈၁၂)

ထွန်းနီလာစာပေ၊ အမှတ် (၁၁)၊ နီလာလမ်း၊

၃-ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

ပုံနှိပ်သူ

ဦးဌေးလှိုင် (မြ-०၂၄၅၃)

ခရီးဖော်ပုံနှိပ်တိုက်


၇၅၊ ကမ္ဘာအေးစေတီလမ်း၊

(၈) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊

ရန်ကုန်မြို့။ ဖုံး-၆၆၁၄၆၅

ဒုတိယအကြိမ်

အုပ်ရေ (၂၀၁၀)




ရွှေတိဂုံစေတီတော်အစိတ်အပိုင်းများနှင့် ဘိနပ်ခြေမှစိန်ဖူးထိ အဆင့်ဆင့်အတိုင်းအတာများ

# နိဒါန်း

ဤစာအုပ်ငယ် ပြုစုရေးသားရခြင်း၏ အကြောင်းများမှာ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော သူများက ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဖြစ်ရပ်အမှန် အကြောင်းများကို အမျိုးမျိုး မေးမြန်းကြပါသည်။

လူတိုင်း၏ မေးခွန်းများကို တစ်ဦးစီ ဖြေဆိုနေရသော် အချိန်ကုန် လူပမ်းဖြစ်၍ ဤစာအုပ်ငယ်ဖြင့် ဖြေဆိုပါက သိလိုသူများ၏ အလိုဆန္ဒ ပြည့်ဝနိုင်မည်ဟု ယူဆပါသဖြင့် စုစည်းရေးသားဘင်ပြရခြင်းဖြစ်ပါကြောင်း။

ထွန်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | က-ခ |
| ၁။ | စေတီတော်မြတ်၏ အမည်နာမဘွဲ့တော် | ၁ |
| ၂။ | ရန်ကုန်မြို့တော်၏ ရှေးအမည်များ | ၂ |
| ၃။ | သိင်္ဂုတ္တရ ကုန်းတော်၏ အမည်များ | ၃ |
| ၄။ | ရွှေတိဂုံ စေတီတော်၏ သမိုင်းအကျဉ်း | ၇ |
| ၅။ | စေတီတော်မြတ်ကို တည်ဆောက်ရပုံအကြောင်း | ၉ |
| ၆။ | ရွှေတိဂုံစေတီတော်မြတ်ကြီး တည်ဆောက်ပုံနှင့် အတိုင်းအတာ | ၁၃ |
| ၇။ | ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တည်ထားပုံ အစီအစဉ် | ၁၄ |
| ၈။ | ကြည်းဝန်းငါးဆင့် (ကြယ်ငါးပွင့်) | ၁၇ |
| ၉။ | ခေါင်းလောင်း (သပိတ်မှောက်) | ၁၈ |
| ၁၀။ | အထက်ဌာပနာတိုက် | ၁၉ |
| ၁၁။ | ပန်းဆွဲ | ၂၀ |
| ၁၂။ | ဖောင်းရစ် | ၂၀ |
| ၁၃။ | နတ်ကြည့် | ၂၂ |
| ၁၄။ | ကြာနှုတ် | ၂၅ |
| ၁၅။ | ကြာမှောက် | ၂၅ |
| ၁၆။ | ရွဲ | ၂၆ |
| ၁၇။ | ကြာလန် | ၂၇ |
| ၁၈။ | အထက်ကြာနှုတ် | ၂၇ |
| ၁၉။ | ချယားသီး (ငှက်ပျောဖူး) | ၂၈ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀။ | ကြေးစလောင်းကြီး | ၃၀ |
| ၂၁။ | ပိန္နဲတိုင် (ပန်းလည်တိုင်) | ၃၀ |
| ၂၂။ | ဆပ်သွားဖူး | ၃၁ |
| ၂၃။ | ဌန်း (စိန်လေးပွင့်) | ၃၂ |
| ၂၄။ | ငှက်မြတ်နား | ၃၃ |
| ၂၅။ | စိန်ဖူးတော် | ၃၅ |
| ၂၆။ | ထီးတော် | ၃၇ |
| ၂၇။ | စေတီများသို့ ထီးတော်အမျိုးမျိုး တင်လှူခဲ့ကြပုံ | ၃၉ |
| ၂၈။ | အရှေ့ဘက်မုခ်ဦး အာရုံခံ တန်ဆောင်းနှင့် ကကုသန်ဘုရား | ၄၀ |
| ၂၉။ | တောင်ဘက်မုခ်ဦး အာရုံခံ တန်ဆောင်းနှင့်ဘုရား | ၄၃ |
| ၃၀။ | အနောက်ဘက် မုခ်ဦး အာရုံခံတန်ဆောင်းနှင့် ဘုရား | ၄၅ |
| ၃၁။ | မြောက်ဘက်မုခ်ဦး အာရုံခံ တန်ဆောင်းနှင့်ဘုရား | ၄၇ |
| ၃၂။ | ခြင်္သေ့ကြီး နှစ်ကောင် | ၅၀ |
| ၃၃။ | တံခွန်တိုင် စိုက်ထူခြင်း | ၅၃ |
| ၃၄။ | မနုဿီဟ | ၅၅ |
| ၃၅။ | စဉ့်ကူးမင်းခေါင်းလောင်းကြီး | ၅၆ |
| ၃၆။ | သာယာဝတီမင်းခေါင်းလောင်းကြီး | ၆၀ |
| ၃၇။ | ဓမ္မစေတီမင်း ခေါင်းလောင်းကြီး | ၆၆ |
| ၃၈။ | ရဟန္တာ မဟာသိမ်တော်ကြီးကျောက်စာ | ၇၀ |
| ၃၉။ | သိင်္ဂုတ္တရ ဥယျာဉ်တော်ကြီး | ၇၄ |


## မာတိကာ


| ၁ဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၀။ | ပဋိစ္စသမုပ္ပါဒ် ဝင်္ကဘာ | ၇၆ |
| ၁။ | မဟာဗုဒ္ဓဝင် ပြခန်းတော်ကြီး | ၇၈ |
| ၂။ | ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက် | ၈၄ |
| ၃။ | တောင်ဘက်စောင်းတန်း မော်ကွန်း | ၉၉ |
| ၄။ | ရွှေတိဂုံစေတီတော်အရှေ့ဘက်စောင်းတန်းကြီး တည်ဆောက်ခြင်းမော်ကွန်းကျောက်စာ | ၁၀၄ |
| ၅။ | လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ် မြောက်ဘက် ရွှေစောင်းတန်းတော်ကြီး ပြုပြင်မွမ်းမံ တည်ဆောက်ခြင်း မော်ကွန်း ကျောက်စာ | ၁၁၀ |
| ၆။ | ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော် ပေါ်ရှိ ကျောက်စာချပ်ကြီးများ | ၁၂၀ |
| ၇။ | နောင်တော်ကြီး စေတီပြုပြင်ခြင်း | ၁၃၇ |
| ၈။ | စေတီနှင့်ပုထိုးပူဇော်ကျိုး | ၁၄၂ |
| ၉။ | သဲပုံစေတီတည်၍ နိဗ္ဗာန်ရောက်ခြင်း | ၁၄၆ |
| ၁။ | မြတ်စေတီနှင့်အုတ်ပုံ ထူးခြားချက် | ၁၅၀ |
| ၁။ | ရောင်ခြည်တော်လွှတ်ခြင်း | ၁၅၄ |
| ၂။ | ပုဂ္ဂိုလ်ထူးများ လာရောက်ဖူးမျှော်ခြင်း , | ၁၅၉ |
| ၃။ | အကျိုးရှိအောင် ပူဇော်နည်း | ၁၆၀ |
| ၄။ | ရက်စွဲသမိုင်းချုပ် | ၁၆၅ |
| ၅။ | စေတီတော်ဆိုင်ရာကိန်းဂဏန်းများ | ၂၀၆ |


မာတိကာပြီး၏။

## သိင်္ဂုတ္တရစေတီတော်

## အရဟံ ဗုဒ္ဓေါ ဓေယျော နမော သိဒ္ဓိ

### စေတီတော်မြတ်၏ အမည်နာမတွဲ့တော်

စေတီတော်မြတ်ကြီး၏ မူလအမည်မှာ သဇီဝကေသ ဓာတုစေတီ ဟု ပါဠိဘာသာဖြင့် ခေါ်ဝေါ်ခဲ့ကြပါသည်။ "**ဆံတော်ရှင်**"ဟု အဓိပ္ပါယ်ရပါသည်။ ထိုမှ "**တိဂုံစေတီတော်**" "**ဒဂုံဆံတော်ရှင်**" "**လေးဆူဓာတ်ပုံရွှေတိဂုံ**" စသည်ဖြင့် အမည် အမျိုးမျိုး တွင်ခဲ့ပါသည်။

ရွှေတိဂုံစေတီတော် တွင်ရခြင်းမှာ သိင်္ဂုတ္တရကုန်းတော်နှင့် တိဂုမ္ဘနဂရ - တိဂုံမြို့ကို အစွဲပြု၍ ဖြစ်လာသော အမည် ဖြစ်ပါသည်။ သိင်္ဂုတ္တရ-ပါဠိမှာ သိင်္ဃ + ဥတ္တရ ဖြစ်၍ မြတ်သော ရွှေတောင် ဟု အဓိပ္ပါယ်ရပါသည်။ ထိုရွှေတောင်မှ "**ရွှေ**" ဟူသော စကားလုံးနှင့် တိဂုမ္ဘနဂရ - တိဂုံမြို့ ဟူသော စကားမှ "**တိဂုံ**" ဟူသော စကားနှစ်လုံးကို ပေါင်း၍ "**ရွှေ + တိဂုံ**" ဖြစ် လာသည်။ "**တောင်**" အမည်နှင့် "**မြို့**" အမည်ကို အစွဲပြု၍ တွင်လာသော အမည်တော်ဖြစ်ပါသည်။

အချို့သော ပညာရှိများကမူ ရွှေတိဂုံစေတီတော်ကို တည်ဆောက်ရာ၌ လူတစ်ရစ်၊ နတ်တစ်ရစ် တည်ထားသ[illegible]

ဒွိဂုဏ (နှစ်ရစ်) စေတီတွင်ခဲ့သည်ဟု ဆိုသည်။ ထိုဒွိဂုဏမှ ဒွိဂုံ၊ ဒိဂုံ၊ တိဂုံစေတီတော် အမည်တွင်လာသည်ဟု ရေးသားသည်ကိုလည်း တွေ့ရပါသည်။

## ရန်ကုန်မြို့တော်၏ ရှေးအမည်များ

သိင်္ဂုတ္တရကုန်းတော်၏ အရှေ့မျက်နှာ၌ ရမ္မာနဂရ ရမ္မာမြို့တော်၊ တောင်ဘက်၌ ဓညဝတီမြို့တော်၊ အနောက်မျက်နှာ၌ ပေါက္ခရဝတီခေါ် အသိတဥ္စနမြို့တော်၊ မြောက်မျက်နှာ၌ ဥက္ကလာပမြို့တော်များ ရှိသဖြင့် ရှေးအခါက ရန်ကုန်မြို့တော်ကိုပင် ရမ္မာ၊ ဓညဝတီ၊ ပေါက္ခရဝတီ၊ (အသိတဥ္စန) ဥက္ကလာပမြို့ ဟူ၍လည်းကောင်း၊ တိကုမ္ဘ၊ တိဂုမ္ဘ ဟူသော ကုန်းတော်၏ အမည်ကို ယူ၍ တိဂုမ္ဘ၊ တိဂုမ်၊ တိဂုံမြို့တော် ဟူ၍လည်းကောင်း အမည်အမျိုးဖြင့် ထင်ရှားခဲ့ပါသည်။

ထိုအမည်တို့တွင် ဥက္ကလာပမင်း (၃၂)ဆက်တို့ အုပ်စိုးချိန်တွင် ဥက္ကလာပမြို့တော်ဟု အမည်တွင်ပြီး ထိုဥက္ကလာပမင်းဆက်ပြုတ်၍ တံသာဝတီမင်းဆက်တို့ လွှန်းတောက်လာသောအချိန်တွင်မူ တိဂုမ္ဘနဂရ-တိဂုံမြို့တော်ဟု တွင်ကြောင်း ကလျာဏီကျောက်စာအရ သိရှိရပါသည်။

ထို တိဂုံ၊ ဒဂုံမြို့တော်သည်ပင်လျှင် အလောင်းဘုရား ဦးအောင်ဇေယျသည် မြန်မာနိုင်ငံအလုံး သိမ်းကျုံး၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်သောအခါ ဒဂုံ



မြို့ရောက်၍ ရန်သူအပေါင်း ကုန်သွားပြီဖြစ်သောကြောင့် ဒဂုံမြို့ကို **"ရန်ကုန်"** ဟု သမုတ်ခဲ့လေသည်။ သို့ဖြစ်၍ အလောင်းဘုရား ဦးအောင်ဇေယျသည် ရန်သူများကို နှိမ်နင်း၍ ကုန်ဆုံးချိန်မှစ၍ ရန်ကုန်မြို့ဟူသော အမည်သည် ထင်ရှားလာပါသည်။

## သိင်္ဂုတ္တရ ကုန်းတော်၏ အမည်များ

သိင်္ဂုတ္တရတောင်တော်မြတ်မှာ -

သိင်္ဂုတ္တရ၊ သုဝဏ္ဏဘူမိ၊ ဘူရိဒတ္တ၊ ပေါက္ခရဝတီ၊ သီဟရာဇာ၊ တမ္ဗကုတ္တ၊ တိကုမ္ဘ ဟူ၍ အမည်ခုနစ်မျိုးဖြင့် ခေါ်တွင်ခဲ့ပါသည်။

ထိုအကြောင်းကို ရွှေတိဂုံသမိုင်းငယ် စာကပိုဒ်တွင် "သိင်္ဂုတ္တရ ကုန်းနေသညာ၊ အမည်မှာမူ၊ သတ္တဘူမိ၊ ဘူရိဒတ္တ၊ ပေါက္ခရဝတီ၊ သီဟရာဇာ၊ တမ္ဗကုတ္တ၊ တိဂုမ္ဘဟု၊ သတ္တနာမံ" ဟု ရေးစပ်ထားသည်ကို တွေ့ရပါသည်။

သိင်္ဂုတ္တရ-ဆိုသည်မှာ သိင်္ဂီ + ဥတ္တရ ဟု နှစ်ပုဒ်ခွဲ၍ သိင်္ဂီ-ပါဠိ၏ မြန်မာလိုအဓိပ္ပါယ်မှာ "ရွှေ"ဟူ၍ဖြစ်ပြီး ဥတ္တရ၏ မြန်မာအဓိပ္ပါယ်က "မြတ်သော" "ကောင်းသော" ဟူ၍ ဖြစ်ပါသည်။ သို့အတွက် နှစ်ပုဒ်ပေါင်းဖြစ်သော သိင်္ဂုတ္တရ၏ အဓိပ္ပါယ်မှာ "မြတ်သောရွှေတောင်" ဟု အဓိပ္ပါယ်ရပါသည်။

သမိုင်းဟောင်းအချို့မှာ သိင်္ဂ-ဆိုသည်မှာ "အစွယ်"ဟု အဓိပ္ပါယ်ရသည်။ ဥတ္တရ-ဆိုသည်မှာ များခြင်း၊ မြတ်ခြင်း အဓိပ္ပါယ်ရှိ၍ သိင်္ဂုတ္တရ - ဆင်ဆွယ်များကို စုထားသော တောင်ဟု ဆိုကြပါသည်။

သမိုင်းတစ်စောင်တွင်မူ သိန်းငှက်ကြီးက ငါးကြီးတစ်ကောင်ကို ချီလာရာ ကုန်းတောင်ထိပ်သို့ ရောက်သောအခါ ကျ၍ ပြန်ကုတ်ယူသောအခါ မရသဖြင့် "**သိန်းငှက် မရ** တောင်" ဟု တွင်ရာမှ သိင်္ဂုတ္တရတောင် ဖြစ်လာရသည်ဟု ရေး ှားထားသည်လည်း ရှိပါသည်။ ကြံဆ၍ ရေးခြင်းမျှသာ ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ တောင်၏မြေသားမှာ ချောင်ဂါရောင် အဆင်းရှိ၍ အန္တတ္တသညာအားဖြင့် "သိင်္ဂုတ္တရ" "ရွှေတောင်"ဟု ခေါ်ဝေါ်ခြင်းက ပို၍ ယုတ္တိရှိပါသည်။

နောက်အမည်တစ်မျိုးက သတ္တဘူမိ ဖြစ်ပါသည်။ သတ္တဘူမိမှာ "**ဘုံခုနစ်ဆင့်**"ဟု အဓိပ္ပါယ်ရသဖြင့် "ခုနစ်ဆင့်ရှိသော တောင်" ဟု ဆိုလိုပါသည်။ ဟံသာဝတီဘုရင် ဗညားရန်ခိုက် လက်ထက်တွင် မင်းကြီးသည် ဆံတော်ရှင်မြတ်ကို ကြည်ညို လှသဖြင့် စေတီတော်လည်း ကြီးကျယ်မြင့်မားလာအောင်၊ ရင်ပြင်တော်လည်း ပိုမိုကျယ်ပြန့်လာအောင် ဟူသော ရည်ရွယ် ချက်ဖြင့် ကုန်းတော်ကို အောက်ခြေမြေအပြင် အရပ်မှ၍



အုတ်တံတိုင်း တစ်ထပ်ပတ်မိလျှင် ကုန်းဖို့၍ ဒုတိယတံတိုင်း တစ်ထပ်ဘည်ပြန်သည်။ တစ်ဖန် မြေဖို့ပြန်သည်။

ဤကဲ့သို့ တံတိုင်းခုနစ်ထပ်ကာ၍ ဘုံပြာသာဒ်ခုနစ်ဆင့် ကဲ့သို့ပြုပြီး စေတီတော်ရင်ပြင်ကို ချဲ့တော်မူသည်။ ထိုအချိန်မှ စ၍ သတ္တဘူမိကုန်းတော်ဟု တွင်လာပါသည်။ သမိုင်းကို ညွှန်းပြသောအမည်ဟု ဆိုရပါမည်။

တစ်ဖန် ဘူရိဒတ္တ-ဟူသော အမည်တစ်မျိုးမှာ ဘူရိနှင့် ဒတ္တ-ကို နှစ်ပိုဒ်ခွဲ၍ ဘူရိ-မှာ "ပညာရှိ"ဟု အဓိပ္ပါယ်ပြီး ဒတ္တ-မှာ "ပေးအပ်ခြင်း" အဓိပ္ပါယ်ရပါသည်။ သို့ဖြစ်၍ ဘူရိ ဒတ္တ-ဟူသော အမည်ကို မြန်မာလို အဓိပ္ပါယ်ဖွင့်သောအခါ "မြေကြီးထုနှင့်တူသော ပညာရှိတော်မူကြကုန်သော ဘုရားရှင် လေးဆူတို့၏ ဓာတ်တော် မွေတော်များကို ပေးအပ်ရာတောင်" ဟူ၍ အဓိပ္ပါယ်ရပါသည်။

သမိုင်းအချို့တွင်မူ သူရိဒတ္တကို ရန်ငြိမ်းရာတောင်ဟု ဆိုကြပါသည်။ သူရိဒတ္တဟု ရေးသည်ကို တွေ့ရပါသည်။ သူရိ ဒတ္တ၏အဓိပ္ပါယ်မှာ သူရ + ဒတ္တ = သူရ-ရဲရင့်ခြင်းကို၊ ဒတ္တ-ပေးအပ်သည်ဟု အဓိပ္ပါယ်ရ၍ သူရဒတ္တ-ရဲရင့်ခြင်းကို ပေးသော တောင် သိင်္ဂုတ္တရကုန်းတော်ကို တွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ရဲရင့်ခြင်းစိတ်ဓာတ်ကို တက်ကြွလာသည်ဟု ဆိုလိုပါသည်။ သို့ဖြစ်၍ ဘူရိဒတ္တ ဘုရားရှင်လေးဆူတို့၏

ဓာတ်တော် မွေတော်များ ပေးအပ်ရာတောင်၊ ရန်ငြိမ်းစေသောတောင်၊ သူရိဒတ္တ-ရဲရင့်ခြင်း၊ သူရသတ္တိကို ဖြစ်စေသောတောင်ဟု အဓိပ္ပါယ်သုံးမျိုး ထွက်ပါသည်။

တစ်ဖန် "ပေါက္ခရဝတီ" အမည်တွင်ရခြင်းမှာ ဤတောင်၏ ပတ်ဝန်းကျင်တွင် ရေအိုင်၊ ရေကန်များ အလွန်ပေါများသည်။ ဘေးပတ်လည်တွင် ရေအိုင်များရှိသည်။ သို့ဖြစ်၍ ပေါက္ခရဝတီ-"ရေကန်ပေါသော တောင်" "ရေကန်ပတ်လည် ဝိုင်းသောတောင်"ဟု ဆိုလိုပါသည်။

သမိုင်းအချို့တွင်မူ ကိုးဆယ့်ကိုးကုန်း၊ ကိုးဆယ့်ကိုးကျင်း ရံလျက်ရှိသောကြောင့် ပေါက္ခရဝတီတွင်သည်ဟု ဆိုပါသည်။ ကျင်းဆိုသည်မှာ ရေကန် ရေအိုင်ကိုပင် ခေါ်ခြင်းဖြစ်ပါသည်။

နောက်အမည်တစ်မျိုးမှာ "သီဟရာဇာ" ဖြစ်ပါသည်။ သီဟ+ရာဇာ။ သီဟ= ခြင်္သေ့+ရာဇာ=မင်း။ သီဟရာဇာ=ခြင်္သေ့မင်း။ ခြင်္သေ့သည် သားသတ္တဝါအပေါင်းတို့တွင် မင်းဖြစ်သလို အလယ်ရိုးမတောင်တစ်ကြောတွင်လည်း သိင်္ဂုတ္တရတောင်သည် အစွန်ဆုံး အမြတ်ဆုံးမင်းဖြစ်၍ သီဟရာဇာ ခေါ်ခြင်းဖြစ်ပါသည်။ သီဟရာဇာ-တောင်မင်းဟု ဆိုလိုပါသည်။

နောက်အဓိပ္ပါယ်တစ်မျိုးမှာ ဤတောင်ကို တွေ့ရကာမျှဖြင့် ရဲရင့်ခြင်းကို ဖြစ်စေတတ်၍ သီဟရာဇာ တွင်သည်ဟု ဆိုပါသည်။



တမ္ဗကုတ္တ ဟူသော အမည်တစ်မျိုးမှာ တမ္ဗနှင့်ကုတ္တ တွဲထားသော အမည်ဖြစ်သည်။ တမ္ဗ-မှာ ကြေးနီ၊ ကုတ္တ-မှာ အရောင်အသွေးကို ဆိုလိုသည်။ သို့ဖြစ်၍ တမ္ဗကုတ္တ-ကြေးနီရောင် မြေသားရှိသောတောင်ဟု အနွတ္ထအမည်အားဖြင့် ခေါ်ထားခြင်းဖြစ်ပါသည်။

နောက်အမည်တစ်မျိုးမှာ တရိဟကုမ္ဘဖြစ်သည်။ တရိဟကုမ္ဘ-မှ တြိဂုမ္ဘ၊ တိကုမ္ဘ၊ တိကုံဟူ၍လည်းကောင်း၊ တရိဟဂုမ္ဘ၊ တြိဂုမ္ဘ၊ တိဂုမ်၊ တိဂုံ၊ ဒဂုံဟူ၍လည်းကောင်း ခေါ်ကြပါသည်။ ထိုတိဂုံတောင်ကို အစွဲပြု၍ တိဂုမ်မြို့၊ တိဂုံမြို့ဟူ၍ တွင်လာပါသည်။

တရိဟဂုမ္ဘ = တိရိဟ-သုံးခု၊ ဂုမ္ဘ-ခြုံနွယ်ပိတ်ပေါင်းဟု အဓိပ္ပါယ်ရသဖြင့် တိဂုမ္ဘ-ခြုံနွယ်ပိတ်ပေါင်းထူသော တောင်သုံးလုံးဟု ဆိုလိုပါသည်။

ပညာရှင်အချို့က ဂုမ္ဘကို မယူဘဲ ကုမ္ဘ-ကို ယူပြီး ကုမ္ဘ-မှာ "အိုး" ဟောဖြစ်၍ အိုးသုံးလုံးကို မှောက်ထားသည်နှင့် တူသောတောင်ဟု ဆိုကြပါသည်။

## ရွှေတိဂုံစေတီတော်၏ သမိုင်းအကျဉ်း

မဟာသက္ကရာဇ် ၁၀၃-ခုနှစ်ဦးပေါင်း မြန်မာနိုင်ငံ ပေါက္ခရဝတီ (အသိတဥ္စန) မြို့သားများဖြစ်ကြသော တဖုဿနှင့် ဘလ္လိကာ ညီနောင်တို့သည် မဇ္ဈိမဒေသသို့ သင်္ဘောခရီးလှင့်ခဲ့

ကြရာ သဘော်ဆိပ်သို့ ရောက်သောအခါ သူတို့၏ကုန်များကို လှည်းအစီးငါးရာတို့ဖြင့် တင်ဆောင်၍ ဗောဓိမဏ္ဍိုင်ရှိရာ အရပ်သို့ ခရီးနှင့်ကြရပြန်လေသည်။ ဗောဓိမဏ္ဍိုင်အနီးသို့ ရောက်သော အခါ ရှေးဘဝက မိခင်နတ်သမီး၏ ညွှန်ပြမှုဖြင့် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဝါဆိုလဆန်း (၅)ရက်နေ့တွင် လင်းလွန်းပင်ရင်း၌ သီတင်းသုံးလျက်ရှိသော ဘုရားသခင်အား တွေ့ကြရလေသည်။

ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးလျက်ရှိသော ဘုရားသခင်အား ဖူးတွေ့ရသောအခါ သူတို့တွင် ပါလာသော မုန့်ကြွပ်ကျစ်နှင့်ပျားဆုပ်မုန့်တို့ကို လှူဒါန်းပြီး ဒွေဝါစိက သရဏဂုံကို ခံယူ၍ ဥပါသကာများပြုကာ ကိုးကွယ်ရန် တစ်စုံ တစ်ခုကို လျှောက်ထားကြလေသည်။ ဘုရားသခင်သည် ဦးခေါင်းတော်ကို လက်ဝော်ဖြင့် သပ်၍ ဆံတော်ရှစ်ဆူ (အများ)ကို ချီးမြှင့်လိုက်လေသည်။ ညီနောင်နှစ်ဦးမှာ ဆံတော် မြတ်များကို ရလိုက်သည်နှင့်တစ်ပြိုင်နက် အမြိုက်သုဓာဖြင့် သွန်းလောင်းခံလိုက်ရသကဲ့သို့ နှလုံးဟဒယ အေးမြသွား လေသည်။ သူတို့သည် ဝမ်းသာအားရ ဆံတော်မြတ်များကို ပတ္တမြားကြုတ်ဖြင့် ပင့်ဆောင်လာကြစဉ် ဆံတော်မြတ်များမှ ညိုမောင်းသော ရောက်ခြည်တော်များ နေ့ညဥ့်မပြတ် ကွန့်မြူး ကြလေသည်။

ညီနောင်နှစ်ဦးသည် မိမိရပ်ဌာန ပြန်ရောက်ကြသော အခါ ရာမညတိုင်းအားလုံးကို အုပ်စိုးလျက်ရှိသော ဥက္ကလာပ



မင်းကြီးအား ဆက်သလိုက်လေသည်။ ညီနောင်နှင့်တကွ မင်းကြီးသည် အများပြည်သူများ ကိုးကွယ်နိုင်ကြစေရန်အတွက် စေတီတော်မြတ်ကို မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ တပေါင်း လပြည့်နေ့တွင် ပြီးမြောက်အောင်မြင်စွာ တည်ထားတော်မူခဲ့ လေသည်။ စေတီတော်မြတ်ကြီးမှ လပြည့် လကွယ် ရှစ်ရက် သီတင်းနေ့များတွင် ရောက်ခြည်တော်များ ကွန့်မြူးကြောင်း အင်္ဂုတ္တရ အဋ္ဌကထာတွင် တွေ့ရပါသည်။

## စေတီတော်မြတ်ကို တည်ဆောက်ရပုံအကြောင်း

တဖုဿနှင့်ဘလ္လိကတို့သည် ဥက္ကလာပမင်းကြီးအား ဆံတော်မြတ်များကို ပေးအပ်လိုက်သောအခါ ပြည်သူလူထု ကြည်ညိုပူဇော်နိုင်ရန်အတွက် အပူဇော်ခံထားလေသည်။ ဘုရား ရှင်ဆံတော်မြတ်တို့သည် နေ့စဉ်နှင့်အမျှ ရောင်ခြည်တော်များ ကွန့်မြူးသဖြင့် ဆံတော်ဖူးပရိသတ်များ တစ်နေ့တခြား များပြား လာသည်။ ထိုမျှမက ဆံတော်မြတ်များကို မိမိတို့နေရပ်သို့ ပင့်ယူလိုသော သဘောထားများ ပေါ်ပေါက်လာကြသဖြင့် ဆံ တော်များအတွက် ဘေးအန္တရာယ် မကျရောက်ရလေအောင် ရှေးဘုရားရှင် သုံးဆူတို့၏ မွေတော်များ ဌာပနာရာ သိင်္ဂုတ္တရ ကုန်းတော်ကို ရှာဖွေ၍ ပူဇော်လိုက်ကြရသည်။

ပူဇော်ပုံမှာ သိင်္ဂုတ္တရကုန်းထိပ်တွင် (၄၄)တောင် အတိုင်း အရှည်ရှိသော ဥမင်ကြီးကို တူး၍ စိန်အဆင်းရှိသော ကျောက်

ဖျာကြီးကို အောက်မှခင်းပြီး ငွေအဆင်းရှိသော ကျောက်ဖျာကြီးကို အရှေ့မျက်နှာ၊ ဖန်ပုလဲရောင်အဆင်းရှိသော ကျောက်ဖျာကြီးကို အနောက်မျက်နှာ၊ ရွှေရောင်အဆင်းရှိသော ကျောက်ဖျာကြီးကို မြောက်မျက်နှာ၊ ကြွယ်ပြာရောင်အဆင်းရှိသော ကျောက်ဖျာကြီးကို တောင်ဘက်မျက်နှာတို့၌ အသီးသီးရံစေပြီး ဥမင်ကြီး၏လေးထောင့်တွင် ဖယောင်းတိုင်ကြီးလေးတိုင်ကို အဆက်မပြတ်လင်းနေအောင် အမိန့်ခြွန်ပြု၍ ထွန်းထားလေသည်။

ထိုနောက် ဥမင်ဟု ခေါ်ဆိုအပ်သော ဌာပနာတိုက်ထဲတွင် ရတနာခုနစ်ပါးကို ဒူးဆစ်ထိမြုပ်အောင် ထည့်ခင်းထားသည်။ ထိုရတနာများပေါ်တွင် ရတနာအတိပြီးသော သဘော်ထက်၌ ပတ္တမြားပြာသာဒ်လေးဆောင်ကို ထားသည်။ ပတ္တမြားပြာသာဒ် တစ်ဆောင်စီ၌ ကကုသန်ဘုရားရှင်၏ တောင်ဝှေးတော်၊ ကောဏာဂုံဘုရားရှင်၏ ရေစစ်တော်၊ ကဿပဘုရားရှင်၏ ရေသနုပ်တော်တို့ကို ပူဇော်ထားသည်။ ကျန်ပတ္တမြားပြာသာဒ် တစ်ဆောင်တွင် ဂေါတမဘုရားရှင်၏ ဆံတော်ရှစ်ဆူကို ပတ္တမြားကြုတ်နှင့်တကွ ပူဇော်ထားပါသည်။

ဆံတော်ထည့်သော ပတ္တမြားကြုတ်ကို တဖုဿနှင့် ဘလ္လိကာတို့၏ ရွှေရုပ်များက ထမ်းထားဟန် ထုလုပ်ထားပါသည်။ ဗြဟ္မာမင်း၊ သိကြားမင်း၊ ဥက္ကလာပမင်း၊ မယ်တော်မိဖုရားတို့၏ ရွှေသားရုပ်၊ ပတ္တမြားပန်းခက်၊ စိန်ပန်းခက်၊ မြပန်းခက်တို့ဖြင့် ဆံတော်မြတ်အား ပူဇော်ထားပါသည်။



ဌာပနာတိုက်၏ အရပ်လေးမျက်နှာတွင် မီးစက်၊ ရေစက်လှံဓား၊ ယန္တရားစက်များနှင့် ရံထားပြီးသော် သံကွန်ချာ ခုနစ်ထပ်ဖြင့် အုပ်ထားပါသည်။ ထို့ပြင် ဌာပနာတိုက်ကို သိကြားမင်းကိုယ်တိုင် ပတ္တမြားအဆင်းရှိသော ကျောက်ဖျာဖြင့် ဖုံးအုပ်ထားလေသည်။

ဌာပနာတိုက်၏အထက် ကျောက်ဖျာပေါ်တွင် ရွှေစေတီတည်သည်။ ရွှေစေတီကို ငွေစေတီတော်က မျို၍တည်သည်။ ဤနည်းအတူ ကြေးဖြူစေတီ၊ ကြေးနီစေတီ၊ သလွဲစေတီ၊ ကျောက်ဖြူစေတီ၊ သံအုတ်စေတီတို့ကို အဆင့်ဆင့်မျို၍ တည်ပြီး စေတီတော်ကို ဖိနပ်တော်မှ ငှက်ပျောဖူးအထိ ရတနာခုနစ်ပါးဖြင့် မွမ်းမံသည်။ ဉာဏ်တော် (၄၄)တောင် မြင့်ပါသည်။

ဤသို့လျှင် လူနတ်ဗြဟ္မာတို့ စုပေါင်း၍ တည်ထားသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့ ဒီရေတက်ချိန်တွင် ပြီးမြောက်အောင်မြင်တော်မူလေသည်။

ဆံတော်မြတ်များကို ရရှိခဲ့သော မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဝါဆိုလဆန်း (၅)ရက်၊ ဗုဒ္ဓဟူးနေ့မှ တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့အထိ ရှစ်လခွဲအကြာတွင် တည်ထားတော်မူသည် ဖြစ်၍ ကမ္ဘာပေါ်တွင် ပထမဦးဆုံး စေတီတော်မြတ်ကြီး ဖြစ်ပါသည်။

ဖျာကြီးကို အောက်မှခင်းပြီး ငွေအဆင်းရှိသော ကျောက်ဖျာကြီးကို အရှေ့မျက်နှာ၊ ဖန်ပုလဲရောင်အဆင်းရှိသော ကျောက်ဖျာကြီးကို အနောက်မျက်နှာ၊ ရွှေရောင်အဆင်းရှိသော ကျောက်ဖျာကြီးကို မြောက်မျက်နှာ၊ ကြယ်ပြာရောင်အဆင်းရှိသော ကျောက်ဖျာကြီးကို တောင်ဘက်မျက်နှာတို့၌ အသီးသီးရံစေပြီး ဥမင်ကြီး၏လေးထောင့်တွင် ဖယောင်းတိုင်ကြီးလေးတိုင်ကို အဆက်မပြတ်လင်းနေအောင် အမြဲဒွန်ပြု၍ ထွန်းထားလေသည်။

ထိုနောက် ဥမင်ဟု ခေါ်ဆိုအပ်သော ဌာပနာတိုက်ထဲတွင် ရတနာခုနစ်ပါးကို ဒူးဆစ်ထိမြုပ်အောင် ထည့်ခင်းထားသည်။ ထိုရတနာများပေါ်တွင် ရတနာအတိပြီးသော သင်္ဘောထက်၌ ပတ္တမြားပြာသာဒ်လေးဆောင်ကို ထားသည်။ ပတ္တမြားပြာသာဒ် တစ်ဆောင်စီ၌ ကကုသန်ဘုရားရှင်၏ တောင်ဝှေးတော်၊ ကောဏာဂုံဘုရားရှင်၏ ရေစစ်တော်၊ ကဿပဘုရားရှင်၏ ရေသနုပ်တော်တို့ကို ပူဇော်ထားသည်။ ကျန်ပတ္တမြားပြာသာဒ် တစ်ဆောင်တွင် ဂေါတမဘုရားရှင်၏ ဆံတော်ရှစ်ဆူကို ပတ္တမြားကြုတ်နှင့်တကွ ပူဇော်ထားပါသည်။

ဆံတော်ထည့်သော ပတ္တမြားကြုတ်ကို တဖုဿနှင့် ဘလ္လိကာတို့၏ ရွှေရုပ်များက ထမ်းထားဟန် ထုလုပ်ထားပါသည်။ ဗြဟ္မာမင်း၊ သိကြားမင်း၊ ဥက္ကလာပမင်း၊ မယ်တော်မိဖုရားတို့၏ ရွှေသားရုပ်၊ ပတ္တမြားပန်းခက်၊ စိန်ပန်းခက်၊ မြပန်းခက်တို့ဖြင့် ဆံတော်မြတ်အား ပူဇော်ထားပါသည်။



ဌာပနာတိုက်၏ အရပ်လေးမျက်နှာတွင် မီးစက်၊ ရေစက်လှံ့ဓား၊ ယန္တရားစက်များနှင့် ရံထားပြီးသော် သံကွန်ချာ ခုနစ်ထပ်ဖြင့် အုပ်ထားပါသည်။ ထို့ပြင် ဌာပနာတိုက်ကို သိကြားမင်းကိုယ်တိုင် ပတ္တမြားအဆင်းရှိသော ကျောက်ဖျာဖြင့် ဖုံးအုပ်ထားလေသည်။

ဌာပနာတိုက်၏အထက် ကျောက်ဖျာပေါ်တွင် ရွှေစေတီတည်သည်။ ရွှေစေတီကို ငွေစေတီတော်က မျို၍တည်သည်။ ဤနည်းအတူ ကြေးဖြူစေတီ၊ ကြေးနီစေတီ၊ သလွဲစေတီ၊ ကျောက်ဖြူစေတီ၊ သံအုတ်စေတီတို့ကို အဆင့်ဆင့်မျို၍ တည်ပြီး စေတီတော်ကို ဖိနပ်တော်မှ ငှက်ပျောဖူးအထိ ရတနာခုနစ်ပါးဖြင့် မွမ်းမံသည်။ ဉာဏ်တော် (၄၄)တောင် မြင့်ပါသည်။

ဤသို့လျှင် လူနတ်ဗြဟ္မာတို့ စုပေါင်း၍ တည်ထားသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့ ဒီရေတက်ချိန်တွင် ပြီးမြောက်အောင်မြင်တော်မူလေသည်။

ဆံတော်မြတ်များကို ရရှိခဲ့သော မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဝါဆိုလဆန်း (၅)ရက်၊ ဗုဒ္ဓဟူးနေ့မှ တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့အထိ ရှစ်လခွဲအကြာတွင် တည်ထားတော်မူသည် ဖြစ်၍ ကမ္ဘာပေါ်တွင် ပထမဦးဆုံး စေတီတော်မြတ်ကြီး ဖြစ်ပါသည်။

## ဉာဏ်တော် (၃၂၆)ပေအထိ မြင့်အောင် ဘယ်နှစ်ကြိမ် တည်ထားခဲ့ပါသနည်း

ခရစ် ၁၄၃၆-ခုနှစ်တွင် ဘုရင်မကြီး ရှင်စောပုနှင့်တကွ ဇမောင်ကော် ဗညားကျန်းဒေါမင်းကြီးသည် ပစ္စယာငါးဆင့်မှစ၍ ဆက်လက်ပြီး တည်ထားစေတော်မူရာ ရောင်လျှံတော်အထိ (၃၀၂)ပေ မြင့်လာပါသည်။ ယင်းဉာဏ်တော် အတိုင်းအတာအတိုင်းပင် ၁၇၆၈-ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့ အထိ ဖူးမြော် ပူဇော်ကြရပါသည်။

သို့ရာတွင် ၁၇၆၈-ခုနှစ်၊ ဇွန်လ (၁၃)ရက်နေ့တွင် မြေလျှင်ကြီးစွာလှုပ်သဖြင့် ရွှေတိဂုံစေတီတော်ကြီး သပိတ်မှောက်အထက်ပိုင်း ပြိုကျသဖြင့် အောက်ပစ္စယာ ပန်းတင်ခုံတို့ပါ ပျက်စီးသွားပါသည်။ သို့ဖြစ်၍ အလောင်းဘုရား ဦးအောင်ဇေယျ၏သားတော် အင်းဝဘုရင် ဆင်ဖြူရှင်မင်းကြီးသည် ထိုအပျက်အစီးများကို ပြုပြင်ရန်အတွက် ပစ္စယာပန်းတင်ခုံကို သံတောင်ကိုးရာဖွင့်၍ ပြင်ဆင်စေပြီး အသစ်တစ်ဖန် တည်ထားတော်မူခါ ထီးတော်အသစ်ကြီးကို လှူဒါန်းပူဇော်သဖြင့် ယနေ့ ဖူးတွေ့ရသော ဉာဏ်တော် (၃၂၆)ပေအထိ မြင့်လာပါသည်။

သို့ဖြစ်၍ ဘုရင်မကြီး ရှင်စောပုတို့လက်ထက်တွင် တစ်ကြိမ်နှင့် အင်းဝဆင်ဖြူရှင်မင်းကြီးလက်ထက်တွင် တစ်ကြိမ်၊ စုစုပေါင်း နှစ်ကြိမ်တိတိ ယနေ့ဖူးတွေ့ရသော အတိုင်းအတာ အထိ တိုးမြှင့်၍ တည်ထားပူဇော်ကြရပါသည်။



## ရွှေတိဂုံစေတီတော်မြတ်ကြီး တည်ဆောက်ပုံနှင့် အတိုင်းအတာ

ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဥက္ကလာပမင်းကြီး တည်ထားခဲ့စဉ်က ဉာဏ်တော် (၄၄)တောင်မျှသာ မြေပေါ်တွင် မြင့်ခဲ့ရာ ဘုရင်မကြီး ရှင်စောပုတို့ မိသားစုလက်ထက်တွင် ဉာဏ်တော် (၃၀၂)ပေအထိ မြင့်တင်ခဲ့ပါသည်။

သို့ရာတွင် သက္ကရာဇ် ၁၇၆၈-ခုနှစ်တွင် လျှင်ဒဏ်တို့ကြောင့် သပိတ်မှောက်အထက်ပိုင်း ပြိုကျရာ ပစ္စယာငါးဆင့်ပါ ပျက်စီးသွားလေသည်။ ထိုအခါ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏သားတော် အင်းဝဘုရင် ဆင်ဖြူရှင်မင်းကြီးသည် ပစ္စယာဟောင်းတွင် သံတောင်ကိုးရာဖွင့်၍ စေတီတော်၏ အောက်ခြေဖိနပ်တော် ပထမပစ္စယာကို ပတ်လည်အကျယ် (၁၄၂၀)ပေ၊ (၄၃၂ . ၈ မီတာ) ထား၍ အမြင့်ကို (၂၀ . ၁၁)ပေ ထားပြီး အထက်သို့ ဆက်လက်တည်ထားတော်မူရာ အောက်ခြေဖိနပ်တော်မှ အထက်စိန်ဖူးတော်အထိ (၃၂၆)ပေ မြင့်လာပါသည်။ ယနေ့ ဖူးတွေ့ရသော ဉာဏ်တော် အမြင့် ဖြစ်ပါသည်။

## ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တည်ထားပုံအစီအစဉ်မှာ

ဖိနပ်တော်၊ ပန်းတင်ခုံ၊ ပစ္စယာ၊ ရှစ်မြှောင့်ပုံနှင့် ကျည်းဝန်း၊ ခေါင်းလောင်းပုံ (သပိတ်မှောက်) ဖောင်းရစ်၊ ငှက်ပျောဖူး (ချယားသီး) ထီးတော်စသည်တို့ ဖြစ်ပါသည်။

**ဖိနပ်တော်**-ဆိုသည်မှာ စေတီတော်မြတ်ကြီး၏ ပန္နက်အတိုင်း မြေဝင်အုတ်မြစ်နှင့် ဖောင်းခံထားသည့် ပန်းတင်ခုံအကြားရှိ အုတ်ခုံအမြင့်ကို ဖိနပ်တော်ဟု ခေါ်ပါသည်။

**ပန်းတင်ခုံ**-ဆိုသည်မှာ ဖိနပ်တော်နှင့် ပထမပစ္စယာအကြားရှိ ဖောင်းခံထားသော အုတ်ခံကို ပန်းများတင်လှူလေ့ရှိသဖြင့် ပန်းတင်ခုံဟု ခေါ်ကြပါသည်။ စေတီတော်မြတ်ကြီးအား ပန်းတင်လှူရာခုံကို ပန်းတင်ခုံခေါ်ခြင်းဖြစ်ပါသည်။

ထိုပန်းတင်ခုံကိုပင် ဘုရင်များထိုင်ရာကို ပလ္လင်ခေါ်သကဲ့သို့ စေတီတော်မြတ်ကြီး၏ တည်ရာကိုလည်း ပလ္လင်ဟု ခေါ်ပါသည်။ ပန်းတင်ခုံ၊ ပလ္လင် အဓိပ္ပါယ်အတူတူပင် ဖြစ်ပါသည်။

ပစ္စယာ-ဆိုသည်မှာ ပစ္စယပုဒ်မှ ဆင်းသက်လာသော အသုံးအနှုန်း ဖြစ်ပါသည်။ ပစ္စယ = ပစယ = ပ + စယ-ဟု ပုဒ်ခွဲ၍ ပ-ပုပ္ဖ-ပန်း၊ စယ-စုဝေးရာဟု အဓိပ္ပါယ်ရှိသဖြင့်-



ပုပ္ဖါနံ ဥပနတ္ထာယ စယာ ပစယာ။ ပစယာ ဧဝ ပစ္စယာ။

ပုပ္ဖါနံ-ပန်းတို့၏၊ ဥပနတ္ထာယ-တင်ထားခြင်းငှာ။ စယာ-စုဝေးရာနေရာ၊ ပစယာ-ပန်းများစုဝေးရာနေရာ။ ပစယာ ဧဝ-ပစယသည်ပင်လျှင်၊ ပစ္စယာ-ပစ္စယာဖြစ်၏ ဟူသော ဝိဂြိုဟ်အရ ပစ္စယာ ဆိုသည်မှာ စေတီတော်မြတ်ကြီးအား ပန်းများကို ကပ်လှူသော နေရာဟု ဆိုလိုပါသည်။ ဤဝိဂြိုဟ်အရဆိုသော် ပန်းတင်ခုံနှင့် ပစ္စယအတူတူပင် ဖြစ်နေပါသည်။

နောက်အဓိပ္ပယ်တစ်မျိုးမှာ ပစ္စယ-ပုဒ်သည် "တည်ရာ" ဟောဖြစ်ကြောင်းကို -

ဏာဒေါ သဒ္ဒါစိဝရာဒိဟေတွာခာရေသု ပစ္စယော။

ဏာဒေါ-ဏအစရှိသော ပစ္စည်း၌လည်းကောင်း၊ သဒ္ဒါစိဝရာဒိဟေတွာခာရေသု-ယုံကြည်ခြင်း၊ သင်္ကန်းစရှိသော ပစ္စည်းအကြောင်း၊ တည်ရာတို့၌လည်းကောင်း သိယာ-ဖြစ်ရာ၏-ဟု အဘိဓာန်တွင် -လာသဖြင့် စေတီတော်မြတ်ကြီး၏ တည်ရာအထိုင်နေရာကို ပစ္စယာခေါ်ကြောင်း သိရပါသည်။

နောက်တစ်မျိုးမှာ ပစ္စယ = ဥပကာရက အထောက်အပံ့ဟု အနက်အဓိပ္ပါယ်ရှိသဖြင့် စေတီတော်မြတ်ကြီးကို ခိုင်မာတောင့်တင်းအောင် ပြုလုပ်ထားသည့်ခုံကို ပစ္စယာ ခေါ်ပါသည်။ စေတီတော်မြတ်ကြီးကို တည်ဆောက်ရာတွင် ပထမပစ္စယာ၊ ဒုတိယပစ္စယာ၊ တတိယပစ္စယာ ဟူ၍ သုံးဆင့် ပြုလုပ်ထားပါသည်။

ဤရွှေတိဂုံစေတီတော်မြတ်ကြီးကို တည်ထားရာ၌ ဖိနပ်တော်၊ ပန်းတင်ခုံခေါ် ပလ္လင်ခုံနှင့် ပထမပစ္စယာအထိကို (၁၄၂၀) ပေ၊ (၄၃၂ . ၈ မီတာ) ပတ်လည်အကျယ်ထား၍ အမြင့်ကိုမူ (၂၁)ပေ လူသုံးရပ်စာ မြင့်ထားပါသည်။ ဖိနပ်တော်၏ အောက်ခြေတွင် ခြင်္သေ့ရုပ်၊ ဘင်ပုတ်ပလ္လင်၊ ကျော[illegible]ပိတ်၊ ကြာသွပ်အိုး၊ မနုဿသီဟ၊ ယက္ခသီဟ၊ ရှမ်း၊ ထီး၊ ဖြုတ်တိုင်တို့ကို ရံထားပါသည်။

ယင်းတို့သည် စေတီတော်မြတ်ကြီးနှင့် သီးခြားဖြစ်ပါသည်။ ပထမပစ္စယာ၏အထက် စေတီတော်၏ပတ်လည်တွင် ပေ (၂၀)ခန့်ကျယ်သော နေရာရှိပါသည်။ စေတီတော်ကြီးနှင့် သီးခြားဖြစ်၍ သူတော်စင်များ ထိုနေရာတွင် ဝတ်ပြုနိုင်ပါသည်၊ ငြိမ်သက်စွာ တရားအားထုတ်နိုင်ပါသည်၊ ထိုနေရာသို့ အမျိုးသမီးများကို မတက်ရောက်ရန် တားမြစ်ထားပါသည်။

ထိုပထမပစ္စယာ၏အထက်တွင် မုခ်ဦးစေတီကြီးလေးဆူ၊ ထောင့်လေးထောင့်၌ မုခ်ဦးစေတီထက်ငယ်သော စေတီလေးဆူနှင့်ယင်းတို့၏ အကြားတွင် စေတီရံ (၆၀) ရှိပါသည်။ စုစုပေါင်း စေတီရံ (၆၈)ဆူဖြင့် ဝန်းရံထားသည်ဖြစ်၍ စေတီတော်မြတ်ကြီးမှာ ကြယ်တွေရံခ စန်းငွေလကဲ့သို့ တင့်တယ်လှပါသည်။ ထိုစေတီရံ (၆၈)ဆူမှာ ဟံသာဝတီဘုရင် ဗညားရန်စီ၏ ကုသိုလ်တော်များ ဖြစ်ပါသည်။



စေတီတော်မြတ်ကြီးကို ပစ္စယာ 'အခြေခံ) သုံးဆင့်ဖြင့် ခိုင်မာစွာ တည်ဆောက်ထားသည်။ ထိုပစ္စယာ သုံးဆင့်၏ စုစုပေါင်း အမြင့်မှာ (၆၂ . ၃၈)ပေ မြင့်သည်။ ပစ္စယာများတွင် ချွန်ထွက်နေသော ထောင့်စွန်းများကို ခိုနန်းချိုးဟု ခေါ်ပါသည်။ ပစ္စယာ သုံးဆင့်လုံးမှာ (၃၇၉၀ . ၇၈) စတုရန်းပေရှိ၍ ရွှေရာဆိုင်းပေါင်း (၁၆၈၄၇)ဆိုင်း ကပ်လှူပူဇော်ရပါသည်၊ တည်ထားတော်မူခဲ့လေသည်။

ခိုနန်းချိုးဆိုသည်မှာ စေတီ၊ ပုထိုး၊ ပြအိုး၊ မြို့ရိုး စသည်တို့တွင် အစဉ်အဆက်ဖြစ်နေသော အထောင့်အကွေးပင် ဖြစ်ပါသည်။

တတိယပစ္စယာ၏အထက်တွင် ရှစ်မြှောင့်ဖြင့် ဆင့်၍ တက်ပြန်သည်။ ရှစ်မြှောင့်သည် အဆင့်အနေဖြင့် ငါးဆင့်ဖြစ်၍ ကြာပန်းငါးပွင့်ခံထားသည့် သဘောဖြစ်သည်။ ထိုရှစ်မြှောင့်၏ အမြင့်မှာ (၂၅ . ၈၅) ပေရှိသည်။ ဧရိယာမှာ (၁၅၈၇၃ . ၆၈)စတုရန်းပေရှိ၍ ရွှေရာဆိုင်းပေါင်း (၇၀၅၅)ဆိုင်း ပူဇော်ရသည်။

## ကြည်းဝန်းငါးဆင့် (ကြာငါးပွင့်)

ထိုရှစ်မြှောင့်၏အထက်တွင် ကြေးဝန်း (ကြည်းဝန်း) ခေါ် ကြာပွင့်ကြီး ငါးပွင့်ခံထားသကဲ့သို့ အဝန်းကြီးငါးခု ခံထား၍ တက်ပြန်သည်။ ထိုကြည်းဝန်း ငါးဆင့်မှာ (၂၅ . ၈၅) ပေမြင့်၍

စတုရန်းပေပေါင်း (၃၂၃၄ . ၅၆) စတုရန်းပေရှိသဖြင့် ရွှေရာဆိုင်းပေါင်း (၃၂၁၅) ဆိုင်း ကပ်လှူရပါသည်။

ကြည်းဝန်းမှာ အဝန်းအဝိုင်းဖြစ်၍ "စက်ဝန်း" ဟုလည်း ခေါ် ဝေါ်ကြပါသည်။ ခေါင်းလောင်းပုံ၏ နှုတ်ခမ်းကို ပေါ် လွင်စေရန်အတွက် အောက်ခံခုံအဖြစ် ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

## ခေါင်းလောင်း (သပိတ်မှောက်)

ကြည်းဝန်း၏အထက်တွင် ခေါင်းလောင်း၊ ရင်စည်းနှင့် သပိတ်မှောက်တို့ ရှိပါသည်။ ခေါင်းလောင်းပုံနှင့်တူသောကြောင့် ခေါင်းလောင်းဟု ဆိုပါသည်။ ခေါင်းလောင်းပုံ၏ အလယ်ခါးစည်းတော်ကို ရင်ဖွဲ့တော်ဟုလည်း ခေါ်ကြပြန်ပါသည်။ ရင်စည်းပင် ဖြစ်သည်။

ရင်ဖွဲ့တော်၏အထက်ပိုင်းမှာ သပိတ်တစ်လုံးကို မှောက်ထားသည်နှင့်တူသောကြောင့် သပိတ်မှောက်ဟု ခေါ်ပါသည်။ ရင်ဖွဲ့တော်၏အထက်တွင် ပန်းဆွဲများ ကပ်ဆင်လေ့ရှိပြီး ရင်ဖွဲ့တော်၏ အောက်ပိုင်းကိုမူ ဘီလူးပန်းဆွဲများဖြင့် တန်ဆာဆင်လေ့ရှိပါသည်။ ရွှေတိဂုံစေတီတော်ကြီးတွင် ဘီလူးများမပါပါ။



## အထက်ဌာပနာတိုက်

ခေါင်းလောင်းပုံထဲတွင် ဘုရားရှင်၏ ဆံတော်၊ ဓာတ်တော်၊ မွေတော်များကို ဌာပနာထားသည့်အပြင် ထိုဆံတော်၊ ဓာတ်တော်၊ မွေတော်များကို ပူဇော်ထားသော ရတနာများကိုလည်း ထည့်သွင်းထားသဖြင့် ခေါင်းလောင်းတော်ကို အထက်ဌာပနာတိုက်ဟု ခေါ်ပါသည်။

ထိုသို့ ထည့်သွင်းဌာပနာထားကြောင်းကို သမိုင်းဟောင်းများတွင် -

"သပိတ်မှောက်အထက် ပထမဖောင်းရစ်ကာ၍ စေတီတော် ပြီးပျက်သည်တွင် ရသည့် ရွှေဆင်းတုဆူရေ (၆၂၅)၊ ငွေဆင်းတုဆူရေ (၇၇၄၆)နှင့် ကုသိုလ်တော် ရွှေဆင်းတု၊ ငွေဆင်းတုများ၊ ရွှေစေတီ၊ ငွေစေတီများတွင် ဓာတ်တော် မွေတော်များကို ပတ္တမြားကြုတ်တွင် သွင်းပြီး ဌာပနာတော်မူသည်။ ထို့ပြင် ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေတန်ဆောင်း၊ ငွေတန်ဆောင်း၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ရွှေထီး၊ ငွေထီး၊ ရွှေတံခွန်၊ ငွေတံခွန်တို့နှင့်တကွ လှူဖွယ်ပစ္စည်း အမျိုးမျိုးတို့ကို ထည့်သွင်းဌာပနာတော်မူသည်" ဟူ၍ ဆင်ဖြူများရှင်မင်းကြီးပြုပြင်ခဲ့သော အကြောင်းကို ရေးသားထားပါသည်။ သို့ဖြစ်၍ ခေါင်းလောင်းပုံသည် အထက်ဌာပနာတိုက်ပင် ဖြစ်ကြောင်း သိရပါသည်။

ခေါင်းလောင်း၊ ရင်စည်း၊ သပိတ်မှောက် သုံးမျိုး၏ အမြင့်မှာ (၄၅)ပေ၊ (၁၁)လက်မ ရှိ၍ စတုရန်းပေပေါင်း (၈၄၁၄ . ၈၈) ရှိသဖြင့် ရွှေရာဆိုင်းပေါင်း (၃၇၄၀)ဆိုင်း ကပ်လှူရပါသည်။

## ပန်းဆွဲ

စေတီတော်မြတ်ကြီးတွင် ခေါင်းလောင်းတော်၏ထိပ်မှ ကနုတ်ပန်းနွယ် (၁၆)ခုကို အဆိုင်းလိုက်ဆွဲ၍ အောက်ဌာပနာ တိုက်ရှိ ဆင်းတုတော်၊ ဓာတ်တော်၊ မွေတော်များကို ပူဇော်ထားသည်မှာ အလွန်ကြည်ညိုဖွယ်ရာ ကောင်းပါသည်။ ကနုတ်ပန်းနွယ်များကို အောက်ဘက်သို့ လှည့်၍ ဆွဲထားခြင်းဖြင့် ယင်း၏အောက်တွင် ရှိသေမြတ်နိုးဖွယ်ရာ ပူဇော်စရာများ ရှိနေကြောင်းကို စာဖြင့် မဖော်ပြဘဲ ရုပ်လုံးဖြင့် ဖော်ပြထားသည်မှာ ရှေးလူကြီးများ၏ ပညာတစ်ရပ်ပင် ဖြစ်ပါသည်။ သာမန်မျက်စိဖြင့် ကြည့်သော် ပန်းဆွဲဟူ၍သာ သိကြရပေမည်။

## ဖောင်းရစ်

ဖောင်းရစ်ဆိုသည်မှာ စေတီတော်၏ သပိတ်မှောက် အထက်၌ အဆင့်ဆင့်ရှိသော ခုံးကြွပတ်လည်ခွေကို ခေါ်ပါသည်။ ဓာတ်တော်တိုက်ဖြစ်သော ခေါင်းလောင်းပုံ၏ အထက်၌ ထီးအဆင့်ဆင့် မိုးထားသည့်အနေဖြင့် ဖောင်းရစ်များကို ပြုလုပ်ထားခြင်း ဖြစ်ပါသည်။



ဗောဇ္ဈင်ခုနစ်ပါးကို ရည်စူး၍ ဖောင်းရစ် ခုနစ်ရစ် ထားသည်ဟုလည်း ဆိုပါသည်။ အောက်ဆုံး ဖောင်းရစ်သည် ပန်းဆွဲ၏အထက်နားမှ စသည်။ အထက်အရစ်နှင့် အနည်းငယ် ကွာဝေးသည်။ ဖောင်းရစ် ခုနစ်ရစ်၏အမြင့်မှာ (၄၃)ပေနှင့် ၄-လက်မ မြင့်ပါသည်။ ထိုဖောင်းရစ်များ၏ ဧရိယာမှာ (၁၈၂၉၅) စတုရန်းပေရှိသဖြင့် ရွှေပြားစတုရန်းပေ အကွက်ပေါင်း (၁၈၂၉၅) ကွက် ကပ်လှူပူဇော်ရပါသည်။

အထူးမှာ ထိုဖောင်းရစ်များမှ အစပြု၍ အထက်ငှက်ပျောဖူးအထိကို ရွှေအလေးချိန် (၆)ကျပ်သားရှိသော (၁)ပေ ပတ်လည် ရွှေပြားအချပ်ကြီးများကို ဝက်အူ (စကူ) စုပ်၍ ပူဇော်ထားပါသည်။

၁၉၉၁/၉၂-ခုနှစ်များတွင် စွန်၊ သိန်းစသော ငှက်များ ထိုးဆိတ်သဖြင့် ပျက်စီးယိုယွင်း၍ လိုအပ်သော ကွက်လပ်များ၌ နှစ်ကျပ်သား၊ သုံးကျပ်သားရှိသော ရွှေပြားများကို ဖြည့်စွက်၍ ပူဇော်ထားပါသည်။ သို့ဖြစ်၍ အားလုံး,အလေးချိန် ခြောက်ကျပ်သားချည်းရှိသော ရွှေပြားများ မဟုတ်ပါ။

အောက်ခြေမှ ဖောင်းရစ်အထိ စေတီတော်မြတ်ကြီး၏ ဉာဏ်တော်အမြင့်မှာ (၂၀၁)ပေ၊ (၇)လက်မ ရှိပါသည်။

## နတ်ကြည့်

စေတီတော်၌ နတ်ကြည့်ဆိုသည်မှာ ခေါင်းလောင်းပုံ၏ အထက်၌ ဖောင်းရစ်များအကြားရှိ ပြင်ညီအရပ်ကို ခေါ်ပါသည်။ နတ်ကြည့်သည် ဖောင်းရစ်နှင့် ကော့များအကြားရှိ မျက်နှာပြင်ညီဖြစ်၍ စေတီတော်အထက်ပိုင်းကို ပြုပြင်ခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်ရာ၌ အလုပ်သမားများသည် နတ်ကြည့်ပေါ်တွင် ခြေနင်း၍ စေတီတော်မြတ်၏ အခြေအနေကို လှည့်ပတ်ကြည့်ရှုနိုင်ပါသည်။

ရွှေစေတီတော်မြတ်ကြီးတွင် ခေါင်းလောင်း၏အထက် သပိတ်မှောက်နှင့် ကပ်နေသည့် ပထမအရစ် နတ်ကြည့်မှာ ဗျက် (၁၈)လက်မခန့် ကျယ်ပြီး ယင်း၏အထက် ဒုတိယ နတ်ကြည့်မှာ ဗျက် (၁၂)လက်မခန့် ကျယ်ပါသည်။ ထီးတော်မှ စ၍ အရှိန်ပြင်းစွာ ကျဆင်းလာသော မိုးပေါက် မိုးရေတို့သည် နတ်ကြည့်များပေါ်သို့ အရှိန်ပြင်းစွာ ကျရောက်ကြပါသည်။ နတ်ကြည့်မှာ မျက်နှာပြင်ညီနေရာဖြစ်၍ မိုးရေပေါက်တို့၏ တိုက်ရိုက် ထိမှန်ခြင်းကိုလည်း ခံကြရပါသည်။ ထိုမိုးရေ ဒဏ်ကြောင့် စေတီတော်များ အက်ကွဲပြီး အချိန်တိုတိုနှင့် ပျက်စီးနိုင်ပါသည်။ သို့ဖြစ်၍ မိုးဒဏ် ရေဒဏ် ကြံ့ကြံ့ခံနိုင်ရန် စေတီတော်မြတ်ကြီးကို တည်ဆောက်ကြသော ပညာရှင်



တို့သည် နတ်ကြည့်ပြင်ညီများ၌ ကြေးအုတ်များကို အသုံးပြု ထားကြောင်း တွေ့ရပါသည်။

သက္ကရာဇ် ၁၁၃၀-ပြည့်နှစ် ငလျင်ကြီးလှုပ်သဖြင့် စေတီ တော်မြတ်ကြီးမှာ ဆပ်သွားဖူးမှစ၍ ပထမဖောင်းရစ်အထိ အက်ကွဲ ပြိုကျခဲ့ရာ ထပ်မံပြုပြင်ရာ၌ ကြေးတစ်သိန်း၊ သံ တစ်သိန်းတို့နှင့်ကွပ်၍ ကြေးမှိုဖွဲ့ကာ ပြုပြင်စေခဲ့သည်ဟု ဆိုပါသည်။ ထိုကြေးတစ်သိန်းဆိုသည်မှာ ကြေးအုတ် တစ် သိန်းပင် ဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ ဆင်ဖြူရှင်မင်းတရားကြီး လှူဒါန်းသော ကြေးအုတ်တစ်သိန်းနှင့် ထိုနောက် ပြည်သူ လူထုအများ လှူဒါန်းခဲ့ကြသော ကြေးအုတ်တို့မှာ များပြား စွာပင် ရှိကြ၍-

စေတီတော်မြတ်ကြီး၏ဝန်ကို ထမ်းဆောင်နေကြသည် ဟူ၍ ယုံကြည်ရပါသည်။ ကြေးအုတ်များကို အသုံးပြုထားသဖြင့် ပိုမိုခိုင်ခန့်နေခြင်းလည်း ဖြစ်နိုင်ပါသည်။ စေတီတော်မြတ် ကြီးတွင် ကြေးအုတ်ပေါင်း မည်မျှကို အသုံးပြုထားသည်ဟု အရေအတွက် အတိအကျကို မသိရငြားသော်လည်း ၁၉၇၆- ခုနှစ်တွင် စေတီတော်မြတ်ကြီးကို ရွှေပြားသင်္ကန်းကပ်လှူရန် ကြေးခွေများကို တပ်ဆင်သောအခါ ကြေးခွေဘောင်နှင့် မလွတ်သည့် ကြေးအုတ်ချပ်များကို အင်္ဂတေမှ တူးသော ကြေး အုတ်ချပ် (၅၅၄၅) ချပ်နှင့် ၁၉၇၂-ခုနှစ် ရွှေသင်္ကန်းကပ်လှူရန်

ပြင်ဆင်စဉ် ရရှိသော ကြေးအုတ် (၄၁၇)ချပ်တို့ကို ပေါင်းသော် ကြေးအုတ်ချပ်ပေါင်း (၅၉၆၂) ကို ရရှိထားပါသည်။

ယင်းတို့မှာ အရွယ်အစားအမျိုးမျိုး ရှိပါသည်။ အငယ်ဆုံးမှာ အလျား (၃)လက်မ၊ အနံ (၃)လက်မမှသည် အကြီးဆုံး အလျား (၇)လက်မ၊ အနံ (၃"၃/၅)နှင့် ထု(၁) လက်မသာသာ ရှိပါသည်။ အလေးချိန်မှာ (၅၀)ကျပ်သားမှ တစ်ပိဿာကျော် အထိ ရှိကြပါသည်။ ထိုကြေးအုတ်များတွင် ကမ္ပည်းစာများ ပါရှိသဖြင့် အရပ်ဒေသ၊ အမျိုး အနွယ်စသော သမိုင်းကြောင်းများကို အလွယ်တကူ လေ့လာနိုင်ကြပါသည်။

သက္ကရာဇ် ၁၁၃၀-ပြည့်နှစ်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သဖြင့် ဆင်ဖြူရှင်မင်းတရားကြီးသည် ပစ္စယာပန်းတင်ခုံမှစ၍ ချဲ့ထွင်ပြုပြင်စေခဲ့ရာ ၁၁၃၆-ခုနှစ်၊ တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့တွင်မှ ထီးတော်တင်နိုင်ခဲ့ပါသည်။ မင်းကြီးပြုပြင်ခဲ့သော အချိန်မှစ၍ ယနေ့တိုင် ကြံ့ခိုင်နေခြင်းမှာ ကြေးအုတ်များကို အသုံးပြုခဲ့သောကြောင့်ဟု ယူဆရပါသည်။ အင်းဝဆင်ဖြူဆင်မင်းကြီးသည် ဤသို့ အခိုင်အမာ ပြုပြီးသည်နှင့်တစ်ပြိုင်နက် "ငါလိုလူ ဇမ္ဗူရှိသေး၏လော" ဟု ကြုံးဝါးတော်မူခဲ့ပါသည်။



## ကြာနု

ဖောင်းရစ်များ၏အထက်၌ မြောင်းစောင်းကလေးများ (၁၀၉)ခုပါသော ကြာနုရှိပါသည်။ ပွင့်ချပ်များကို အောက်ဘက်သို့ လှန်ထားခြင်း၏ ရည်ရွယ်ချက်တစ်ခုမှာ အောက်ဘက်ခေါင်းလောင်းပုံအတွင်းရှိ ဓာတ်တော် မွေတော်များကို ပူဇော်လို၍ ဖြစ်ပါသည်။ ကြာနု၏ထားပုံကို ကြည့်ကာမျှဖြင့် အောက်ဘက်တွင်ရှိသော မြတ်နိုးဖွယ်ရာ ရတနာများရှိကြောင်း သိနိုင်ပါသည်။ ပုံသဏ္ဌာန်ဖြင့် သမိုင်းကို ညွှန်းဆိုထားခြင်း ဖြစ်ပါသည်။ သာမန်အားဖြင့် မျက်စိပသာဒဖြစ်စေရန် တပ်ဆင်ထားသည်ဟု ထင်ရပါသည်။

ကြာသည် ကမ္ဘာ့အတိတ်နိမိတ်ဆောင်ပန်းဖြစ်၍ စေတီတော်များတွင် အသုံးပြုများပါသည်။ ကမ္ဘာဦးတွင် ကြာပန်းသုံးပွင့် ပွင့်မူ ဘုရားသုံးဆူပွင့်မည်။ ကြာငါးပွင့် ပွင့်မူ ဘုရားငါးဆူပွင့်မည်ဟု ဘုရားပွင့်မည့် အတိတ်နိမိတ်ကို ဆောင်ပါသည်။ ဤစေတီတော်မြတ်ကြီးတွင် ကြာနုများမှာ ပွင့်ချပ်ပေါင်း (၁၁၅) ဖတ်ရှိသဖြင့် ရွှေပြားအကွက်ပေါင်း စတုရန်းပေ (၁၁၅၀)ကွက် ကပ်လှူ ပူဇော်ရပါသည်။

## ကြာမှောက်

ကြာနု၏အထက်တွင် ကြာမှောက် (၁၉)ခုဖြင့် စေတီတော်ကြီးအား ပတ်ရံ၍ ပူဇော်ထားပါသည်။ (၁၉)ဂဏန်းမှာ

(၁+၉=၁၀) ဖြစ်၍ ပါရမီဆယ်ပါးကို ရည်စူး ပူဇော်ထားခြင်း ဖြစ်ပါသည်။ သို့ရာတွင် ကြည်ညိုဖွယ်ကို ဆောင်နိုင်ရန်အတွက် ဆယ်ချပ်မထားဘဲ စေတီတော်ကြီးနှင့် သင့်လျော်အောင် (၁၉) ချပ်ကို ထားပါသည်။

သဘာဝကို ဆန့်ကျင်၍ ပွင့်ချပ်များကို အောက်ဘက် လှည့်ထားခြင်းမှာ အောက်ဌာပနာတိုက်အတွင်းရှိ ဓာတ်တော် မွေတော်များကို ပူဇော်လို၍ ဖြစ်ပါသည်။ ကြာမှောက်မှာ ဧရိယာစတုရန်းပေ (၂၆၄၁)ပေရှိ၍ တစ်ပေပတ်လည် ရွှေပြား ပေါင်း (၂၆၄၁)ခု ကပ်လှူပူဇော်ရပါသည်။

ကြာမှောက်ဟူသည် စေတီတော်များတွင် ဖောင်းရစ်နှင့် ငှက်ပျောဖူးအကြားရှိ အောက်ဘက်သို့ မျက်နှာမူ၍ (လှည့်၍) ပြုလုပ်ထားသော ကြာပန်းပွင့်ချပ်ပုံကို ခေါ်ပါသည်။

## ရွဲ

ကြာမှောက်၏အထက်တွင် ရွဲကြီး (၁၉)လုံး ရှိပါသည်။ ရွဲဆိုသည်မှာ ကြာမှောက်နှင့်ကြာလန်ကြားစေတီတော်တွင် ပတ်ပတ်လည် ကပ်ထားသည့် ဖောင်းမို့ဝိုင်းစက်သော အဖု လုံးကို ရွဲလုံးနှင့်တူသဖြင့် ရွဲဟု ခေါ်ပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ရွဲတစ်လုံးစီ၏ ပမာဏမှာ (၃၀)စတုရန်းပေစီရှိ၍ ရွဲတစ်လုံးစီ၌ စတုရန်းတစ်ပေရှိသော ရွှေပြားအချပ်ပေါင်း (၃၀)စီကို ကပ်လှူထားရာ အကွက်ဖော် ထားသကဲ့သို့ ဖူးမြော်ရပါသည်။ ရွဲကြီးတစ်လုံးတွင် (၃၀) ကွက်ဖြစ်၍ ရွဲ (၁၉)လုံးအတွက် ရွှေပြားစတုရန်းပေ အကွက် ပေါင်း (၅၇၃)ကွက် ကပ်လှူရပါသည်။ သို့ဖြစ်၍ ရွဲကြီး (၁၉) လုံး၏တန်ဖိုးမှာ ကျပ်တစ်သန်း ခုနစ်သိန်း တစ်သောင်း (၁၇၁၀၀၀၀)ကျော် တန်ပါသည်။

## ကြာလန်

ရွဲ (၁၉)လုံး၏ အထက်တွင် ကြာလန် (၁၉) ပွင့်ရှိ ပါသည်။ ပွင့်ချပ်ကြီး (၁၉)ခုပါဝင်သော ကြာပန်းကြီးကို ဘုရား ရှင်တို့၏ အရဟတ္တမဂ်ဉာဏ်တော်အဖြစ် တပ်ဆင်ထားသော စိန်ဖူးတော်အား ပူဇော်သောအားဖြင့် အထက်ဘက်သို့ မျက်နှာ မူထားပါသည်။ သို့ဖြစ်၍ စေတီတော်တွင် ဖောင်းရစ်နှင့် ငှက်ပျောဖူးအကြား အထက်သို့ လှန်၍ ပြုလုပ်ထားသော ကြာပွင့်ချပ်ကို ကြာလန်ဟု ခေါ်ကြပါသည်။

ဤစေတီတော်ကြီးတွင် ကြာလန်၏ ဧရိယာမှာ (၁၅၆၆) စတုရန်းပေရှိ၍ ရွှေပြားစတုရန်းပေ (၁၅၆၆)ကွက် ကပ်လှူ ပူဇော်ရပါသည်။

## အထက်ကြာနု

ကြာလန်၏အထက်တွင် ကြာနု (၆၄)ခု ရှိပါသည်။ ငှက် မြတ်နားနှင့်စိန်ဖူးတော်တို့ကို ပူဇော်သောအားဖြင့် အထက် ဘက်သို့ မျက်နှာမူထားပါသည်။ ဧရိယာမှာ (၂၇၂)စတုရန်း

ပေရှိ၍ ရွှေပြားစတုရန်းပေပေါင်း (၂၇၂)ပြား ကပ်လှူပူဇော်ရပါသည်။ ကြာသည် ကမ္ဘာ့အတိတ်နိမိတ်ဆောင်သော ပန်းဖြစ်၍ ဘုရားစေတီတည်ဆောက်ရာ၌ အများဆုံး အသုံးပြုထားခြင်း ဖြစ်ပါသည်။

ကြာနု၊ ကြာမှောက်၊ ရွှဲ၊ ကြာလန်၊ ကြာနုတို့၏ စုစုပေါင်း- ဉာဏ်တော်အမြင့်မှာ (၂၈)ပေ၊ (၁၀)လက်မ ရှိပါသည်။ အောက်ဆုံးမှ အထက်ဆုံး ကြာနုအထိ တိုင်းသော် (၇၂၃၀)ပေ၊ (၅)လက်မ ရှိပါသည်။

ထူးခြားချက်တစ်ခုမှာ မြန်မာအဘိဓာန် အကျဉ်းချုပ်တွင် ကြာရင့်၊ ကြာမှောက်၊ ကြာနု၊ ရွှဲ၊ (ကြာနု) ကြာလန်၊ ကြာရင့်ဟူ၍ ကြာနုကို ကြာရင့်ဟု အမည်ပေးထားခြင်းပင် ဖြစ်ပါသည်။

## ချယားသီး (ငှက်ပျောဖူး)

ကြာနု၏အထက်တွင် (၅၁)ပေ၊ (၁၁)လက်မမြင့်သော ချယားသီးခေါ် ငှက်ပျော်ဖူး ရှိသည်။ ငှက်ပျောဖူးသည် လုံးဝန်းသော သဏ္ဌာန်ဖြင့် အထက်သို့ ချွန်တက်ပြီး ထီးတော်အောက်ရှိ ကြေးစလောင်း၏အတွင်းသို့ ထိုးဝင်သွားသည်။ ကြာလန်နေရာမှ အထက်စိန်ဖူးတော်သို့ ကြည့်ညိုသော် စေတီငယ်တစ်ဆူ ဆင့်၍ တည်ထားသကဲ့သို့ ဖူးမြင်ရပါသည်။



မြန်မာ့ဗိသုကာများသည် လောကီဘုံဖြစ်သော ကာမသုဂတိဘုံခန်းများကို ရည်၍ စေတီတော်မြတ်၏ ငှက်ပျောဖူးအထိ ဆောက်လုပ်ကြပါသည်။ ထီးတော်မှ အထက်ကို လောကုတ္တရာနယ်ဟု သတ်မှတ်ကြပြီး ငှက်ပျောဖူးထိပ်နှင့် ထီးတော်အောက် နယ်နိမိတ်ကို ဂေါတြဘူနယ်ဟု ခေါ်ကြပါသည်။

ဤရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ချယားသီးခေါ် ငှက်ပျောဖူးမှာ (၅၀)ပေ၊ (၁၁)လက်မမြင့်၍ အရစ်ပေါင်း (၅၆)ရစ်ရှိပါသည်။ ငှက်ပျောဖူးမှာ (၂၆ )စတုရန်းပေရှိသဖြင့် (၆) ကျပ်သားအလေးချိန်စီးသော တစ်ပေပတ်လည် ရွှေပြား (၂၆၄၁)ပြား ကပ်လှူရပါသည်။ ပိဿာချိန်အားဖြင့် (၁၅၈) ပိဿာကျော် ရှိပါသည်။

ငှက်ပျောဖူး၏ အောက်ခါးစည်းတွင် ရွှေပြားစတုရန်းပေအကွက်ပေါင်း (၁၆၀)ကွက် ကပ်လှူရပါသည်။

ချယားသီးဆိုသည်မှာ ထီးတော်စိုက်ရာ နေရာသည် ချယားသီးသကဲ့သို့ အလယ်ပူပြီး အထက်အောက် ရှူးသွားသဖြင့် ချယားသီးဟု ခေါ်ခြင်းဖြစ်ပါသည်။

ငှက်ပျောဖူးကဲ့သို့ အလယ်ပူ အထက်အောက်ရှူးသဖြင့် ငှက်ပျောဖူးဟုလည်း ခေါ်ကြပါသည်။ ချယားသီးနှင့်ငှက်ပျောဖူး အတူတူပင် ဖြစ်ပါသည်။

## ကြေးစလောင်းကြီး

ချယားသီးခေါ် ပျက်ပျောဖူး၏ထိပ်တွင် ကြေးစလောင်းကြီးကို တပ်ဆင်ထားပါသည်။ ကြေးစလောင်းကြီးသည် တစ်တန်နှင့်တစ်မတ်မျှ လေးသော ထီးတော်မြတ်၏ အလေးချိန်ကို သယ်ပိုးထားသည့်အပြင် ပိန္နဲတိုင်ကိုလည်း ထိန်းမတ်ပေးထားပါသည်။

ပိန္နဲတိုင်ကို ကြေးစလောင်း၏အတွင်း၌ ကြေးဘွတ်အတွင်းတွင် ထည့်၍ စွပ်ထားပါသည်။ ပိန္နဲတိုင်မတ်စေရန်အတွက် သံမဏိလေးချောင်းဖြင့် အောက်ခြေနားမှ ထောက်ထားသည်။ ပိုမိုခိုင်ခံ့စေရန်အတွက် ထီးတော်အောက်ခွေပတ်လည်မှ ချယားသီးအထက်ပတ်လည်ကို ထောက်ထားသော သံထောက်တိုင် အချောင်း (၆၀)မျှကိုလည်း ဆည့်လုပ်ထားပါသည်။

## ပိန္နဲတိုင် (ပန်းလည်တိုင်)

ထီးတော်စွပ်ထားသော ပိန္နဲတိုင်ကြီးသည် အလျား (၄၃) ပေ၊ အနံ (၆)လက်မရှည်၍ အောက်ခြေအချင်း ၁၀½လက်မ အပေါ် (၂ . ၀၆) လက်မရှည်သော သံမဏိတိုင်လုံးကြီး ဖြစ်ပါသည်။ ထိုပိန္နဲတိုင်ကြီးကို ကြေးစလောင်းအတွင်းရှိ ကြေးဘွတ်အတွင်းတွင် ထည့်၍ စွပ်ထားပါသည်။ ယင်းသည် ထီးတော်၏



အလယ်ဗဟိုကို ဖောက်၍ ဆပ်သွားဖူး၏အတွင်းသို့ သုံးပေခွဲခန့် ဝင်သွားပါသည်။

ယင်းကို ပိန္နဲတိုင်ဟူ၍လည်းကောင်း၊ ပန္နက်တိုင်၊ ပန်းလည်တိုင်ဟူ၍လည်းကောင်း ခေါ်ကြပါသည်။ ပန္နက်တိုင် ခေါ်ခြင်းမှာ ဘုရားတည်စ မူလပန္နက်ချစဉ်က ဗဟိုပန္နက်ကို စချရသည်။ ယင်းဗဟိုပန္နက်နှင့် တည့်တည့်စိုက်ရသဖြင့် ပန္နက်တိုင်ဟု ခေါ်ခြင်းဖြစ်ပါသည်။

ပန်းလည်တိုင် ခေါ်ခြင်းမှာ စေတီတော်မြတ်ကြီးတစ်ဆူလုံးကို ပန်းအဖြစ်တင်စား၍ ထိုစေတီတော်၏ အလယ်တိုင်ကို ပန်းလည်တိုင်ဟု ခေါ်ခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ ပိန္နဲတိုင်ဆိုသည်မှာ စေတီတော်၏ ထိပ်ဖျားတွင် ငှက်ပျောဖူး၊ သို့မဟုတ် ဆပ်သွားဖူး၌ လျှိုစိုက်သွင်းထားသော ထီးတော်တင်ရန် ဗဟိုတိုင်လုံးပင် ဖြစ်ပါသည်။ စေတီတော်၏ အလယ်ဗဟိုကို သတ်မှတ်ထားသော တိုင်ပင်ဖြစ်ပါသည်။

## ဆပ်သွားဖူး

ဆပ်သွားဖူးမှာ ထီးတော်၏ထိပ်မှ စိန်ဖူးတော်သို့ တက်ရာတွင် ပြေပြစ်သွားစေရန် ဖန်တီးထားသော အစိတ်အပိုင်းဖြစ်ပါသည်။ ထီးတော်ကဲ့သို့ပင် ဘုံအဆင့်များဖြင့် ပုံဖော်ထားသည်။ အောက်သိမ်၊ အလယ်ကား၊ အထက်ရှူးဖြစ်၍

ဆပ်သွားဖူးနှင့် တူသဖြင့် ဆပ်သွားဖူးဟု ခေါ်ကြပါသည်။ စေတီတော်မြတ်ကြီးတွင် ဆပ်သွားဖူး၏အမြင့်မှာ (၈)ပေနှင့် (၂)လက်မ ရှိသည်။ ဆပ်သွားဖူး၏ ဘုံဆင့်ခွေများကို အတွင်းက ငွေပြားခံ၍ ရွှေပြားများဖြင့် ပတ်ထားပါသည်။ ဆပ်သွားဖူးတွင် စိန်၊ မြ၊ ပုလဲစသော ရတနာအမျိုးမျိုး ခြယ်ထားသည့် နားပန်း၊ နားပွင့်၊ ရွှေဆည်းလည်း ပေါင်းများစွာ တပ်ဆင်ထားပါသည်။

ဆပ်သွားဖူး၏အတွင်း ကြေးလင်ပန်း အထက်၌ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဘုရားလေးဆူ၏ ပုံတော်များကို ငွေသားဖြင့် ထုလုပ်၍ ရတနာ ဦးသွင်မိသားစုက ပူဇော်ထားပါသည်။ ဆပ်သွားဖူးကြီးတွင် ကျောက်မျိုးစုံ (၈၈၆) လုံး၊ အလေးချိန် (၂)ပိဿာ၊ (၅၈)ကျပ်၊ (၁)မူး၊ (၁)ပဲ၊ (၂) ရွေးကို ပူဇော်ထားသဖြင့် အလွန်တန်ဖိုးများပါသည်။

## ငှန်း (စိန်လေးပွင့်)

ဆပ်သွားဖူး၏အထက်တွင် "ငှန်း" ခေါ် စိန်လေးပွင့် တပ်ဆင်ထားပါသည်။ "ငှန်းလေးဘုံ"ဟုလည်း ခေါ်ပါသည်။ ဘုံလေးဆင့်ပါသော အစိတ်အပိုင်းဖြစ်ပါသည်။ အောက်ဆုံး ဘုံသည် အထက်ဘုံများနှင့် တစ်ဘုံတစ်ပေစီ ကွာဝေးပါသည်။ ဘုံများကို ရွှေသား (၃)ပိဿာ၊ (၆)ကျပ်သား၊ (၆)မူးသားဖြင့် ပြုလုပ်ထားပါသည်။



ဘုံများပေါ်တွင် ရွှေဆည်းလည်း၊ ငွေဆည်းလည်းနှင့် ကျောက်မျက်ရတနာအမျိုးမျိုး တပ်ဆင်ထားပါသည်။ ငှန်းဟု ခေါ်ခြင်းမှာ ငှန် ပန်းပွင့်များကဲ့သို့ ရှုချင့်စဖွယ် လှပတင့်တယ်၍ ငှန်မှ "ငှန်း" ဖြစ်လာပါသည်၊ "ငှန်းပွင့်"ဟု ဆိုလိုပါသည်၊ တစ်ချို့က စိန်ပွင့်ဟုလည်း သုံးနှုန်းကြပါသည်။

## ငှက်မြတ်နား

စိန်ပွင့်လေးပွင့်၏ ထိပ်ဆုံးအပွင့်မှ (၃)ပေနှင့် (၂) လက်မ မြင့်သောနေရာတွင် ငှက်မနားတော် ရှိပါသည်။ ပန်းလည်ကိုင်ကို ဗဟိုပြုကာ လည်ပတ်လျက်ရှိသော သုံးထောင့်ကြက်လျှာချွန်သဏ္ဍာန်ရှိ ရွှေပန်းခက်ပန်းပြားကြီးကို ငှက်မြတ်နားတော်ဟု ခေါ်သည်။ သာသနာ့အောင်လံ တံခွန်ပြားပင် ဖြစ်ပါသည်။ သို့ရာတွင် ထိုတံခွန်အလံ၌ လင်း၊ ဟင်း၊ ကြက်၊ ကျေးဟူသော ငှက်မြတ်လေးကောင်တို့၏ အရုပ်များကို ထုလုပ်ထားတတ်ကြသဖြင့် "ငှက်မြတ်နားတော်" ဟု ခေါ်ကြပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ ငှက်မြတ်နား၏ အတိုင်းအတာမှာ အရှည်(၄)ပေနှင့် (၂)လက်မ၊ ဖြက်အကျယ်ဆုံးနေရာမှာ (၂)ပေနှင့် (၅၂)လက်မ ရှိပါသည်။ ပန်းလည်တိုင်ကို စွပ်လျက်ဆုံလည်တွင် ဘောစေ့ (၁၈)လုံး တပ်ဆင်ထားသဖြင့် အလွယ်တကူ လည်နိုင်ပါသည်။

(၃၃)ပိဿာခန့်လေးသော ငှက်မြတ်နား၏ အလေးချိန်ကို နှစ်ဖက်ညီမျှစေရန်အတွက် (၁၅)ပိဿာခန့်ရှိသော ပြန်ထိန်းချိန်သီးကို ပြုလုပ်ပြီး သံမဏိချောင်းဖြင့် ဆိုင်းထားပါသည်။ ငှက်မြတ်နား ရွှေသားပြားကြီးပေါ်တွင် ရွှေပန်းခက်၊ ကျောက်ပန်းခက်၊ စိန်ဒေါင်းနှင့်ကျောက်စီရုပ်ပွားတော်များ၊ ပတ္တမြား၊ နီလာ၊ မြလုံးကြီးများကို မြှုပ်ကွင်းထားသည်မှာ အလွန်ရှုချင့်စဖွယ် ဖြစ်ပါသည်။

ငှက်မြတ်နားတွင် စိန်လုံး (၁၀၉၈)လုံး၊ ရတီ (၄၀)ကျော်နှင့်အခြားကျောက်မျက်လုံးရေ (၁၃၃၈)လုံး ပါဝင်သဖြင့် ၁၂၉၈-ခုနှစ် ဈေးနှုန်းအရ (၁၁,၁၇၂၇၇)ကျပ်ကျော် တန်ဖိုးရှိပါသည်။ ငှက်မြတ်နားသည် သာသနာ့တံခွန် အောင်လံတော်ဖြစ်၍ ဂုဏ်အားဖြင့် ကြီးမြတ်သည်နှင့်အမျှ စီခြယ်လှူဒါန်းထားသော ရတနာအမျိုးမျိုးတို့၏ တန်ဖိုးမှာလည်း အဖိုးမပြတ်နိုင်အောင်ပင် ရှိပါသည်။

ယနေ့ စေတီတော်မြတ်ကြီးပေါ်တွင် ဖူးမြင်ရသော ငှက်မြတ်နားတော်သည် ၁၂၈၂-ခုနှစ်၊ တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၁၁)နာရီတွင် တင်လှူသော ငှက်မြတ်နားတော် ဖြစ်ပါသည်။

အသစ်ပြုလုပ်သော လပ်ခမှာ ငွေသားကျပ် (၅၀၀၀) ကျော်ရှိပါသည်။ ငှက်မြတ်လေးဦးတို့၏ အရုပ်များကို ထုလုပ်ထားသဖြင့် "ငှက်မြတ်နား" တွင်သည့်အပြင် "ရတနာပန်း



အိုးကြီး" ဟူသော အမည်လည်း တွင်သေးကြောင်းကို မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာသစ်တွင်

"ခြယ်ပျစ်ပန်းဆိုင်း၊ တုမဲ့နှိုင်းအောင်၊ ရှုတိုင်းထိန်ရဲ၊ စိန်ပုလဲလည်း၊ မြီးဆွဲ ဟင်္သာ၊ ကျေး၌ ကြက်ရုပ်၊ ထုလုပ်ထွေပြား၊ ငှက်မြတ်နားနှင့်၊ ပတ္တမြားအတွက် နဝရတ်မျက်ကိုး၊ ရောင်စုံဖြိုးသား၊ ရှေးရိုးရတနာ၊ နေခြည်ကားဟု၊ မင်္ဂလာထီးချုပ် . . . . " ဟူ၍ စပ်ဆိုတော်မူခဲ့ပါသည်။

## စိန်ဖူးတော်

စိန်ဖူးတော်သည် ငှက်မြတ်၏အထက် ပိန္နဲထိပ် ထိပ်ဖျားတွင် ရှိပါသည်။ ဝရဇိန်လက်နက် မိုးကြိုးစက်သည် တစ်ချက်တည်းနှင့် လိုရာကို ဖောက်ထွင်းဖျက်ဆီးနိုင်သကဲ့သို့ ဘုရားသခင်၏ အရဟတ္တမဂ်ဉာဏ်တော်သည် မာရ်ငါးပါးကို အောင်မြင်တော်မူနိုင်ပါသည်။ ထိုဘုရားရှင်၏ အရဟတ္တမဂ်ဉာဏ်တော်ကို ရည်ညွှန်း၍ စိန်ဖူးတော်ကို တပ်ဆင်ထားပါသည်။ (ဝဇီရရွှေဒိကာကျမ်း) အရဟတ္တမဂ်ဉာဏ်အဖြစ်ဖြင့် စိန်ဖူးတော်ကို ဖူးမျှော်နိုင်ပါသည်။

မြန်မာဝိသုကာများအလိုမှ မြတ်စွာဘုရားသခင်တို့အား ရည်ညွှန်း၍ ကြာဖူး ကြာပွင့်သဏ္ဍာန် စိန်ဖူးတော်ကို ပြုလုပ်ထားသည်ဟု ဆိုပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်မှာ အမြင့် (၁)ပေနှင့်(၁၀ ၂/၃)လက်မ၊ အချင်း(၁၀ ၁/၂)လက်မနှင့် အဝန်း (၃၀. ၄)လက်မ ရှိပါသည်။ ကြုတ်ကဲ့သို့ လုံးဝန်းသော သဏ္ဌာန် ရှိပါသည်။ စိန်ဖူးတော်၏ ခါးလယ်တွင် စိန်ပွင့် (၃)တန်း ရစ်ပတ်ထားပါသည်။ စိန်ဖူးကြီးတစ်ခုလုံးအား စိန်များ၊ ကျောက်မျက်များ၊ စေတီပုံ၊ ပန်းပွင့်ပုံ၊ သရဖူပုံတို့ကို နေရာမလပ်အောင် ထုလုပ်ထားပါသည်။ ဗုဒ္ဓရုပ်ပွားတော်များကို ပူဇော်ထားပါသည်။

စိန်ဖူးတော်တွင် ရတီ (၂၀၀၀)ကျော် အလေးချိန်ရှိ စိန်လုံးရေ (၄၃၅၁)လုံး၊ အခြားကျောက်မျက် (၉၃)လုံး ပါရှိပါသည်။ စိန်ဖူးတိပ်အဆုံးတွင်မူ (၇၆)ကာရက် [၈၃-ရတီ၊ ၁၂-ဘိဝ္တာ] ရှိသော စိန်ကြီးတစ်လုံးကို မြှုပ်၍ ဖိုခနောက်ဆိုင် စိန်ဘန်း (၃)တန်းဖြင့် မိုးကုတ်ထားသည်မှာ အလွန်သပ္ပါယ်လှပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ယနေ့ဖူးမြော်ရသော စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်မှာ အများကုသိုလ်ဖြစ်ကြောင်းကို -

"ဆန်းကြယ်တင့်ထူး၊ ထွတ်စိန်ဖူးနှင့်၊ တိမ်ဦးပျံလွှား၊ ငှက်မြတ်နားကို၊ အများကုသိုလ်၊ မိုးလုံးပြိုမျှ၊ စိမ်းညိုနီမြန်း၊ လျှပ်စီးပန်းသို့၊ တစ်သန်းကျော်ကျော်၊ တန်ဖိုးတော်ဖြင့်၊ အပော်ဝတ၊ ပြုပြီးမှလျှင်၊ ကေနှင့်ဒွ၊ နော တရဟု၊ ရောက်ရှိကောဇာ၊



ဝိသာခါနှင့်၊ ပဏာလျှံကြွ၊ ကဆုံလ၏၊ ပုဏ္ဏာဝန်းရှိန်၊ ပြည့်သောချိန်ဝယ် . . . စသည်ဖြင့် ၁၂၉၃-ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် တင်လှူကြောင်း စာဆိုထားပါသည်။

**မှတ်ချက်။** ။ဆရာကြီးဦးလင်းရေး စိန်ဖူးငှက်မြတ်နားတင် မော်ကွန်းတွင် မြန်မာသက္ကရာဇ် ၁၂၈၂-ခုနှစ်၊ တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၁၁)နာရီတွင် တင်ထားခဲ့သည်ဟု ဆို၏။ အချိန်ချင်း ကွဲလွဲနေပါသည်။

စိန်ဖူးတော်ကြီးကို တပ်ဆင်သော ပန်းလည်တိုင်ခေါ် ပိန္နဲတိုင်ကိုလည်း ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဟူသော ဘုရားရှင်လေးဆူတို့၏ မတ်ရပ်တော်ပုံများကို ထုလုပ် ပူဇော်ထားသည်မှာ အလွန်ကြည်ညိုဖွယ်ရာ ဖြစ်ပါသည်။

## ထီးတော်

မြတ်စွာဘုရားသခင်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် သဗ္ဗညုတရွှေဉာဏ်တော်ကို ထီးဖြူဖွင့်လိုက်သည်အလား ပွင့်လင်းရန်းတော်မူသည်။ ဘုရားရှင်၏ ထိုသဗ္ဗညုတဉာဏ်တော်အား ရည်စူးသင်္ကေတပြု၍ ထီးတော်ကို တင်ခြင်းဖြစ်ပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဝိသုဒ္ဓိခုနစ်ပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ ဝိပဿီအစရှိသော ဘုရားရှင်ခုနစ်ဆူကို ရည်မှန်းလျက် ဘုံစဉ်ခုနစ်ဆင့် ထီးတော်ကို တင်လှူထားပါသည်။

လူတို့၏ အဝတ်တန်ဆာတွင် မကိုဋ်သရဖူသည် အမြတ်ဆုံးဖြစ်သကဲ့သို့ စေတီတော်တွင်လည်း ထီးတော်သည် အမြတ်ဆုံးဖြစ်ပါသည်။ ထီးတော်၏ ပုံသဏ္ဌာန်မှာ အောက်မှ အထက်သို့ ကြီးစဉ်ငယ်လိုက် သေးသွားပါသည်။ ထီးတော် တစ်စင်းလုံး၏ အမြင့်မှာ (၁၆)ပေနှင့် (၃)လက်မ ရှိပါသည်။ အောက်ဆုံးဘုံ အမြင့်မှာ (၃)ပေနှင့် (၃)လက်မ၊ အချင်း (၁၄)ပေနှင့် (၁၂ ၃/၄) လက်မ၊ အထက်ဆုံးဘုံအမြင့်မှာ (၁)ပေနှင့် (၆)လက်မ၊ အချင်း (၄)ပေနှင့် (၆ ၃/၄)လက်မ ရှိပါသည်။ ထီးတော်၏ ဘုံများကို ခွေထားသော သံမဏိပြားများမှာ ဗျက် (၁ ၃/၄)လက်မ၊ အထူလက်မဝက် ရှိပါသည်။ ယင်းတို့ကို ပထမကြေးပြား အုပ်ပြီးနောက် ရွှေပြားမျာ ထပ်အုပ်ထားပါသည်။

ထီးတော်ကြီး၏ တန်ဖိုးပမာဏမှာ အင်းဝဆင်ဖြူရှင် လှူဒါန်းထားသော ထီးတော်အဟောင်းမှာ (၁၂၆၃)ကျပ်၊ (၅)မူး၊ (၁)ပဲ။ မင်းတုန်းမင်းကြီးလှူဒါန်းသော ငွေဒင်္ဂါပေါင်း (၉၄၁၄၅၂) ကျပ်၊ (၆)မူးနှင့် ၁၂၃၃-ခုနှစ်က ပြည်သူလူထုလှူဒါန်းထားသော ငွေပေါင်း (၃၃၂၆၈၉)ကျပ်၊ (၇)ပဲကို ပေါင်းသော် ၁၂၃၃-ခုနှစ် ကာလတန်ဖိုး ကျပ်ဒင်္ဂါးပေါင်း (၁၄,၀၀၄၇၀)ကျပ်၊ (၉)မူး ရှိပါသည်။

"အောက်က မြေမ်းဆင်ထီးတော်တင်" ဟူသော စကား အရ ၁၂၃၃-ခုနှစ်၊ သီတင်းကျွန်လပြည့်နေ့တွင် မင်းတုန်းမင်းကြီး တင်လှူခဲ့သော ထီးတော်ကြီး ဖြစ်ပါသည်။ အလေးချိန်



(၁ ၃/၄)တန်မျှ လေးပါသည်။ ပုံတော်မှာ မင်းတုန်းမင်းကြီး၏ မကိုဋ်ပုံဟု ဆိုပါသည်။

## စေတီများသို့ ထီးတော်အမျိုးမျိုး တင်လှူခဲ့ကြပုံ

စေတီပုထိုးများတွင် သဗ္ဗညုတရွှေဉာဏ်တော်အား သင်္ကေတပြုရည်ညွှန်း၍ ထီးတော်ကို တင်လှူခြင်းဖြစ်ပါသည်။ ရှေးအခါက အိန္ဒိယနှင့်သီရိလင်္ကာနိုင်ငံများတွင် ဘုံတစ်ဆင့် ထီးတော်ကို တင်လှူခဲ့ကြပါသည်။ ထိုနောက် ဘုရား၊ တရား နှစ်ပါးကိုလည်းကောင်း၊ သဥပါဒိသေသနိဗ္ဗာနနှင့် အနုပါဒိသေသနိဗ္ဗာန မာတ်နှစ်ပါးကိုလည်းကောင်း ရည်ညွှန်းလျက် ဘုံနှစ်ဆင့် ထီးတော်ကို တင်လှူကြပြန်ပါသည်။

ရတနာသုံးပါး၊ ဝိဇ္ဇာသုံးပါး၊ သာသနာတော်သုံးရပ်ကို ရည်မှတ်လျက် ဘုံသုံးဆင့်ထီးတော်ကို တင်လှူခဲ့ကြပါသည်။ ခေတ်နှောင်းကာလတွင် ဉာဏ်မြဲတရား ငါးပါး ဤကမ္ဘာတွင် ပွင့်တော်မူကြသော ဘုရားငါးဆူကို ရည်ညွှန်လျက် ဘုံငါးဆင့် ထီးတော်ကို တင်လှူကြပါသည်။

ဝိသုဒ္ဓိခုနစ်ပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ ဝိပဿီ၊ သိခီစသော ဘုရားခုနစ်ဆူကို ရည်ညွှန်းလျက် ဘုံခုနစ်ဆင့် ထီးတော်ကို တင်လှူခဲ့ကြပါသည်။ လောကုတ္တရာတရားကိုးပါး၊ ဘုရားရှင်၏ ဂုဏ်တော်ကိုးပါးတို့ကို ရည်ညွှန်းလျက် ဘုံကိုးဆင့် ထီးတော်ကို တင်လှူကြပါသည်။

ယခုအခါ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့၏ ဉာဏ်တော် ဆယ့်တစ်ပါးကို ရည်ညွှန်းလျက် ဘုံးဆယ့်တစ်ဆင့် ထီးတော်ကို တင်လှူနေကြပြီ။ ထို့အပြင် မဂ္ဂင်ရှစ်ပါးကို ရည်ညွှန်းလျက် ထီးတော်၏ ပထမဘုံအဆင့် ပတ်လည်တွင် ရွှေရှစ်လုံးတို့ကို တပ်ဆင်ထားပါသည်။

ထီးတော်များမှာ မကိုဋ်ပုံတော်၊ ချည်ဝင်ပုံတော် စသည်ဖြင့် ပုံအမျိုးမျိုးရှိပါသည်။ မြန်မာနိုင်ငံမှာပင် တလိုင်းထီးပုံ၊ မြန်မာထီးပုံ ဟူ၍ ရှိကြောင်း လေ့လာတွေ့ရှိပါသည်။

## အရှေ့ဘက် မုခ်ဦး အာရုံခံ တန်ဆောင်းနှင့် ကကုသန်ဘုရား

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရှေ့ဘက် အာရုံခံ တန်ဆောင်းကြီးမှာ မှန်စီရွှေချတိုင်လုံးကြီးများ၊ မှန်စီရွှေချ မျက်နှာကြက်၊ ခြူပန်း၊ ခြူနွယ်၊ ပန်းပုလက်ရာတို့ဖြင့် အလွန် လှပတင့်တယ် ကြီးကျယ်ခန့်ငြားသော တန်ဆောင်းကြီး ဖြစ် ပါသည်။ ယင်းကို သက္ကရာဇ် ၁၀၉၇-ခုနှစ်တွင် သာယာဝတီ မင်း၏ အိမ်ရှေ့မိဖုရားကြီးက စတင်လှူဒါန်းခဲ့ပါသည်။

သို့ရာတွင် နှစ်ပရိစ္ဆေဒကြာသဖြင့် အကြိမ်ကြိမ် ပြုပြင် ခဲ့ကြရာမှ နောက်ဆုံးတွင် ပုဇွန်တောင်ရပ်ကွက်မှ ဒကာ ဦးကုလားကြီးက ထပ်မံပြုပြင်ခဲ့သဖြင့် "ဦးကုလားကြီးတန်



ဆောင်း" ဟု အမည်တွင်ခဲ့ပါသည်။ ၁၉၆၈-ခုနှစ်တွင် အသစ် တစ်ဖန် ဆောက်လုပ်ခဲ့ရပြန်ပါသည်။

ထိုတန်ဆောင်း ဂန္ဓကုဋိတိုက် အတွင်းအကျဆုံးနေရာ၌ စပယ်သော ရုပ်ပွားတော်မှာ ဤဘဒ္ဒကမ္ဘာတွင် အဦးဆုံးပွင့် တော်မူသော ကကုသန်ဘုရားရှင်၏ ရုပ်ပွားတော်မြတ် ဖြစ် ပါသည်။ ရွှေ၊ ငွေ၊ သံ၊ ကြေး၊ ခဲ ဟူသော သတ္တုငါးမျိုး ပဉ္စလောဟာတို့ဖြင့် သွန်းလုပ်ထားခဲ့သော စဥ့်ကူးမင်း၏ ကုသိုလ်တော်ဟု သိရပါသည်။ ပုံတော်မှာ လက်ျာလက်တော်ကို အောက်သို့ ဖြန့်ချထားကာ လက်ဝါးပြင်တော်ကို ကြည်ညို ဖူးမျှော်သူ၏ဘက်သို့ လှည့်ပြထားသော ဝရဒမုဒြာပုံတော် ဖြစ်ပါသည်။ လက်ျာလက်မနှင့်လက်ချောင်းလေးများကို ကွေး ထားကာ ဖူးမျှော်သူတို့အား တစ်စုံတစ်ရာ ချီးမြှင့်တော့မည် ဟန်ဖြစ်၍ ပူဇော်သူများအား ဆုတောင်းပြည့်ဝစေခြင်း၊ ရာထူးဌာနန္တရ တိုးတက်စေခြင်း၊ အရောင်းအဝယ် ကောင်း စေခြင်း၊ စစ်ချီ စစ်တိုက်ရာတွင် အောင်မြင်စေခြင်း၊ လာဘ် လာဘ ပေါများစေခြင်း၊ ခြွေရံသင်းပင်း ပေါများစေခြင်း၊ သစ္စာအဓိဋ္ဌာန်ပြုရာ၌ အစွမ်းထက်မြက်စေခြင်း စသော အကျိုးထူးများကို ရရှိစေနိုင်ပါသည်။ ဖူးမျှော်၍ လိုရာ ဆုတောင်းပါက ဆုတောင်း ပြည့်စေနိုင်ပါသည်။

ဘုရားရှင်၏ပုံတော်မှာ ဦးခေါင်းတော်၌ မကိုဋ်သရဖူ ဆောင်းထားသဖြင့် ဇမ္ဗူပတိမင်းချွတ်ခန်းပုံတော်ဟု ဆိုပါသည်။

ယခုအခါ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့၏ ဉာဏ်တော် ဆယ့်တစ်ပါးကို ရည်ညွှန်းလျက် ဘုံးဆယ့်တစ်ဆင့် ထီးတော်ကို တင်လှူနေကြပြီ။ ထို့အပြင် မဂ္ဂင်ရှစ်ပါးကို ရည်ညွှန်းလျက် ထီးတော်၏ ပထမဘုံအဆင့် ပတ်လည်တွင် ရွှဲရှစ်လုံးတို့ကို တပ်ဆင်ထားပါသည်။

ထီးတော်များမှာ မကိုဋ်ပုံတော်၊ ချည်ဝင်ပုံတော် စသည်ဖြင့် ပုံအမျိုးမျိုးရှိပါသည်။ မြန်မာနိုင်ငံမှာပင် တလိုင်းထီးပုံ၊ မြန်မာထီးပုံ ဟူ၍ ရှိကြောင်း လေ့လာတွေ့ရှိပါသည်။

## အရှေ့ဘက် မုခ်ဦး အာရုံခံ တန်ဆောင်းနှင့် ကကုသန်ဘုရား

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရှေ့ဘက် အာရုံခံ တန်ဆောင်းကြီးမှာ မှန်စီရွှေချတိုင်လုံးကြီးများ၊ မှန်စီရွှေချ မျက်နှာကြက်၊ ခြူပန်း၊ ခြူနွယ်၊ ပန်းပုလက်ရာတို့ဖြင့် အလွန်လှပတင့်တယ် ကြီးကျယ်ခန့်ငြားသော တန်ဆောင်းကြီး ဖြစ်ပါသည်။ ယင်းကို သက္ကရာဇ် ၁၀၉၇-ခုနှစ်တွင် သာယာဝတီမင်း၏ အိမ်ရှေ့မိဖုရားကြီးက စတင်လှူဒါန်းခဲ့ပါသည်။

သို့ရာတွင် နှစ်ပရိစ္ဆေဒကြာသဖြင့် အကြိမ်ကြိမ် ပြုပြင်ခဲ့ကြရာမှ နောက်ဆုံးတွင် ပုဇွန်တောင်ရပ်ကွက်မှ ဒကာဦးကုလားကြီးက ထပ်မံပြုပြင်ခဲ့သဖြင့် "ဦးကုလားကြီးတန်



ဆောင်း" ဟု အမည်တွင်ခဲ့ပါသည်။ ၁၉၆၈-ခုနှစ်တွင် အသစ်တစ်ဖန် ဆောက်လုပ်ခဲ့ရပြန်ပါသည်။

ထိုတန်ဆောင်း ဂန္ဓကုဋိတိုက် အတွင်းအကျဆုံးနေရာ၌ စပယ်သော ရုပ်ပွားတော်မှာ ဤဘဒ္ဒကမ္ဘာတွင် အဦးဆုံးပွင့်တော်မူသော ကကုသန်ဘုရားရှင်၏ ရုပ်ပွားတော်မြတ် ဖြစ်ပါသည်။ ရွှေ၊ ငွေ၊ သံ၊ ကြေး၊ ခဲ ဟူသော သတ္တုငါးမျိုး ပဉ္စလောဟာတို့ဖြင့် သွန်းလုပ်ထားခဲ့သော စဥ့်ကူးမင်း၏ ကုသိုလ်တော်ဟု သိရပါသည်။ ပုံတော်မှာ လက်ျာလက်တော်ကို အောက်သို့ ဖြန့်ချထားကာ လက်ဝါးပြင်တော်ကို ကြည်ညို ဖူးမျှော်သူ၏ဘက်သို့ လှည့်ပြထားသော ဝရဒမုဒြာပုံတော် ဖြစ်ပါသည်။ လကျာ်လက်မနှင့်လက်ချောင်းလေးများကို ကွေးထားကာ ဖူးမျှော်သူတို့အား တစ်စုံတစ်ရာ ချီးမြှင့်တော့မည် ဟန်ဖြစ်၍ ပူဇော်သူများအား ဆုတောင်းပြည့်ဝစေခြင်း၊ ရာထူးဌာနန္တရ တိုးတက်စေခြင်း၊ အရောင်းအဝယ် ကောင်းစေခြင်း၊ စစ်ချီ စစ်တိုက်ရာတွင် အောင်မြင်စေခြင်း၊ လာဘ်လာဘ ပေါများစေခြင်း၊ ရွှေရံသင်းပင်း ပေါများစေခြင်း၊ သစ္စာအဓိဋ္ဌာန်ပြုရာ၌ အစွမ်းထက်မြက်စေခြင်း စသော အကျိုးထူးများကို ရရှိစေနိုင်ပါသည်။ ဖူးမျှော်၍ လိုရာ ဆုတောင်းပါက ဆုတောင်း ပြည့်စေနိုင်ပါသည်။

ဘုရားရှင်၏ပုံတော်မှာ ဦးခေါင်းတော်၌ မကိုဋ်သရဖူ ဆောင်းထားသဖြင့် ဇမ္ဗုပတိမင်းချွတ်ခန်းပုံတော်ဟု ဆိုပါသည်။

ဇမ္ဗူပတိမင်းသည် စကြာမင်းဖြစ်၍ မိမိထက်မြက်သော မင်းမရှိဟု မာန်ဝင်နေရာ ဘုရားရှင်သည် ထိုမင်းထက် တန်ခိုးကြီးသော မင်းဖြစ်ကြောင်း တန်ခိုးဖန်ဆင်း၍ ချွတ်သော အခန်းကို ရည်စူး၍ ထုလုပ်ထားသော ပုံတော်ဟု သတ်မှတ်ကြပါသည်။

ပညာရှင်တစ်ချို့ကမူ မဟာပရိနိဗ္ဗာနသုတ်တွင် ပါသော "အဋ္ဌ ပရိသ" အခန်း၌ အရှင်အာနန္ဒာအား ဟောကြားခဲ့ရာတွင် "ငါဘုရားသည် မင်းပရိသတ်အပေါင်း၊ နတ်ဗြဟ္မာပရိသတ်အပေါင်းသို့ ကြွရောက်၍ တရားဆွေးနွေးခဲ့ဖူးကြောင်း၊ ထိုအခါ မင်းပရိသတ်များက ငါဘုရားရှင်အား သူတို့၏ မင်းကြီး၏ အသွင်ဖြင့် မြင်ကြကြောင်း စသည်ဖြင့် ပါရှိပါသည်။ ထို "အဋ္ဌ ပရိသ" ခန်းလာ ဒေသနာကို ရည်၍ ဘုရားရှင်အား မင်းမြောက်တန်ဆာတို့ကို ဆင်မြန်း၍ ထုလုပ်ထားခြင်း ဖြစ်သည်ဟု ဆိုပါသည်။

ဂမ္ဘီရပညာလိုက်စားသူ လောကီထွက်ရပ်ပုဂ္ဂိုလ်များ အနေဖြင့် ဤရုပ်ပွားဆင်းတုတော်တွင် ပြဒါးရှင်တစ်လုံး ရှိသည်ဟု ဆိုပါသည်။ ပြဒါးရှင်လုံးသည် လိုအင်ဆန္ဒကို ပြည့်စေနိုင်သော မနောမယပတ္တမြားဖြစ်၍ ထိုဘုရားရှင်အား ဖူးမျှော်သူများကို လိုရာကိစ္စများ ပြီးပြည့်စုံစေနိုင်သည်ဟု ဆိုပါသည်။



လောကီဝိဇ္ဇာလမ်းများကို တက်လှမ်းလိုသူများအတွက် အဓိဋ္ဌာန်ဝင်ရာ အောင်မြေ အောင်ဌာနတစ်ခုအဖြစ် သတ်မှတ်ထားသည်ကို လူတိုင်း မသိကြပါ။

ဂန္ဓာရီလမ်းစ ပျောက်နေသူများအနေဖြင့် ယင်းဂန္ဓကုဋိ တိုက်အဝင်ဝ ရုပ်ပွားတော်ကြီးများ၏ နောက်တွင် ဂူငယ်ထဲ၌ ဘုရားနှစ်ဆူ (အဝင်ဝ လက်ဝဲဘက်၊ လက်ယာနှစ်ဘက်တွင်) ရှိပါသည်။ ထိုဆင်းတုတော်များ၏ရှေ့တွင် အဓိဋ္ဌာန်ဝင်ပါက ပျောက်နေသောလမ်းစကို တွေ့မည်။ ရှေ့ဆက်အားထုတ်ရန် နည်းမှန်လမ်းမှန်ကို ရစေသည်ဟု ဆိုပါသည်။ ဤသို့သော ထူးခြားချက်ကို လူတိုင်း မသိကြပါ။

## တောင်ဘက်မုခ်ဦး အာရုံခံ တန်ဆောင်းနှင့်ဘုရား

တောင်ဘက်စောင်းတန်းကြီး၏ အထက်ဆုံးပြာသာဒ်နှင့် မျက်နှာချင်းဆိုင်တွင် တောင်ဘက်မုဒ်ဦး အာရုံတန်ဆောင်းကြီး တွေ့ရသည်။ မှန်စီရွှေချတိုင်လုံးကြီးများ၊ လင်းနို့တောင်တိုင် ဖုံးများတွင် ခြူးပန်း၊ ခြူးနွယ်၊ ပန်းပုလက်ရာတို့ဖြင့် အလွန် ကျက်သရေ ရှိလှပါသည်။ အပြင်ဘေးမှ ရှုမျှော်သော် ဘုံနန်း၊ ပြာသာဒ်ကြီးအသွင် မြင်ကြရပါသည်။ ဤတန်ဆောင်းကြီးကို ဦးဘရီ+ဒေါ်သန်းမေတို့က ပြုပြင်မွမ်းမံသည်။

ဤတန်ဆောင်း၏ ဂန္ဓကုဋိတိုက် အတွင်းကျဆုံး နေရာတွင် စဥ့်ကူးမင်း၏ ကုသိုလ်တော် ပဥ္စလောဟာတို့ဖြင့်

သွန်းလုပ်ထားသော ကောဏာဂုံဘုရားရှင်၏ ရုပ်ပွားတော် စမ္ပာယ်လျက် ရှိပါသည်။ လက်ထားတော်ဟန်မှာ မြေကြီးကို သက်သေပြု၍ မာရ်နတ်ကို အောင်မြင်တော်မူသော ဘူမိဖဿ မုဒြာပုံ ဖြစ်ပါသည်။

ဘုရားသခင်သည် အပရာဇိတပလ္လင်ထက်ဝယ် ထက်ဝယ်ဖွဲ့ခွေနေတော်မူစဉ် မာရ်နတ်သားသည် စစ်သည်အပေါင်းတို့နှင့် လာရောက်တိုက်ခိုက်ရာ ဤအပရာဇိတပလ္လင်ကို ရရှိဖို့ရန်အတွက် ပါရမီဆယ်ပါး၊ အပြားသုံးဆယ်တို့ကို ကျင့်ခဲ့ရသည်မှာ လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကြာမြင့်ခဲ့ကြောင့် ဤမြေကြီးအသိပင် ဖြစ်တော့သည်။ "ဤမြေပံသု၊ သက်သေပြုသည့် သက်သေအမှု တည်ပါစေ" ဟူ၍ ဤမြေဝသုန်ကို သက်သေညွှန်းတော်မူပုံ ဖြစ်ပါသည်။

ဤဘူမိဖဿမုဒြာပုံတော်သည် အောင်ခြင်းရှစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်၍ ဤဆင်းတုတော်ကို ကိုးကွယ်ခြင်းဖြင့် ရန်သူတို့ကို အောင်မြင်ခြင်း၊ တရားနိုင်ခြင်း၊ အစိမ်းသရဲ သင်းကဲ့ပြိတ္တာ နတ်မိစ္ဆာတို့ကို နိုင်ခြင်း၊ ဆင်ကြမ်း မြင်းကြမ်း မြေကြမ်း စသည့်တို့ကို နိုင်ခြင်း အောင်မြင်ခြင်းအဖြာဖြာတို့ကို ရရှိစေနိုင်သည်ဖြစ်၍ မာရဝိဇယမုဒြာ ဟုလည်း ခေါ်ဆိုကြသေးသည်။

ကောဏာဂုံ အမည်တွင်ရခြင်းအကြောင်းမှာ ကောဏာဂုံဘုရားအလောင်းတော်ကို ဖွားစဉ်က ရွှေမိုးကြီး ရွာသွန်းသဖြင့်



**"ကနကာဂမန"** (ကနက-ရွှေ၊ အာဂမန-လာသည်) ရွှေလာသောသား၊ ရွှေမိုးရွာသောသားဟု မှည့်ခေါ်ကြပါသည်။ ကာလကြာသောအခါ ကနကာဂမန-မှ ကောဏာဂမန ဖြစ်လာပါသည်။ သို့ဖြစ်၍ ဤဆင်းတုတော်အား ပူဇော်၍ တောင်းဆုချေပါက ရွှေငွေပစ္စည်း ဥစ္စာရတနာများ ပေါများကြွယ်ဝကြပေလိမ့်မည်။

သစ္စာအဓိဋ္ဌာန်ပြုရမည်မှာ "ဘုရားရှင်သည် ဖွားတော်မူစဉ်ကပင် ရွှေမိုးကြီး ရွာပါသည်ဘုရား၊ ဤမှန်သော သစ္စာစကားကြောင့် တပည့်တော်များလည်း ရွှေငွေရတနာများ အထူးပေါများ ရပါလို၏" ဟု မှန်သော သစ္စာစကားဖြင့် အဓိဋ္ဌာန်ပြုရမည်။ မိမိတို့၏ ဆုတောင်းအတိုင်း ပြည့်စုံအောင်မြင်မည်။ ဤရုပ်ပွားတော်တွင်လည်း ပတ္တမြားရှင်တစ်လုံး ရှိသည်ဟု လောကီဂမ္ဘီရပညာတို့ကို လိုက်စားသူများက အသိအမှတ်ပြုကြပါသည်။ သို့ဖြစ်၍ ဂမ္ဘီရပညာလိုက်စားသူတို့၏ အောင်မြေတစ်ခုအနေဖြင့် သတ်မှတ်၍ အဓိဋ္ဌာန်ပုတီးစိပ်ကြသူ အများအပြား ရှိပါသည်။

### အနောက်ဘက် မုခ်ဦး အာရုံခံတန်ဆောင်းနှင့်ဘုရား

စေတီတော်မြတ်ကြီးသို့ အနောက်မုခ်မှ တက်လာသော် နှစ်ပြားတန်ဆောင်းကြီး ထိပ်ဆုံးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် စေတီတော်၏ ခြေတော်ရင်းတွင် အနောက်ဘက် အာရုံခံ

တန်ဆောင်းကြီးကို တွေ့ရပေမည်။ ဤတန်ဆောင်း၏ မူလ ဒါယကာမှာ သာယာဝတီမင်း၏ အိမ်ရှေ့မိဖုရား ဖြစ်သော်လည်း ရာသီဥတုဒဏ်ကြောင့် ၁၈၄၀-ပြည့်နှစ်တွင် တစ်ကြိမ် ဆောက်လုပ်ရသည်။ ၁၉၀၀-ပြည့်နှစ်တွင်ပုဇွန်တောင်ရပ်ကွက်မှ ဦးအောင်ကြီး+ဒေါ်စောညွန့်တို့က ပြုပြင်ရပြန်သည်။ ယင်းကိုပင် ၁၉၃၁-ခုနှစ်တွင် မီးခသဖြင့် တန်ဆောင်းကြီးနှင့် တကွ ရာမဇာတ်ရုပ်လုံးများပါသည့် ပန်းပုလက်ရာများ ပျက်စီးခဲ့ရသည်။

၁၉၇၁-ခုနှစ်တွင် သဘာဝဓမ္မဆရာတော် ဦးစိန္တာ ကြီးမှူး၍ ကနုတ်ပန်းနွယ်များဖြင့် လှပစွာ ပြုပြင်ထားပါသည်။ မှန်စီရွှေချတိုင်လုံးကြီးများ၊ ကနုတ်ပန်းနွယ်များဖြင့် လှပတင့်တယ် ကျက်သရေရှိသော တန်ဆောင်းတော်ကြီးဖြစ်သည့်အပြင် ပြာသာဒ်ဆောင် ခုနစ်ဆင့်ဖြင့် ရှုချင့်စဖွယ် ရှိပါသည်။ ဤတန်ဆောင်းအတွင်း ဂန္ဓကုဋိတိုက် အဆုံးနေရာတွင် ဤကမ္ဘာတွင် တတိယမြောက် ပွင့်တော်မူသော ကဿပဘုရားရှင်၏ ရုပ်တုတော် ရှိပါသည်။

ကဿပဘုရားအလောင်းတော်သည် တောထွက်မည်ဟု ကြံစည်ကာမျှဖြင့် နန်းတော်ကြီးနှင့်အတူ အခြွေအရံ ပရိသတ်များပါ ကောင်းကင်ခရီးဖြင့် ဗောဓိမဏ္ဍိုင်ရှိရာသို့ ရောက်သွားကြပါသည်။ အလောင်းတော်သည် ဗောဓိမဏ္ဍိုင်တွင် (၇)ရက်မျှ ဒုက္ကရစရိယာကို ကျင့်၍ ဘုရားအဖြစ်သို့ ရောက်တော်မူ



ပါသည်။ အလွန်မပင်ပန်းလှဘဲ လွယ်ကူစွာသာလျှင် ဘုရားအဖြစ်သို့ ရောက်တော်မူသော ဘုရားဖြစ်၍ ထိုဘုရားရှင်အား ပူဇော်ကိုးကွယ်ပါက မိမိတို့လည်း လွယ်ကူစွာသာလျှင် အကျင့်စရဏများ အောင်မြင်နိုင်ကြပေမည်။

ဤကဿပဘုရားရှင်၏ ရုပ်ပွားတော်မှာ ကျောက်သားဆင်းတုတော်ဖြစ်သည်။ မင်းမြောက်တန်ဆာ မကိုဋ်သရဖူဆောင်းထားသဖြင့် မာရဝိဇယမုဒြာပင် ဖြစ်ပါသည်။ မာရ်ငါးပါးကို အောင်မြင်တော်မူသော ပုံတော်ဖြစ်၍ ဤဘုရားရှင်အား ပူဇော်ပါက အတွင်းအပြင် ဘေးရန်အန္တရာယ် အသွယ်သွယ်တို့မှ ကင်းစေနိုင်ပါသည်။ ဤဆင်းတုတော်တွင်လည်း ပတ္တမြားမျက်ရှင်တစ်လုံး ရှိသည်ဟု လောကီဂမ္ဘီရပညာရှင်များက ယူဆကြပါသည်။ သို့ဖြစ်၍ လောကီဝိဇ္ဇာလမ်းတက်လှမ်းလိုသူတို့အတွက် အောင်မြေတော်ဌာန ဖြစ်ပါသည်။

## မြောက်ဘက်မုခ်ဦး အာရုံခံ တန်ဆောင်းနှင့်ဘုရား

စေတီတော်မြတ်ကြီး၏ ခြေတော်ရင်း မြောက်ဘက်တည့်တည့်၌ အာရုံခံတန်ဆောင်းကြီး ရှိပါသည်။ မှန်စီရွှေချတိုင်လုံးကြီးများ၊ ခြူးပန်း၊ ခြူးနွယ်၊ ကနုတ်ပန်းများဖြင့် အထူးလှပ တင့်တယ်ပါသည်။ နားခိုဝင်သူအပေါင်းအား မီးဆယ့်တစ်မီးမှ ငြိမ်းအေးစေနိုင်ရန်အတွက် ဘုံပြာသာဒ်

(၁၁)ဆင့်ဖြင့် စီမံဆောက်လုပ်ထားပါသည်။ တန်ဆောင်းတော်ကြီးအတွင်း နားခိုဝင်လိုက်သည်နှင့်တစ်ပြိုင်နက် အမြိုက်သုမာဖြင့် သွန်လောင်းခံရဘိသို့ အေးမြသွားပါသည်။ တန်ဆောင်းတော်ကြီးမှာ ၁၉၃၁-ခုနှစ် မီးတွင် အလောင်မခံရသဖြင့် ရှေးမူမပျက်လက်ရာ ဖြစ်ပါသည်။

တန်ဆောင်းအတွင်းမှ ဂန္ဓကုဋိတိုက်တွင်းသို့ ဖူးမြော်လိုက်သော် အတွင်းဆုံးနေရာ၌ ဤကမ္ဘာတွင် စတုတ္ထမြောက်ပွင့်တော်မူသော ဂေါတမဘုရားရှင်၏ ရုပ်ပွားတော် ရှိပါသည်။ ဆင်းတုတော်မှာ ရွှေ၊ ငွေ၊ သံ၊ ကြေး၊ ခဲဟူသော ပဥ္စလောဟာဖြင့် ဘူမိဖဿမုဒြာပုံ ဖြစ်ပါသည်။ မာရ်နတ်သားကို အောင်မြင်သော ပုံတော်ဖြစ်၍ မာရဝိဇယမုဒြာဟုလည်း ခေါ်ပါသည်။ အလွန်တန်ခိုးသိဒ္ဓိနှင့် ပြည့်စုံသော ဆင်းတုတော်ဖြစ်ပါသည်။ ဤဘုရားရှင်အားလည်း ပတ္တမြားမျက်ရှင်တစ်လုံး ကပ်လှူသွားသည်ဟု ဂမ္ဘီရပညာလိုက်စားသူများက ဆိုပါသည်။

ဤဘုရားရှင်၏ ရှေ့တော်တွင် အဓိဋ္ဌာန်ဝင်၍သော်လည်းကောင်း၊ သို့မဟုတ် ပူဇော်သက္ကာရ တစ်ခုခု ပြု၍သော်လည်းကောင်း၊ "ဘုရားရှင်သည် မာရ်ငါးပါးကို မုချအောင်မြင်တော်မူပါ၏။ ဤမှန်သော သစ္စာစကားကြောင့် တပည့်တော်လည်း ရန်အပေါင်းကို အောင်မြင်ရပါလို၏ ဘုရား" ဟု သုံးကြိမ်ရွတ်ဆို၍ အဓိဋ္ဌာန်ပြုပါ။



သင်ကြုံတွေ့နေရသော ဘေးရန်အန္တရာယ်အပေါင်းမှ မုချလွတ်ကင်းမည် ဖြစ်ပါသည်။ လောကီဂမ္ဘီရပညာစခန်းသို့ တက်လှမ်းလိုသူများအတွက်မူ ဤဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူကြကုန်သော ကကုသန်ဘုရားရှင် ရုပ်ပွားတော်ရှိရာ အရှေ့ဘက်အာရုံခံ တန်ဆောင်းမှစ၍ ဘုရားရှင်၏ ဂုဏ်တော်ကိုးပါးတို့ကို **မိမိနှစ်သက်ရာ** တစ်ပါးပါးကို (၄၅)ပတ်၊ (၄၅)ရက် အဓိဋ္ဌာန် **ပုတီး**စိပ်ပါ။ ကကုသန်ဘုရားရှင်၏ ရှေ့တော်မှောက်တွင် (၄၅)ရက် အဓိဋ္ဌာန် ပုတီးစိပ်ပြီးပါက ကောဏာဂုံဘုရားရှင်၏ ရှေ့တော်တွင် (၄၅)ရက် အဓိဋ္ဌာန်ပုတီးစိပ်ပါ။ ထို့နောက် ကဿပဘုရားရှင်၏ ရုပ်ပွားတော်ရှေ့တွင် (၄၅)ရက် အဓိဋ္ဌာန် ပုတီးစိပ်ပါ။ နောက်ဆုံး ဂေါတမဘုရားရှင် ရုပ်ပွားတော်ရှိရာ မြောက်ဘက်အာရုံခံ တန်ဆောင်းတွင် တစ်နေ့လျှင် ပုတီး (၄၅)ပတ်၊ (၄၅)ရက် ပုတီးစိပ်ပြီးပါက

"ဘုရားရှင်လေးဆူတို့သည် ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ တစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူကြပါပေ၏။ ဤမှန်သော သစ္စာစကားကို ဆိုရသောကြောင့် ဘုရားတပည့်တော်လည်း ယနေ့ရှာမှီး ဆည်းပူးနေသော ဂမ္ဘီရပညာရပ်ကို အပြီးတိုင် ပေါက်မြောက်ရပါလို၏ဘုရား" ဟု သစ္စာပြုပါက မိမိတို့လိုရာ စခန်းအမြန်လှမ်းနိုင်ပြီး သိဒ္ဓိအမျိုးမျိုး ပေါက်မြောက်နိုင်ပါသည်။

လောကီဝဏ္ဏိရပညာမျှနှင့် မတင်းတိမ်ဘဲ လောကုတ္တရာ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်ကို အလိုရှိပါကလည်း ရနိုင်ရောက်နိုင်ကြမည်သာ ဖြစ်ပါသည်။

## ခြင်္သေ့ကြီး နှစ်ကောင်

စေတီတော်မြတ်ကြီး၏ တောင်ဘက် စောင်းတန်းကြီး အဆုံးတွင် အလွှန်ခန့်ငြားထယ်ဝါသော ခြင်္သေ့ကြီး နှစ်ကောင် ရှိသည်။ ခြင်္သေ့ကြီးများမှာ ပေ(၃၀)မြင့်၍ အလွန်လက်ရာ မြောက်ပါသည်။ ယင်းတို့ကို ၁၈၈၇-ခုနှစ်တွင် ပုဇွန်တောင် မြို့နယ်မှ ပွဲစားကြီးတစ်ဦးဖြစ်သူ ဦးကုလားကြီးက စေတီတော် မြတ်အား လှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။

စေတီတော်မြတ်ကြီး၏ ခြေတော်ရင်းမှာ ခြင်္သေ့ကြီး များကို မည်ကဲ့သို့သော ရည်ရွယ်ချက်ဖြင့် ထားခဲ့ကြောင်းကို သိလိုကြပေလိမ့်မည်။ ဘုရားရှင်သည် မဟာကရုဏာသခင် ဖြစ်တော်မူသည်။ သတ္တဝါများကို သနားကြင်နာ ကရုဏာ ထားရာ၌ ဘုရားသခင်ကို မည်သူမျှ မမီနိုင်ပါ။ ဤသို့ မဟာကရုဏာသခင် ဘုရားရှင်နှင့် တွေ့ကြရသောအခါ အလွန် ရိုင်းစိုင်း ကြမ်းကြုတ်သော ခြင်္သေ့ကြီးများပင်လျှင် အိမ်တွင် အလှမွေးထားသော ကြောင်ကလေးများပမာ ယဉ်ကျေးသွားရ ကြောင်းကို သိစေလို၍ တစ်ကြောင်း-



ထိုမှတစ်ပါး ဘုရားအလောင်းတော် ခြင်္သေ့မင်း ဖြစ်စဉ် ဘဝက နိရောဓသမာပတ် ဝင်စားနေသော ပဒုမဘုရားရှင်အား ကြည့်ညိုလှသဖြင့် (၇)ရက်ပတ်လုံး အစာရေစာ မစားသောက် တော့ဘဲ ဘုရားသခင်၏အနားမှ မခွာ၊ ဘုရားရှင်အားသာ ကြည်ညိုဖူးမြော်၍ နေလေသည်။ ပဒုမဘုရားရှင် နိရောဓ သမာပတ်မှ ထသောအခါ ကြည်ညိုနေသော ခြင်္သေ့မင်းအား တွေ့၍ "ဤခြင်္သေ့မင်းသည် နောင်သောအခါတွင် ဂေါတမ ဘုရားရှင် ဖြစ်လိမ့်မည်"ဟု နိယတဗျာဒိတ်ကို ပေးတော်မူခဲ့ ပါသည်။ ဤသို့သော အကြောင်းအတ္ထုပ္ပတ္တိကို သိစေလို၍ တစ်ကြောင်း ထားခြင်းဖြစ်ပါသည်။

အခြားသော အကြောင်းများမှာ ခြင်္သေ့တွင် ဖြူစင်သော အမွေးရှိသကဲ့သို့ ဘုရားသားတော် တရားကျင့်သူ ယောဂါဝစရ များလည်း ဖြူစင်သော စိတ်ထားရှိရကြောင်း၊

ခြင်္သေ့မင်းသည် အခြေလေးဘက်ကို ခိုင်ခိုင်ထောက်၍ သွားလာသကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်လည်း ဣဒ္ဓိပါဒ်လေးပါး တည်းဟူသော ခြေဖြင့် ရပ်တည်ရကြောင်း၊ ခြင်္သေ့သည် နှစ် သက်ဖွယ်အဆင်းရှိသကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်လည်း သီလ တည်းဟူသော ကျက်သရေရှိရကြောင်း၊ ခြင်္သေ့သည် အသက် ပင်စွန့်ရသော်လည်း တစ်စုံတစ်ဦးအား မကိုင်းညွတ်သကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်လည်း ပစ္စည်းလေးပါး တည်းဟူသော အကြောင်းကြောင့် တစ်စုံတစ်ဦးအား မကိုင်းညွတ်ရကြောင်း၊

ခြသေ့်သည် အစာအာဟာရကို အစဉ်အတိုင်း စားသကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်လည်း စားဖွယ်ဘောဇဉ်ကို မရွေးဘဲ သုံးဆောင်ရကြောင်း၊ ခြသေ့်သည် အစားအစာကို သိုမှီးမထားသကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်လည်း ဘောဇဉ်ကို မသိုမှီးဘဲ သုံးဆောင်ရကြောင်း၊ ခြသေ့်သည် အစာကို မရသည်ရှိသော် မပူပင် မကြောင့်ကြသကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်လည်း ဘောဇဉ်ကို မရသော် မပူမပင်ဘဲ၊ ရသောအခါလည်း တပ်မက်ခြင်းမရှိစေဘဲ ပညာဖြင့် ဆင်ခြင်၍ သုံးဆောင်ရကြောင်း၊ ခြသေ့်၏ အင်္ဂါ (၇)ပါးနှင့်အညီ ဘုရားသားတော်များ၊ တရားကျင့်သူများ လိုက်နာရကြောင်း သိစေလို၍ စေတီတော်ရင်းတွင် ခြသေ့်ကြီးများကို အဓိပ္ပါယ်ရှိရှိ ထားခြင်းဖြစ်ပါသည်။

မှတ်ချက်။ ။စာအုပ်အချို့ စေတီတော်သမိုင်းအချို့တွင် သီဟဘာဟုမင်းက အဖကို သတ်၍ ခေါင်းခဲဝေဒနာ စွဲကပ်သဖြင့် အဖကိုလည်း ပူဇော်ရာရောက်အောင် ခြသေ့်ရုပ်များ ထားသည်ဆိုခြင်းမှာ ယုတ္တိမရှိပါ။

သီဟဗာဟုမင်းသည် ဘုရားပွင့်တော်မမူမီ အနှစ် (၁၀၀) ခန့်က ရှိခဲ့ကြောင်း မဟာဝင်တွင် ပါသည်။ ဘုရားပွင့်တော်မူသောအခါ ထိုမင်းမရှိတော့ပြီ၊ ခေါင်းခဲစရာ မလိုတော့ပေ။ စေတီတည်သည်မှာလည်း ဘုရားပွင့်တော်မူပြီးမှသာ ရှိ၍ အထက်ပါ အယူအဆ ယုတ္တိမတန်ကြောင်း သိရပါသည်။



## တံခွန်တိုင် စိုက်ထူခြင်း

"တံခွန်တိုင်နှင့်ဘုရား" ဆိုရိုးစကားအတိုင်း စေတီပုထိုးဟူသမျှတွင် တံခွန်တိုင် ရှိစမြဲဖြစ်ပါသည်။ တံခွန်တိုင် - ဆိုသည်မှာ တိုင်ထိပ်တွင် တံခွန်များ လွင့်ထူရာဖြစ်၍ တံခွန်တိုင်ဟု ခေါ်ခြင်းဖြစ်ပါသည်။ "ကွန်" မှာ ပျံကြွတက်ခြင်းဖြစ်၍ တံကွန်ဟု သုံးသောအခါ ပျံတက်နေသော အတံ၊ တိုင်ဟု အဓိပ္ပါယ်ရပါသည်။ တံကွန်မှ တံခွန်ဖြစ်လာပါသည်။

စေတီပုထိုးများတွင် တံခွန်တိုင်စိုက်ထူသော အလေ့မှာ ရှေးရှေးသော ဘုရားရှင်တို့၏ လက်ထက်တော်မှာပင် ရှိခဲ့ကြောင်း တွေ့ရပါသည်။ တံခွန်တိုင်စိုက်ထူခြင်း၏အကြောင်းရင်းတစ်ရပ်မှာ အရှင်ပိဏ္ဍောလမထေရ်မြတ်သည် ဝါးအဆက်ဆက်တို့ဖြင့် စိုက်ထောင်၍ အတောင် (၆၀)မျှလောက်သော အမြင့်၌ ချိန်ဆွဲထားသည့် ရာဇဂြိုဟ် သူဌေးကြီး၏ စန္ဒကူးနှစ်သပိတ်တော်ကို ဈာန်ပျံ၍ ယူခဲ့ခြင်း အထိမ်းအမှတ်အဖြစ် စိုက်ထူခြင်း ဖြစ်ပါသည်။ အရှင်ပိဏ္ဍောလမထေရ်အား ရည်စူးပါက တိုင်ထိပ်တွင် ရဟန္တာပုံတော် ပါတတ်သည်။

နောက်အကြောင်းတစ်ရပ်မှာ ဇဝနဟံသဇာတ်တွင် နန်းရင်ပြင်၌ စိုက်ထားသည့် တိုင်ထိပ်ပေါ်တွင် ဟင်္သာမင်းနားလျက် အလွန်လျင်မြန်ပုံကို ပြသခဲ့သည်။ ထိုဇဝနဟင်္သာမင်းအား ဂုဏ်ပြုသောအားဖြင့် တိုင်ထိပ်တွင် ဟင်္သာရုပ်ပါသော တံခွန်တိုင်များကိုလည်း စိုက်ထူးလေ့ရှိကြပါသည်။

တစ်ဖန် ဝေဒိကာရမထေရ်မြတ်၏ အလောင်းလျာသည် ပိယဒဿီဘုရားရှင်၏ ဓာတုစေတီတော်အား တံခွန်တိုင်စိုက်၍ တိုင်ထိပ်၌ ကွင်းအဝိုင်းတပ်ဆင်ကာ ပတ္တမြားရတနာများကို ဆွဲ၍ လှူခဲ့ဖူးပါသည်။ သည်ကိုရည်၍ တိုင်ထိပ်တွင် ကွင်းအဝိုင်းတစ်ခုထားပြီး ရတနာများ၊ တံခွန်၊ ကုက္ကား၊ မုလေးပါး၊ ဇာတ်နိပါတ်တော် စာတမ်းများကို ချိတ်ဆွဲ၍ လှူဒါန်းထားသော တံခွန်တိုင်မျိုးလည်း ရှိပါသည်။

အခြားအကြောင်းတစ်ရပ်မှာ ထမ္ဘရောပကမထေရ်မြတ်လျောင်းလျာသည် မမ္ဗဒဿီဘုရားရှင်၏ ဓာတ်တော် တန်ဆောင်းရှေ့တွင် တံခွန်တိုင်စိုက်၍ မြလေးပန်းဆိုင်းများ ဆွဲလှူခဲ့ဖူးပါသည်။ ထိုသို့ ရှေးဘုရားရှင်တို့၏ လက်ထက်တော်များတွင် ရှိခဲ့ဖူးသော အလေ့အထအတိုင်း စိုက်ထူသည်ဟုလည်း ဆိုနိုင်ပါသည်။

## တံခွန်တိုင်အမျိုးမျိုး

၁။ ပိဏ္ဍောလမထေရ်မြတ်ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ ရဟန္တာမထေရ်မြတ်တို့၏ တန်ခိုးကြီးပုံကိုလည်းကောင်း သိစေလို၍ တိုင်ထိပ်တွင် ရဟန္တာ အရှင်ပုံရှိသော တံခွန်တိုင်၊

၂။ ဇဝနဟင်္သာမင်းကို ဂုဏ်ပြုသောအားဖြင့် တိုင်ထိပ်တွင် ဟင်္သာရုပ်ရှိသော တံခွန်တိုင်၊



၃။ ရတနာပန်းဆိုင်းများ၊ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ဇာတ်တော်များ ဆွဲချိတ်နိုင်ရန် တိုင်ထိပ်တွင် ကွင်းအဝိုင်းတစ်ခုသာရှိသော တံခွန်တိုင်၊

တံခွန်စိုက်ထူးရခြင်း၏ ပဓာနရည်ရွယ်ချက်မှာ မြတ်စွာဘုရားသခင်အား ပူဇော်ရန် ဖြစ်ပါသည်။ တံခွန်တိုင်ကို လှူခဲ့ဖူးသော သူများမှာ ကမ္ဘာပေါင်းများစွာ အပါယ်ငရဲ မကျရောက်ဘဲ အဆုံးဘဝ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါသည်။

## မနုဿီဟ

မနု + သီဟ = လူခေါင်းနှင့်ခြသေ့်ကိုယ်အရုပ်ကြီးများကို စေတီတော်ရင်းထားရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော် ရောက်လာပုံသမိုင်းကြောင်းကို သိစေလို၍ ထားရခြင်းဖြစ်ပါသည်။

သာသနာသက္ကရာဇ် ၂၃၆-ခုနှစ်တွင် ပါဋလိပုတ်ပြည်ရှင် သီရိဓမ္မာသောကမင်းကြီးသည် သုဝဏ္ဏဘူမိခေါ် သထုံသို့ အရှင်သောဏနှင့် အရှင်ဥတ္တရ တို့ကို သာသနာပြုရန် လွှတ်တော်မူခဲ့သည်။ အရှင်မြတ်များ သထုံသို့ ရောက်စဉ် မင်း၏ နန်းတော်၌ မင်းသားလေးကို ဖွားမြင်သည်။ သမုဒ္ဒရာထဲမှ ဘီလူးမကြီးများသည် ထိုမင်းသားလေးအား စားရန်အလို့ငှာ ရေမှတက်၍ ဘီလူးခေါင်း ခြသေ့်ကိုယ် (ကေသီသဒ္ဒိဓာဘူတ

သီဟကာယ) ဖန်ဆင်းလျက် တက်လာကြသည် ယင်းတို့ကို နှိမ်နင်းခြင်းငှာ မထေရ်မြတ်များသည် ယင်းတို့ထက် နှစ်ဆကြီးသော လူ့ခေါင်းခြသေ့်ကိုယ် မနုသီဟကြီးများကို အဓိဋ္ဌာန်တော်မူလိုက်သည်။ (**အဓိဋ္ဌာနိဒ္ဓိ-အဓိဋ္ဌာန်တန်ခိုးတော်** ဖြစ်သည်။ ဝိကုဗ္ဗနိဒ္ဓိ-ကိုယ်တိုင် အရုပ်အမျိုးမျိုး **ဖန်ဆင်းတာ** မဟုတ်၍ အပတ်မသင့်ပါ)။ မနုသီဟများသည် မထေရ်မြတ်တို့၏ အဓိဋ္ဌာန်ရုပ်များ ဖြစ်ကြသည်။ ယင်းတို့ကို ဘီလူးမများတွေ့မြင်ရသောအခါ ကြောက်လန့်တကြား သမုဒ္ဒရာထဲသို့ ဆင်းပြေးကြလေတော့သည်။ ထိုအချိန်မှစ၍ နန်းတော်တွင် ဖွားသော ကလေးငယ် ဘီလူးစားခြင်းမှ လွတ်တော့သည်။ ထိုအကြောင်းကို ထင်ရှားစွာ သိစေလို၍ စေတီရင်းတွင် မနုသီဟရုပ်ကြီးများနှင့် ယက္ခသီဟ-ဘီလူးခေါင်း ခြသေ့်ကိုယ်ရုပ်ကြီးများကို ထားခြင်းဖြစ်ပါသည်။

## စဥ့်ကူးမင်းခေါင်းလောင်းကြီး

ခရစ် ၁၇၆၃၊၇၆-ခုနှစ် အင်းဝဆင်ဖြူရှင်မင်းကြီးသည် စေတီတော်မြတ်ကြီးအား ပြုပြင်ပြီး ကြေးစင်အချိန် တစ်သောင်းငါးထောင် ငါးရာ ငါးဆယ် ငါးပိဿာ ကျပ်ငါးဆယ်ရှိသော ခေါင်းလောင်းတော်ကြီးကို ပြုလုပ်စေရာ မပြီးသဖြင့် သားတော်စဥ့်ကူးမင်း ၁၇၇၆၊–၈၂-ကို ပြီးမြောက်သည်အထိ ပြုစေခဲ့ပြီး မြန်မာသက္ကရာဇ် ၁၁၄၀-ခုနှစ်၊ တပို့တွဲလဆန်း



(၁၁)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ရင်ပြင်တော်၏ ရာဟုထောင့်တွင် တင်လှူခဲ့ပါသည်။ အလွန်သာယာသော အသံမြည်၍ မဟာဃဏ္ဍာ ဟူသော ဘွဲ့ကို ပေးထားပါသည်။

ထိုခေါင်းလောင်းတော်ကြီး၏ ပမာဏမှာ အချင်း ငါးတောင် အထုနှစ်မိုက်နှင့်လက်ငါးသစ်၊ အရပ်တော် ခုနစ်တောင်နှစ်မိုက်၊ လုံးပတ်တစ်ဆယ့်ငါးတောင် [အရပ် (၁၁'၊ ၃"၊ အဝလုံးပတ် ၂၂ ၁/၂၊ ထု ၁ ၃/၄ ပေ] ရှိ၍ ခေါင်းလောင်းကြီးများစာရင်းတွင် ပါဝင်သည်။

စဥ့်ကူးမင်း ခေါင်းလောင်းတော်ကြီး၏ အတိုင်းအတာ ပမာဏနှင့် ရက်ချုပ်မှာ

၁။ ကြေးပိဿာချိန် - (၁၅၅၅၅)ပိဿာ၊
၂။ အချင်း - ငါးတောင် (၂၂ ၁/၂ပေ)
၃။ အရပ်တော်အမြင့် - ခုနစ်တောင် နှစ်မိုက် (၁၁'၊ ၃")
၄။ ထုတည်၊ အထု - နှစ်မိုက်နှင့်လက်ငါးသစ် (၁ ၃/၄)
၅။ သွန်းပြီးနှစ် - ၁၁၄၀-ပြည့်၊ တပို့တွဲလဆန်း (၁၁) ရက်၊ ဗုဒ္ဓဟူးနေ့ဖြစ်ပါသည်။

ခေါင်းလောင်းတော်ကြီးမှာ နယ်ချဲ့ကို ရွံမုန်းပြီး နယ်ချဲ့ကို အာခံသော ခေါင်းလောင်းတော်ကြီးဖြစ်၍ ကျော်ကြားလှပါသည်။ နယ်ချဲ့တို့သည် ၁၈၂၄-ခုနှစ်တွင် ကျူးကျော်စစ်ကို

ဆင်နွဲကာ ရန်ကုန်မြို့ကြီးနှင့်တကွ ရွှေတိဂုံ စေတီတော်မြတ်ကြီးပါ အတင်းအဓမ္မ သိမ်းယူလိုက်ကြသည်။ အရွယ်ငယ်သော ရွှေဆင်းတု၊ ငွေဆင်းတု၊ ရွှေစေတီ၊ ငွေစေတီစသော ဘုရားရှင်၏ ဘဏ္ဍာတော်များကို အလုအယက် ယူငင်ကြသည်။

သို့နှင့် အားမရသဖြင့် ကြေးပိဿာချိန် တစ်သောင်း ငါထောင် ငါးရာ ငါးဆယ် ငါးပိဿာရှိသော ဤခေါင်းလောင်းတော်ကြီးကို အတင်းအဓမ္မဖြုတ်ယူ၍ သင်္ဘောပေါ် ဆွဲတင်ကြသည်။ ခေါင်းလောင်းတော်ကြီးက "မင်းတို့ဆီတော့ ငါ မလိုက်ဘူး၊ ရေထဲမှာပဲ နေရစ်တော့မယ်" ဟူသော သဘောဖြင့် လှိုင်မြစ်ထဲသို့ ဆင်းနေလိုက်သည်။ နယ်ချဲ့တို့သည် အမျိုးမျိုး ကြိုးစား၍ ဆယ်ယူသော်လည်း မရတော့ပါ။

ပထမကျူးကျော်စစ်ပြီး၍ ရန်ကုန်မြို့တွင်း နယ်ချဲ့များ မရှိသောအချိန်တွင် မြန်မာပြည်သူပြည်သားတို့၏ စေတနာမှန်ကို အလေးထားကာ အလွယ်တကူ ဆယ်ယူခံခဲ့လေသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ခြေတော်ရင်း သူ့နေရာမှာပင် ပျော်သော ပြည်တော်ချစ် ခေါင်းလောင်းတော်ကြီးဖြစ်၍ ပြည်သူတို့က မြတ်နိုးလေးစားကြသည်၊ ဂုဏ်ယူကြသည်။

ခေါင်းလောင်းတော်ကြီးမှာ မြန်မာတို့၏ ယဉ်ကျေးမှု၊ စိတ်နေသဘောထား မွန်မြတ်ပုံတို့ကို သက်သေအရာ တည်ရှိသည့်အပြင် နယ်ချဲ့တို့၏ လုပ်ရပ်နှင့်သမိုင်းကိုလည်း သက်သေထူနေလေတော့သည်။



ခေါင်းလောင်းတော်ကြီးတွင် အင်းကွက်၊ ပန်းခက်များ အပြင် လှူဒါန်းသည့်နှစ် စသည်ကိုလည်း ရေးထားပါသည်။ စာကြောင်းရေ (၁၀)တွင် ရေးသားထားသည်မှာ -

"ဤခေါင်းလောင်းကြီးကို ထိုး၍ နတ်ရွာ မင်္ဂဖိုလ်ဆုကို ခံယူသဖြင့် သဒ္ဒါဒါန ပူဇော်စိမ့်သောငှာ သာသနာတော် နှစ်ထောင် သုံးရာ နှစ်ဆယ့်နှစ်နှစ်၊ သက္ကရာဇ် ၁၁၄၀-ခုနှစ်၊ တပို့တွဲလဆန်း (၁)ရက်၊ (၄)နေ့ ညဥ့်(၃)ချက်တီးကျော် ဟံသာတနက္ခတ် မွန်းတည့် တူရာသီ မြတရင် **မနုရာသီ (၅)** နဝင်းကြိုက်သော ကောင်းမြတ်သော မင်္ဂလာ ကျက်သရေ ရှိသောအခါ၌ ပိဿာ (၁၅၅၅၅) ရှိသော ကြေးတို့ဖြင့် အချင်း ၅၊ အရပ် ၄၊ ၅၊ လုံးပတ် ၁၅၊ အထူ ၂ ရှိသော ခေါင်းလောင်းကြီးကို သွန်းစေ၍ ဆံတော်ရှင်စေတီတော်မြတ်အား ပူဇော်တော်မူသည် . . . ဟူ၍ ဖြစ်ပါသည်။

## စဉ့်ကူးမင်း၏ ဆုတောင်းပုံ

"ဤသို့လျှင် သဒ္ဓါဒါနဝတ္ထု ပူဇော်ရသော ကောင်းမှုတော်ကြောင့် ဒါနစသော ပါရမီကို ဖြည့်စွက်ဆောင်ရွက်၍ ပညာဓိက သမ္မာသမ္ဗုဒ္ဓဂုဏ်တော် အထူးထူးဖြင့် သုံးဦးလူနတ် ပရိသတ်တို့အား တရားတည်းဟူသော အောင်ဆုပေး၍ ချမ်းအေးသုခ နိဗ္ဗာနသို့ တင်ပို့ရသည်ဖြစ်လိုသော်။ ။ဘဝကြီးငယ် ကျင်လည်သမျှ သုဂတိဘဂ လူမင်းနတ်မင်းအဖြစ်ကိုသာ ရ၍

နတ်လူဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ချစ်ကြည်အပ်သောအရာနှိုက် သာယာသဖြင့် ကျူးရင့်သော ကရဝိက်ငှက်မင်းအသံကို နှစ်သိမ့်သကဲ့သို့ ကြောက်စေအပ်သောအရာနှိုက်ကုသမင်း ပုဏ္ဏက အာဠာဝကတို့၏ အသံကဲ့သို့ အလိုရှိရာအရပ်တိုင်း ကြားနိုင်သော အာဏာပါရသောအသံနှင့် ပြည့်စုံသည်ဖြစ်လိုသောဝ်။ အကြင်ကြင်အလိုရှိအပ်သော တောင့်တအပ်သော အကြောင်းသည် ရှိ၏။ ထိုထိုအလိုရှိအပ်သောတောင့်တအပ်သော အကြောင်းအကျိုးသည် နှစ်လုမ်ကြံကာမှုဖြင့် ပြည့်စုံသည် ဖြစ်လိုသော်။ အကြင်ကြင် အလိုမရှိအပ်မတောင့်တအပ်သော အကြောင်းသဘာဝသည် ရှိ၏၊ ထိုထိုအလိုမရှိအပ် မတောင့်တအပ်သော သဘာဝမှ အလုမ်စုန်ကိုတရံတဆစ်မျှ မကြိမ်မတွေ့ မမြင်မကြားရသည် ဖြစ်လိုသော်။ အရိမိတ္တေယ ရှင်တော်ဘုရား ပွင့်တော်မူသောအခါ လူသုမ္ပါးတို့၏အထွဋ် ဝိသုဒ္ဓိနတ် ဖြစ်လတ်ထွန်ဟူသော ဗျာဒိပွန်းကိုဖန်ဆင်းရသည် ဖြစ်လိုသော ဖြစ်ဖြစ်သမျှ သံသရာဝယ်သဗ္ဗညုတဉာဏပါရမီကို ဝသီဘူတ ပြည့်စွမ်းရွက်ဆောင်နိုင်သည် ဖြစ်လိုသော" ဟူ၍ ဖြစ်ပါသည်။

## စဥ့်ကူးမင်းကြီး ဆုတောင်းပြီး ကောင်းမှုကို အမျှဝေပုံ

"မဟာယဏ္ဍာ ဟူသော ခေါင်းလောင်းတော်ကြီးကို လှူဒါန်းပူဇော်ရသော မဟာကုသိုလ်စိတ်ဇော စေတနာ၏အကျိုးကို



ကျေးဇူးအထူးကြည်လှသော မယ်တော်အမိဘုရာ ခွဲည်တော်ဆင်ဖြူသခင် အဝရှင်မင်းတရား ဘိုးတော်အလောင်းမင်းတရား၊ ဘကြီးတော်မင်းတရား၊ ဘွားတော်ကြီးအမိဘုရား၊ သားတော်သမီးတော် မင်းညီမင်းသား ဆွေတော် မျိုးတော် မောင်းမမိသံမှူးမတ်ဗိုပါ ဆရာသူမြတ် ပရိသတ်တို့အား အမျှရသည်ဖြစ်သော" သာသနာတော် (၅၀၀၀) သောနတ် ရွှေမြို့တော်ရွှေနတ်တော် ထီးချက်တော်စောင့်သော နတ်ပြည်ရွာတိုင်းကားနိုင်ငံတော် ပတ်ကုံမ်စောင့်သောနတ် တမ္ဗဂုတ္တတောင်တော်ဝန်းကျင် ဆံတော်ရှင် စေတီတော်အား စောင့်ရှောက်သောနတ်တို့နှင့်တကွ အာကာသစိုး၊ ဘုမ္မစိုး၊ သဗ္ဗသတ္တာ သတ္တဝါမကျန် အနန္တစကြာဝဠာ ဘီလူး ထုတ်ချင်မကြွင်ရစေ အမျှဝေ၏။ သာဓု သာဓု ကောင်းချီးပြု၍ အောင်ဆုယူစေကုန်သတည်း" စသည်တို့ ဖြစ်ပါသည်။

## သာယာဝတီမင်းခေါင်းလောင်းကြီး

အရှင်အဇ္ဇဂေါဏတန်ဆောင်းမှ ဦးဘရီ+ဒေါ်သန်းမေတို့၏ တန်ဆောင်းကို ကျော်လျှင် ခရစ်နှစ် ၁၈၄၁-ခုနှစ်တွင်သွန်းလုပ်သော သာယာဝတီမင်း၏ကောင်းမှု မဟာတိသဒ္ဒယဏ္ဍာ ခေါင်းလောင်းတော်ကြီးကို တွေ့ရမည်။

ရွှေဘိုမင်းခေါ် သာယာဝတီမင်းသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကုသိုလ်ဒါနပြုရန်နှင့် အင်္ဂလိပ် မြန်မာ

**ပထမ** စစ်အတွင်းက ပျက်စီးခဲ့သော ရန်ကုန်မြို့ကို ပြန်လည်တည်ဆောက်ရန် ၁၂၀၃-ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၇)ရက်နေ့တွင် ပြည်ကြီးမွန်ဖောင်တော်ဖြင့် အမရပူရမှ ရန်ကုန်သို့ စုန်ခဲ့လေသည်။ ဖောင်တော်မှ ရွှေတိဂုံစေတီတော်အနောက်ဘက်ရှိ ယာယီနန်းတော်သို့ တက်လာရာ ထိုလမ်းကို လမ်းမတော်ဟု ယနေ့တိုင် တွင်သည်။ မင်းကြီးသည် စေတီတော်မြတ်ကြီးအား ပြုပြင်၍ ရွှေသက်န်း ကိုယ်လုံးတော် အပြည့်ကပ်လှူသည့်အပြင် ကြေးပိဿာချိန် (၂၅၉၄၀)နှင့် (၄၉)ကျပ်ရှိသော ခေါင်းလောင်းတော်ကြီးကို သွန်းလုပ်စေခဲ့သည်။

နေပြည်တော်သို့ မပြန်မီ အပြီးမသတ်နိုင်သဖြင့် ဝန်ထောက်မင်းကြီး မဟာစည်သူ၊ ပန်းတဉ်းဝန်၊ လက်နက်တိုက်ဝန်မင်းကြီးမဟာကျော်သခ်ယာတို့ တာဝန်ပေး၍ ဆက်လက်လုပ်ကိုင်ရာ သက္ကရာဇ် ၁၂၀၄-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၅)ရက်၊ တနင်္ဂနွေနေ့တွင် ပြီး၍ တန်ဆောင်း၊ ပြာသာဒ်နှင့် ချိတ်ဆွဲ၍ စေတီတော်မြတ်ကြီး၏ တနင်္ဂနွေထောင့်တွင် လှူဒါန်းထားပါသည်။

### ခေါင်းလောင်းတော်၏ ပမာဏမှာ

၁။ အလေးချိန် - ကြေးပိဿာချိန် ၂၆၀၀၀ိ [၄၂-တန်]
၂။ အရပ်တော် - (၇)ပေ၊ (ကိုးတောင်တစ်မိုက် သုံးသစ်)



၃။ အချင်း (အဝအကျယ်)-(၆)ပေ၊ (၈)လက်မ၊ [ငါးတောင်]
၄။ ထုထည်အထူ - (၁)ပေ၊ [နှစ်မိုက်လေးသစ်]
၅။ လုံးပတ် - (၁၅)တောင်၊
၆။ သွန်းပြီးနှစ် - ၁၈၄၁-ခုနှစ်၊ [၁၂၀၄၊ တပို့တွဲလဆုတ် (၅)ရက်]

ခေါင်းလောင်းတော်ကြီးတွင် အဆင်တန်ဆာ ဆင်းကွက်များအပြင် စာကြောင်းရေ (၁၀၀)တိတိ ရေးထိုးထားရာ (၁)မှ (၂၈)အထိကို ပါဠိဘာသာဖြင့် ရေးထိုးထားသည်။ ကျန် (၇၃)ကြောင်းကို ပါဠိမြန်မာပြန် ဖြစ်ပါသည်။

အရှံသံဃာတော် လေးသိန်းနှင့်ဒီပင်္ကရာဘုရားရှင် ရမ္မဝတီပြည်သို့ ဆွမ်းခံဝင်လာသည်ကို သုမေဓာရှင်ရသေ့မြင်ရာ ကိုယ်လုံးပျံ့၍ မွန်မြတ်သော ပီတိဖြစ်ပုံ၊ အကျင့်တရား ဖြူစင်ဖြောင့်မှန်သော သုမေဓာရှင်ရသေ့ကို "နောင်ခါ ငါနှင့်အတူဘုရားစင်စစ် ဖြစ်လတ္တံ့" ဟု ဗျာဒိတ်ပေးပုံ ရေးထိုးထားပါသည်။ ထို့နောက် အပဏ္ဏကဇာတ်အစ ဝေဿန္တရာဇာတ်အဆုံး လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပုံကို ဆက်လက် ရေးထိုးထားပါသည်။

ထို့နောက် တုသိတာနတ်ပြည်တွင် နတ်အသက် အနှစ်လေးသောင်းကို ခံစားပြီး သေတကေသု နတ်သားသည် မယ်တော်မာယာဝမ်းသို့ ဝင်ပုံ၊ တောထွက်ပုံ၊ ဒုက္ကရစရိယာ

(၆)နှစ်ကျင့်ပုံ၊ သုဇာတာလှူသော ယနာ်နို့ဆွမ်းကို ဘုဉ်းပေးပုံတို့ကို ရေးထားထားပါသည်။ ထို့နောက် မာရ်နတ်ကို အောင်မြင်၍ သဗ္ဗညုတဉာဏ်ကို ရပုံ၊ ဘုရားအဖြစ်သို့ ရောက်ရှိပုံများကို ရေးထိုးထားပါသည်။ တရားဟောပုံ၊ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ထားခဲ့ပုံ၊ ပရိနိဗ္ဗာန်ပြုပုံတို့ကို ဆက်လက်ရေးထိုးထားပါသည်။

ဂေါတမဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် ကောဇာသက္ကရာဇ် ၁၁၉၈-ခု၊ ကဆုန်လဆန်း (၆)ရက်နေ့တွင် "သီရိပဝရာဓိပတိ ဝိဇယ မဟာဓမ္မရာဇာဓိရာဇာ" ဘွဲ့ရ အမရပူရ တတိယမြို့တည် နန်းတည် သာယာဝတီမင်း နန်းတက်သည်ကို ကမ္ပည်းစာ၌ ရေးထိုးထားပါသည်။ မင်းကြီးသည် စေတီ၊ ပုထိုး၊ ဥမင်၊ ဂူ၊ ကျောင်းဟောင်းနွမ်းသည်များကို ပြုပြင်ခြင်း၊ ဥဒ္ဒိဿစေတီ ဘုရားရုပ်ပွားတော် သွန်းဆုံခြင်း၊ ပိဋကတ်သုံးပုံ ရေးသားခြင်း၊ သာသနာတော်၌ ဂန္ထဓူရ၊ ဝိပဿနာဓူရကို ကျင့်ဆောင်တော်မူကြကုန်သော အရှင်တို့အား ပစ္စည်းလေးပါး ထောက်ပံ့ခြင်း၊ အယုဒ္ဓယတိုင်း သီဟိုဠ်ကျွန်းစသည်မှ ရောက်လာသော နာနာဝေရဇ္ဇက ရဟန်းတို့အား ချီးမြှောက်တော်မူခြင်း စသည်တို့ကို ခေါင်းလောင်းစာတွင် ပါရှိပါသည်။



## ခေါင်းလောင်းကြီးတွင် ပါသော ဆုတောင်း

(၈၂) ဤအလုံးစုံသော ကုသိုလ်တော်အစု ကောင်းမှုတော်မြတ်ကြောင့်၊ အထွဋ်ခေါင်ဖျား၊ ဘုရားတကာပြည့်စုံ၊

(၈၃) ရာသောကျေးဇူးကို အထူးဖြင့် သုံဦလူနတ် ပရိသအား၊ ကယ်ချွတ်နိုင်သူ သရဏ္ဏုထွက်ဖြစ်ပါစေ၊

(၈၄) သည်ဖြစ်ပါစေ၊ ဖြစ်သမျှ ဘုံဘဝဝယ်၊ သမ္ဗုဒ္ဓလမ်း၊ ဘုရားငြမ်းကို ကိုယ်စွမ်းစိတ်ခိုင် ဖြည့်ဆောင်နိုင်သည် ဖြစ်ပါစေ ဟူ၍ ဖော်ပြထားပါသည်။

## သာယာဝတီမင်း အမျှဝေပုံ

(၈၄) ဤကုသိုလ်တော်၏ အဆိုကိုလည်း ကျေးဇူးအထူးကြီးလှပေ

(၈၅) သော၊ ခမည်းတော်ဘုရား၊ မယ်တော်ဘုရား ဘေးတော်ရတနာသယ်မြို့တည် မင်းတရား၊ ဘိုးကြီးတော် ဇေယျာပုရမြို့တည်မင်းတရား၊ ဘိုးတော်ရင်း အမရပူရမြို့တည် မင်းတရား ဘွားတော်မိဘုရား၊ သား

(၈၆) တော်၊ သမီးတော်၊ မင်းညီမင်းသား၊ ဆွေတော်မျိုးတော်၊ မင်းမိဖုရား၊ မောင်းမမိဿံ၊ ချွေရံပရိသတ်၊ မှူးမတ်၊ ဗိုလ်ပါ၊ ဆရာသူမြတ်တို့အား ငါနှင့်အမျှရစေ၊ ရွှေမြို့တော်၊ ရွှေနန်းတော်၊ ထီးချက်တော်စောင့်သော နတ်တိုင်း ခရိုင် နိုင်ငံတော်

(၈၇) စောင့်သောနတ်၊ တမ္ဗဂုတ္တတောင် တော်ထက်ဝမ်းကျင်၊ ဆံတော်ရှင် စေတီတော် စောင့်သောနတ်၊ သာသနာတော် ၅၀၀၀ စောင့်သောနတ်၊ အာကာသစိုး၊ ရုက္ခစိုး၊ ဘုမ္မစိုးတို့နှင့်တကွ ဘုံသုံးဝတွင်၊ ကျင်လည်သမျှ၊ သတ္တဝါမကျန်၊ အနန္တ

(၈၈) စကြဝဠာ၊ ဘီလာထုတ်ခြင်း၊ မကျွမ်းစေရ၊ ရွှေနုတ်တော်မြွက်ဟ ဝေငှတော်မူသည်၊ ကာလနှောင်ခါ၊ ဝေးရှည်ကြာ၍၊ ကုသိုလ်တော်ကို၊ ငါပင်မေ့လည်း၊ မမေ့ရစေ၊ သိကြားစေဟု၊ ဝသုန္ဓြေအား၊ သက်သေတိုင်ထား၊ ရွှေကရားဖြင့်

(၈၉) ရေစက်ချ၍၊ အမျှဝေတော်မူသည်၊ နတ်လူ သာဓု သာဓု၊ ကောင်းချီးပြု၍၊ အောင်ဆုယူကြစေကုန်သော်။ ။ဟူ၍ ဖြစ်ပါသည်။

ရွှေတိဂုံရင်ပြင်ပေါ် ရှိ ခေါင်းလောင်းတို့တွင် အလေးချိန် အကြီးဆုံး၊ ခေါင်းလောင်းစာအရှည်ဆုံး ခေါင်းလောင်းတော်ကြီး ဖြစ်ပါသည်။

## ဓမ္မစေတီမင်း ခေါင်းလောင်းကြီး

သာယာဝတီမင်း ခေါင်းလောင်းထက်ကြီးသော ကြေးပိဿာချိန် (၁၈၀၀၀၀) ရှိ၍ အစောက် (၁၂)တောင်၊ အဝ



(၈)တောင်ရှိသော ခေါင်းလောင်းကြီးတစ်လုံးနှင့် ကြေးပိဿာချိန် (၅၀၀၀)စီရှိသော ခေါင်းလောင်းငယ် လေးလုံးတို့ကို သက္ကရာဇ် ၈၂၈-ခုနှစ်တွင် ဓမ္မစေတီမင်းကြီး လှူဒါန်းခဲ့ပါသည်။

ထိုခေါင်းလောင်းတော်ကြီးများကို ယနေ့ မတွေ့ရသည်မှာ ဒီဗရစ်ကိုခေါ် ငဇင်ကာ၏ ယုတ်မာမှုကြောင့်ပင် ဖြစ်ပါသည်။ သူသည် ပထမဦးစွာ သံလျင်မြို့ကို အပိုင်စီး၍ အနီးရှိ ဟံသာဝတီ (၃၂)မြို့ကို သိမ်းယူသည်။ ရန်ကုန်၊ ဟံသာဝတီ၊ မုတ္တမတို့ သူ့လက်တွင်း ရောက်သောအခါ တောင်ငူဘုရင် နတ်သျှင်နောင်ကို တိုက်ယူသိမ်းပိုက်သည်။ သူ့ဘာသာသို့ ဝင်စေသည်။ ငွေဆန်၍ ခေါင်းမာနေပါက သတ်ပစ်သည်။ သူသည် လူမျိုးခြားဖြစ်သည့်အလျောက် စေတီ၊ ပုထိုးများကို ဖျက်ဆီး၍ ဌာပနာတိုက်ကို ဖောက်ယူသည်၊ အမြောက်လက်နက် သွန်းလုပ်ရန်အတွက် ခေါင်းလောင်းကြီးငယ် ဟူသမျှကို ဖြုတ်ယူသည်။

ဓမ္မစေတီမင်း၏ ခေါင်းလောင်းကြီးကို ဖြုတ်ယူရာ၌မူ ကြီးမားလွန်းလှသဖြင့် လူအင်အား အမြောက်အမြား အသုံးပြုရသည်။ မည်သို့ပင် အတင်းအဓမ္မ ဖြုတ်ယူသော်လည်း ခေါင်းလောင်းတော်ကြီးက "အယုတ်တမာ လက်ထဲတော့ ငါမလိုက်ဘူးကွ" ဆိုကာ သံလျင်မြစ်တွင်းသို့ သက်ဆင်းနေလိုက်သည်။ တိုင်းတစ်ပါးသား ငဇင်ကာ၏ စော်ကားမှုသာ မခံရဘူးဆိုပါက

ရှေးမြန်မာတို့၏ ဘိုးဘွားအမွေအနှစ်ဖြစ်သော ခေါင်းလောင်းတော်ကြီးမှာ စေတီတော်မြတ်ကြီး၏ ခြေတော်ရင်းဝယ် ယနေ့တိုင် တွေ့မြင်ရမည်သာ ဖြစ်သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သက်တမ်းတစ်လျှောက် နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော် ကာလအတွင်း၌ နိုင်ငံတော်ကို အုပ်ချုပ်သော အမျိုးသား မင်းဟူသမျှ စေတီတော်မြတ်ကြီးကို အလွန်ကြည်ညို လေးစားကြသည်၊ မကြည်ညိုသောမင်းဟူ၍ တစ်ယောက်မျှ မရှိခဲ့ပါ။

သို့ရာတွင် တိုင်းတစ်ပါးသားတို့ အုပ်ချုပ်သော ကာလတွင်မူ စေတီတော်မြတ်ကြီး၏ ဝမ်းဗိုက်ကို ဖောက်ယူခြင်း၊ စေတီတော်ငယ်များကို ဖြိုဖျက်ခြင်း၊ ခေါင်းလောင်းတော်ကြီးများကို ဖြုတ်ယူခြင်းစသည့် အနိဋ္ဌာရုံများနှင့် ကြုံတွေ့ရလေသည်။ ဓမ္မစေတီမင်း၏ ခေါင်းလောင်းတော်ကြီးသာ အဖြုတ်ခံရသည်မဟုတ်။ ဗဒုံမင်းကြီးခေါ် ဘိုးတော်ဘုရား၏ ခေါင်းလောင်းကြီးလည်း စာရင်းသာရှိ၍ မတွေ့ကြရတော့ပေ။ သက္ကရာဇ် ၁၁၄၈-ခုနှစ်တွင် ဘိုးတော်ဘုရားသည် ယိုးဒယားမှ အပြန် ရွှေတိဂုံစေတီတော်သို့ တက်ရောက်ဖူးမြော်ကာ ကြေးနီအုတ်ကြွပ်မိုးဇရပ်ကြီး အဝ (၇)ပေခန့်ရှိ ခေါင်းလောင်းတော်ကြီးတစ်လုံးကို မြန်မာ၊ ပါဠိ ဂမ္ဘည်းစာထိုး၍ လှူဒါန်းခဲ့သည်။ ဘိုးတော်ဘုရား၏ ခေါင်းလောင်းကြီးမှာ နယ်ချဲ့အင်္ဂလိပ်တို့၏ လက်ချက်ဖြစ်နိုင်သည်။



တိုင်းတစ်ပါးသားတို့၏ အုပ်စိုးမှုသာ မခံရပါက -

၁။ ဓမ္မစေတီမင်း၏ ခေါင်းလောင်းတော်ကြီး၊

၂။ သာယာဝတီမင်း၏ ခေါင်းလောင်းတော်ကြီး၊

၃။ ဘိုးတော်ဘုရား၏ ခေါင်းလောင်းတော်ကြီး၊

၄။ စဉ့်ကူးမင်း၏ ခေါင်းလောင်းတော်ကြီး -

ဟူ၍ ခေါင်းလောင်းကြီး လေးလုံးတို့မှာ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်တွင် ထည်ဝါစွာ မားမားမတ်မတ် ယနေ့တိုင် ရပ်တည်နေကြပေမည်။

ဓမ္မစေတီ ခေါင်းလောင်းကြီးမှာ ရေထဲနစ်နေသဖြင့် ယင်းအတိုင်းအတာကို သမိုင်းအစောင်စောင်၌မူ အမျိုးမျိုး ကွဲပြားနေသည်။

၁။ ရွှေတိဂုံစေတီတော်ကြီးသမိုင်းချုပ်၌ ကြေးပိဿာ တစ်သောင်းဟု ဆိုသည်။

၂။ ရာမညတိုင်း သုံးရပ် ဓာတ်တော်သမိုင်း၌ ကြေးပိဿာ တစ်သိန်းဟု ဆိုသည်။

၃။ ရွှေတိဂုံသမိုင်းတော်သစ်တွင် တစ်သိန်း ရှစ်သောင်း (၁၈၀၀၀၀)ဟု ဆိုသည်။

၄။ ကလျာဏီကျောက်စာအရ ဆိုလျှင် ကြေးပိဿာ (၁၂၀၀၀) ဖြစ်သည်။

ဤသို့ အလေးချိန် အမျိုးမျိုး ဆိုကြသဖြင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အစိုးရလက်ထက်တွင် ခေါင်းလောင်းတော်ကြီးကို ဆယ်ယူပြီးသောအခါမှသာ ခေါင်းလောင်းစာများနှင့်တကွ သမိုင်းကြောင်းကို ပို၍သိကြရပေတော့မည်။

## ရဟန္တာ မဟာသိမ်တော်ကြီးကျောက်စာ

၁။ မြတ်စွာဘုရား၏ ဆံတော်ရှင်မြတ်တို့ကို တဖုဿ၊ ဘလ္လိက ညီနောင်တို့ ပင့်ယူလာကြ၏။ ထိုကူမှ ဥက္ကလာပမြို့ ဥက္ကလာပမင်းကြီးနှင့် မင်းသူဌေး သူကြွယ် ပြဟ္မာမင်းအားလုံး ၎င်းဆံတော်မြတ်တို့ကို သိင်္ဂုတ္တရကုန်းတော်တွင် ဌာပနာသွင်း၍ စေတီတော် တည်လှူပူဇော်၏။ မဟာတိကုမ္ဘာဆံတော်ရှင် စေတီတော်ကြီးဘွဲ့တော် ရှိ၏။ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ တပေါင်းလဆန်း (၁၅)ရက်၊

၂။ မဟာတိကုမ္ဘာစေတီတည်ထားပြီး သုံးနှစ်မြောက်တွင် ကြွရောက်တော်မူလာကြသော ရဟန်း၊ သံဃာတော်များ၊ ကံကြီးကံငယ် ဆောင်ရွက်တော်မူရန် ဥက္ကလာပမင်းကြီး လျှောက်ထားချက်အရ သိင်္ဂုတ္တရကုန်းတော် မဟာတိကုမ္ဘာ စေတီတော်ကြီး၏ တောင်ဘက်တွင် ရဟန္တာထေရ် အရှင် အရိယာသံဃာ (၁၀၈)ပါးတို့ သမုတ်တော်မူ၏။ မဟာတိကုမ္ဘာ ဒက္ခိဏာဒိသာ မဟာသီမာ ဟု ထင်ရှား၏။



၃။ ဥက္ကလာပမင်းကြီး သားတော်အဆက်ဆက် ပြုပြင် စောင့်ရှောက်၏။ တိဂုံမင်းသား (၃၂)ယောက်တို့သည်လည်း သိမ်တော်ကြီးအတွင်း၌ ရဟန်းဖြစ်ကုန်၏။

၄။ ရဟန္တာအရှင်မြတ်များ သမုတ်တည်ထားတော်မူခြင်းကြောင့် ရဟန္တာသိမ်ဟု ထင်ရှားလေသည်။

၅။ သာသနာတော် သက္ကရာဇ် ၂၃၆-ခုနှစ်၊ သီရိဓမ္မာသောကမင်းကြီး၊ သန္ဓိမိတ္တာ မိဖုရားကြီးတို့က အရှင်မောဂ္ဂလိပုတ္တတိဿထေရ်၊ အရှင်ဥတ္တရမထေရ်မြတ်တို့သည် ညွှန်ကြားချက်အရ ပြုပြင်၍ သိမ်တော်ကြီးအတွင်း၌

(၁) သမ္မာသမ္ဗုဒ္ဓ မဟာသီမ ဆုတောင်းပြည့်ဘုရား၊

(၂) သကျသီဟ အတုလ မာရဇိန် ဆုတောင်းပြည့် ဘုရား၊

(၃) သုံးလောက ရတနာဘုမ္မိ ဆုတောင်းပြည့်၊

ဟူ၍ ဘုရားသုံးဆူတို့ကို တည်ထားတော်မူ၏။

၆။ သက္ကရာဇ် ၇၃၁-ခုနှစ် ဆင်ဖြူရှင် ဗညာဦး ပြုပြင် စောင့်ရှောက်သည်။ သက္ကရာဇ် ၈၂၃-ခုနှစ် ဘုရင်မရှင်စောပု၊ သမက်တော် ဓမ္မစေတီမင်းက စ၍ မင်းအဆက်ဆက် ပြုပြင် စောင့်ရှောက်သည်။ သက္ကရာဇ် ၁၂၀၃-ခုနှစ် ရွှေဘိုမင်းက ပြုပြင်သည်။

၇။ သာသနာတော် သက္ကရာဇ် ၂၄၇၂-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၂၉၀-ခုနှစ်၊ ကဆုန်လပြည့်နေ လယ်တီ ဦးဇဋိလ ဆရာတော် ပြုပြင်၏ဟု ကျောက်စာတွင် ရေးထိုးထားပါသည်။

သို့ဖြစ်၍ ဤမဟာသိမ်တော်ကြီးမှာ တဖုဿ၊ ဘလ္လိက ညီနောင်တို့ ဆံတော်များကို ရလာပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးကို တည်ထား ကိုးကွယ်သည်မှစ၍ သမုတ်ခဲ့သော သိမ်တော်မြတ်ကြီးဖြစ်ကြောင်းကို သိရလေသည်။ ဤသိမ်တော်မြတ်ကြီးသည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏သမိုင်းကို အထောက်အကူ ပြုနေလေသည်။ အကြောင်းမှာ တဖုဿ၊ ဘလ္လိက ညီနောင်နှစ်ဦး ဆံတော်မြတ်များကို ရလာပြီးနောက် အပြန်ခရီးတွင် ရာဇဂြိုဟ်ပြည်သို့ တစ်ထောက်နားရာ၌ မြတ်စွာဘုရားသခင်၏ တရားပွဲနှင့် ကြုံကြိုက်နေသဖြင့် ညီနောင်နှစ်ဦး တရားဝင်၍ နာကြရာ နောင်တော်တဖုဿမှာ သောတာပန်ဖြစ်၍ ညီငယ်ဘလ္လိကမှာမူ ဆဠာဘိညာ ရဟန္တာ ဖြစ်ရလေသည်။ အပါဒါန်အဋ္ဌကထာတွင် ဆိုသည်။ အမိမြန်မာပြည်သို့ ပြန်မရောက်မီမှာပင် ဘလ္လိကမှာ အဘိညာဉ်နှင့် ပြည့်စုံသော ရဟန္တာအသွင်ဖြင့်ပင် ပြန်လာရပေမည်။ ထိုအခါ ရဟန်းတော် အသုံးအဆောင်သိမ် လိုအပ်လာသည်။ ထိုသမိုင်း လိုအပ်ချက်ကို ဤမဟာသိမ်တော်ကြီးက ဖြည့်စွက်ပေးလိုက်သဖြင့် ဘလ္လိကရဟန္တာ ဖြစ်သည်ဟူသော ထေရအပါဒါန် အဋ္ဌကထာ၏ အဆိုလည်း ပိုမိုခိုင်မြဲသွားသည်ဟု ယူဆရပါသည်။



မြန်မာနိုင်ငံဖြစ် ရွှေတိဂုံသမိုင်းများ၌ ဘလ္လိကရဟန္တာ ဖြစ်ကြောင်း မဖော်ပြခဲ့ကြသော်လည်း မဟာသိမ်တော်ကြီးနှင့် ထေရအပါဒါန်အဋ္ဌကထာ၌မူ အထင်အရှား ပါရှိကြောင်းကို တွေ့ရပေသည်။ သို့ဖြစ်၍ မဟာသိမ်တော်ကြီးသည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏သမိုင်းကို အလွန်အထောက်အကူ ပြုပါသည်။ သိမ်တော်ကြီးအကြောင်းကို မပြလျှင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏သမိုင်းမှာ ပြည့်စုံသည်ဟု မဆိုနိုင်။ သိမ်တော်ကြီးအကြောင်းပါမှသာလျှင် ဘုရားရှင်၏ လက်ထက်တော်အခါကပင် ဘလ္လိကရဟန္တာမထေရ်မြတ်ကို အကြောင်းပြု၍ အခြားသော ရဟန်းသံဃာတော်များပါ မြန်မာနိုင်ငံသို့ ကြွရောက်တော်မူကြကြောင်း သိရပေသည်။

သို့ရာတွင် အစဉ်အမြဲ သီတင်းသုံးတော်မမူကြသဖြင့် သာသနာ့အဆက်အနွယ် မရှိသလောက် ဖြစ်ခဲ့ရပြီး ခြုံနွယ်ပိတ်ပေါင်းတို့ဖြင့် ဖုံးအုပ်သော ဘဝသို့ပင် ရောက်ခဲ့ရလေသည်။ နောက်ပိုင်း သီရိဓမ္မာသောကမင်းကြီး၏ သာသနာပြု ကောင်းမှုတို့ကြောင့် အရှင်သောဏနှင့်အရှင်ဥတ္တရာမထေရ်တို့ အမှူးပြုသော သံဃာတော်များ ရောက်လာကြသောအခါတွင်မှသာ ရွှေတိဂုံစေတီတော်မြတ်ကြီးလည်း ပြန်လည်၍ တစ်ဖန် ပေါ်ထွန်း လာရပြန်ပါသည်။

ထိုအရှင်သောဏနှင့်အရှင်ဥတ္တရတို့ အမှူးပြုသော သံဃာတော်များ ရောက်လာချိန်မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်

စံပြီးဖြစ်၍ မြန်မာပြည်တွင်လည်း သာသနာ့အစဉ်အဆက် မပြတ်တော့ကြောင်း သမိုင်းအထောက်အထားများ အရ သိရှိရပါသည်။

ယနေ့အချိန်တွင် သိမ်တော်ကြီးမှာ ကြီး (၉)ကြီး အပါ အဝင်ဖြစ်၍ လူသိများလာပြီး အမိဌာန်ပုတီးစိပ်သူများနှင့် စည်ကားနေလေပြီ။

## သိဂ္ဂုတ္တရ ဥယျာဉ်တော်ကြီး

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အနောက်ဘက် တံတိုင်း မုခ်ဝမှ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် သစ်ပင်ပန်းမာလ်တို့ဖြင့် စိမ်းလန်းစိုပြေ၍ မြင်ရသူတို့၏ နှလုံးဟဒယကို အေးမြ သွားစေနိုင်သော သိဂ္ဂုတ္တရ ဥယျာဉ်တော်ကြီးကို ဦးစွာပထမ တွေ့ရပေမည်။

ဥယျာဉ်တော်ကြီးအတွင်း၌ မဟာလှေကားပန်း၊ ဆတ် သွားဖူး၊ ရင်းခတ်၊ ကံ့ကော်၊ စံပယ်၊ ကြက်ရုံး၊ ဂမုန်း၊ ခတ္တာ၊ ဇီဇဝါ စသော တော်ဝင်ပန်းများသည် စေတီတော်မြတ်ကြီးအား ထာဝရအစဉ် ပူဇော်မည်ဟူသော သဘောဖြင့် သူ့ထက်ငါ အပြိုင်ဖူးပွင့်နေကြသည်ကို ရှုမြင်ကြရပေလိမ့်မည်။ ထိုမှ တစ်ပါး ချယား၊ မုလေး၊ ကြိုင်အေး၊ ပုန်းညက်၊ ကြက်တက်၊ ပန်းသုန်း၊ ဂမုန်း၊ ကြံ့စာ၊ အင်ကြင်း၊ လေးညှင်း၊ နွယ်ပန်း၊



ကြောင်လျှာတို့ ဥယျာဉ်လုံးအနှံ့ သင်းပျံ့၍ စေတီတော်ကြီးအား ပူဇော်နေကြသည်မှာ လူကိုပင် မဆိုထား၊ သက်မဲ့ပန်းမာလ် များပင်လျှင် အနန္တဂုဏ်အင် ကျေးဇူးရှင်ကို ပူဇော်နေကြပါ ကလားဟူ၍ တွေ့မြင် အံ့သြကြရပေမည်။

ဇေတဝန် ဥယျာဉ်တော်ကြီးကို သက်တော်ထင်ရှား မြတ်ဘုရားအား လှူဒါန်းထားသည့်နည်းတူ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအားလည်း သိဂ္ဂုတ္တရဥယျာဉ် တော်ဖြင့် ပူဇော်ထားသည်မှာ ကမ္ဘာအရပ်ရပ်မှ လာရောက် ဖူးမြော်ကြသော သူတော်စင်တို့အတွက် တစ်ခဏတာ နားခို စရာအဖြစ်လည်းကောင်း၊ ခရီးပန်း၍ နွမ်းလာကြသူတို့အား ဆေးတစ်ခွက်အနေဖြင့်လည်းကောင်း သိန်းပေါင်းများစွာ အကုန်အကျခံ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၏ ဦးဆောင်မှုဖြင့် ဂေါပကအဖွဲ့မှ စီစဉ်ထားခြင်း ဖြစ်ပါသည်။

သိဂ္ဂုတ္တရဥယျာဉ်တော်ကြီးအတွင်း၌ အနိယတ ဗျာဒိတ် ပေး ဘုရားသုံးဆူ၊ နိယတ ဗျာဒိတ်ပေး ဘုရား (၂၄)ဆူနှင့် ဂေါတမဘုရားရှင်တို့ အမှီပြု၍ ပွင့်တော်မူရာ ဗောဓိပင် အမျိုးမျိုးကိုလည်း စိုက်ပျိုးထားပါသည်။ ဘုရား၊ ပုထိုးတည်ခြင်း ကုသိုလ်ကဲ့သို့ ထပ်တူရသော ဗောဓိပင်တို့မှာ သံသတ်၊ ကျည်းပင်၊ ဘောင်ကြတ်၊ ရေသဖန်း၊ ရေခံတက်၊ ပေါက်၊ စကား၊ ကြောင်လျှာ၊ ပိတောက်၊ သရက်ဖြူ၊ သခွတ်၊ မအူ၊ ကုက္ကို၊

ကုံကော်၊ ထင်းရှူး၊ တမာ၊ အင်ကြင်း၊ ထောက်ကြံ့၊ နပဲ၊ မဟာလှေကား၊ သျှိုသျှား၊ စရည်း၊ လိပ်ဆူးရွှေ၊ ကြခတ်ဝါးပင်စသည်တို့ ဖြစ်ပါသည်။

### ပဋိစ္စသမုပ္ပါဒ် ဝင်္ကဘာ

ဤသိင်္ဂုတ္တရဥယျာဉ်တော်၏အတွင်း မြောက်ဘက်ဥပစာတွင် ဘုရားဖူးလာ သူတော်တကာတို့ ပျော်မြူးရွှင်ပြအပန်းဖြေနိုင်ကြစေရန်နှင့် ဘာဝနာပွားကာ ဓမ္မသံဝေဂတရားဆင်ခြင်နိုင်ရန် ဟူသော ရည်ရွယ်ချက်ဖြင့် ပဋိစ္စသမုပ္ပါဒ်ဝင်္ကဘာကို ဓမ္မပူဇာအဖြစ် စီမံထားပါသည်။ ပဋိစ္စသမုပ္ပါဒ်ဒေသနာ မကင်းသောကြောင့် ဘဝခရီးကြမ်းတွင် မျက်စိလည်လမ်းမှားကာ ဒုက္ခခံခဲ့ကြရပုံများကို သံဝေဂဉာဏ် ရင့်သန်စေရန် ပုံဖော်ထားခြင်း ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ် ဝင်္ကဘာကြီးကို လည့်လည်ကြည့်ရှုခြင်းဖြင့် အဝိဇ္ဇာကြောင့် သင်္ခါရသုံးမျိုးဖြစ်ရပုံ၊ ဝိညာဏ်ကြောင့်နာမ်ရုပ်ဖြစ်ရပုံ၊ နာမ်ရုပ်ကြောင့် အာယတနခြောက်ပါးဖြစ်ရပုံ၊ ဖဿကြောင့် ဝေဒနာခြောက်မျိုးဖြစ်ရပုံ၊ ဝေဒနာကြောင့်တဏှာခြောက်မျိုးဖြစ်ရပုံ၊ တဏှာကြောင့် ဥပါဒါန်လေးမျိုးဖြစ်ရပုံ၊ ဥပါဒါန်ကြောင့် ဘဝနှစ်မျိုးဖြစ်ရပုံ၊ ဘဝကြောင့်ဇာတိပဋိသန္ဓေလေးမျိုးဖြစ်ရပုံ၊ ဇာတိကြောင့် အိုခြင်း နာခြင်းသေခြင်း စိုးရိမ်သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ



စသော ဒုက္ခသစ္စာဖြစ်ရပုံများ၊ ဒုက္ခနှိပ်စက်သောကြောင့်သစ္စာလေးပါးကို မသိပုံ စသော ဒုက္ခသံသရာ ဘဝဝင်္ကဘာစက်ဝန်းကြီးကို တွေ့မြင်ရပေမည်။

ထိုဒုက္ခသံသရာကြီးမှ ကျွတ်လွတ်ထွက်မြောက်ရာအကျင့်မှန် မဇ္ဈိမပဋိပဒါနှင့်တကွ နိရောဓသစ္စာ ထွက်ပေါက်ကိုလည်း သရုပ်ပြထားပါသည်။ ပဋိစ္စသမုပ္ပါဒ် ဝင်္ကဘာသံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်၍ နိဗ္ဗာန်သို့ ရောက်မှသာလျှင် ဒုက္ခမှလွတ်၍ သန္တိသုခကို ရကြမည်ဖြစ်ကြောင်းကိုလည်း ပုံဖော်သရုပ် ပြထားပါသည်။

### ကနုတ်ပန်းကွက်များ

ဘုရားရှင်အား မွန်မြတ်သော ကနုတ်ပန်းများဖြင့်ထာဝစဉ် ပူဇော်ထားသည့်အနေဖြင့် ကနုတ်ပန်းကွက်ကြီးခြောက်ခုစီဖြင့် (၄၈)ကွက် ပုံဖော်၍ ဘုရားရှင်အား ပူဇော်ထားပါသည်။ ထိုမှတစ်ပါး မြန်မာ့ရိုးရာ ဗိသုကာ အနုပညာလက်ရာဖြစ်သော စိန်တောင် (၃၈)ကွက်ကိုလည်း အဆန်းတကြယ် စီစဉ်တည်ဆောက်ထားပါသည်။

### သိကြားပုံပါသော (၂၄)ပစ္စည်း ရေကန်ငယ်များ

ဘုရားရှင်အား ရေပူရေချမ်း ဆက်ကပ် ပူဇော်ထားသည့်သဘောဖြင့် သိကြားမင်းက ငွေခရုကြာပန်းတို့ဖြင့် သွန်း

လောင်းပေးနေပုံ၊ ရေကန်ငယ်နှစ်ခုကိုလည်း တည်ဆောက်ထားပါသည်။ ထိုတွင် ရေကန်တစ်ခုစီတွင် (၂၄)ကွက် ဖော်ထားခြင်းမှာ (၂၄) ပစ္စည်းကို ရည်စူးထားခြင်း ဖြစ်ပါသည်။ စုစုပေါင်း (၄၈) ကွက်ရှိ၍ တစ်ကွက်လျှင် ၁၅၀၀၀-ကျပ်စီ တန်ဖိုးရှိပါသည်။

## လျှပ်စစ်မီးပန်းဆိုင်းများ

ဘုရားရှင်အား ဖြူ ပြာ၊ နီ၊ ဝါ၊ အမောင်း၊ အစိမ်း ဟူသော အရောင်ခြောက်မျိုးဖြင့် ပူဇော်ထားသော လျှပ်စစ်မီးပန်းဆိုင်းကြီး ရှစ်ဆိုင်းကိုလည်း ထွန်းညှိ ပူဇော်ထားသဖြင့် သိင်္ဂုတ္တရဥယျာဉ်တော်ကြီးမှာ ရှုမငြီး သာယာလှပနေပါသည်။

## မဟာဗုဒ္ဓဝင် ပြခန်းတော်ကြီး

သိင်္ဂုတ္တရဥယျာဉ်တော်ကြီး၏ အထက်ဘက် နှစ်ပြားတန်ဆောင်းကြီး၏ မြောက်ဘက် ကိုက် (၅၀)ခန့် အကွာတွင် မဟာဗုဒ္ဓဝင်ပြခန်းကြီး ရှိသည်။ ယင်းမှာ သာသနာ (၂၅၀၀) ပြည့် အထိမ်းအမှတ်အဖြစ် ဆောက်လုပ်လှူဒါန်းခဲ့သော ဗုဒ္ဓဇယန္တီ ဓမ္မာရုံကြီးကို ပြုပြင်၍ မဟာဗုဒ္ဓဝင်ပြခန်းကြီးအဖြစ် ပြုလုပ်ထားခြင်း ဖြစ်သည်။ ဓမ္မာရုံကြီးမှာ နှစ်၊ လကြာမြင့်လာသည်နှင့်အမျှ ပျက်စီးယိုယွင်းစ ပြုလာသည်။



သို့ဖြစ်ပါ၍ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သည် ဗုဒ္ဓဇယန္တီ ဓမ္မာရုံကြီးကို ပြုပြင်မွမ်းမံ၍ မဟာဗုဒ္ဓဝင်ပြခန်း တည်ဆောက်ရန်ကိစ္စကို ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်များထံ လျှောက်ထား ဩဝါဒခံယူရာ ဩဝါဒဆရာတော်များက ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ပြုကြသဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် သိင်္ဂုတ္တရဥယျာဉ်တော်၊ မဟာဗုဒ္ဓဝင်ပြခန်း၊ ပြတိုက်တည်ဆောက်ရေး လုပ်ငန်းသုံးရပ်ကို ဗိုလ်ချုပ်ကက်စိန် (ဝန်ကြီး၊ ကျန်းမာရေး ဝန်ကြီးဌာန)၊ ၎င်းနောက် ဗိုလ်ချုပ်စိန်ထွား (ဝန်ကြီး လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန)က ဆောင်ရွက်၍ စီမံကိန်းကြီး နှစ်ရပ်ဖြစ်သော ဗုဒ္ဓဝင်ပြခန်းကြီး တည်ဆောက်ရေးနှင့်ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက် တည်ဆောက်ရေးအဖွဲ့ကို ဗိုလ်ချုပ်ကက်စိန်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ၁၉၈၉-ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှစ၍ ဗုဒ္ဓဇယန္တီဓမ္မာရုံကြီးကို ပြုပြင်မွမ်းမံကြသည်။

မဟာဗုဒ္ဓဝင်ပြခန်းကြီးမှာ သာသနာတော်အတွက် ထူးခြားသော သမိုင်းမှတ်တိုင်ကြီးတစ်ခု ဖြစ်ပါသည်။ ပြခန်းကြီးအတွင်း၌ ပန်းချီ၊ ပန်းပု၊ ရုပ်လုံး၊ ရုပ်တု၊ ရုပ်ကြွများကို ရောင်စုံလျှပ်စစ်မီးများနှင့် ပေါင်းစပ်၍ သာယာနာပျော်ဖွယ် စကားအလင်္ကာ၊ ဓမ္မတေးသံသာများဖြင့် ရှင်းလင်းပြသထား

ပါသည်။ အခန်းတစ်ခုစီတွင် ဗုဒ္ဓဝင်အကြောင်းအရာများကို နောက်တစ်ကြိမ် ရှင်းလင်းပြသပါသည်။ ပြခန်းတစ်ခုစီ၏ အပြင်ဘက်တွင် အတိုချုပ်စာတမ်းများ ရေးထားပါသည်။

၁။ ဘုရားအလောင်းတော် ပဋိသန္ဓေယူခန်းနှင့်ဖွားတော်မူခန်း၊

၂။ ဘုရာအလောင်းတော် ထီးနန်းစိုးစံတော်မူခန်း၊

၃။ ဘုရားအလောင်းတော် နိမိတ်ကြီးလေးပါး မြင်တော်မူခန်း၊

၄။ ဘုရားအလောင်းတော် တောထွက်တော်မူခန်း၊

၅။ ဘုရားအလောင်းတော် ဒုက္ကရစရိယ ကျင့်တော်မူခန်း၊

၆။ ဘုရားဖြစ်တော်မူခန်း၊

၇။ မြတ်စွာဘုရား ဓမ္မစကြာတရား ဟောတော်မူခန်း၊

၈။ ယသသူဌေးသား ရဟန်းဖြစ်တော်မူခန်း၊

၉။ ယသော်ဓရာ ကန်တော့ခန်းနှင့် ရာဟုလာ အမွေတောင်းခန်း၊

၁၀။ ရောဟိဏီမြစ်ဝှမ်းတွင် ငြိမ်းချမ်းရေး တရားဟောခန်း၊

၁၁။ ဘိက္ခုနီသာသနာ ခွင့်ပြုတော်မူခန်း၊

၁၂။ ခေမာမိဖုရာအား ဆုံးမတော်မူခန်း၊



၁၃။ ရဟန်းများ တန်ခိုးမပြရန် တားမြစ်တော်မူခန်း၊

၁၄။ အဘိဓမ္မာတရား ဟောကြားတော်မူခန်း၊

၁၅။ ပါလိလေယျတော၌ တစ်ပါးတည်း စံနေတော်မူခန်း၊

၁၆။ သိင်္ဂါလသတို့သားအား ဆုံးမတော်မူခန်း၊

၁၇။ အင်္ဂုလိမာလ ဓားပြကြီးအား ဆုံးမတော်မူခန်း၊

၁၈။ အရှင်အာနန္ဒာ၏ ဆုရှစ်ပါးတောင်းခံတော်မူခန်း၊

၁၉။ ကာလာမသုတ်ကို ဟောတော်မူခန်း၊

၂၀။ ဘုရားရှင်ကိုယ်တိုင် ဂိလာနရဟန်းအား ပြုစုတော်မူခန်း၊

၂၁။ မာလုကျပုတ္တ ရဟန်းအား ဆုံးမတော်မူခန်း၊

၂၂။ မဟာသာလပုဏ္ဏားကြီးအား ဂါထာသင်ပေးခန်း၊

၂၃။ ပဉ္စဝဂ္ဂပုဏ္ဏားထံမှ ဆွမ်းခံတော်မူခန်း၊

၂၄။ ဒေဝဒတ်သံဃာကို သင်းခွဲခန်း၊

၂၅။ အဇာတသတ် ကန်တော့ခန်း၊

၂၆။ အရှင်သာရိပုတ္တရာ ချီးမွမ်းတော်မူခန်း၊

၂၇။ အမ္ဗပါလီ၏ ဆွမ်းပင့်လျှောက်ထားခန်း၊

၂၈။ ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူခန်း -

ဟူ၍ အခန်းကြီး (၂၈)ခန်းကို ကြည့်ညိုနိုင်ကြပါသည်။

## သင်္ဂါယနာတင်ပွဲများ

၁။ မဟာသက္ကရာဇ် ၁၄၈-ခုနှစ်တွင် ရာဇဂြိုဟ်ပြည် အဇာတသတ်မင်းလက်ထက်တွင် ပထမသင်္ဂါယနာ တင်တော်မူပုံ၊

၂။ သာသနာသက္ကရာဇ် ၁၀၀-ခုနှစ်တွင် ဝေသာလီပြည် ကာလာသောကမင်းလက်ထက် ဒုတိယ သင်္ဂါယနာတင်ပုံ၊

၃။ သာသနာသက္ကရာဇ် ၂၃၅-ခုနှစ်တွင် ပါဋလိပုတ် သီရိဓမ္မာသောကမင်းလက်ထက်တွင် တတိယ သင်္ဂါယတနာတင်ပုံ၊

၄။ သာသနာသက္ကရာဇ် ၄၅၀-ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ ဝဋ္ဋဂါမဏိမင်းလက်ထက်တွင် စတုတ္ထ သင်္ဂါယနာတင်ပုံ၊

၅။ သာသနာသက္ကရာဇ် ၂၄၁၅-ခုနှစ်တွင် မြန်မာနိုင်ငံ မင်းတုန်းမင်းကြီးလက်ထက်တွင် ပဉ္စမ သင်္ဂါယနာတင်ပုံ၊

၆။ သာသနာတော်သက္ကရာဇ် ၂၅၀၀-ပြည့်နှစ်တွင် ဆဋ္ဌသင်္ဂါယနာတင်ပုံ -

တို့ကို အလျား (၄၈)ပေ၊ အနံ (၁၇)ပေရှိသော ပန်းချီကားချပ်တစ်ချပ်စီတွင် ဂန္ထဝင်မြောက် အနုပညာ ပန်းချီလက်ရာများဖြင့် ကြည်ညိုဖွယ်ရာ ပြသထားပါသည်။



ထိုမှတစ်ပါး မြန်မာနိုင်ငံအတွင်းရှိ ဗုဒ္ဓသာသနိက အဆောက်အအုံများ တည်ရှိရာ ပြည်နယ်၊ တိုင်း တစ်ခုစီတွင် ဗုဒ္ဓသာသနိက အဆောက်အအုံများကို လွှမ်းမိုးခြုံ၍ ဖူးမြော်နိုင်ရန် လျှပ်စစ်ဆလိုက်မီးများ ထွန်း၍ နောက်ခံအသံဖြင့် ရှင်းလင်းပြထားပါသည်။

နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်ပန်းချီကားများ ပြကွက်တွင် နှစ်ကျိပ်ရှစ်ဆူဘုရားရှင်နှင့်ထိုဘုရားရှင်တို့ ပွင့်တော်မူရာ ဗောဓိပင်များကိုလည်းကောင်း၊ ဂေါတမဘုရားအလောင်းတော်သည် တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ ဘုရားသုံးဆူထံမှ အနိယတဗျာဒိတ် ခံယူခဲ့ပုံများနှင့် ဒီပင်္ကရာ မြတ်စွာဘုရားမှစ၍ ကဿပဘုရားတိုင်အောင် ဘုရားရှင်များထံမှ နိယတဗျာဒိတ် ခံယူခဲ့ပုံများကိုလည်းကောင်း ပြသထားပါသည်။ ကမ္ဘာတွင် အကြီးကျယ်၊ အခမ်းနားဆုံး ဗုဒ္ဓဝင်ပြခန်းကြီး ဖြစ်ပါသည်။

ဤမျှကြီးကျယ်ခမ်းနားသော မဟာဗုဒ္ဓဝင်ပြခန်းကြီးကို ၁၉၈၉-ခုနှစ်၊ မေလမှစတင်၍ ငွေကျပ်သိန်းပေါင်း (၁၈၀)မျှ အကုန်အကျခံ၍ တည်ဆောက်ခဲ့ရာ ၁၉၉၁-ခုနှစ်၊ ဧပြီလ (၁၆) ရက်နေ့တွင် ပြီးစီးအောင်မြင်ပါသည်။

မြန်မာသက္ကရာဇ် ၁၃၅၃-ခုနှစ်၊ မြန်မာနှစ်ဆန်း (၁)ရက်နေ့၊ (၁၇-၄-၉၁)တွင် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပြသနိုင်ခဲ့ခြင်းမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် လက်ရှိ ဂေါပကအဖွဲ့တို့၏ ကျေးဇူးပင်ဖြစ်ပါသည်။

## ပြတိုက် ပိဋကတ်တိုက် မော်ကွန်းတိုက်

မဟာဗုဒ္ဓဝင်ပြခန်းကြီးမှ ထွက်၍ အထက်စေတီတော်မြတ်ကြီးဆီသို့ မော်၍ ဖူးမြော်လိုက်သော် ပထမဦးစွာ ကြီးကျယ်ခံ့ညားသော သုံးထပ်တိုက် အဆောက်အဦးကြီးကို တွေ့ရပေမည်။ ယင်းမှာ ကျပ်သန်းပေါင်း (၃၆၀)ကျော် အကုန်အကျခံ၍ တည်ဆောက်ထားသော ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်ကြီးပင် ဖြစ်ပါသည်။

ထိုအဆောက်အအုံကြီး၏ အပေါ်ဆုံးအထပ်တွင် ပြတိုက်ကြီး ရှိပါသည်။ အတွင်း၌ ဗုဒ္ဓသန္တကပစ္စည်းများကို ပမာနအားဖြင့် အမျိုးအစား ခွဲပြထားပါသည်။ ယင်းတို့မှာ

(၁) မြတ်စွာဘုရားရှင်၏ ဆံတော်၊ ဓာတ်တော် အစစ်များ၊

(၂) အဂ္ဂသာဝက၊ မဟာသာဝက ရဟန္တာအရှင်မြတ်ကြီးများ၏ ဓာတ်တော်၊ မွေတော်များ၊

(၃) အလေးချိန် (၇၅)ကရက်၊ (၈၃)ရတီမျှရှိသော သဘာဝတွင်းထွက် စိန်ပွင့်ကြီးနှင့်တကွ နာရစတ္တိ၊ ကြက်ဆီ၊ ခဲသား၊ အုန်းဖွန်းများစသော ခတ္တိယစိန်၊ ကဏ္ဍိစိန်၊ ကိဿရစိန်၊ ဗြာဟ္မဏစိန် စသော စိန်အမျိုးမျိုး၊ မြ၊ ကြောင်၊ နီလာ၊ သန္တာ၊ ဂေါ်မုတ်၊ ဥဿဖရား၊ ပတ္တမြားနီ၊ ပတ္တမြားညို၊ ဝေဠုရိယ၊ ဇောတိရသ၊ ပြယိုးယား၊ ပုလဲ၊ ပယင်း၊ ရွှဲ၊ ပဟူရာ၊



ကုန္ဒနီလာ၊ ကျောက်စိမ်း၊ တာပလာ၊ နတ်သွေး၊ ရေဆေးလုံချောစသည့် ကျောက်မျက်ရတနာများ၊

(၄) ရွှေတုံး၊ ရွှေခဲ၊ ရွှေချောင်း၊ ရွှေပြား၊ ရွှေဒင်္ဂါးနှင့် မျက်ပါး၊ ရွှေဆိုင်းစသော ရွှေထည်များ၊

(၅) ငွေတုံး၊ ငွေခဲ၊ ငွေချောင်း၊ ငွေပြား၊ ငွေဒင်္ဂါး၊ ငွေဖြူ၊ ကော်ကျူ၊ သာခွာ၊ ငွေပြား၊ ငွေနီ၊ ငွေဆိုင်စသော ပစ္စည်းများ၊

(၆) ပဉ္စလောဟ၊ သတ္တလောဟာ၊ ဝလောဟာ၊ သတ္တုစပ် ရတနာပစ္စည်းများ၊

(၇) ကြေးနီ၊ ကြေးဝါ၊ ဆင်၊ နာ၊ သံ၊ ကြွပ်၊ သွပ်၊ ခဲ စသော သတ္တုပစ္စည်းများ၊

(၈) ဘုရားရုပ်ပွား ဆင်းတုတော်အမျိုးမျိုး၊

(၉) သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါနှင့်အသူရာ၊ ဘီလူး၊ အထူးထူးသော ရုပ်တု၊ ဆင်းတုများ၊

(၁၀) ရဟန္တာ သူတော်စင်တို့၏ ဆင်းတု ရုပ်တုအမျိုးမျိုး၊

(၁၁) ဆင်စွယ်၊ ကျားစွယ်၊ ငါးမန်းစွယ်၊ ဝက်စွယ်၊ ကြံ့ချို၊ သမင်ချို၊ စိုင်ချိုစသော တိရစ္ဆာန်ပစ္စည်းများ၊

(၁၂) ဒေါင်းမြီး၊ သားမြီး၊ စာမရီမြီးစသော တိရစ္ဆာန်အမွေး၊ အတောင်များ၊

(၁၃) ကနုကမာ၊ ယောက်သွား၊ လိပ်ခွံ၊ ကျောက်ပန်း စသော ရေထွက်ပစ္စည်းများ၊

(၁၄) မင်းမြောက်တန်ဆာမှစ၍ လူ့အသုံးအဆောင် အဝတ်အစား၊

(၁၅) ဆု၊ တံဆိပ်၊ လက်မှတ်၊ အဆောင်အယောင် အဝတ်အထည်များ၊

(၁၆) ဆံတိုး၊ ဆံညှပ်၊ ဆံနှိပ်၊ ဘီး၊ ပန်းခိုင်၊ နားတောင်း၊ နားပန်း၊ လည်ဆွဲ၊ ပုတီး၊ ဘယက်၊ လည်တုံ၊ ရင်ကပ်၊ လက်ကောက်၊ လက်စွပ်၊ လက်ကြပ်၊ ခါးပတ်၊ ရင်ထိုး၊ ခြေကျင်း စသော ကိုယ်ဝတ်တန်ဆာ၊

(၁၇) အိုးခွက်၊ ပန်းကန်၊ လင်ပန်း၊ ဆွမ်းအုပ်၊ ဖလား၊ ပန်းအိုး စသော လူ့အသုံးအဆောင်များ၊

(၁၈) ရွှေမား၊ ရွှေလှံ၊ သိုင်း၊ ကြိုင်း၊ ယပ် စသော အဆောင်အယောင် ပစ္စည်းများ၊

(၁၉) ဓာတ်ပုံ၊ ပန်းချီကား၊ ပန်းပု၊ ရုပ်ကြွ၊ ရုပ်လုံး၊ ရုပ်ထွင်းများ၊

(၂၀) နိုင်ငံတကာသုံး ငွေကြေးအသပြာအမျိုးမျိုး၊

(၂၁) လူသုံးအထွေထွေ ပရိဘောဂ ပစ္စည်းမျိုးစုံ စသည်တို့ ဖြစ်သည်။

အဦးဆုံးပြတိုက်ကြီး၏ ခန်းမကြီးအတွင်းရှိ ဤဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူလတ္တံ့သော ဘုရားရှင်ငါးဆူတို့၏ ရုပ်ပွား



တော်များ၊ သစ်ပင်ထဲတွင် သဘာဝအလျောက် ဖြစ်ပေါ်နေသော စေတီပုံတော်များ၊ လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) ကျော် ကာလမှစ၍ ယနေ့တိုင် လှူဒါန်းပူဇော်ခဲ့ကြသော ရွှေစေတီ၊ ငွေစေတီ၊ ရွှေဆင်းတု၊ ငွေဆင်းတု စသည်ဖြင့် များပြားလှသော ဘုရားရှင်၏ ဘဏ္ဍာတော်များကို ဖူးတွေ့ကြရမည်။ ရှေးဘိုးဘွားတို့၏ အနုပညာ လက်ရာများကိုလည်း လေ့လာနိုင်ကြပေမည်။

အထက်မျက်နှာကြက်ဆီသို့ မော်၍ ကြည့်လိုက်သောအခါ ဇာတ်တော်ကြီးဆယ်ဘွဲ့ကို ပုံဖော်ထားသော သိန်းကျော်တန် ပန်းချီကားချပ်ကြီးများကို တွေ့ကြရမည်။ ထိုမှဆက်၍ လျှောက်လာသော် အခန်း(၁)တွင် ဗီရိုကြီးလေးလုံးဖြင့် ထည့်၍ ပြသထားသော ရွှေစေတီ၊ ရွှေထီး၊ ရွှေဆင်းတု၊ ငွေဆင်းတု၊ ရွှေဗောဓိပင်၊ ရွှေပရိက္ခရာ၊ ရွှေပဒေသာပင်၊ ရွှေတံခွန်တိုင်၊ ရွှေယပ်၊ ရွှေကြေးစည်၊ ရွှေထီး၊ ရွှေဆည်းလည်းနှင့် ငှက်မြတ်နား၊ စိန်ဖူးတော်ကြီးကို တွေ့ကြရမည်။

စိန်၊ ရွှေရတနာတို့ဖြင့် စီချယ်ထားသော ငှက်မြတ်နားနှင့် စိန်ဖူးတော်ကြီးမှာ မင်းတုန်းမင်းကြီး၏ ကုသိုလ်တော် ဖြစ်ပေသည်။ ယနေ့ စေတီတော်ကြီးတွင် တပ်ဆင်ထားသော ငှက်မြတ်နားမှာ သက္ကရာဇ် ၁၂၉၃-ခုနှစ်၊ ကဆုန်လဆန်း (၁၄)ရက်နေ့တွင် ဆာဘိုးသာ အမှူးပြုသော ဂေါပကအဖွဲ့ဝင် လူကြီး

များကြီးမှူး တင်လှူခဲ့သော ပြည်သူလူထု၏ ငှက်မြတ်နားတော် ဖြစ်ပါသည်။

အခန်း (၁)တွင် သုံးဘက်မြင် ဗီရိုကြီးသုံးလုံး၊ ဗီရိုအသေး တစ်လုံးတို့၌ ထည့်သွင်းပြသထားသော ဗုဒ္ဓသုတ္တကပစ္စည်းများ၊ အခန်း (၂)တွင် လေးဘက်မြင် ပြသထားသော ပစ္စည်းများ၊ အခန်း (၃)တွင် လေးဘက်မြင် ဗီရိုကြီးတစ်လုံးနှင့်နံရံကပ် ဗီရိုလေးလုံးတို့ဖြင့် ပြသထားသော ပစ္စည်းများ၊ အခန်း (၄)တွင် ကြေးသွန်းပုံတော်မြတ်စေတီ စသည်တို့ကို ကြည့်ရှုလေ့လာ နိုင်ကြပါသည်။ ကြည့်ရှုသူများ အေးမြစေရန်အတွက် လေပူ လေအေးကို ဖြတ်တောက် ခွဲခြားပေးသော လေဖြတ်စက်ကြီး ရှစ်လုံးကို တပ်ဆင်ထားပါသည်။

## ပိဋကတ်တိုက်

ပြတိုက်ကြီး၏ အောက်၊ အုလယ်ထပ်သို့ ဆင်းခဲ့သော် ပိဋကတ်တိုက်ကြီးကို တွေ့ရပေမည်။ ထိုပိဋကတ်တိုက်ကြီး ဘည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်များမှာ -

၁။ မြတ်စွာဘုရားသခင် မရှိသည့်နောက် ပိဋကတ် စာပေ ကျမ်းဂန်များသည် ဘုရားရှင်၏ ကိုယ်စား တော်ပင် ဖြစ်၍ အမြတ်တနိုး ပူဇော်ထားရန်၊

၂။ ဗုဒ္ဓသာသနာတော်၏ အခြေခံအုတ်မြစ်သည် ပရိယတ်သာသနာတော်ပင်ဖြစ်၍ ထိုအခြေခံ



အုတ်မြစ် ပိဋကတ်တော်များ အမြဲထာဝရ ရှိနေ စေရန်၊

၃။ သာသနာတော်မြတ်ကြီး တိုးတက်စည်ပင်စေရန် အတွက် ပြည်သူလူထုအား အသိဉာဏ်ပညာ ဖွင့်ပေးရန်၊

၄။ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာများကို မြန်မာတိုင်းရင်းသား ဘာသာဖြင့် ရနိုင်သမျှ စုဆောင်းခြင်းအပြင် ရှမ်း၊ မွန်၊ ပအို့ဝ်၊ ကရင်၊ ကချင်စသော တိုင်းရင်းသား ဘာသာစကားဖြင့် ရေးသား ပုံနှိပ်ခဲ့သမျှကို ဘာသာရပ်အလိုက် စုဆောင်းထားရန်၊

၅။ အခြေအနေအားလျော်စွာ အင်္ဂလိပ်၊ ပြင်သစ်၊ ဟိန္ဒီ၊ တိဘက်၊ တရုတ်၊ ဂျပန်၊ ဂျာမန်၊ ထိုင်း၊ လာအို၊ သီဟိုဠ် ဘာသာပြန် စသော ကျမ်းဂန် အစုံစုံတို့ကိုလည်း ဘာသာရပ်အလိုက် စုဆောင်း ထားရှိရန်၊

၆။ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သမိုင်းတော်အား အထောက်အကူပြုသော စာရွက်စာတမ်းများနှင့် တကွ ပေစာ၊ ပုရပိုက်များကိုပါ စုဆောင်း ထိန်း သိမ်းထားရန်တို့ ဖြစ်ကြပါသည်။

သို့ဖြစ်၍ စာကြည့်တိုက်ကြီးတွင် မြတ်စွာဘုရား (၄၅) ဝါတို့ပတ်လုံး ဟောကြားတော်မူခဲ့သော ပါဠိတော်များနှင့် တကွ အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ နိဿယ စသော ကျမ်းစာများအပြင် ပိဋကတ်အကျော် ဆရာတော်တို့ ရေးသားတော်မူခဲ့ကြသော ကျမ်းစာများ၊ သီရိလင်္ကာ၊ ထိုင်း အင်္ဂလိပ်ဘာသာတို့ဖြင့် တည်ရှိသော ပိဋကတ်တော်များအပြင် အထွေထွေ ဗဟုသုတ ရယူနိုင်ရန် အခြားသော စာအုပ် စာတမ်းများ၊ မဂ္ဂဇင်း၊ စာစောင်များကိုပါ စုဆောင်းထားရှိပါသည်။

## ပေပုရပိုက်

ထိုမှတစ်ပါး ပေစာဌာနစိတ်တွင် ရှေးနှစ်ပေါင်းများစွာက ရေးသားထားခဲ့သော မြန်မာ့ယဉ်ကျေးမှု အနုပညာ အမွေအနှစ်ဖြစ်သည့် ပေစာထုပ်ကြီးများကို ဗီရိုကြီးများဖြင့် စနစ်တကျ စီစဉ်ထားရှိပါသည်။ ယင်းစာပေကျမ်းကြီးများတွင် ညောင်းရမ်းခေတ် ပြည်မင်းလက်ထက် သက္ကရာဇ် ၁၀၂၇-ခုနှစ်တွင် ရေးသားခဲ့သော ပေသက် (၃၂၉)နှစ် ရှိပြီးဖြစ်သော ရှေးကျသည့် ပေစာများလည်း ရှိပါသည်။ ယင်းကျမ်းစာများကို ခေတ်မှီ ဒူဗီ ဒသမနည်းကို အသုံးပြု၍ စီစဉ်ထားခြင်း၊ ပိဋကတ်တော်များ တစ်ကျမ်းနှင့်တစ်ကျမ်း ကွဲပြားစေရန် အတွက် နည်းသစ်ထွင်၍ စီစဉ်ထားသဖြင့် စာရှာရ လွယ်ကူပါသည်။



စာရှာသူများ လွယ်ကူစေရန်အတွက် စာရေးသူ ကက်တလောက်၊ စာအုပ်အမည် ကက်တလောက်၊ ပညာရပ် ကက်တလောက်များဖြင့် စနစ်တကျ ထားရှိသဖြင့် အလွယ်တကူ ငှားယူ ဖတ်ရှုနိုင်ကြပါသည်။

စာကြည့်တိုက်ကြီးကို ခန်းဖွင့် (၃၆)ခန်းနှင့် စကြံခန်းဖွင့် (၄၄)ခန်း ထားရှိသဖြင့် ကျယ်ဝန်းသည်ဟု ဆိုရပါမည်။ ဤစာကြည့်တိုက်ကြီးကို ၁၃၅၄-ခုနှစ်၊ ဝါဆိုလပြည့်၊ အင်္ဂါနေ့ (၁၄-၇-၉၂) မှစ၍ ဖွင့်လှစ်ခဲ့သဖြင့် နေ့စဉ် စာဖတ်ပရိသတ်ရာကျော် လာရောက် ဖတ်ရှုကြကြောင်း တွေ့ရပါသည်။

## မော်ကွန်းတိုက်

ပိဋကတ်တိုက်မှ အောက်ထပ်သို့ ဆက်ဆင်းခဲ့သော် လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀)ကျော်မှစ၍ ယနေ့တိုင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အကြောင်းအရာများ၊ မှတ်တမ်းများကို ထိန်းသိမ်းထားသော မော်ကွန်းတိုက်ကြီးကို တွေ့ရမည်။ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းနှင့်တကွ သက်ဆိုင်ရာ သာသနာဝင်၊ ဗုဒ္ဓဝင် မှတ်တမ်းမှတ်စု၊ အရေးကြီးသော စာရွက်စာတမ်းများကို တာရှည်ခံ၍ မပျက်မစီးရအောင် စီစဉ်၍ ထားနိုင်ရန် မော်ကွန်းတိုက်ကြီးကို သိပ္ပံနည်းကျကျ ခေတ်မီနည်းစနစ်များဖြင့် တည်ဆောက်ထားခြင်း ဖြစ်ပါသည်။

မော်ကွန်းတိုက်ကြီးတွင် လက်ရေးစာမူများ၊ မူရင်းစာရွက်၊ စာတွဲ၊ အမှုတွဲများ ပုံနှိပ်ထားသည့် စာချုပ်၊ စာစောင်၊ စာတမ်းများမှစ၍ မြေပုံ၊ ရုပ်ပုံ၊ ဓာတ်ပုံကားချပ်၊ အထောက်အထားသာမက ပစ္စည်းများမူရင်းနှင့် မိတ္တူစာရွက်၊ စာတမ်း၊ စာစောင်၊ အမှုတွဲ စသည်တို့ကို စနစ်တကျ ထိန်းသိမ်းထားပါသည်။ လွယ်လင့်တကူ မပျက်စီးနိုင်အောင် မိုက်ကရို ဖလင်ဓာတ်ပုံရိုက်ကူးခြင်း၊ ဆေးသုတ်၊ ဆေးဖျန်း၊ ဆေးမှုတ်ခြင်း၊ စာရွက်စာတမ်းများကို စာချုပ်အဖြစ် ပြုလုပ် ချုပ်လုပ် သိမ်းဆည်းထားခြင်း စသည်တို့ကို ဆောင်ရွက်လျက် ရှိပါသည်။

စေတီတော်ကြီးအဆင့်ဆင့် ပြောင်းလဲတိုးတက်လာပုံများ၊ ဝတ္ထုကံနယ်မြေများ၊ ဗုဒ္ဓသန္တက ပစ္စည်းစာရင်း မြေပုံကားချပ်၊ စာချုပ်စာတမ်းများ၊ ရွှေတိဂုံဘုရား၊ ဂူကျောင်း၊ တန်ဆောင်း၊ ပြာသာဒ်၊ ဇရပ်၊ သိမ်၊ တန်၊ အာရာမ်၊ တံတိုင်း၊ ပန်းဆိုင်း၊ တံခွန်တိုင်စသော သာသနိက အဆောက်အအုံများ စာရင်းနှင့် သမိုင်းရာဇဝင်များ၊ အလှူရှင်များစာရင်း စသည်တို့ကို စုဆောင်းသိမ်းဆည်းထားပါသည်။

အဆက်ဆက်သော ဂေါပကအဖွဲ့ဝင်များနှင့် တကွ ဩဝါဒါစရိယ ဆရာတော်ကြီးများဆိုင်ရာ မှတ်တမ်း၊ ဓာတ်ပုံကားချပ်များ၊ စေတီတော်ကြီးဆိုင်ရာ ကုသိုလ်တော်များစာရင်း၊ အဆောက်အအုံစာရင်း၊ ဘာသာရေးအသင်းအဖွဲ့များစာရင်း၊ ဝန်ထမ်းများစာရင်း၊ ရွှေ့ပြောင်းနိုင်သော ဗုဒ္ဓသန္တက ပစ္စည်း



စာရင်းများနှင့်မရွှေ့ပြောင်းနိုင်သော ဗုဒ္ဓသန္တက ပစ္စည်းများစာရင်းများကို ခေတ်မီနည်းစနစ်များဖြင့် မော်ကွန်းတိုက်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ထားရှိပါသည်။

ဤပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်ကြီးကို ၁၉၈၉-ခုနှစ်၊ အောက်တိုဘာလ (၁၄)ရက်နေ့မှစ၍ မြန်မာကျပ်ငွေ (၂၉၃. ၃၂)သိန်းနှင့် နိုင်ငံခြားသုံးငွေ စင်ကာပူဒေါ်လာ (၂. ၁၀)သိန်း အကုန်အကျခံပြီး ဆောက်လုပ်ခဲ့ပါသည်။ ယင်းအဆောက်အအုံကြီးကို နှစ်ပေါင်းများစွာ တည်တံ့နိုင်ရန်အတွက် သံကူကွန်ကရစ် မြေထိန်းနံရံကြီးကိုလည်း ငွေကျပ် (၇၈. ၄၆)သိန်း အကုန်အကျခံ၍ တည်ဆောက်ခဲ့ပါသည်။ သို့အတွက် အားလုံးကုန်ကျငွေမှာ ကျပ် (၃၇၁. ၇၈) သိန်း ဖြစ်ပါသည်။

ဤအဆောက်အအုံကြီးကို ၁၃၅၄-ခုနှစ်၊ ဝါဆိုလပြည့်၊ အင်္ဂါနေ့ (၁၄-၇-၉၂) နံနက်၊ (၇း၃၀)နာရီတွင် စည်ကားသိုက်မြိုက်စွာ အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

## စက်လှေကား (၈)စင်း တပ်ဆင်ခြင်း

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အနောက်ဘက်မှ တက်ရသော နှစ်ပြားတန်ဆောင်းကြီးမှာ သိမ်ကြီးဈေးသူ၊ ဈေးသားများတို့၏ တစ်နေ့လျှင် နှစ်ပြားစီ စုဆောင်း၍ ဆောက်လုပ်

လှူဒါန်းထားသော စောင်းတန်းကြီး ဖြစ်ပါသည်။ ရွှေပွတ်လုံးတိုင်ကြီးများဖြင့် အလွန်ထည်ဝါ ခန့်ညားလှပါသည်။ ယင်းတန်ဆောင်းကြီးမှာ လှေကားအဆင့်ကြီး (၆)ဆင့်ရှိ၍ လှေကားအထစ်ပေါင်း (၁၇၅)ထစ်ရှိရာ သက်ကြီးရွယ်အိုတို့ တက်ရောက်ခြင်းငှာ မလွယ်ကူချေ။ ဓာတ်လှေကား တပ်ဆင်ပြန်ပါကလည်း နှလုံးရောဂါ ဝေဒနာရှင်များအတွက် မသင့်လျော်။ သို့ဖြစ်၍ သက်ကြီးရွယ်အိုနှင့်ဝေဒနာရှင်များပါ အထူးအကျိုးများမည့် စက်လှေကားကြီးများကို တပ်ဆင်ရခြင်း ဖြစ်ပါသည်။

စက်လှေကားကြီးများ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၈)သိန်းဖြစ်၍ မြန်မာငွေအားဖြင့် (၅၆)သိန်း ဖြစ်ပါသည်။ ကုန်ကျငွေ အမေရိကန်ဒေါ်လာ (၈)သိန်းကို လယ်ယာနှင့် သစ်တောဦးစီးဌာနမှ ကုသိုလ်ယူ စိုက်ထုတ်ပါသည်။ သင်္ဘောဖြင့် သယ်ယူခကို မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းမှ ကုသိုလ်ယူပါသည်။ ဆိပ်ကမ်းခကိုမူ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က လှူဒါန်းပါသည်။ စက်လှေကားကြီးကို ဝယ်ယူတင်သွင်းမှု အကောက်ခွန်ကို အကောက်ခွန်ဦးစီးဌာနမှ ကုသိုလ်ယူ လှူဒါန်းပြီး ကုန်သွယ်ရေးလုပ်ငန်းခွန်ကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ကုသိုလ်ယူ ကင်းလွတ်ခွင့်ပြုပါသည်။ စက်လှေကား (၈)စင်း၏ မြန်မာကျပ်ငွေ တန်ဖိုးကို ရွှေတိဂုံစေတီတော် ဘဏ္ဍာငွေ ကျခံသုံးစွဲခဲ့ပါသည်။ ဤရွေ့လျားစက်လှေကားကြီး (၈)စင်းမှာ ဂျာမနီနိုင်ငံ၊ ဟမ်းဘတ်ဆိပ်ကမ်းမှ မြန်မာ့ကြယ်ငါး



ပွင့်သင်္ဘောလုပ်ငန်းပိုင် မော်လမြိုင်သင်္ဘောဖြင့် ရန်ကုန်ဆိပ်ကမ်းသို့ (၅-၅-၉၀) ရက်နေ့တွင် ဆိုက်ရောက်ခဲ့ပါသည်။ ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ လမ်းညွှန်မှု ဗိုလ်ချုပ်ကက်စိန် (ဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)၏ ဆောင်ရွက်မှုဖြင့် -

(၇-၅-၉၀)ရက်နေ့တွင် ရန်ကုန်ဆိပ်ကမ်းမှ ရွှေတိဂုံစေတီတော် အနောက်ဘက် စောင်းတန်းသို့ ကရဝိက်ဖောင်တော်ယာဉ်ဖြင့် စည်ကားသိုက်မြိုက်စွာ သယ်ယူခဲ့ပါသည်။

**စက်လှေကားနှင့်ဆိုင်သည့် အချက်အလက်များ**

(၁) စက်လှေကား အမျိုးအစား

(A) 6.NOS 800 MM WIDIH/ 30 DEGREE 5.6 METER RISE ESCALAR (YYPE A)

(B) 2. NOS 800 MM WIDTH/ 30 DEGREE 3C METER, RISE ESCALATOR (TYPE B)

(၂) သတ်မှတ်သည့် အမြင့်နှုန်း 0.5 meter 1/ sec

(၃) ထုတ်လုပ်သူ သတ်မှတ်သည့်တာဝန်- 30600 PASSENGERS / HOUR

(၄) စက်ပစ္စည်းများ (APPROX)

(၅) စောင်းထောင့် 30 DEGREE

## စက်လှေကားတပ်ဆင်မှု ကုန်ကျစရိတ်

(က) ရွှေလျှားစက်လှေကားတန်ဖိုး-

- ၅၆၂၀၄၇၂-ကျပ်၊ ၂၀-ပြား၊

(အမေရိကန်ဒေါ်လာ ၇၃၁၇၄၆)

(ခ) သဘော်တင်ခ - ၂၁၈၄၈-ကျပ်၊ ၉၆-ပြား၊

(ဂ) စက်လှေကားတပ်ဆင်ခြင်း -

- ၂၄၀၀၀၀၀-ကျပ်၊ ၀၀-ပြား၊

**စုစုပေါင်း** - ၈၄၂၄၀၃၂၀-ကျပ်၊ ၂၀-ပြား၊

## ဖွင့်ပွဲ

၁၃၅၂-ခုနှစ်၊ နယုန်လပြည့်ကျော် (၅)ရက်၊ ၁၉၉၀-ပြည့်နှစ်၊ ဇွန်လ (၁၂)ရက်နေ့တွင် ဖွင့်လှစ်ခဲ့ရာ နိုင်ငံတော်အကြီးအကဲများ၊ ရွှေတိဂုံ ဂေါပကအဖွဲ့ဝင်များ၊ ပြည်သူလူထု ပရိသတ်များ စည်ကားသိုက်မြိုက်စွာ တက်ရောက်ခဲ့ကြသည်။



## ကြေးစလောင်းရှိ ဂါထာတော်များ

၁။ ဇိနော အဘိဇ္ဇကာယောမှိ၊ နတ္ထိ လောဟိတသူဒနံ။
တဒေဝ ဝစနံ သစ္စံ၊ ဝန္ဒေ လောကနာယကံ။
တေန သစ္စေန ပုညေန၊ ဟောတု မေ ဇယတု မင်္ဂလံ။

ဇိနော၊ ငါးမာရ်အောင်မြင် ဘုရားရှင်သည်။ အဘိဇ္ဇကာယော၊ မပျက်စီးနိုင်သော ကိုယ်တော်ရှိသည်။ အမှိ၊ ဖြစ်၏။ ဟောဟိတသူဒနံ၊ သွေးယိုစီးခြင်းသည်။ နတ္ထိ၊ မရှိပါပေ။ တဒေဝ ဝစနံ၊ ထိုစကားသည်သာလျှင်။ သစ္စံ၊ မှန်၏။ တံ လောကနာယကံ၊ လောကအကြီးအမှူးဖြစ်တော်မူသော ထိုဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။

တေန သစ္စေန၊ ထိုစကားကြောင့်။ ပုညေန၊ ကောင်းမှုကြောင့်။ မေ၊ တပည့်တော်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၂။ တိဋ္ဌေယျ အနန္တဝဿမှိ၊ ဇယုဿဝေါ သမာပန္နော။
တဒေဝ ဝစနံ သစ္စံ၊ ဝန္ဒေ လောကနာယကံ။
တေန သစ္စေန ပုညေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဇယုဿဝေါ၊ အောင်မြင်တော်မူသော။ သမာပန္နော၊ အရဟတ္တဖိုလ် သမာပတ်ကို ဝင်စားတော်မူသော မြတ်စွာ

ဘုရားသည် အနန္တဝဿမှ် အဆုံးအပိုင်း အခြားမရှိ သောနှစ်တို့ပတ်လုံး။ တိဋ္ဌေယျ တည်တော်မူနိုင်ပါပေ၏။ တဒေဝ ဝစနံ ထိုစကားသည်သာလျှင်။ သစ္စံ မှန်၏။ လောကနာယကံ လူသုံးပါးတို့၏ အကြီးအမျှူးဖြစ်သော ဘုရားရှင်ကို။ ဝန္ဒေ-ဝန္ဒာမိ ရှိခိုးပါ၏။ တေန သစ္စေန ထိုသစ္စာစကားကြောင့်။ မုညေန ကုသိုလ်ကောင်းကြောင့်။ မေ အကျွန်ုပ်အား။ ဇယမင်္ဂလံ အောင်မြင်ခြင်း မင်္ဂလာသည်။ ဟောတု ဖြစ်ပါစေသတည်း။

ဗုဒ္ဓါနံ ဇီဝိတဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တဒေဝ ဝစနံသစ္စံ ဝန္ဒေ လောက နာယကံ၊ ထေနသစ္စေန ပုညေန၊ ဟောထုမေဇယ မင်္ဂလံ။

ဗုဒ္ဓါနံ-ဘုရားရှင်တို့၏ ဇီဝိတဿ အသက်တော်၏။ အန္တရာယော အန္တရာယ်ကို ၊ ကေနစိ တစ်စုံတစ်ယောက်မျှ ကာတုံပြုခြင်းငှာ ၊ နသက္ကာမတတ်နိုင် ၊ တဒေဝ ဝစနံ ထိုစကားသည် သစ္စံမှန်၏ ၊ လောကနာယကံ ၊ ဘုရားရှင်ကို အဟံအကျွန်ုပ်သည်၊ ဝန္ဒေ-ဝန္ဒာမိ ရှိခိုးပါ၏။ တေနသစ္စေန ပုညေန ထိုသစ္စာစကားကြောင့် ၊ မေအကျွန်ုပ်အား ၊ ဇယမင်္ဂလံ အောင်မြင်ခြင်း မင်္ဂလာသည် ဟောတုဖြစ်ပါစေသတည်း။

ဤဂါထာတော်များကို မပြတ်ရွတ်ပွားပါက ဘေးကင်းသည်၊ အသက်ရှည်သည်၊ အရာရာအောင်မြင် သည်၊ စေတီတော်မြတ်ကြီးအား အစွန့်ရှည်ကြာ တည့်တံ့ အောင်သစ္စာအဓိဋ္ဌာန် ဂါထာတော်များဟု ဆိုနိုင်ပါသည်။



## " တောင်ဘက်စောင်းတန်းမော်ကွန်း "

ရွှေတိဂုံ စေတီတော်ကြီးအား ရှေးမင်းအဆက်ဆက်တို့သည် ဉာဏ်တော်ကို မြှင့်၍ မွမ်းမံပြင်ဆင်ခဲ့ကြပြီး စေတီတော်ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓသာသနိက အဆောက်အဦးများကိုလည်း မင်းနှင့်တကွ ရဟန်းရှင်လူပြည်သူအများတို့ စုပေါင်းကုသိုလ်ပါဝင် လှူဒါန်းတည်ထားခဲ့ကြသော ဗုဒ္ဓသာသနိက အဆောက်အဦးအချို့တို့သည် နှစ်ကာလရှည်ကြာလာသဖြင့် အိုမင်းယိုယွင်းလာပြီး ပြုပြင်မွမ်းမံရန် လိုအပ်လာပါသည်။

သို့ဖြစ်၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် သာသနာရေးဝန်ကြီးဌာနတို့ အမှူးပြုသော နာယကအဖွဲ့ကို ဖွဲ့စည်းစေပြီး ရွှေတိဂုံစေတီတော် ဘက်စုံပြုပြင်မွမ်းမံရေးလုပ် ငန်းများ ဆောက်ရွက်ရန် လမ်းညွှန်ခဲ့သည်၊ နာယကအဖွဲ့သည် ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သူရမြင့်မောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေးဦးစီးကော်မတီကို ဖွဲ့စည်းပေးပြီး ပြင်ဆင်မှုလုပ်ငန်းကို စတင်ခဲ့သည်။

မြန်မာသက္ကရာဇ် ၁ ၃၅၇-ခုနှစ်၊ ဝါဆိုလဆုပ် (၁၄)၊ အင်္ဂါနေ့ (၂၅-၇-၉၅)ရက်နေ့တွင် ဗဟန်းမြို့နယ် ရွှေဟင်္သာတောရ သီရိမင်္ဂလာစံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသဆရာတော်နှင့်မဟာအောင်မြေဘုံစံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိန္ဒာဘိဝံ ဆရာတော်တို့ကို အမှူးပြုသော ရွှေတိဂုံစေတီတော် ဩဝါဒဆရာတော်ကြီးများကို ရောင်တော်ဖွင့်တန်ဆောင်းတွင် ပင့်ဆောင်ပြီး အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် ဦးစီးသော နာယကအဖွဲ့က ပျက်စီးယိုယွင်းနေသော စောင်းတန်းများကို ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ ဩဝါဒခံယူခဲ့သည်။ ဆရာတော်ကြီးများက ဆွေးမြေ့ဟောင်းနွမ်းနေသော ဘုရားတန်ဆောင်းတို့ကို အသစ်တစ်ဖန် ပြန်လည်မွမ်းမံခြင်းကို ဘုရားရှင်အဆူဆူတို့ ချီးမွမ်းအပ်သည်ဟု ဩဝါဒမြွက်ကြားခဲ့သည်။ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီးနောက် ရွှေတိဂုံစေတီတော်တောင်ဘက် စောင်းတန်းတော်ကြီးကို အင်ဂျင်နီယာများဖြင့် စမ်းသပ်စစ်ဆေးခဲ့ရာ ခိုင်မာမှုမရှိတော့သဖြင့် စောင်းတန်းတော်ကြီးတစ်ခုလုံးကို ဖျက်၍ အသစ်ဘည်ဆောက်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ စောင်းတန်းတော်ကြီး အသစ်ပြန်လည် တည်ဆောက်ရာ၌ အောက်ပါ ရှေးဟောင်းအမွေအနှစ်လက်ရာများကို စောင်းတန်းတော်ကြီး မူလနေရာများ၌ ဆက်လက်ထိန်းသိမ်းထားရှိသည်။



၁။ ၁၈၈၇-ခုနှစ်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်အရပ်မှ ပွဲစားကြီးတစ်ဦး လှူဒါန်းခဲ့သော ခြင်္သေ့ရုပ်ကြီး နှစ်ရုပ်။

၂။ ၁၈၄၂-ခုနှစ်တွင် အမရပူရနန်းစံ ရွှေဘိုမင်းခေါ်သာယာဝတီမင်း တည်ထားခဲ့သော အုတ်ပြာသာဒ်ကြီးနှင့်ဘီလူးရုပ်ကြီး နှစ်ရုပ်။

၃။ ၁၈၄၂-ခုနှစ်နောက်ပိုင်း အုတ်ပြာသာဒ်ကြီးရှေ့၌ တည်ဆောက်ခဲ့သော ကစ္စာသယဘုရား နှစ်ဆူ။

၄။ ကုသိုလ်ရှင် ရေးထိုးခြင်းမရှိသော စောင်းတန်းတော်ကြီးအတွင်းရှိ မိချောင်းရုပ် နှစ်ရုပ်။

အောက်ပါ ပန်းချီပန်းပုလက်ရာများကို ရှေးဟောင်းပစ္စည်းများအဖြစ် ထိန်းသိမ်းကာ ရှေးမူမပျက် မွမ်းမံပြီးနောက် စောင်းတန်းတော်ကြီးအတွင်း၌ ဆက်လက် တပ်ဆင်ထားရှိသည်။

(၁) သုံးဘုံဆင့် ပြာသာဒ်တင် စောင်းတန်းအဆောင် (၃) ဆောင်အတွင်းရှိ ဇုဒ္ဒဝင် ပန်းပုရုပ်ကြွ ပန်းချီကား (၃၆)ချပ်။

(၂) ရင်ပြင်တော်ဦး တန်ဆောင်းတွင်ရှိသော အောင်ခြင်းရှစ်ပါး ပန်းပုရုပ်ကြွ ပန်းချီကား (၈)ချပ်။

တောင်ဘက်စောင်းတန်းကို ပြုပြင်တည်ဆောက်ရေး ကော်မတီကို စစ်ဗျူဟာ ဗိုလ်မှူးကြီးကျော်ရွှေက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း စီမံကိန်း လုပ်ငန်းအဖွဲ့ (၁၁)မှ အင်ဂျင်နီယာမှူး ဦးညွန့်မောင်စန်းက တည်ဆောက်ကာ မြန်မာလက်ရာများကို မြန်မာမှုပညာရှင် ဦးအေးမြင့်က တာဝန်ယူဆောင်ရွက်သည်။ တောင်ဘက် စောင်းတန်းတော်ကြီးကို တည်ဆောက်ရာတွင် ကုသိုလ်ရှင် အပေါင်းတို့ လှူဒါန်းသော အလှူငွေတို့မှ တည်ဆောက်မှု ကုန်ကျစရိတ် (၁၆၆၇. ၁၀)သိန်းနှင့်မြန်မာမှုကုန်ကျစရိတ် (၈၁၆. ၇၁)သိန်း သုံးစွဲကျခံခဲ့ပြီး တည်ဆောက်မှုဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

စတင်တည်ဆောက်ချိန် (၂၀-၄-၉၅)၊ ပြီးစီးချိန် (၁၆-၇-၉၆)။

စောင်းတန်းတော်ကြီး အစအဆုံး ပေရှည် (၇၇၁)ပေ၊ (၈)လက်မ။ ပြာသာဒ်ဆောင် (၉)ဆောင်၊ လှေကားတစ် ပေါင်း (၁၆၆)ထစ်၊ တိုင်လုံးပေါင်း (၁၅၂)လုံး၊ ဆိုင်ခန်းပေါင်း (၁၄၂) ခန်း၊ စောင်းတန်းတော်ကြီး အကျယ် (၆၅)ပေ။

တောင်ဘက်ရွှေစောင်းတန်းတော်ကြီး ရေစက်ချလှူ ဒါန်းပွဲ အခမ်းအနားကို (၁၆-၇-၉၆)ရက်နေ့တွင် စောင်းတန်း တော်ကြီးအတွင်း ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်သံဃနာယက



အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတ အမှူးပြုသော ဆရာတော်ကြီးများ တက်ရောက်ပူဇော်ခံကာ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက အလှူရှင်အပေါင်းတို့ကိုယ်စား ရေစက်သွန်းချခဲ့သည်။

စောင်းတန်းတော်ကြီးဖွင့်ပွဲ အခမ်းအနားကို (၁၈-၉-၉၆) ရက်နေ့တွင် ပြုလုပ်ရာ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က ရွှေကြိုး ဖြတ်ကာ ဖွင့်လှစ်ပေးခဲ့ကြောင်း မော်ကွန်းကျောက်စာ ရေး ထိုးသည်။

"နတ်လူသာမု ခေါ်စေသော်"

## " ရွှေတိဂုံစေတီတော်အရှေ့ဘက်စောင်းတန်းကြီး တည်ဆောက်ခြင်းမော်ကွန်းကျောက်စာ "

ဂေါတမမြတ်စွာဘုရားသခင်သည် မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ကဆုန်လပြည့် (ဘီစီ ၅၂၈)တွင် မဇ္ဈိမဒေသ၌ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ထိုစဉ် ရာမညတိုင်း ပေါက္ခရဝတီအမည်ရှိသော အသိတဥ္စနဂိုရ်ပြည် မြန်မာနိုင်ငံ ဥက္ကလာပမြို့မှ တဖုဿနှင့်ဘလ္လိကညီနောင်တို့သည် ကုန်ကူးရန်အလို့ငှာ သွားစဉ် ဘုရားပွင့်တော်မူရာသို့ ရောက်ရှိခဲ့သည်။ ကုန်သည်ညီနောင်တို့က ဝါဆိုလဆန်း (၅)ရက်၊ ဗုဒ္ဓဟူးနေ့တွင် လင်းလွန်းပင်ရင်း၌ စမ္ပာယ်တော်မူနေသော ဘုရားရှင်အား ဝင်ရောက်ဖူးမျှော်ကြရာ ဘုရားရှင်ကိုယ်တိုင် လက်ယာတော်ဖြင့် ဦးခေါင်းကို သုံးသပ်၍ ရရှိအပ်သော ဆံတော်ရှစ်ဆုကို ကိုးကွယ်ပူဇော်ရန် ဗုဒ္ဓပူဇနီယဝတ္ထုအဖြစ် ပေးခဲ့ရာ ပေါက္ခရမြို့နန်းစံ ဥက္ကလာပမင်းကြီးသည် ဆံတော်များကို ကြိုဆိုပင့်ဆောင်၍ သိင်္ဂုတ္တရကုန်းတော်တွင် ဉာဏ်တော် (၄၄)တောင်မြင့်သော ရွှေတိဂုံစေတီတော်ကို တည်ထားကိုးကွယ်ခဲ့သည်။

ဥက္ကလာပမြို့သား တဖုဿနှင့်ဘလ္လိက ညီနောင်တို့သည် မြတ်စွာဘုရားသခင်အား လူသားများမှ ပထမဦးဆုံး ဖူးတွေ့ရခြင်း၊ ပထမဦးဆုံး ဆွမ်းကပ်လှူရခြင်း၊ ပထမဦးဆုံး သရဏဂုံဆောက်တည်ရခြင်း၊ ပထမဦးဆုံး ဆံတော်ရှင်ရှစ်ဆုကို ရရှိခြင်း၊



ပထမဦးဆုံး စေတီတော် တည်ထားကိုးကွယ် ခွင့်ရရှိခြင်းတည်းဟူသော အခွင့်ထူးများကို ဦးစွာရရှိခဲ့ရာမှ ပဥ္စမအခွင့်ထူးအရ တည်ထားခဲ့သော လေးဆူဓာတ်ပုံ ရွှေတိဂုံ စေတီတော်မြတ်ကြီးသည် ကမ္ဘာပေါ်တွင် လူသားတို့တည်ထားခဲ့သော ပထမဦးဆုံး စေတီတော်ဖြစ်ပေသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရှေးမင်းအဆက်ဆက်တို့သည် ဉာဏ်တော်ကို မြှင့်၍ မွမ်းမံပြင်ဆင်ခဲ့ကြပြီး စေတီတော်ကြီး၏ ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓသာသနိက အဆောက်အအုံများကိုလည်း မင်းနှင့်တကွ ရဟန်းရှင်လူ ပြည်သူလူထုအပေါင်းတို့သည် ကုသိုလ်ရှင်အပေါင်းတို့ တည်ထားခဲ့ကြသော ဗုဒ္ဓသာသနိက အဆောက်အအုံများကို ကုသိုလ်ရှင်အပေါင်းတို့က ခေတ်အဆက်ဆက် ပြင်ဆင်မွမ်းမံခဲ့ကြပြီး နှစ်ကာလရှည်ကြာလာသဖြင့် အိုမင်းယိုယွင်းလာပြီး ပြင်ဆင်မွမ်းမံရန် လိုအပ်လာပါသည်။

သို့ဖြစ်၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီးတို့ အမှူးပြုသော နာယကအဖွဲ့ကို ဖွဲ့စည်းစေပြီး ရွှေတိဂုံစေတီတော် ဘက်စုံပြုပြင် မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်ခဲ့သည်။ နာယကအဖွဲ့သည် ရန်ကုန်

တိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သူရမြင့်မောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ရွှေထိဂုံစေတီတော် ထာဝရ ဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီကို ဖွဲ့စည်းပေးပြီး ပြင်ဆင်မွမ်းမံ လုပ်ငန်းများကို စတင်စေခဲ့သည်။

မြန်မာသက္ကရာဇ် ၁၃၅၇-ခုနှစ်၊ ဝါဆိုလဆုတ် (၁၄)ရက်၊ အင်္ဂါနေ့ (၂၅-၇-၉၅)တွင် ဗဟန်းမြို့နယ်၊ ရွှေဟင်္သာတောရ သီရိမန္တစံကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရာဇိန္ဒာ ဘိဝံသဆရာတော်နှင့် မဟာအောင်မြေဘုံစံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိန္ဒာဘိဝံသ ဆရာတော် တို့ကို အမှူးပြုသော ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများကို ရောင်တော်ဖွင့်တန်ဆောင်းတွင် ပင့် ဆောင်ပြီး အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးစီးသော နာယကအဖွဲ့က ပျက်ဆီးယိုယွင်းနေသော စောင်း တန်းတော်ကြီးများကို ပြင်ဆင်ခြင်းနှင့် ပတ်သက်၍ ဩဝါဒ ခံယူခဲ့သည်။

ဆရာတော်ကြီးများက ဆွေးမြေ့ဟောင်းနွမ်း ပျက်ဆီး ကြကုန်သော ဘုရားတန်ဆောင်းတို့ကို အသစ်တစ်ဖန် မွမ်းမံခြင်းကို ဘုရားရှင်အဆူဆူတို့ ချီးမွမ်းအပ်၏ဟု ဩဝါဒ မြွက်ကြားခဲ့ပါသည်။ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူခဲ့ပြီးနောက် ရွှေတိဂုံစေတီတော် အရှေ့ဘက်



စောင်းတန်းတော်ကြီးကို အင်ဂျင်နီယာများဖြင့် စမ်းသပ်စစ် ဆေးခဲ့ရာ ခိုင်မာမှုမရှိတော့သဖြင့် စောင်းတန်းတော်ကြီးတစ် ခုလုံးဖျက်၍ အသစ်တည်ဆောက်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

အရှေ့ဘက်စောင်းတန်းတော်ကြီးကို ပြန်လည် တည် ဆောက်ရေးဆပ်ကော်မတီကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်က ဥက္ကဋ္ဌအဖြစ် ဆောက်ရွက်ပြီး တည်ဆောက်မြင်းလုပ်ငန်းကို အာဇာနည်လမ်းအပေါ်ပိုင်းအား ဦးသန်းမြင့် (ဒါရိုက်တာ) တော့စ်စတားဆောက်လုပ်ရေး ကုမ္ပဏီနှင့် အာဇာနည်လမ်း အောက်ပိုင်းအား ဦးရွှေတိုး၊ ဦးရွှေလှိုင် (ဒါရိုက်တာများ) ဝါဝါ ဝင်းဆောက်လုပ်ရေးကုမ္ပဏီမှ ကြီးကြပ်ဆောက်လုပ်၍ မြန်မာ မှုလက်ရာများကို မန္တလေးမြို့မှ မြန်မာပညာရှင်တမွဝတီ ဦးဝင်း မောင်အဖွဲ့ တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။

အရှေ့ဘက် စောင်းတန်းတော်ကြီး တည်ဆောက်ရာတွင် ကုသိုလ်ရှင်အပေါင်း လှူဒါန်းသောငွေမှာ အောက်ပါအတိုင်း သုံးစွဲကုန်ကျ၍ တည်ဆောက်ခဲ့ပါသည် -

(၁) တည်ဆောက်မှုကုန်ကျစရိတ်-
၁၇၁၁၄၄၀၆၄. ၆၄

(၂) မြန်မာမှုကုန်ကျစရိတ်- ၂၁၇၇၁၁၉၄၄. ၃၉

ရွှေတိဂုံစေတီတော်အရှေ့ဘက် ရွှေစောင်းတန်းတော်ကြီးကို တည်ဆောက်မှုဆိုင်ရာ အချက်အလက်များမှ အောက်ပါအတိုင်းဖြစ်ပါသည်။

| | |
|---|---|
| (၁) စတင်တည်ဆောက်ချိန် | (၁၃. ၆. ၉၅) |
| (၂) ပြီးစီးချိန် | (၂၄. ၆. ၉၇) |
| (၃) စောင်းတန်းတော်ကြီးအစအဆုံးပေအရှည် (သရက်ကင်းလှေကားထိပ်မှရင်ပြင်တော်အထိ) | (၇၇၄. ၈)ပေ |
| (၄) စောင်းတန်းပြာသာဒ် | (၁၀)ခန်း၊ (၆)ဆောင် |
| (၅) လှေကားထစ်ပေါင်း | (၂၀၄)ထစ် |
| (၆) တိုင်လုံးပေါင်း | (၂၃၈)လုံး |
| (၇) ဆိုင်ခန်းပေါင်း | (၁၄၀)ခန်း |
| (၈) စောင်းတန်းတော်ကြီးအကျယ် (ဆိုင်ခန်းအပါအဝင်) | (၈၉)ပေ |

ရွှေတိဂုံစေတီတော် အရှေ့ဘက်စောင်းတန်းကြီး ရေစက်ချလှူတန်းပွဲ အခမ်းအနားကို (၂၈-၆-၉၇)ရက်နေ့တွင် စောင်းတန်းကြီးအတွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတ အမှူးပြုသော



ဆရာတော်ကြီး (၂၇)ပါး တက်ရောက်အပူဇော်ခံကာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက အလှူရှင်အပေါင်းတို့ကိုယ်စား ရေစက်သွန်းချခဲ့သည်။

စောင်းတန်းတော်ကြီးဖွင့်ပွဲ အခမ်းအနားကို (၂၉-၆-၉၇) ရက်နေ့တွင် ပြုလုပ်ရာ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တကွ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က ရွှေကြိုးဖြတ်ကာ ဖွင့်လှစ်ပေးခဲ့ကြောင်း မော်ကွန်းကျောက်စာ ရေးထိုးခဲ့သည်။

"နတ်လူသာမှု ခေါ်စေသောဝ်"

(၂၈-၆-၉၇) ရေစက်ချပွဲ၊
(၂၉-၆-၉၇) ဖွင့်ပွဲ။

## “ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ် မြောက်ဘက် ရွှေစောင်းတန်းတော်ကြီး ပြုပြင်မွမ်းမံ တည်ဆောက်ခြင်း မော်ကွန်းကျောက်စာ ”

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ အထွတ်အမြတ် ဆည်းကပ်ကိုးကွယ်ရာ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့်သာသနိက အဆောက်အဦးတို့အား ယခင်ခေတ်အဆက်ဆက်ကပင် ဘုရင်များနှင့်တကွ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့က မွမ်းမံပြင်ဆင် ထိန်းထိမ်းစောင့်ရှောက်ခဲ့ကြရာ သာသနိက အဆောက်အဦအချို့မှာ နှစ်ကာကြာမြင့်လာသည့်အလျောက် ပျက်စီးယိုယွင်းလာသဖြင့် ပြင်ဆင်မွမ်းမံရန် လိုအပ်လာပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်ဦးစီးသော နာယကအဖွဲ့ကို ဖွဲ့စည်းစေပြီး ရွှေတိဂုံစေတီတော် ဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါသည်။ နာယကအဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ရွှေတိဂုံစေတီတော်ဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီနှင့် ရန်ကုန်တိုင်းစာဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးစန်းဆင့်



ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောလုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းစေပြီး မွမ်းမံပြုပြင် တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ပေးအပ်ခဲ့ပါသည်။

မြန်မာသက္ကရာဇ် (၁၃၅၉)ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၀)ရက်၊ တနင်္ဂနွေနေ့၊ (၂၆-၁၀-၉၇)ရက်နေ့တွင် ဗဟန်းမြို့နယ်၊ ရွှေဟင်္သာတောရ သီရိမင်္ဂလာစံကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရာဇိန္ဒာဘိဝံသ (နိုင်ငံတော်ဩဝါဒါစရိယ) အမှူးပြုသော ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော် (၁၁)ပါးကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် တန်ဆောင်းသို့ ပင့်ဆောင်လျက် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးစီးသော နာယကအဖွဲ့က ပျက်စီးယိုယွင်းနေသော မြောက်ဘက် တန်ဆောင်းတော်ကြီးအား ပြုပြင်မွမ်းမံ တည်ဆောက်ရန်အတွက် လျှောက်ထား ဩဝါဒခံယူပြီး ပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။

ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီးနောက် ရွှေတိဂုံစေတီတော် မြောက်ဘက်ရွှေစောင်းတန်းတော်ကြီးတစ်ခုလုံးကိုအင်ဂျင်နီယာများဖြင့် စမ်းသပ်စစ်ဆေးရာ ပြာသာဒ်ဆောင်လေးခု၏ အမိုး၊ ဘုံဆင့်အမာခံများ ခိုင်ခန့်မှုမရှိသည်ကို အသစ်လဲလှယ်၍လည်းကောင်း၊ ရင်ပြင်တော်ဦးဆောင်တစ်ခုလုံးအား ဖျက်သိမ်းကာ အသစ်တည်ဆောက်၍

လည်းကောင်း၊ တန်ဆောင်းတော်ကြီးတစ်ခုလုံး၏ အမိုးများ ဆွေးမြေ့နေခြင်းကို ဖျက်သိမ်းပြီး အမိုးအသစ်အစားထိုး၍ လည်းကောင်း၊ ခိုင်မာမှုအားနည်းသော တိုင်လုံးများနေရာတွင် ကွန်ကရစ်တိုင်လုံးများဖြင့် အစားထိုး၍လည်းကောင်း ပြုပြင်မွမ်းမံတည်ဆောက်ရန်နှင့် ထင်ရှားသော ရှေးဟောင်းအမွေအနှစ်လက်ရာများကို အောက်ပါအတိုင်း မူလနေရာတွင် ဆက်လက် ထိန်းသိမ်းထားရှိရန် ဆုံးဖြတ်ကြပါသည်။

(၁) အဝင်မုခ်ဦးဆောင်အတွင်းရှိ သစ်သားကနုတ်ဖောက်ရာများ၊

(၂) ယွန်းစောင်းတန်းအတွင်းရှိ ဗုဒ္ဓဝင်ပုန်းပုရုပ်ကြွပန်းချီကား (၁၆)ချပ်၊

မြောက်ဘက် ရွှေစောင်းတန်းတော်ကြီး ပြုပြင်မွမ်းမံတည်ဆောက်ရေးဆပ်ကော်မတီကို အမှတ် (၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးစောလှမင်း (နောင်တွင် ဒုတိယဗိုလ်မှူးကြီးဝင်းမောင်) ဥက္ကဋ္ဌအဖြစ် ကြီးကြပ်ဆောင်ရွက်ခဲ့ပါသည်။ အမာခံတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဆောက်အဦးဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအောင်ကျော်မြင့် ဦးဆောင်သော အဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။



မြောက်ဘက် ရွှေစောင်းတန်းတော်ကြီး ပြုပြင်တည်ဆောက်ရာတွင် ဦးသိန်းဝင်း+ဒေါ်နှံမိသားစု (ရွှေသံလွင်ဆောက်လုပ်ရေးကုမ္ပဏီ)မှ မတည်လှူဒါန်းငွေ သိန်း (၅၀၀) အပါအဝင် အများပြည်သူ လှူဒါန်းထားသော အလှူငွေမှာ အောက်ပါအတိုင်း ကျခံသုံးစွဲ၍ တည်ဆောက်ခဲ့ပါသည်။

(၁) စတင်တည်ဆောက်သောနေ့ (၁၀-၁၂-၉၇)

(၂) ပြီးစီးသည့်နေ့ (၁၂-၁၀-၉၈)

(၃) စောင်းတန်းတော်ကြီးအစအဆုံး (၄၃၈)ပေ ပေရှည်

(၄) စောင်းတန်းပြာသာဒ် (၆)ဆောင် အဆောင်ပေါင်း

(၅) မလှကားထစ်ပေါင်း (၁၄၃)ထစ်

(၆) တိုင်လုံးပေါင်း (၅၆)တိုင်

(၇) ဆိုင်ခန်းပေါင်း (၇၁)ခန်း

(၈) စောင်းတန်းတော်ကြီးအကျယ် (၆၀)ပေ

မြန်သက္ကရာဇ် (၁၃၆၀)ပြည့်နှစ်၊ တန်ဆောင်မုန်းလဆုပ် (၆)ရက်၊ တနင်္လာနေ့ (၉-၁၁-၉၈)နေ့တွင် မြောက်ဘက် ရွှေစောင်းတန်းတော်ကြီး ရေစက်ချမင်္ဂလာ အခမ်းအနားကို စောင်းတန်းတော်ကြီးအတွင်း၌ ကျင်းပရာ နိုင်ငံတော်သံဃာ့မဟာ

နာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံကိုးဆောင်တိုက်ဆရာတော် ဘဒ္ဒန္တသောဘိတအမှူးပြုသော ဆရာတော်ကြီး (၂၇)ပါး ကြွရောက်အပူဇော်ခံရာ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက အလှူရှင်များနှင့်အတူ ရေစက်သွန်းချခဲ့သည်။

မြောက်ဘက် ရွှေစောင်းတန်းတော်ကြီးဖွင့်ပွဲ အခမ်းအနားကို မြန်မာသက္ကရာဇ် (၁၃၆၀)ပြည့်နှစ်၊ တန်ဆောင်မုန်းလဆုတ် (၁၄)ရက်၊ (၁၇-၁၁-၉၈) အင်္ဂါနေ့တွင် ကျင်းပရာ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ရွှေကြိုးဖြတ်က ဖွင့်လှစ်ကြောင်း ဓမ်ကွန်းကျောက်စာရေးထိုးသည်။

နတ်လူသာခုခေါ် စေသော်။



" ရွှေတိဂုံစေတီတော်တွင် အရေးကြီးသော
သိမှတ်ဖွယ်ရာများ "

| စဉ် | အကြောင်းအရာ | လုပ်ငန်းစတင်သည့်နေ့ | လုပ်ငန်းပြီးစီးသည့်နေ့ | ကုန်ကျငွေ |
|---|---|---|---|---|
| | <u>လုပ်ငန်းကြီး (၃)ရပ်</u> | | | |
| ၁။ | သိင်္ဂုတ္တရဥယျာဉ်တည်ဆောက်ခြင်းလုပ်ငန်း | ၁၉၈၉ (ဇွန်) | ၁-၁၉၀ | (၈၅)သိန်းကျော် |
| ၂။ | မဟာဗုဒ္ဓဝင်ပြခန်းတည်ဆောက်ခြင်း | ၁၉၉၁ | ၁၇-၄-၉၁ | (၁၈၀)သိန်းကျော် |
| ၃။ | ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်တည်ဆောက်ခြင်း | ၁၄-၁၀-၈၉ | ၁၄-၇-၉၂ | (၂၉၃)သိန်းကျော် |
| ၄။ | အနောက်ဘက်စောင်းတန်းတွင်စက်လှေ | ၇-၅-၉၀ | ၂၃-၅-၉၀ | (၇၄)သိန်းနှင့် USS (7.1)သိန်း |
| ၅။ | အလယ်ပစ္စယံပတ် | ၁၉၉၄ | | |
| ၆။ | တောင်ဘက်စောင်းတန်းမှပင်းကွန်းကွင်းအထိ လျှောက်လမ်း | ၁၉၉၅ | | |
| ၇။ | တောင်ဘက်ရွှေစောင်းတန်းတော်ကြီး တည်ဆောက်ခြင်းဆိုင်ခန်းပေါင်း (၁၄၂) | ၂၀-၄-၉၅ | ၁၆-၇-၉၆ | (၂၄၈၃. ၈၁)သိန်း |

## " ရွှေတိဂုံစေတီတော်တွင် အရေးကြီးသော သိမှတ်ဖွယ်ရာများ "

| စဉ် | အကြောင်းအရာ | လုပ်ငန်းစတင်သည့်နေ့ | လုပ်ငန်းပြီးစီးသည့်နေ့ | ကုန်ကျငွေ |
|---|---|---|---|---|
| | လုပ်ငန်းကြီး (၃)ရပ် | | | |
| ၈။ | အရှေ့ဘက်ရွှေစောင်းတော်ကြီးတည်ဆောက်ခြင်း၊ဆိုင်ခန်းပေါင်း (၁၄၀) | ၁၃-၆-၉၅ | ၂၄-၆-၉၅ | ၃၉၀၂၉၆၅၃၁. ၀၃ |
| ၉။ | မြောက်ဘက်ရွှေစောင်းတန်းတော်ကြီးတည်ဆောက်ရေးခြင်း၊ဆိုင်ခန်းပေါင်း (၇၁)ခန်း | ၁၀-၁၂-၉၇ | ၁၂-၁၁-၉၈ | ၁၄၈၁၂၇၁၈၉/ |
| ၁၀။ | အနောက်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ခြင်း (ပြုပြင်မွမ်းမံခြင်း) | ၁၀-၉-၉၉ | ၁၅-၂-၂၀၀ | ၂၇၅၃၁၂၂၈၈. ၅၄ |
| ၁၁။ | အရှေ့ဘက်ရှိခြင်္သေ့ကြီး(၂)စီးတည်ဆောက်ခြင်း | ၁၃-၆-၉၅ | ၂၄-၆-၉၇ | (၈၇)သိန်း |
| ၁၂။ | မြောက်ဘက်ရှိခြင်္သေ့ကြီး(၂)စီးတည်ဆောက်ခြင်း | ၁၀-၁၂-၉၇ | ၁၂-၁၁-၉၈ | (၉၀)သိန်း |



## ရွှေတိဂုံစေတီတော်တွင် အရေးကြီးသော သိမှတ်ဖွယ်ရာများ

| စဉ် | အကြောင်းအရာ | လုပ်ငန်းစတင်သည့်နေ့ | လုပ်ငန်းပြီးစီးသည့်နေ့ | ကုန်ကျငွေ |
|---|---|---|---|---|
| | လုပ်ငန်းကြီး (၃)ရပ် | | | |
| ၁၃။ | အနောက်ဘက်ရှိခြင်္သေ့ကြီး(၂)စီးတည်ဆောက်ခြင်း | ၁၁-၃-၉၈ | ၉-၁၁-၉၈ | (၁၀၀)သိန်း |
| ၁၄။ | တောင်ဘက်ဓာတ်လှေကားတပ်ဆင် | ၁၂-၃-၉၆ | ၁၀-၁၂-၉၆ | ၄၅၂၉၅၀၀၀ိနှင့် USS 320600 |
| ၁၅။ | အရှေ့ဘက်ဓာတ်လှေကားတပ်ဆင် | ၁-၁-၉၆ | ၁-၆-၉၇ | ၂၀၁၄၀၁၄ USS 320611 |
| ၁၆။ | မြောက်ဘက်ဓာတ်လှေကားတပ်ဆင် | ၂၇-၁၂-၉ | ၉-၁၁-၉၈ | ၅၄၁၂၄၇၄ိနှင့် USS 177760 |
| ၁၇။ | ဆိုင်ခန်း(၅၀)တည်ဆောက်ခြင်း | ၂-၅-၂၀၀၀ | ၂၃-၈-၂၀၀၁ | ၂၄၄၄၂၁၂၅၉-၂၈ |
| ၁၈။ | ဆိုင်ခန်း(၄၀)တည်ဆောက်ခြင်း | ၁၉၉၇ | ၁၈၄၈၂၅၇. ၃၀ | ယခုအခါအသစ်ပြန်လည်တည်ဆောက်လျက်ရှိ |
| ၁၉။ | အလယ်ပစ္စယံဗုဒ္ဓဟူးထောင့်ရှိဂါလံ (၃၆၀၀၀)ဆံရေစင်တည်ဆောက် | ၁၉၉၃-၉၄ | | |

## ရွှေတိဂုံစေတီတော်တွင် အရေးကြီးသော သိမှတ်ဖွယ်ရာများ

| စဉ် | အကြောင်းအရာ | လုပ်ငန်းစ တင်သည့်နေ့ | လုပ်ငန်းပြီး စီးသည့်နေ့ | ကုန်ကျငွေ |
|---|---|---|---|---|
| | <u>လုပ်ငန်းကြီး (၃)ရပ်</u> | | | |
| ၂၀။ | အလယ်ပစ္စယံတနင်္ဂနွေထောင့်ရှိဂါလံ (၂၄၀၀၀)ဆံ့ရေစင် တည်ဆောက်ခြင်း | ၁၉၉၈ | | |
| ၂၁။ | အာဇာနည်လမ်း အရှေ့တောင် စောင်းတန်းအနီးရှိ ရေစက် တည်ဆောက်ခြင်း<br>H.P (၇၀) (၂)လုံး၊ (တောင်ဘက်မှအရှေ့ဘက်သို့ ပြောင်းရွှေ့ တပ်ခြင်း) ၅/၁၉၉<br>H.P (၇၀) (၂)လုံး (တောင်ဘက်မှ အရှေ့ဘက်သို့ ပြောင်းရွှေ့ တပ်ဆင်ခြင်း ၆-၁-၁၉၉<br>H.P (၇၀) (၁)လုံး (တောင်ဘက်ဖွားသဲနုရေကန်တွင်တပ်ဆင်ခြင်း ၆-၁-၁၉၉၉ | | | |
| ၂၂။ | စဉ့်ကူးမင်းခေါင်းလောင်း<br>(၁) ကြေးပိဿာချိန် - ၁၅၅၅၅-ပိဿာ၊<br>(၂) အချင်း - ငါးတောင် (၂၂၀/ ၂)<br>(၃) အရပ်တော်အမြင့် - ခုနစ်တောင်နှစ်မိုက်တစ်ပေ၊သုံးလက်မ၊<br>(၄) ထုထည်/အထု - နှစ်မိုက်နှင့်လက်ငါးသစ် (၁၃/၄)<br>(၅) သွန်းပြီးရက်စွဲ - ၁၁၄၀-ပြည်နှစ်၊ တပို့တွဲလဆန်း (၁၁)ရက်၊ ဗုဒ္ဓဟူးနေ့ | | | |



## " ရွှေတိဂုံစေတီတော်တွင် အရေးကြီးသော သိမှတ်ဖွယ်ရာများ "

| စဉ် | အကြောင်းအရာ | လုပ်ငန်းစ တင်သည့်နေ့ | လုပ်ငန်းပြီး စီးသည့်နေ့ | ကုန်ကျငွေ |
|---|---|---|---|---|
| | <u>လုပ်ငန်းကြီး (၃)ရပ်</u> | | | |
| ၂၃။ | သာယာဝတီမင်းခေါင်းလောင်း<br>(၁) ကြေးပိဿာချိန် - ၂၅၆၄၁-ပိဿာနှင့်၄၉-ကျပ်သား<br>(၂) အရပ်တော် - ၇-ပေ (ကိုးတောင်၊ တစ်မိုက်၊ သုံးသစ်)<br>(၃) အချင်း - ၆-ပေ၊ ၈-လက်မ၊ (ငါးတောင်)<br>(၄) အထု (ထုထည်) - ၁-ပေ၊ (နှစ်မိုက်၊ လေးသစ်)<br>(၅) လုံးပတ် - ၁၅-တောင်<br>(၆) သွန်းပြီးနှစ် - ၁၈၄၁-ခုနှစ်၊ [၁၂၀၄-ခု၊ တပို့တွဲလဆုပ် (၅)ရက်] | | | |

## " ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်ရှိ ကျောက်စာချပ်ကြီးများ "

ဤကျောက်စာသည် ဓမ္မစေတီမင်းကြီးက မြန်မာသက္ကရာဇ် ၈၄၇-ခုနှစ် (အေဒီ-၁၄၈၅) ခုနှစ်တွင် ရွှေတိဂုံစေတီတော်၏ အရှေ့ဘက်ဆင်း စောင်းတန်းဘေး လက်ျာဘက် အလယ်ပစ္စယာတွင် စိုက်ထူခဲ့သော ကျောက်စာတိုင်ကြီးသုံးချပ် အနက် မြန်မာဘာသာကျောက်စာချပ်များမှ ကူးယူထားသော ကျောက်စာမူရင်းဖြစ်ပါသည်။

ထိုမြန်မာစာ ကျောက်စာမူရင်းကို ဆရာကြီးဦးဖေမောင်တင်က ၁၉၃၄-ခုနှစ်ထုတ် သုတေသနသတင်းဂျာနယ်အတွဲ ၂၄၊ အပိုင်း(၁)တွင် ရေးသားဖော်ပြခဲ့ပါသည်။

မြန်မာစာပင်ဖြစ်သော်လည်း ရှေးအခါက ကျောက်စာပေါ်တွင် ရေးသားခဲ့သော အရေးအသားကို အချို့တစ်ဝက် လေ့လာနိုင်ကြစေရန်အတွက် မူရင်းအတိုင်း ထည့်သွင်း ရိုက်နှိပ်လိုက်ခြင်း ဖြစ်ပါသည်။

ဤမြန်မာကျောက်စာဖြင့် မရှင်းခဲ့သော် ပြဟ္မစာရှိ မွန်ဘိုကေ ရေးသားခဲ့သော "ဓမ္မစေတီမင်းကြီး၏ ရွှေတိဂုံသမိုင်းချုပ်" ကျောက်စာကို ဖတ်ရှုလေ့လာတော်မူကြပါလေ။



## Face A (North face, obeese)

၁။ . . . . (သင်)တိုဝ် (ဖု)ရာသိခင်သည် ဒိပက်ရာမည်သော ဖုရာသိခင် . . . . . . . . . . . . . . . . . . . .

၂။ . . မွတ်ကမ္ဘာတသိန်ပတ်လုမ်လျှင် အစည်သအာ့လွှင်။ ပါရမီသုမ်ဆယ်တည်ဟူသော . . . . . . . . . . . . . . .

၃။ တြျာတိုင်၏ အ(လွန်)မွတ်စွာသော အဖွစ်သိုင်ရောက်သလွှင် ကဆုန်လပ္ပည်နိ(ယ်)၊ ဗောဓိညောင်တော်(နှင်) . . . . . . .

၄။ (မ)နိုင်ထသော၊ မာနတ်သာ၏ စစ်သည်ဗိုလ်ပါတိုဝ်ကိုဝ် ဖျက်ဆီနှိပ်နင်(ဘိ) ပြီရှယ် မရေတွက်နိုင်သော. . . . .

၅။ . . . ထသော။ သမ္မာသမ္ဗောဓိ ညာဏ်ကိုဝ် ရမ္လောက်သလွှင်။ ဖုရာအလွှင်သိုဝ် ရောက်တော်မူ၏။ ထိုဝ်ဖုရာအလွှင် . . . . . . . . . . . . .

၆။ ဝ် ခံစတော်မူ (စ)လျက်။ ခုနှစ်ရက်တိုင်တိုင် တဖန်(တေည်သော်) ထက်ဝယ်ဖွယ်ခြင့်လွှင်နေက် (မူသတည်)။ (ထိုင်ရှောခ၊ ဖုရာ) . . . . . . .

၇။ (ထသော)။ ဖုရာအဖွစ်ကိုဝ် ပ္တုပေတတ်သော်တြျာတပါတိသေယောဝ်ကာဟူရှယ်။ အချိုဝ်္ဘ သောနတ်တိုဝ်အာ ယုမ်မှာသက်ဘ့လွှစ် . . . . . . . . .

၈။ ထိုင်သမာပတ္တိမှ ဖုရာသိခင် ထွ. (က်)မူရှယ်။
ထိုဝ်နတ်တိုဝ်၏ ယုမ်မှာသက်ာကိုဝ် ဖျောက်အံသောငှာ။
ကောင်ကင်(ပွင်)ထက်သိုဝ် ပျံတက်တော်မူ. . . . . . .
၉။ ယ် ကိုပ်ပ္လတော်မူပေသ္လှင်။ ထိုဝ်နတ်တိုဝ်၏ ယုမ်မှာ
သက်ာကိုဝ် ဖျောက်တော်မူပေပြီ။ ကောင်ကင်မှ သက်
တော်မူလတ်(ပြီရှယ်) ပ္လောက်မှ အရှေ့မျက်နှာ. . . . .
၁၀။ ၏ မ္လှစ်အောက်အရပ်မျက်နှာနိုက် ရှပ်တော်မူရှယ်၊
ပလ္လက်ကိုဝ်လည်ကောင်။ ဗောဓိညောင်တော်ကိုဝ်လည်
ကောင်။ မမှိတ်သောမျက်စီဖြှင့် ကြည့်တော်မူလျက်
ခုနှစ်ရျက်တို
၁၁။ င်တိုင် နေတော်မူတုမ်၏။ ထိုဝ်နှောင်မှ။ ပလ္လက်၏(နှ)င်
လည်ကောင်။ ရှပ်တော်မူသောအရပ်၏လည်ကောင်
အကြာနိုက်။ အရှေ့(မှ)လည်ကောင် အနောက်မှလည်
ကောင် အလျာဟိသော ရ-
၁၂။ တနာစင်္ကြံနိုက် စင်္ကြံတော်မူလျက်။ ခုနှစ်ရျက်တိုင်တိုင်
နေတော်မူတုမ်၏။ ထိုင်ပြီ။ ရတနာစင်္ကြံမှကာ။ အနောက်
မျက်နှာလ္လှစ်သော။ (ဗောဓိ) ပလ္လက်မှကာ။ အနောက်မ္လှစ်
ထောင့်လ္လှစ်
၁၃။ သောအရပ်နိုက်။ အဘိဓမ္မပိဋကတ်ကိုဝ် ဆင်ခြင်တော်
မူလျက် ခုနှစ်ရျက်တိုင်တိုင်နေတော်မူတုမ်၏။ ဤသိုဝ်



ဗောဓိညောင်တော်ပင်ရင်နှင့် (နီသော)အရပ်နိုက်လျှင်။
လေသတ္တာဟ
၁၄။ ကိုဝ် လွန်ပြီရှယ်။ ဗောဓိညောင်တော်ပင်ရင်ကသည်။
အရှေအရပ်မျက်နှာသိုဝ် ရှေရှုလျက်။ အဇပါလမည်
သော ပြည်ညောင်တော်ပင်ရင်သိုဝ် ကပ်တော်မူလေ၏။
ထိုဝ်ပြည်ညောင်ပင်ရင်
၁၅။ နိုက်လည် ဤာကိုဝ်လည် ဆင်ခြင်တော်မူလတ်လျှင်။
ဝိမုတ္တိသုခကိုဝ်လည် ခံစတော်မူလျက်လျှင်။ ခုနှစ်ရျက်
တိုင်တိုင် နေတော်မူတုမ်၏။ ထိုဝ်ပြီ။ ထိုဝ်အရပ်ကသည်
၁၆။ တောင်စူစူမျက်နှာမူရှယ်။ ဗောဓိညောင်တော်မှ။ အရှေ
တောင်ထောင်နိုက်ဟိသော မုစလိန္ဒမည်သောကန်၏။
တောင်မျက်နှာကိုဝ် [ကျည်ငယ်]မှသော အရှေအနာနိုက်
(တ)ည်သော
၁၇။ မုစလိန္ဒာမည်သော သစ်ပင်သိုဝ် ကပ်တော်မူလေရှယ်။
ထိုဝ်အရပ်နိုက်လည်။ ဝိမုတ္တိသုခကိုဝ် ခံစတော်မူလျက်
လျှင်၊ ခုနှစ်ရျက်တိုင်တိုင် နေတော်မူတုမ်၏။ ထိုဝ်နှောင်၊
မှ ထိုင်အရပ်ကသည်။ ထသော်
၁၈။ မူတုမ်ရှယ်၊ အနောက်လ္လှစ်ထောင်သိုဝ် မျက်နှာမူရှယ်။
ဗောဓိညောင်တော်က တောင်စူစူ (သော) အရပ်နိုက်
တည်သော ရာဇာယတနမည်သော လင်လွန်ပင်သိုဝ်
ကပ်တော်မူလေရှယ်။ ထိုဝ်အရပ်နိုက်လ-

၁၉။ ည်။ ဝိမုတ္တိသုခကိုဝ် ခံစေတော်မူစလျက်။ ခုနှစ်ရက်တိုင်
တိုင်နေတော်မူတုမ်၏။ ဤမျှ (လောက်ကာ) ခုနစ်
သတ္တာဟစိယ်ပြီး။ ထိုဝ်အကြာနှိုက်ကာ။ ဖုရာသိခင်အာ
မျက်နှာသစ်ခြင်လည် မဟိ။ ကိုဝ်ကိုဝ်

၂၀။ လုပ်ကျွေခြင်လည် မဟိ။ အာဟာရကိုဝ် ဖုန်ပေခြင်လည်း
မဟိ (ဈာန) သုခမဂ္ဂသုခဖလသုခတိုင် ဖွင်သာလျှင်
နေတော်မူသတည်။ ထိုခုနှစ်သတ္တာဟစိယ်ပြီသော
အဆုမ် ဖွစ်သော လေဆယ်ကိုဝ်ရျ

၂၁။ က် မ္လောက်သောနိယ်နှိုက်မူကား။ ထိုဝ်ရာဇာယတန
ပင်ရင်နှိုက် နေတော်မူသော ဖုရာသိခင်အာ။ ငါမျက်
နှာစ်အံ့ ဟူသော နှလုမ်အကြံသည် ဖွစ်သတည်။ ထိုဝ်
အခါနှိုက် သိကြာနတ်မင်သည် အာရိုန်

၂၂။ တက်ခါနှိုက်လျှင် ဖုရာသိခင် အာဟာရကိုဝ် ဖုန်ပေ
တော်မူအံ့သည် ဖွစ်တံသတည်ဟု ဖုရာသိခင်၏ နှလုမ်
တော်အကြံကိုဝ် သိရုယ်။ ဆေဖွစ်သော ကြစုသိကိုဝ်
ဆောင် ခလှာရုယ် ဖုရာသိခင်အာ လှျုလှာ-

၂၃။ ၏။ ဖုရာသိခင်လည်။ ထိုဝ်သိကြာနတ်မင်လှျုသော
ကြစုသိကိုဝ် ပရိဘုတ်မူတော်၏။ ထိုဝ်ကြစုသိကိုဝ်
ပရိဘုတ်သဖွင် ဖုရာသိခင်၏ ကိုဝ်တော်လုပ်ကျွေခြင်
ဖွစ်သတည်။ ဖု (ရာသိခင်အာ) သိကြာမင်



၂၄။ လည်ကောင်။ ရေဥန္တယ်တံမူကိုဝ်လည်ကောင်။ အနဝ
တတ်အိုင်ရေကိုဝ်လည်ကောင် ဆောင်၏ ခ(ရုယ်လှျုတု)
မ်၏။ ဖုရာသခင်လည် ထိုဝ်ရေဥန္တယ်တံမူကိုဝ် စာတော်
ခေါရုယ် ထိုဝ်အနဝတ

၂၅။ တ်အိုင်ရေကိုဝ် မျက်နှာသစ်တော်မူရုယ် ထိုဝ်ရာဇာယ
တနပင်ရင်နှိုက်လျှင် နေတော်မူ၏။ ရာမညအရပ်နှိုက်
ပေါက္ခရာဝတီဟူသော အသီတည္ဆနနဂိုဝ်မည်သော
ပြည်နှိုက်နေထသော တပုဿ ဘလ္လိကမည်

၂၆။ သော ညီအစ်ကိုဝ်ဖွစ်ထသော ကုန်သည်နှစ်ယောက်
သည်။ တရှာသော ကုန်သည်တိုဝ်နှင်တကွ သင်ဖေါစီရုပ်
သမုဒ္ဒရာကိုဝ်ကူရုယ်။ . . . မည်သော။ . . . မည်သော
ချောင်အနာနှစ် (ဖ)က် ကိုဝ်မှီသော

၂၇။ ဥက္ကလရစ်သိုဝ် ရောက်လေကုန်၏။ ထိုဝ်ဥက္ကလာရစ်
ကသည်။ တဖန်မဇ္ဈိမဒေသဖွစ်သော မဂဓရစ်သိုဝ် သွာ
လိုဝ်ရုယ်။ တရျာသောသောလှည်ကိုဝ်ကရုယ်။ မဇ္ဈိမ
ဒေသသိုဝ် ရှေရှုသွာလေကုန်၏။ ထိုဝ်သိုဝ်သွာလေ

၂၈။ သာခာ။ နေရည္ဆရာချောင်သိုဝ် ရောက်လေရုယ် ၾနေရ
ည္ဆရာချောင်ကိုဝ် ကူးလေရုယ်။ မဇ္ဈိမတိုင်မ္လောဝ်စူစူ
ရှေမူရုယ် သွာရုယ်။ မုစလိန္ဒသစ်ပင်ကသည် အရှေမ္လောဝ်
တောင်ထောင့်ဖွစ်ထသော ရာဇာယတန သ-

၂၉။ စ်ပင်ကမူကာ အရှေတူရှုဖြစ်ထသော။ အရပ်သိုဝ် ထိုဝ် ဖုရာသိခင်။ တာံမူစာတော်ခောရုယ် မျက်နှာသစ်တော် မူရုယ် ထိုဝ်ရာဇာယတန သစ်ပင်နှိုက် နေတော်မူသ (ခဏ) နှိုက်လျှင်။ ရောက်လေကုန်သတည်။ ထို-

၃၀။ ဝ် တပုဿ ဘလ္လိကတိုဝ်၏။ ဤအတ္တဘောကာ။ ရှေလွန် လေပြီသော တခုမွှောက်သော အတ္တဘောနှိုက်။ အမိမွစ် ဖူသော (သူ)သည် ထိုဝ်ချိုင်တိုဝ် ရောက်လေသော အရပ် နှိုက်။ ဘုမ္မစိုဝ်နတ်သမီဖြစ်ရုယ် (နေသော)

၃၁။ ထိုဝ်နတ်သမီသည်။ ဤအခါကာ။ ဖုရာသခင်အာ။ အာဟာရရတန်ပြီ။ ဤအခါက လွန်လေကလျှင် အာဟာရ မဟိ (ပယ်ပင်ပန်) မူအံ့သောငှာ မတတ် ကောင်ပြီ။ ဤသော နှစ်ယောက်တိုဝ်တုမ်လည် ဤ-

၃၂။ ခရီဖြင့်လျှင် သွာလတ်တည်။ ယခုနိပ္ပ်လျှင် ဤသောတိုဝ်ကိုဝ် ဖုရာသိခင်အာ အာဟာရ ပိဏ္ဍပါ (ကိုဝ်ပေစိမ်သောငှာ) . . . (လှာ) ရုယ်၊ ထိုဝ်တပုဿ ဘလ္လိကာ ကုန်သည် (နှစ်ယောက်တိုဝ်)

၃၃။ ၏။ တရှာသော လှည်တိုဝ်ကိုဝ်ချုပ်ဖိရုယ်။ မလည် (လတ်)သည်ကိုဝ်လျှင် မူဘိ၏။ ထိုဝ်အခါ။ ထိုဝ်လှည် ငါ၍ာတိုဝ်နှိုက်ကသော နွာတိုဝ်သည်။ ထိုဝ်လှည်ငါ၍ာ တိုဝ်ကိုဝ်။ ကြီစွာသောအာထုတ်



၃၄။ ခြင်ဖြစ်ငင်လှည်သောလည်။ ကျည်ငယ်မျှလည် စိစ်အသောငှာ မတတ်နိုင်ကုန်။ ထိုအခါ တပုဿ ဘလ္လိက။ မည်သော ကုန်သည်ညီအစ်ကိုဝ်နှစ်ယောက် လည်။ ငါ၍ာသောကုန်သည်တိုဝ်နှင် (ကာ)

၃၅။ စည်ဝေကြရုယ်။ ငါတိုဝ်အာ။ ဤသိုဝ်သောဖြစ်ခြင် သည်ကာ။ အဖယ်သိုဝ်သောဖြစ်ခြင်တုံနှည်။ ယုမ်မှာ မယ်လျှင်။ ဤခရီနှိုဖြစ်သော နတ်တိုဝ်၏ အမူလျှင် ဖြစ်တံသတည်ဟု ကြံရုယ်။ (ထိုဝ်)

၃၆။ နတ်တိုဝ်အာ။ ဗလိကမ္မမူအံ့သောငှာ အာထုတ်ကုန်၏ (။) ထိုအခါ။ ထိုဝ်ဘုမ္မစိုဝ်နတ်သမီသည် သစ်ပင်၏အခွ နှိုက်နေရုယ် မိမိကိုဝ်ကိုယ်ပွရုယ်။ အိုဝ်တပုဿ ဘလ္လိက ကုန်သည် နှစ်ယော

၃၇။ က်။ ငါကာ။ မင်မတ်တိုဝ်၏။ ဤအတ္တဘောက ငါခု မွှောက်သော အတ္တဘောနှိုက် အမိဖြစ်ဖူသတည်။ ဤ အခါနှိုက်တမူကာ။ ဤအရပ်နှိုက် ဘုမ္မစိုဝ်နတ်သမီ ဖြဝ်လှာသတည်။ ထိုဝ်ဖုရာသိခင်တု

၃၈။ မ်လည်။ ဖုရာဖြစ်သောနွှေသည်။ လေဆယ်ကိုဝ်၍က် အာဟာရမယ်ယ်လျှင် ဝိမုတ္တိသုခကိုဝ်သာ ခံစလျက်နေ တော်မူသော။ ယခုမူကာ။ ရာဇာယတနပင်ရင်နှိုက် နေတော်မူ၏။ ထိုဝ်ဖုရာ

၃၉။ သိခင်အာ။ ရှေဦးစွာ ပိဏ္ဍပတ်ကိုဝ် ပေစေလိုဝ်သော
ကြောင့်။ ဤအ(မှုကိုဝ်) ငါမူသတည်။ အိုဝ်သာတိုဝ်(။)
သွာလေယော္ဘ်။ ထိုဖုရာသိခင်ကိုဝ် အာဟာရလ္ဖင်
လုပ်ကျွေလေယော္ဘ်။ ထိုဝ်သိုဝ်လုပ်ေ

၄၀။ ကျွသောကြောင့်။ သောတိုဝ်အာအခာလ္ဘင့်မြယ်လျှင်
(ခံ့သာ) အလိုဝ်ငှာလည်ကောင်။ (စီပွာ)အလိုဝ်ငှာလည်
ကောင်။ ဖွစ်တံသတည်ဟု ထိုဝ်ဘုမ္မစိုဝ်နတ်သမီသည်။
တပုဿ ဘလ္လိက ကုန်သည်နှစ်ယော

၄၁။ က်တိုဝ်အာ ဆိုဝ်ပေသတည်။ ။ထိုဝ်ဘုမ္မစိုဝ်နတ်သမီ
သည်။ တပုဿ။ ဘလ္လိက (။) ကုန်သည် (နှစ်ယောက်)
တိုဝ်၏ လှည်ကိုဝ်လည် (တုမ်)၏ (။) ဤသိုဝ်သော
စကာကိုဝ် ဆိုဝ်ပေသည်ကာ။ အဖယ်သိုဝ်သောအေ-

၄၂။ ကြာင်တုမ်နည်။ ဤတပုဿ။ ဘလ္လိက ညီအစ်ကိုဝ်နှစ်
ယောက်ကာ။ လူမည်ကာမ (ဟု)တည် ရှေနှောင်ကြီသော
. . . . . . . . ဖူသောပုဂ္ဂိုလ်တည်။ ရှေသောပဋ္ဌနာမူခဲ
(ပြို)သောပုဂ္ဂိုလ်

၄၃။ တည်။ ထိုဝ်ချင်တိုင်၏ ပဋ္ဌနာ (ပွည်စေ) လိုဝ်သောငှာ
(။ချ)င်တိုဝ် (မူခယ်)ပြီသော ကုသိုဝ်ကြွမ္မာသည် . . . .
ဘုမ္မစိုဝ်နတ်သမီသည်။ ဤသိုဝ်သောကုန်သည်တိုင်



၄၄။ ၏လှည်ငါ၍ာကိုဝ် (အ) . . . . . . . . . . . . . . . . .
. . . . . . . . . . . . (နှစ်ယောက်)တိုဝ်သည်ကာ။ . . .

၄၅။ . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . (ကိုဝ်ရောက်)ရှယ်၊ ဖုရာသိခင်အာ ရှေဦးစွာ။

၄၆။ . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . (ဖုရာ)သိခင်ကိုဝ် မြင်ရှယ် ကြီစွာသော . . . . . .

၄၇။ . . . . . . . ။ ။ ဖုရာသျှင်၏ အ(သ) . . . . . . . . . . .

၄၈။ . . . . . . . . . . . . . . . . . . . . . . . . . ထိုဝ်ရှော

၄၉။ . . . . . . . . . . . . . . . . . . . . . . . . . . . . .

**Face B (S0yth face, revrse)**

၁။ . . . . . . . . . . . ကောဝ်နတ်နှိုက် . . . . . . . . . .

၂။ . . . . . . . . နိုဝ်အတမင့်လ္ဖင် လုပ်ကျွေကုန်၏ . . . . .

၃။ . . . . . . . . (ကု)န်သည်မျှလ္ဖစ်ထသော သူကြွ(ယ်). နှိုက်
ညီအစ်ကိုဝ်လ္ဖစ်လှ. . . . .

၄။ . . . . . . . . (မ)ည်သော ညီအစ်ကိုဝ် နှစ်ယောက်သည်
အခါတပါသော ကွမ်ထောင် (ရေ)စ . . .

၅။ . . . . . . သိုဝ်ရောက်လေရှယ်၊ ထိုဝ်ဥက္ကလရဇ်ကတုမ်၊
ငါ၍ာသော လှည်ကိုဝ်ကပြီသောမျာစွာသော ဥစ္စာလ္ဖ(င်)

၆။ . . . . . . . ညီအစ်ကိုဝ်သည် ကြီးစွာသော အမိကရကုသိုဝ်ကိုဝ်လှူရုယ် ပဋ္ဌနာကိုဝ်မူဖူသော ပုဂ္ဂိုလ် ဖြစ်သော ကြော(င်)

၇။ . . . . . . . သည်၊ ချင်တိုဝ်၏ လှည်ဝ၅ာကိုဝ် ချုပ်ရုယ် ဖူရာသျှင်အာ ရှေဦးစွာ အာဟာ(ရ) ပိဏ္ဍပတ်ကိုဝ် လှူစိမ်သောဌာ တိုက်တွန်သော

၈။ . . . . . .(မ)ည်သော ညီအစ်ကိုဝ်လွှစ်သော ကုန်သည် နှစ်ယောက်သည် ထိုဝ်ဘုမ္မစိုဝ်နတ်သမီး၏ စကာကိုဝ် ကြာရုယ် အာဟာရကျက် (အသ)ည် (မျ)ကို

၉။ . . . . မဓုပိဏ္ဍိကတည်ဟူသော ပျာထောပတ်တင်လယ် (နှယ်)သော မုန်ဆုပ်ကိုဝ်လည်ကောင် ရွှေလင်ပန်လွှင် ယူရုယ် ဖုရာသိခင်အထံ (သိုဝ်ပု)

၁၀။ . . . . . . အဓော့လှင့်မွယ်စွာ စီပွာချဲ့သာ့ဖွစ်အံသောဌာ အကျွန်နုပ်တိုဝ် လှူသောမန္ထကိုဝ်လည်ကောင်၊ မဓုပိဏ္ဍိကကိုဝ်လည်ကောင် ခံတော်မူလင်အံဟူရု (ယ်)

၁၁။ . . . ဝအာ အနေ့ာမာချောင်နာနိုက် ယင့်ကာရုပြဟွာသည် လှူသော သပိတ်သည်လည် သုဇာတာလှူသော န္တာနိုဝ်ကိုဝ် ခံသော နိယ်အ်နိုက်လျှင် ကွယ်ခယ်ပြီ၊ ရှေဦ ကု. .



၁၂။ သိုဝ်တမ်သည်လည် လှူသောအာဟာရဆွမ်ကိုဝ် လက်ဝါတော်နိုက်လျှင် မခံ(စ)ဖူ။ ဤတပုဿ ဘလ္လိကမည်သော ကုန်သည်နှစ်ယောက် လှူသော အာဟာရဆွံကိုဝ်. . .

၁၃။ တခုခုနိုက်လျှင် ဝခံရလိမည်နှည်ဟူရုယ် ဖူရာသိခင်အား နှလုမ်တော်အကြံ ဖွစ်လတ်သည်။ ထိုဝ်ရှေအခါ စတုမဟာရဇ်နတ်မင်လေယောက်သည် ဖူရာသိခင် နှလုမ် . . .

## THE SHWE DAGON PAGODA

၁၄။ ရုယ် ကျောက်သပိတ်လေလုမ်ကိုဝ် ယူခယ်ရုယ် လှူ(ပေ)၏။ ဖူရာသိခင်တုံလည် ထိုဝ်စတုမဟာရဇ် နတ်မင်လေယောက်တိုဝ်အာ ကြီးစွာသောအကျိုး ဖွစ်စိမ်သော (ဌာ)

၁၅။ ယ် စတုမဟာရဇ်နတ်မင်လေယောက်လှူသော သပိတ်လေးလမ်စုမ်ကိုလျှင် ခံတော်မူရုယ် အောက်အထက်ထပ်ရုယ် သပိတ်တစ်လုမ်တည် ဖွစ်စေသောဟူရုယ် အဓိဋ္ဌာန်မူ. .

၁၆။ . . . . ၏။ ထိုခနနိုက် တပုဿ ဘလ္လိက ကုန်သည်နှစ်သောက်သည် ဖူရာသိခင်၏ သပိတ်တော်နိုက် မန္ထမဓု

ပိဋ္ဋကကိုဝ် ထည်အပေ၏။ ရေလည် ဆောင်ခယ်ရှယ် ဖူရာသိခင်အာ. .

၁၇။ ရာသိခင်သည် ပရိဘုတ်တော်မူ၏။ ဖူရာသိခင် ပရိဘုတ်တော်မူဆုမ်၊ သင်တိုဝ်နှစ်ယောက်လည် ဖူရာသိခင်ကိုဝ် ရှိခိုဝ်ရှယ် တင်အပ်သောအေအရပ်နှိုက် နေကုန်၏။ ဖူရာသိခင် . .

၁၈။ တြာဟောတော်မူပေ၏။ ဖူရာသိခင် တြာဟောတော်မူဆုမ် ချင်တိုဝ်နှစ်ယောက်စုမ် ပုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ ဟူသော နှစ်ခွန်လှ္ဖင် သရဏာဂိုမ်ကိုဝ် (ယူ)

၁၉။ ကာလွှဝ်ကုန်ရှယ် ဖူရာသိခင်ကိုဝ် ရှိခိုဝ်ရှယ်၊ သျှင်ပင်ဖူရာ၊ အကျွန်နုပ်တိုဝ်ကာ ရာမညဒေသနှိုက် အသိတည္ဖနနဂိုရ်မည်သော ပြည်နှိုက် နေသောသူတည်။ အကျွန်နုပ်. . . . .

၂၀။ လေ၏။ ထိုဝ်အကျွန်နုပ်တိုင်ပြည်သိုဝ်ပွန်လေသော ထိုဝ်အကျွန်နုပ်တိုဝ် အရပ်နှိုက်နေသော အကျွန်နုပ်တိုဝ်သည် သျှင်ပင်ဖူရာ၏ကိုဝ်တော်စာ ပူဇော်အပ်ံသော . . .

၂၁။ ကိုဝ်လျှင် ပေတော် (မူပါ)စေသော ဟူရှယ် တောင်ပန်ကုန်၏။ ဖူရာသိခင်လည် လက်ယာလက်တော်ဖွင် ခေါင်တော်ကိုဝ် သပ်ရှယ် ဆံတော်သျစ်ချောင်ကိုဝ် ရရှယ်၊ (ထိုဝ်) ကုန်သည် . . .



၂၂။ ယောက်အာ ပေတော်မူ၏။ ထိုဝ်ကုန်သည်နှစ်ယောက်တုမ်လည် မိမိခေါင်ထက်နှိုက် ရွှေကြုတ်လှ္ဖင် ထိုဝ်ဆံတော်သျစ်ချောင်ကိုဝ် ခံရှယ် လုပ်ဆောင်အပ်သော မိမိ ကိစ္စတို . . . . . .

၂၃။ ည် ပြီစေပြီသော (ပွ) ပွန်လတ်ရှယ် ဥက္ကလရဇ်သိုဝ်ရောက်သောခာ သင်(ဖါ) (စိရှ)ယ် သမုဒ္ဒရာတိုဝ်ကူလတ်ရှယ် အသိတည္ဖနနဂိုရ်မည်သော မိမိအရပ်သိုဝ်ရောက်ပွန်လတ်တုမ်၏။

၂၄။ . . . . ရောက်ပွန်လှ္ာသောခာ လူတကာတိုဝ်အပေါင်အာ ကုသိုဝ်ကောင်းမှု အာပည်လှ္ဖစ်ပါစေလိုဝ်သောကြောင်၊ မိမိသွာရာရာ ပူဇော် "အံ"သော၄ာ ဆံတော်နှစ်ချောင်ကိုဝ် ထာရှယ် ဆံ (တော်)

၂၅။ ခြောက်ချောင်ကိုဝ် ရွှေကြုတ်နှိုက်ထည်ရှယ်၊ အသိတည္ဖနနဂိုရ်၏ အရှေမျက်နှာနှိုက်ဟိသော တမဂုတ္တတောင်မိပ်ထက်နှိုက် လာမနာရှယ်၊ စေတီလည်ကောင်၊ စေတီယယ်နကိုဝ်

၂၆။ လည်ကောင်လှ္ုံ (ရှယ် ပူဇော်)ကုန်၏။ သွာရာရာ ဆောင်အံဟူရှယ် သင်တိုဝ်ထသော ဆံတော်နှစ်ချောင်ကိုဝ်တမူကာ၊ ချင်တိုဝ်မေလျောင်္သောအလှ္ဖစ်ကိုဝ် ကြည်ရှယ် ဇယသေနမည်

၂၇။ သော နဂါ (မင်သည်) ထိုဝ်ဆံတော်နှစ်ချောင် ကိုင်ယူ
ရှယ်။ ဘူမိန္ဓ (ရှဲ) မည်သော နဂါပြည်သိုဝ် ဆောင်လေ
ရှယ် ပူဇော်ပသ၏။ ထိုဝ်အခါသည် နှောင်သောအခါ
နှိုက် သိယိုဝ်ကျွန်နှိုက် ကာ

၂၈။ ကဝဏ္ဏတိဿမည်သော မင်းကြီးသည် သေရှုပြည်နေ
သောအခါနှိုက် (နှ) ဖူသကျိုပ်မည်သော နလာတဓာတ်
ကိုဝ် ထာပနာရှယ် စေတီတည်လိုဝ်သောကြောင့် ဓာတ်
တော်ထာပနာရာလှဖြစ် ဧ

၂၉။ သာ (ကျက်သရေ) တိုက်ကိုဝ် ပွှုစေပြီရှယ် ဖုရာဆင်ပု
တော်ကိုဝ်လေ ပွှုစေပြီရှယ် ထိုဝ်ဆင်ပုတော်၏ နှဖူနိုက်
နလာတဓာတ်ကိုဝ် (ခ)ည်ပြီရှယ်။ ဖုရာဆင်ပုတော်၏
နှဖူနှိုက်တမူ

၃၀။ ကာ (နလာတ) ဓာတ်ကိုဝ် အကျွန်တိုင်ခည်ရပြီ။ ဖုရာ
ဆင်ပုတော်၏ခေါင်တော်နှိုက် ဆံတော်ဓာတ်ကိုဝ်
ခည်ပါလိုဝ်သောဟူရှယ် ဆံတော်ဓာတ်ကိုဝ် ယူချေစိမ်
သောငှာ စူလ

၃၁။ (ပိဏ္ဍိပါတိက)တိဿမဟာထေအာ ကာကဝဏ္ဏတိဿ
မင်ကြီးသည် ပန်မူ၏။ ထိုင်သျှင် စူလပိဏ္ဍိပါတိက
တိဿမထေသည် မိမိသဒ္ဓါဝိဟာရိကလှဖြစ်သော သျှင်
သီဝထေကိုဝ် ဇယ‌ေ



၃၂။ သန (မည်သော) မင်၏ထံက ဆံတော် ကိုင်ဆောင်ခဲယ်
စိမ်သောငှာ ဘူမိန္ဓရနဂါပြည်သိုဝ် သွာလေရှယ်၊ အေထံ
နှိုက် ဆံတော်မဟိ။ သျှင်မြင်

၃၃။ သော ယူလေဟူရှယ် ဇယသေနမည်သော နဂါမင်သည်
ဆိုဝ်လတ်သော သုမ်ကြိမ်လျှင် နဂါမင်၏ ပဋိညာ(န်)ကိုဝ်
ယူပြီသော တန်ခိုဝ်လှဖြစ် ဆံတော်ကိုဝ်ယူရှယ် ကာကဝဏ္ဏ
တိဿမင်ကြီအာ ပေပေ၏။ ထိုဝ်

၃၄။ ကာကဝဏ္ဏတိဿမင်ကြီသည် ဆံတော်ဓာတ်ကိုဝ် ထိုဝ်
ဖူရာဆင်ပုတော်၏ ခေါင်တော်ထက်ထည်ရှယ် ထိုဝ်
စေတီထာပနာရာ ကျက်(သရေတိုက်နှိုက်) ဖူရာဆင်ပု
တော်ကိုဝ် ထာပနာရှယ် ထိုဝ်စေတီ

၃၅။ ကိုဝ် ပြီအောင်လုပ်စေ၏။ ဤတပုဿ ဘလ္လိကမည်သော
ကုန်သည်ညီအစ်ကို နှစ်ယောက်တိုဝ်တုမ်လည် ဖူရာ
သိခင် ဇေတဝန် (ကျောင်းတိုက်) နှိုက် နေတော်မူရှယ်
ဥပါသကာမျာတိုဝ် ကိုဝ်အစ

၃၆။ ည်တိုင်လျှင် ထာနန္တရနှိုက် တည်တော်မူလတ်သော
ရွှေဦးစွာ သရဏဂမနကိုဝ် ယူသော ဥပါသကာမျာ
တိုဝ်တွင် စေတဂ္ဂ. . . တော်မူသတည်။ အခါတပါ
သော ဖူရာသိခင်သ

၃၇။ ည် ရာဇဂြိုဟ်ပြည်နှိုက် နေတော်မူလတ်သော တဖန်
လည်ကောင် ဤတပုဿ ဘလ္လိက ကုန်သည်နှစ်ယောက်

တိုဝ်သည် ရာဇဂြိုဟ် (သိုဝ်လွှန်အံ့) ဟူရှယ်·ဖူရာသိခင် သိုဝ် ကပ်လေရှယ် ဖူရာသိခ

၃၈။ င်ကိုဝ် ရှိခိုဝ်ရှယ် တင်အပ်သောနေရာနှိုက် (နေ)ကုန် ၏။ ဖူရာသိခင်သည် သင်တိုဝ်အာ တြာဟောတော်မူ ပေ၏။ ထိုဝ်သင်တိုဝ်နှစ်ယောက်တွင် . . တပုဿ အစ်ကိုဝ်သည်တမူကာ (သော)

၃၉။ တာပန်လွှစ်ရှယ် (ဥပါသကါလျှင်လွှစ်) . . . ကိုဝ်တမူကာ . . . အဘိညာဏ်ခြောက်ပါ (ဟိ) သောဘလ္လိယထေ မည်သော ရဟန္တာလျှင် လွှစ်သော၊ အစ်ကိုဝ်လွှစ်သော. . .

၄၀။ . . . . . တောင်မိပ်ထက်နှိုက် ထာပနာသော ဆံတော် ဓာတ်စေတီနှိုက် ဝတ်ပဋ္ဌိပတ်မူရှယ် အသက်

၄၁။ အတိုင်နေပြီ . . . . . မျာအပေါင်သည် ရှိခိုဝ်တော်မူ လေ၏။ ထိုဝ် . .

၄၂။ (တသော) သူတိုဝ်၏ မန္ဒယ်အ. . . . . . . . . . . . . .

၄၃။ ထိုဝ်ကြောင် ထိုဝ်စေတီသည်. . . . . . . . . . . . . .

၄၄။ (ဆယ်) ခြောက်နှစ်လွှန်ပြီ။ သောဏထေဥတ္တရ. . . .

၄၅။ (ဟု) ကျော. . . . . မဟာထေ နှစ်. . . . . . . . . . . .

၄၆။ ခုတနာတမူ ထိုဝ်မက. . . တောင်ပန်၏။ ထိုဝ်. . . . .

၄၇။ င်ထိပ်ထက် (နှိုက်). . . . . . . . . . . . . . . . . .



## " နောင်တော်ကြီး စေတီပြုပြင်ခြင်း "

ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်ရှိ စေတီပုထိုးများအနက် စေတီတော်ကြီးမှအပ အကြီးဆုံးစေတီဖြစ်သော နောင်တော်ကြီးစေတီအား ပိုမိုကြည်ညိုသပ္ပါယ်ဖွယ် ဖူးတွေ့နိုင်စေရန်အတွက် ကိုယ်လုံးတော်ပြည့် ကြေးဘောင်ကပ်လှူရန် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းကော်မတီက ဆက်လက်ဆောင်ရွက်ခဲ့၏။

နောင်တော်ကြီးစေတီမှာ ရင်ပြည်တော်အရှေ့မြောက် (တနင်္ဂနွေထောင့်) အရပ်၌ တည်ရှိပြီး ဉာဏ်တော်အမြင့်ပေ (၁၅၀)ခန့်ရှိပြီး စေတီရံ (၂၄)ဆူဝန်းရံ တည်ဆောက်ထားပါသည်။ ရွှေတိဂုံစေတီတော်၌ ထည့်သွင်းဌာပနာမည့် ဗုဒ္ဓရှင်၏ ဆံတော်များ၊ ဌာပနာမသွင်းမီ ယာယီကိန်းဝပ်ပူဇော်ခံသော နေရာတွင် စေတီတော်တည်ထားခြင်း ဖြစ်၏။ ဗုဒ္ဓရှင်ဘုရားထံမှ ဆံတော်များ ပင့်ဆောင်ခဲ့သော တပုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်နှစ်ဦးမှ နောင်တော်ကြီး တပုဿက တည်ထားသော စေတီဖြစ်သောကြောင့် နောင်တော်ကြီးစေတီဟု အမည်တွင်ကြောင်း ကမ္ပည်းကျောက်စာ၌ ဖေါ်ပြထားပါသည်။

၁၇၆၀-ခုနှစ်တွင် အလောင်းမင်းတရား၏သားတော် ဒိပဲယင်းမင်းသီရိပဝရဓမ္မရာဇာဘွဲ့ခံ ကန်တွင်းစည်းခုံဒါယကာ

နောင်တော်ကြီးမင်းက ပြုပြင်တည်ဆောက်ခဲ့ကြောင်း အဆိုရှိ၏။ ၁၂၃၇-ခုနှစ်တွင် နောင်တော်ကြီးစေတီ၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်မှအစ ထီးတော်အထိ ပြိုပျက်ပျက်စီးသောကြောင့် မော်လမြိုင်မြို့ ကတိုးရွာ သစ်တော်အုပ်မင်း ဦးမွန်ထော်နှင့်ထီးတော်ရုံတန်ဆောင်းအမ ဒေါ်ဖွားတို့က အုတ်၊ အင်္ဂတေတို့ကိုပါ ပြုပြင်မွမ်းမံပြီးနောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့်ထီးတော်တို့ကို တင်လှူပူဇော်ကြောင်း၊ ကမ္ပည်းမော်ကွန်းရေးထိုးထားပါသည်။ ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ပညာရှင်များက ရှေးဟောင်းသမိုင်းဝင် နောင်တော်ကြီးစေတီအား ကြေးဘောင်ကြေးပြားကပ်လှူရန် စစ်ဆေးရာ၌ စေတီတော်တစ်ခုလုံးရှိ အင်္ဂတေသရိုးများမှာ ဟောင်းနွမ်းဆွေးမြေ့ ပျက်စီးလျက်ရှိကြောင်း၊ ထီးထောက်များ၊ သံချေးတက် ပျက်စီးလျက်ရှိကြောင်း တွေ့ရှိရပြန်ပါသည်။

ငှက်ပျောဖူးတော်အတွင်းတွင် ဗျက် (၂)လက်မ၊ ထု (၅)ပဲခန့်ရှိသော သံပြားများဖြင့် သံခြင်းတောင်းကြီးသဖွယ် ပြုလုပ်စီမံထားပြီး အပေါ်မှ အင်္ဂတေသရိုး ချောထားသော်လည်း နှစ်ကာလကြာမြင့်သည်နှင့်အမျှ သံပြားများမှ သံချေးများစား၍ ခံနိုင်ရည်အား လျော့ပါးလျက် ရှိပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေထီးသစ်တင် လှူပူဇော်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့သော အင်ဂျင်နီယာ ပညာ



ရှင်များကို ဖိတ်ကြားတိုင်ပင်၍ ခံနိုင်ရည်နည်းနေပြီ ဖြစ်သော သံပြားများအကြားမှ (၃)မူးလုံးသံချောင်းများ အားကူဖြည့်စွက်ထည့်သွင်းပြီး ခေတ်မီနည်းစနစ်ဖြင့် သံကူကွန်ကရစ်လောင်းခြင်း၊ ရှေးမူလက်ရာမပျက် အင်္ဂတေ သရိုးချောခြင်း သံရိုးရိုး၊ (Mild Steel) များအစား (Stain less Steel) ဖြင့် ထီးထောက်များ အသစ်လဲခြင်း၊ ကိုယ်လုံးတော်တစ်ခုလုံးမှ ဟောင်းနွမ်းပျက်စီးသော အင်္ဂတေသရိုးများအစား အင်္ဂတေအသစ်ချောခြင်း၊ ရှေးမူလက်ရာ မပျက်ကြာမှောက်၊ ကြာလှန်ပန်းဆွဲများ ပြုလုပ်ခြင်းတို့ကို မြန်မာမှုပညာရှင်များက စနစ်တကျ ဆောင်ရွက်ခဲ့ကြပါသည်။ ထီးတော်ကြီးမှာ ၁၉၇၇-ခုနှစ်ကပင် စေတီတော်ဂေါပကအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အဖွဲ့က မွမ်းမံပြုပြင်ထားသဖြင့် တောင့်တင်းခိုင်မာဆဲဖြစ်၍ အထူးပြုပြင်ရန် မရှိသောကြောင့် ရွှေသင်္ကန်းတော်သာ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးနာယကကြီး အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် တက်ရောက်စစ်ဆေး၍ ရောင်တော်ဖွင့်ခြင်း၊ လက်ဝတ်ရတနာများ ဖြည့်စွက်လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ဆည်းလည်းပဒေသာတွင် ရွှေဆည်းလည်း (၅)လုံး၊ ငွေဆည်းလည်း (၄)လုံး တပ်ဆင်ပူဇော်ထားရာ ယုတ်လျော့နေသော ဆည်းလည်းတစ်လုံးအပါဝင် ဆည်းလည်းအားလုံးကို

ရွှေဆည်းလည်းများဖြင့်သာ ပြောင်းလဲပူဇော် ပြီး ဆည်းလည်း ပဒေသာအထိုင်ကို (Stain Less SteeL) ဖြင့် အစားထိုး ပြုလုပ်ပူဇော်ခဲ့ပါသည်။ နောင်တော်ကြီးစေတီ တစ်ဆူလုံး၏ အမာခံပိုင်းကို ဘက်စုံပြုပြင်မွမ်းမံပြီးနောက် ပိုမိုခိုင်ခန့်အောင် ကိုယ်လုံးတော်ပြည့် ကြေးဘောင်များခွေ၍ (၁၀)လက်မ ပတ်လည်ကြေးပြားများ အကွက်ကြ ကပ်လှူ ပူဇော်ခဲ့ပါသည်။ လုံးတော်ပြည့် ကပ်လှူထားသော ကြေးပြားများပေါ်မှ မြန်မာ့ ရိုးရာ ယွန်းစနစ်နည်းပညာဖြင့် ရွှေမျက်ပါး သက်န်းကပ်လှူ ပူဇော်ခဲ့၏။ နောင်တော်ကြီး စေတီ၏ စေတီရံ (၂၄)ဆူကိုလည်း ဟောင်းနွမ်းဆွေးမြေ့သော အင်္ဂတေများ ခွာချ၍ ရှေးမူလက်ရာ မပျက် မွမ်းမံပြုပြင်ကာ ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ခဲ့ပြီး ဖြစ်၏။

ရွှေတိဂုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ကြေးဘောင်၊ ကြေးပြားကပ်လှူရာတွင် အလှူရှင် ဦးမောင်ဝိတ် မိသားစုကုမ္ပဏီမှ ကြေးနီတန် (၁၄၀) လှူဒါန်းခဲ့ရာ ပိုလျှံသော ကြေးနီ တန် (၁၅)တန်ခန့်ကို နောင်တော်ကြီးစေတီ ကြေးဘောင်၊ ကြေးပြားလုပ်ငန်း၌ မတည်သုံးစွဲပြီး ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ စုပေါင်းလှူဒါန်းသော အလှူတော်ငွေ ကျပ် သိန်း (၁၁၄၀)ကျော်ခန့် ကျခံသုံးစွဲ၍ ဘက်စုံပြုပြင်မွမ်းမံ တည် ဆောက်ခဲ့၏။ ရွှေမျက်ပါးကပ်လှူပြီးသော (၁၀)လက်မ ပတ်လည် ကြေးပြားတစ်ကွက်လျှင် (၂၀၀ဝိ/)နှုန်း သတ်မှတ်၍



အများပြည်သူတို့ထံမှ အလှူငွေလက်ခံခဲ့၏။ နောင်တော်ကြီး စေတီနှင့်တကွ အရံစေတီများအား ဘက်စုံ ပြုပြင်မွမ်းမံရာတွင် ပါဝင်လှူဒါန်းခဲ့ကြသော အလှူတော်ငွေ ကျပ်သိန်း သိန်း (၁၁၄၀)ခန့်ကို ရဟန်းရှင်လူ ပြည်သူအပေါင်းတို့အား စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် ပါဝင်လှူဒါန်း ကုသိုလ်ပြုခဲ့ကြ လေသည်။

နောင်တော်ကြီးစေတီနှင့်တကွ အရံစေတီများအား ရွှေမျက်ပါးသင်္ကန်းကပ်လှူပူဇော်ရာ၌ မြန်မာ့ရိုးရာသစ်စေ သရိုးတင်သော နည်းပညာအစား ယွန်းစနစ်နည်းပညာကို ခေတ်မီသိပ္ပံနည်းဖြင့် ပေါင်းစပ်အသုံးပြုထားသောကြောင့် ရွှေသားစင်စစ်ကို ထုဆစ်ထားသော ရွှေသားတောင်ထွတ် ကြီးသဖွယ် တင့်တယ်ကြည်ညိုဖွယ် ဖူးတွေ့နိုင်ပြီဖြစ်သော ကြောင့် ၁၃၆၃-ခုနှစ်၊ ပြာသိုလပြည့်နေ့၊ (၂၈-၁-၂၀၀၂) နေ့တွင် သံဃာတော် (၁၈၀)ပါးတို့ဖြင့် ဗုဒ္ဓါဘိသေက အနေက ဇာတင် အလှူပွဲသဘင် ဆင်ယင်ကျင်းပခဲ့ပါသည်။

ယင်းနေ့တွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် ဦးနှင့် ရွှေစောင်းတန်းတော်ကြီး ဖွင့်ပွဲအခမ်းအနားကိုလည်း ဆင်ခင်း၊ မြင်းခင်း၊ ဒေဝါဝင်း၊ ရာဇာဝင်းများ ခင်းကျင်း၍ စည်းကားသိုက်မြိုက်စွာ ကျင်းပလေသည်။

(မောင်ယဉ်မင်း - ရွှေတိဂုံ)

## "စေတီနှင့်ပုထိုးပူဇော်ကျိုး"

ဘုရားပုထိုးစေတီအမျိုးမျိုး ရှိကြသည်တွင် စေတီဟူသည်မှာ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ လေးလေးမြတ်မြတ် ပူဇော်အပ်ရာ အုတ်၊ ကျောက် စသည်တို့ဖြင့် မြင့်မြင့်မောက်မောက် တည်ဆောက်ပြုလုပ်ထားသော အရာကို စေတီဟုခေါ်ကြောင်း ခုဒ္ဒကပါဌအဋ္ဌကထာ၊ သာရတ္ထဋီကာတို့တွင် ဖွင့်ဆိုထားလေသည်။ (ခု၊ ဌ၊ ၁၀၀၊ သာရတ္ထ၊ ၁၊ ၁၃၂)

တစ်ဖန် မုခ်လိုဏ်မရှိ ဘုရားကို စေတီ၊ မုခ်လိုဏ်ရှိမရှိသောဘုရားကို ပုထိုးဟူ၍ သတ်မှတ်ခေါ်ဝေါ်ကြပြန်သည်။ ထိုအကြောင်းကို မာဃဒေဝလင်္ကာသစ်အပိုဒ် (၅၈၉)တွင "မုခ်လိုဏ်မထုတ်၊ သမုတ်ရှင်ဇို၊ ပွတ်နယ်ညီသား၊ စေတီဖြိုးမြိုင်၊ အဆိုင်ဆိုင်နှင့်၊ မုခ်လိုဏ်ရှိခဲ့၊ ထူးဘွဲ့သညာ၊ ဝေါဟာခေါ်ရိုး၊ ပုထိုးတူပ၊ မျာလှပည်းထူး၊ အဆူဆူဝယ်၊ ကြည်ဖြူကော်ရော်၊ ရှိပူဇော်၍ . . . . "ဟု စေတီနှင့်ပုထိုးအထူးကို ပြဆိုတော်မူခဲ့သဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ "စေတီတော်မြတ်ကြီး" ဟူ၍လည်းကောင်း၊ စေတီတော်မြတ်ကြီး၏ လေးမျက်နှာ၌ ဘုရားလေးဆူကိန်းဝပ်တော်မူရာ မုခ်လိုဏ်ပြုလုပ်ထားသဖြင့် ပုထိုးတော်ကြီးဟူ၍ ခေါ်ဝေါ်နိုင်ပါသည်။



စေတီဟူရာ၌ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓာတုစေတီ၊ ပါဒစေတီဟူ၍ ငါမျိုးရှိပြန်ရာ ပရိဘောဂစေတီမှာ ဘုရားရှင်၏ အသုံးအဆောင်ဖြစ်သော သင်္ကန်း၊ ပရိက္ခရာ၊ ရေစစ်၊ ခါးပန်းကြိုးစသည်တို့ကို ထည့်သွင်းဌာပနာ တည်ထားအပ်သော စေတီဖြစ်သည်။

ဘုရားရှင်၏ ကိုယ်စားလှယ်တော် ဆင်းတုတော်တို့ကို ဥဒ္ဒိဿစေတီဟု ခေါ်သည်။ ဘုရားရှင်၏ သွေး အသားတော်တို့မှဖြစ်သော သရီရကဓာတ်တော်များကို ထည့်သွင်းဌာပနာ၍ တည်ထားသော စေတီကို ဓာတုစေတီဟု ခေါ်သည်။ ပဋိစ္စသမုပ္ပါဒ်စသော တရားတော်များကို ရေးသားထားသည့် ပေစာထုပ်၊ စာအုပ်စသည်ကို ထည့်သွင်းဌာပနာ၍ တည်ထားအပ်သောစေတီကို ဓမ္မစေတီဟု ခေါ်သည်။ (သာရတ္ထ၊ ၁၊ ၁၇၂)

ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ ဘုရားရှင်၏ သရီရိကကိုယ်တော်မှဖြစ်သော ဆံတော်များကို ဌာပနာ၍ တည်ထားသဖြင့် ဓာတုစေတီဟူ၍လည်းကောင်း၊ ရှေးဘုရားရှင်သုံးဆူတို့၏ ပရိဘောဂအသုံးအဆောင်များကို ဌာပနာ၍ တည်ထားပြန်သဖြင့် ပရိဘောဂစေတီဟူ၍လည်းကောင်း၊ ဘုရားရှင်၏ ကိုယ်စားတော် ရုပ်ပွားဆင်းတုတော်များကို ဌာပနာ၍ တည်ထားသဖြင့် ဥဒ္ဒိဿစေတီဟူ၍လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်စသော ဓမ္မတရားတော်များကို ထည့်သွင်းဌာပနာထားသဖြင့်

ဓမ္မစေတီတော်ဟူ၍လည်းကောင်း ခေါ်ဆိုနိုင်သဖြင့် စေတီလေးမျိုးလုံးနှင့်း အကျုံးဝင်နေပါသည်။

တစ်ဖန် စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း၌ စက်တော်ရာခေါ် ပါဒစေတီများရှိသဖြင့် စေတီငါးမျိုးလုံး၌ပင် အကျုံးဝင်နေသဖြင့် အလွန်ထူးမြတ်သည့် စေတီတော်မြတ်ကြီးတစ်ဆူ ဖြစ်၍နေပါသည်။

ထို့ကြောင့် ကမ္ဘာနိုင်ငံအသီးသီးရှိ စေတီပုထိုးများတွင် အကျော်အမော် ထိပ်ခေါင်တင် တစ်ပါးဖြစ်ရုံမျှမက နိုင်ငံခြားသားတို့၏ အမြင်တွင်လည်း မြန်မာမှုကိစ္စတို့၌ ထင်ရှားသော ပြယုဂ်အဖြစ် မားမားမက်မတ် ရပ်တည်လျက် ရှိနေပေသည်။ ကမ္ဘာအလယ်တွင် အလွန်တင့်တယ်စွာ ရပ်တည်လျက် ရှိနေပေသည်၊ ကမ္ဘာ့အလယ်တွင် အလွန်မြတ်သော စေတီတစ်ဆူဖြစ်၍ **"စေတီဂုံမြတ်စေတီ"**ဟူ၍ပင် ခေါ်ဆိုကြ၏။

## "စေတီမြတ်နိုး ပူဇော်ကျိုး"

"ရွှေတိဂုံစေတီတော်မြတ်ကြီး ရှိနေခြင်းသည် သက်တော်ထင်ရှား ဘုရားရှင် ရှိနေခြင်းပင်"။

ဘုရားရှင် ပရိနိဗ္ဗာနစံဝင်တော်မူခဲ့သည်မှာ ယနေ့ဆိုလျှင် နှစ်ပေါင်းနှစ်ထောင့်ငါးရာရှစ်ဆယ် ကျော်လေပြီ။ သို့ရာတွင် သတ္တဝါများ၏ အကျိုးစီးပွားအလို့ငှာ ဘုရားရှင်၏ ကိုယ်စား



တော်ဖြစ်သော ဓာတ်တော်၊ မွေတော်များ ရှိနေသည်။ ပိဋကတ်တော်များလည်း အထင်အရှားပင်။ ဒဿဘိဓမ္မာပိဋကတ်တော် ဝိဘင်၊ အဋ္ဌကထာစာမျက်နှာ (၄၁၂)တွင် မုန်ညင်းစေ့လောက် ပမာဏရှိသော ဓာတ်တော်လေးသည်ပင်လျှင် ရှိနေသေးလျှင် ဘုရားထင်ရှားရှိသည်သာ ဖြစ်တော့သည်ဟု မိန့်တော်မူထားသည်။ (ဝိဘင်္ဂ၊ ဋ္ဌ၊ ၄၁၂)

ပစ္စုပဋ္ဌာနသညက မထေရ်ဇ်၊ လျောင်းလာသည် အတ္ထဒဿီဘုရား ပွင့်တော်မူချိန်တွင် ဘီလူးဘဝသို့ ရောက်နေ၍ ဘုရားရှင်ပွင့်တော်မူကြောင်းကို သိရသဖြင့် ရင်ပတ်စည်တီး ပြင်းစွာငိုလေသည်။ ထိုအခါ ရဟန်းတော် သာဂတမထေရ်မြတ်က "ဒကာတော်၊ ဘုရားရှင်အား မဖူးလိုက်ရ၍ ယူကြုံမရ မဖြစ်လေလင့်။ ဘုရားရှင်း၏ဓာတ်တော်၊ မွေတော်များကို စေတီတည်ထားကိုးကွယ်ပါလေ။ ထိုသို့ ဘုရားဒါယကာပြုခြင်းဖြင့် သက်တော်ထင်ရှား ဘုရားရှင်အား ပူဇော်သည်နှင့် မခြား၊ အကျိုးများလိမ့်မည် ဒကာတော်" ဟု အကြံပြုလေရာ ထိုဘီလူးသည် ဘုရားရှင်၏ ဓာတ်တော်များကို စေတီတည်ထား၍ ပူဇော်လေရာ ဘဝတိုင်း ဘဝတိုင်း သုဂတိဘုံတို့၌သာ ဖြစ်ရပြီး သိကြားမင်း အကြိမ်များစွာဖြစ်၍ ဤဘုရားရှင်၏ လက်ထက်တော်၌ ပစ္စုပဋ္ဌာနသညကမထေရ်ဟူသော ဘွဲ့ဖြင့် ရဟန္တာအရှင်မြတ်ကြီး ဖြစ်တော်မူ၍ နိဗ္ဗာန်ချမ်းသာကို ရရှိတော်မူလေသည်။ (အပ၊ ဋ္ဌ၊ ၂၃၅)

## "သဲပုံစေတီတည်၍ နိဗ္ဗာန်ရောက်ခြင်း"

သကစိန္တိနိယမထေရ်၏ အလောင်းအလျာသည် ဝိပဿီဘုရားရှင်အား မဖူးတွေ့လိုက်ရသဖြင့် ဟိမဝန္တာသို့ တောထွက်၍ ရသေ့ဝတ်ပြီး သဲပုံစေတီတည်ကာ ဝိပဿီဘုရားရှင်ဟူသော အမှတ်ဖြင့် ပူဇော်ခဲ့သည်။ ထိုကုသိုလ်ကြောင့် ဖြစ်လေရာဘဝတို့၌ အပါယ်ဆင်းရဲမှ ကင်းလွတ်ပြီး လူနတ်စည်းစိမ်ကို အကြိမ်ကြိမ် ခံစားရသည်။ ဤဂေါတမဘုရားရှင်၏ လက်ထက်တော်၌ ရဟန်းပြု၍ အဘိညာဉ်ခြောက်တန်၊ တန်ခိုးဈာန်နှင့် ပြည့်စုံသော ဆဠာဘိညာ ရဟန္တာအရှင်မြတ်ကြီး ဖြစ်ရလေတော့သည်။

ထို့အတူ ပုလိနထူပိယ မထေရ်မြတ်၏ အလောင်းအလျာသည် ဟိမဝန္တာအနီး ယမကမည်သော တောင်သခ်မ်းကျောင်း၌ နာရဒရသေ့ဖြစ်စဉ် တပည့်တစ်သောင်းတို့က လုပ်ကျွေးကြ၏။ မိမိကသာ အပူဇော်အလေးအမြတ်ခံ၍ မိမိက ပူဇော်ရမည့်သူ မရှိဖြစ်လေရာ ပူဇော်ရမည့်အရာကို ရှာဖွေကြံဆခဲ့၏၊ ဘာကို ပူဇော်ရမလဲဟု စဉ်းစားဆင်ခြင်၏။

ထို့ကြောင့် သဲပုံစေတီတည်ရသော် ကောင်းလေစွဲဟု အကြံဖြစ်ကာ အပရိကာမြစ်ကမ်းသို့ သွားကာ သဲသောင်ပြင်၌ သဲပုံစေတီတည်ခဲ့၏။ ထိုသဲပုံစေတီကို အာရုံပြုသည်မှာ -

"သဗ္ဗညုတဉာဏ်တော်ရှင်၊ ဘဝအဆုံးသတ်ရအောင် ပြုတော်မူတတ်ကုန်သော ဘုရားရှင်တို့ ပွင့်တော်မူခဲ့ကြပြီ။



ထိုဘုရားရှင်တို့၏ စေတီပုံကို တည်ထားကိုးကွယ်ပါ၏" ဟု အာရုံပြု၍ ပူဇော်ခဲ့လေသည်။

ရသေ့မြတ်သည် သဲပုံစေတီကို ဘုရားရှင် ဟူသော အမှတ်ဖြင့် နေ့ညမပြတ် ပူဇော်ခဲ့သည်။ အကယ်၍ ကိလေသာကာမစိတ်များ ဖြစ်ခဲ့သော် 'ငါသည် ဘုရားရှင်ကို အမှီပြုနေရလျက် ကိလေသာတွေ ဖြစ်ခြင်းငှာ မသင့်ပါတကား'ဟု သဲပုံစေတီကို ဆင်ခြင်မိသည်နှင့်တစ်ပြိုင်နက် ကိလေသာတွေပိုပယ်ခွာခဲ့သဖြင့် ထိုဘဝမှ စုတေသော် ဗြဟ္မာ့ပြည်သို့ ရောက်၍ ဘဝများစွာ သံသရာ၌ သုဂတိဘုံတို့၌သာ ဖြစ်ရပြီး ဤဂေါတမဘုရားရှင်၏ လက်ထက်တော်၌ ရဟန်းပြု၍ ခုနစ်နှစ်အရွယ်မျှဖြင့် ရဟန္တာအရှင်မြတ် ဖြစ်တော်မူလေသည်။

ထို့ကြောင့် သာဂတ မထေရ်မြတ်က "ဘုရားရှင်အား သက်တော်ထင်ရှား ပူဇော်ရသည်ဖြစ်စေ၊ ဘုရားရှင်မရှိတော့၍ စေတီပုထိုးကို ပူဇော်ရသည်ဖြစ်စေ ပူဇော်သူ၏ စိတ်ထားတူမျှခဲ့သော် ကုသိုလ်တရား၏ အကျိုးပေးလည်း တူမျှလေသည်"ဟု ဟောတော်မူခဲ့လေသည်။

## "နောက်သာကော တစ်ခုမှာ"

ဤဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် အဇာတသတ်မင်းသည် မိမိရသော ဓာတ်တော်တို့ဖြင့် စေတီများ တည်ထား

ပူဇော်ခဲ့၏။ ထိုစေတီကို ပူဇော်ရန် ဒါယကာတစ်ဦးသည် ဆပ်သွားဖူးလေးပွင့်ကို ယူလာရာ လမ်းခရီးအကြား၌ သားငယ်ရှိသော နွားမက ဝှေ့သဖြင့် သေခဲ့ရရှာ၏။ သေခဲ့ရသော်လည်း စေတီအား ပူဇော်မည်ဟူသော ကုသိုလ်စိတ်ကြောင့် သိကြားမင်း ဥယျာဉ်တော် အပျော်ကစားထွက်ရာ၌ အတူပါလာသော နတ်ကချေသည် နှစ်ကုဋေငါးသန်းကို လွှမ်းမိုးကာ အရောင်အဝါ တောက်ပစွာဖြင့် ရထားနှင့်တကွ ထင်ရှားဖြစ်လာ၏။ သိကြားမင်းလည်း အံ့သြမဆုံးဖြစ်၍ သူ့အကြောင်းကို သိရပြန်တော့ ပို၍ပင် အံ့သြရပြန်၏။ ထို့ကြောင် သိကြားမင်းက မာတလိအမှူးပြုသော နတ်များကို ခေါ်၍

"ကြည့်စမ်းဟဲ့ မာတလိ၊ ကုသိုလ်၏ အကျိုးကျေးဇူးက သိပ်အံ့သြဖို့ ကောင်းတယ်၊ အနည်းငယ်မျှ လှူတာနဲ့ အကျိုးပေးက ကြီးမြတ်ပါပေတယ်ကွယ့်"

"စိတ်သာကြည်လင်ခဲ့ရင် ဘုရားရှင်၌သော်လည်းကောင်း၊ သို့မဟုတ်၊ ဘုရားရှင်၏ တပည့်သာဝက သံဃာတော်များ၌လည်းကောင်း လှူသော အလှူဒါနသည် နည်းသည်ဟူ၍ မရှိပါတကား"

"မာတလိ လာကွယ်၊ ငါတို့လဲ ဘုရားရှင်၏ ဓာတ်တော်တို့ကို အတိုင်းထက်အလွန် ပူဇော်ကြရအောင် ကုသိုလ်ကောင်းမှုကို တိုးပွားခြင်းသည် ချမ်းသာခြင်း၏ အကြောင်းတရားအမှန်ပဲကွဲ့"



"ဪ - ဘုရားရှင်တို့သည် လူ နတ် ဗြဟ္မာ သတ္တဝါအများတို့၏အကျိုးငှာ ပွင့်တော်မူကြပါတကား" ဟူ၍ မာတလိနတ်သားကို အမှူးပြုကာ နတ်အပေါင်းအား ကုသိုလ်တရား၏ ကောင်းမြတ်သော အကျိုးပေးပုံကို ချီးကျူး ပြောကြားလေသည်။ (ဝိမာန၊ ဌ၊ ၆၆/၁၀၅-၆)

ဤသာဓကများကို ထောက်ရှုခြင်းဖြင့် ဘုရားရှင်လေးဆူတို့၏ ဓာတ်တော်၊ မွေတော်များ ကိန်းဝပ်ရာ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးအား တည်ထားခြင်း၊ ပြုပြင်မွမ်းမံခြင်းဖြင့် အပါယ်ဆင်းရဲ ငရဲသို့ မကျရောက်နိုင်သည့်အပြင် လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို မုချရမည်ဟု မှတ်ယူကြရပါမည်။

ဤသို့သော အကျိုးတရားများကို မြင်၍ ဥက္ကလာပမင်းအဆက်ဆက်တို့သည်လည်းကောင်း၊ ထို့နောက် အုပ်စိုးသောမင်းအဆက်ဆက်နှင့်မြန်မာပြည်သူ လူထုတို့သည်လည်းကောင်း ယနေ့တိုင် အဆက်မပြတ် ကိုးကွယ်ခဲ့ကြသည်။ ယနေ့တိုင်းပြည်အေးချမ်းသာယာ၍ စည်ပင်ဝပြောသော အချိန်တွင် နေ့စဉ် စေတီတော်မြတ်ကြီးအား လာရောက် ပူဇော်ကြသူများမှာ ထောင်ပေါင်းများစွာ ရှိလေသည်။

## " မြတ်စေတီနှင့်အုတ်ပုံ" ထူးခြားချက် "

ရုပ်ဓါဒသမားများကမူ စေတီကြီးအား အုတ်၊ ကျောက်၊ ခဲတို့နှင့် တည်ထားတာဖြစ်လို့ မည်သို့ မြတ်နိုင်သနည်းဟု ပြောဆိုတတ်ကြသည်။ **"အုတ်ပုံကြီးပါကွာ၊ အထူးအဆန်း လုပ်နေစရာ မလိုပါဘူး"** ဟု ဝေဖန်ခဲ့ကြဖူးသည်။ ယနေ့လည်း ထိုအယူအဆ မပျောက်သွားပြီဟု မဆိုနိုင်ပါ။

စေတီတော်မြတ်ကြီး၏ ဖြစ်ပေါ်လာပုံ၏ အကြောင်းအချင်းရာကို မသိပါက ထိုသို့ပင် ယူဆကြပေလိမ့်မည်၊ ထိုအယူအဆကို ပြေပျောက်စေနိုင်ရန်အတွက် သစ်တုံးတစ်တုံးဖြင့် ဥပမာပေးကြပါစို့၊ သစ်တုံးသည် သူ့အနေအထားအတိုင်း မပြောင်းလဲပါက သစ်တုံးက သစ်တုံးသာဖြစ်၍ ရှိသေစရာ၊ ခန့်ညားစရာမဟုတ်ပါ။ သို့ရာတွင် ထိုသစ်တုံးကို ကျေးဇူးရှင်ဆရာသမား မိဘများ၏ ပုံတူ ထုလုပ်လိုက်ပါက ထိုပုံတူသစ်သားသည် သားသမီးတို့အတွက် ပူဇော်စရာ ကိုးကွယ်စရာ မြတ်နိုးဖွယ်ရာ ဖြစ်လာပါတော့သည်။

ထိုနည်းတူစွာပင် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာသခင်ဖြစ်သော မြတ်စွာဘုရား၏ ကိုယ်စားတော်အစား စေတီတည်လိုက်သောအခါ မြတ်စေတီ၊ မြတ်သောစေတီ ဖြစ်၍လာပါတော့သည်။ နတ်လူတို့၏ ဦးတိုက်အပူဇော်ခံထိုက်လာပါသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးကို တည်ထားတော့မည်



ဆိုတော့ - မြေကောင်း၊ မြေသန့်၊ ရှေးဘုရားရှင်သုံးဆူတို့၏ မွေတော်များ ဌာပနာထားရှိရာ သိင်္ဂုတ္တရကုန်းတော်မြတ်ကို ရွေးချယ်ရသည်။ ကုန်းတော်မြတ်ကို သုတ်သင်ရှင်းလင်း၍ သဲဖြူခင်းပြီး ရာဇမတ်ကာရသည်။ နေ့ကောင်းရက်မြတ် ရွေး၍ ပန္နက်စိုက်ရသည်။ တာဝတိံသာနတ်ပြည်မှ ကျောက်ဖျာကြီး (၆)ချပ်ကို သိကြားမင်းက ယူဆောင်လာ၍ အောက်မှတစ်ချပ်ခင်းပြီး ဌာပနာတိုက်၏လေးဘက်၊ လေးတန်နံရံကို ကျောက်ဖျာကြီးလေးချပ် ကာရံသည်။

ဌာပနာတိုက်ထဲတွင် မြတ်စွာဘုရားသခင် မာရ်ငါးပါးကို အောင်မြင်တော်မူရပုံ၊ သတ္တသတ္တာဟဟ (၄၉)ရက် စံနေတော်မူပုံများကို စနစ်တကျ တည်ထားရသည်။ စေတီပျက်စီးချို့ယွင်းပါက နောင်လာနောက်သားများက ထုပ်ပြင်ဆင်နိုင်ရန်အတွက်လည်းကောင်း၊ ဘုရားရှင်အား ပူဇော်သောအားဖြင့်လည်းကောင်း ရတနာခုနစ်ပါးကို ထည့်၍ ဌာပနာထားသည်။ အချို့စေတီများ၌မူ နောင်ပွင့်တော်မူလတ္တံ့သော အရိမေတ္တယျဘုရားရှင်အား ရည်စူး၍ ရတနာများကို ဌာပနာထားလေ့ရှိ္သည်။

သို့ဖြစ်၍ စေတီတော်သည် မြေ၏အထက် မရောက်မီမှာပင် ဘုရားဆင်းတုတော်များ ကိန်းဝပ်နေပြီဖြစ်၍ အလွန်ရှိသေထိုက်နေပေပြီ။ စေတီတော်၏ အထက်ခေါင်းလောင်းပုံမှာလည်း အထက်ဌာပနာတိုက်ဖြစ်၍ ဆင်းတုတော်မျး၊ ရွှေ

စေတီ၊ ငွေစေတီများ ကိန်းဝပ်တော်မူသည်ဖြစ်၍ စေတီတော်မြတ်၏ အလယ်လောက်ကို ရည်စူး၍ ဦးချပါကလည်း ကုသိုလ်အပြည့်ရမည်သာဖြစ်လေသည်။

ထီးတော်မှာလည်း ဘုရားရှင်ဉာဏ်တော်များကို ရည်စူး၍ တင်ထားခြင်းဖြစ်ရာ ရှိခိုးဦးတိုက် ပူဇော်ထိုက်သည်။ စေတီတော်မြတ်ကြီးတစ်ဆူလုံးမှာ မြေအောက် ဌာပနာတိုက်မှ မြေအထက် စိန်ဖူးတော်အထိ ရည်ရွယ်ချက်အပြည့်ဖြင့် မြတ်စွာဘုရားကို ရည်မှတ်၍ တည်ထားခြင်းဖြစ်ရာ စေတီတော်ကြီးတစ်ဆူလုံး မည်သည့်နေရာကို မဆို၊ ပူဇော်စေကာမူ ကုသိုလ်အပြည့်ရမည်ဟု ဆိုရပါမည်။ သာမန်ရိုးရိုး အုတ်မုံ

ထိုကြောင့် မြတ်သောစေတီ၊ မြတ်စေတီပင် ဖြစ်ပါတော့သည်။

## "မန်လည်ဆရာတော်ကြီးက အင်္ဂလိပ်အရေးပိုင်ကို ပြေဆိုပုံ"

အင်္ဂလိပ်အရေးပိုင်တစ်ယောက် မန်လည်ဆရာတော်ဘုရားကြီးအား စေတီတော်မြတ်ကြီးကိုလည်းကောင်း၊ လှေကားကိုလည်းကောင်း လက်ညှိုးထိုးလျက် "ဘုန်းကြီး၊ ဘုန်းကြီးတို့ဟာ ဟိုအုတ်ပုံကိုတော့ ရှိခိုးတယ်၊ ဒီအုတ်ပုံကိုတော့ ခြေထောက်နဲ့ နင်းတယ်။ ဘာထူးခြားလို့လဲ"ဟု မေးရာ ဆရာ



တော်ကြီးက "ဒီကောင် စာတွေပေတွေနဲ့ ပြောလို့တော့ နားမလည်မှာ မဟုတ်ဘူး၊ သူနားလည်နိုင်တဲ့ စကားနဲ့ ပြောမှပဲ" စဉ်းစားကာ အရေးပိုင်ကို မေးခဲ့၏။

"မင်းမှာ အမေရှိသလား"

"ရှိပါတယ်"

"မင်းအမေဟာ မိန်းမပဲနော်"

"ဟုတ်ပါတယ်၊ မိန်းမပါပဲ"

"မင်းမယားကော ရှိသလား"

"ရှိပါတယ်"

"မင်းမှာ မိန်းမရော၊ မိန်းမပဲ မဟုတ်လား"

"ဟုတ်ပါတယ်၊ မိန်းမပါပဲ"

"အေး - မင်းအမေလဲ မိန်းမ၊ မင်းမယားလဲ မိန်းမ၊ မိန်းမချင်းအတူတူ ဖြစ်ပါလျက်နဲ့ ဘာလို့ မင်းအမေ မင်းမယူဘဲ တခြားမိန်းမကို ယူရသလဲ"

ဤအမေးက - အရေးပိုင်မင်းကို သဘောပေါက်သွားစေသည်။ အရေးပိုင်မင်းကြီးခေါင်းက ညိတ်ညိတ်နဲ့ ကျေနပ်သွားလေသည်။

ထို့ကြောင့် စေတီတော်ဟူသည် အုတ်၊ အင်္ဂတေတို့ဖြင့် ပြုလုပ်ထားသော်လည်း တရားဉသုံ အလုံးစုံကို အကုန်အစင်

သိမြင်တော်မူနိုင်သော သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရည်စူး၍ သဗ္ဗညုတရွှေဉာဏ်တော်ဟူသော အမှတ်ဖြင့် တည်ထားသည် ဖြစ်ရာ နတ်လူပြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံထိုက်ပေတော့သည်။

## " ရောင်ခြည်တော်လွှတ်ခြင်း "

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဌာပနာထားသော ဆံတော်ရှင်တို့သည် လပြည့်၊ လကွယ်၊ ရှစ်ရက်ဥပုသ်နေ့များ၌ ရောင်ခြည်တော် လွှတ်လေ့ရှိသည်။

ဘုရားရှင် ချီးမြှင့်လိုက်သောနေ့မှစ၍ တဖုဿ ဘလ္လိက ညီနောင်တို့လက်ဝယ် ရောင်ခြည်တော်ခြောက်သွယ် မပြတ်လွှတ်တော်မူသဖြင့် အဇ္ဈိတ္တနဂရမြို့အရောက်တွင် အဇ္ဈိတ္တမင်းကြီးက ဆံတော်နှစ်ဆူကို အတင်းအဓမ္မ သိမ်းယူလိုက်သည်။

ထို့နောက် နဂရေအင္ဂုအရောက်တွင် တစ်ထောက်နားရာ ညဉ့်အခါတွင် ရောင်ခြည်တော်များ လွှတ်ပြန်သဖြင့် နဂါးမင်းက လူယောင်ဖန်ဆင်း၍ ဆံတော်နှစ်ဆူ ခိုးယူလိုက်ပြန်သည်။ ထိုပျောက်ဆုံးသွားသော ဆံတော်ရှင်များမှာ ဥက္ကလာပမင်းကြီး၏ အဓိဋ္ဌာန်ချက်ကြောင့်သာ ပြန်၍ရရှိခြင်း ဖြစ်လေသည်။

ဤသို့ ဆံတော်ရှင်များသည် သက်တော်ထင်ရှား ဘုရားတစ်ဆူကဲ့သို့ ရောင်ခြည်တော်များကို မပြတ်လွှတ်လေ့ရှိသဖြင့်



**ဓိဝကေသဓာတုစေတီ**-ဆံတော်ရှင်စေတီဟု အမည်တွင်ခြင်း ဖြစ်လေသည်။

အထူးသဖြင့် ဆံတော်မြတ်များသည် ညိုသောအရောင်တော်ရှိ၍ ညိုမောင်းသောရောင်ခြည်တော်များကို လွှတ်လေ့ရှိသည်။ တစ်ခါတစ်ခါ နေ့မွန်းတည့်ချိန် မိုးသားတိမ်ရိပ်ကင်း၍ အလွန်ပူပြင်းသောအချိန်တွင် စေတီတော်မြတ်ကြီးတစ်ခုလုံး အုံ့မှိုင်သွားတတ်သည်။ ညို့မှိုင်းအေးမြသွားတတ်သည်။ မိုးရိပ်မိုးသားတိမ်ရိပ်များ ကင်းစင်ပါလျက် စေတီတော်မြတ်ကြီး ညို့မှောင်နေခြင်းမှာ ညိုသောရောင်ခြည်တော် လွှတ်ခြင်းဖြစ်လေသည်။

ဗဟုသုတရှိ၍ သတိထားမိသူများသာ 'ဒါဟာ ညိုမောင်းသော ရောင်ခြည်တော် ကွန့်မြူးနေတာပါ'ဟု သိကြရသည်။ လဆန်းရှစ်ရက်၊ လဆုပ်ရှစ်ရက်၊ လပြည့်လကွယ် ဥပုသ်နေ့တိုင်း ရောင်ခြည်တော်ကို လွှတ်လေ့ရှိသည်မှာ သာသနာသက္ကရာဇ် ရှစ်ရာ (၈၀၀)ကျော်လောက်အထိ အရှင်မဟာဗုဒ္ဓဃောသတို့၏ လက်ထက်တော်အထိ ရောင်ခြည်တော် ကွန့်မြူးလေ့ရှိကြောင်းကို "ဥပေါသထဒိဝသေ စေတိယတော နီလရသ္မိယော နိဂစ္ဆန္တိ" လပြည့်လကွယ် ရှစ်ရက် ဥပုသ်နေ့တိုင်း စေတီတော်မှ ညို့မောင်းသော ရောင်ခြည်တော်များ လွှတ်လေ့ရှိသည်ဟု မှတ်တမ်းတင်ခဲ့လေသည်။ (အင်၊ ၄၊)

နောက်ပိုင်းတွင်လည်း စေတီတော်မြတ်ကြီးကို လူအများ ထူးထူးခြားခြား ပူဇော်သော ထီးတော်ပွဲကဲ့သို့သော ပွဲသဘင်ကြီးများ ဆင်ယင်ကျင်းပသော အချိန်အခါမျိုး၌ ရောင်ခြည်တော်ကို လွှတ်တော်မူလေ့ရှိပါသည်။

သာသနာပြုမင်းဖြစ်သော သီရိဓမ္မာသောကမင်းကြီးသည် အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်ကြီး၏ အဓိဋ္ဌာနိဒ္ဓိ တန်ခိုးတော်ဖြင့် ရွှေတိဂုံစေတီတော်မြတ်သို့ အဖူးမျှော်ရောက်သောအခါ "ဆံတော်ရှင်များနှင့် မွေတော်အပေါင်းတို့သည် လေးဆူသော ဘုရားရှင်တို့၏သဏ္ဌာန်တော်ဖြင့် ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးလတ်သော် သီရိဓမ္မာသောကမင်းကြီးနှင့်တကွ ပရိသတ်အပေါင်းတို့သည် အလွန်ဝမ်းမြောက်ဝန်းသာ ပီတိဖြစ်ကြရပြီး ရတနာအမျိုးမျိုးတို့ဖြင့်လည်းကောင်း၊ ပန်း၊ ဆီမီး၊ နံ့သာပြောင်းတို့ဖြင့်လည်းကောင်း ပူဇော်ကြလေသည်" ဟု ဆိုပါသည်။

သက္ကရာဇ် ၈၁၃-ခုနှစ်၊ ဗညားကျန်းတောလက်ထက် စေတီတော်ပြီးလျှင် ထီးတော်ကို ရွှေဆည်းလည်း၊ ငွေဆည်းလည်း၊ ရွှေညောင်ရွက်ဆွဲ၍ တင်သည်။ ရွှေအတိပြီးသော ရွှေကြိုးရှစ်သွယ်ဆိုင်း၍ ထီးတော်တင်သောအခါ ရောင်လျှံတော်က ရောင်ခြည်ကွန့်မြူးသဖြင့် မင်းကြီးနှင့် လူထုပရိသတ်ကြီးများ အလွန်ဝမ်းသာပီတိ ဖြစ်ကြရလေသည်။



ထိုနည်းတူစွာပင် သက္ကရာဇ် ၉၆၇-ခုနှစ်တွင် နန်းတက်သော အနောက်ဖက်လွန်မင်းလက်ထက်တွင် ငဇင်ကာဖျက်ဆီးခဲ့သော ဒဏ်ရာဒဏ်ချက်တို့ကို ပြုပြင်ပြီးနောက် ထီးတော်တင်ပွဲတွင် ရွှေတိဂုံစေတီတော်ကြီးမှ ညို့မောင်းသော ရောင်ခြည်တော်များ ကွန့်မြူးသည်ကို တွေ့မြင်ကြရသဖြင့် လူထုပရိသတ်ကြီးများ အလွန်ဝမ်းသာပီတိ ဖြစ်ကြရလေသည်။

ယခုခရစ်နှစ် ၁၉၉၉-ခုနှစ်၊ ဧပြီလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်က ထီးတော်ကို ပြုပြင်နေစဉ် စိန်ဖူးတော်မှ ရောက်ခြည်တော်များ ကွန့်မြူးလေသည်။ ဓာတ်ပုံရိုက်ယူထားသဖြင့် လူအများ ဖူးကြရသည်။

ဤသို့ စေတီတော်မြတ်ကြီးမှ ရောင်ခြည်တော်များ မကြာခဏ လွှတ်လေ့ရှိသော်လည်း ဖူးရသူရှိသလို မဖူးလိုက်ရသူများလည်း ရှိလေသည်။

သို့ရာတွင် ပြည်သူများအနေဖြင့် ရောင်ခြည်တော်များကို လွှတ်၍ ဖူးရသည်ဖြစ်စေ၊ မဖူးရသည်ဖြစ်စေ စေပါီတော်မြတ်အပေါ်၌ ကြည်ညိုသော စေတနာများမှာ လုံးဝလျော့သွားခြင်း မရှိကြတော့ပေ။

## " ဆုတောင်းပြည့်ခြင်း "

ဘုရင့်နောင် အနော်ရထာသည် မြန်မာတစ်နိုင်ငံလုံး စည်းရုံးနိုင်ရပါလို၏ ဟူသော ဆုတောင်းပြည့်ခဲ့သည်။

ရာဇာဓိရာဇ်မင်းသားငယ်ဘဝ ပြည်ပြေးဘဝတွင် ရွှေတိဂုံတက်၍ မင်းဖြစ်ရပါလို၏ဟု ဆုတောင်းခဲ့ရာ သူ့အလို ပြည့်ခဲ့ရသည်။

ထိုနည်းတူစွာပင် အလောင်းဘုရား ဦးအောင်ဇေယျသည် အမိမြန်မာတစ်နိုင်ငံလုံး စုရုံး၍ သာသနာပြုရပါလို၏ဟူသော ဆုတောင်းပြည့်ခဲ့သည်။

ဤသို့ ဆုတောင်းပြည့်သည်မှာ ဗုဒ္ဓဘာသာကိုးကွယ်သူများသာမဟုတ်၊ ဘာသာခြားများပင်လျှင် လက်တွေ့ဆုတောင်းပြည့်ကြောင်း ကာယကံရှင်က ပြောပေလို့ သိရသည်။

ထိုဘာသာခြားက ကျွန်တော်ဟာ ကျောင်းဆရာဖြစ်ပေမဲ့ အိမ်ပိုင်နဲ့ မနေနိုင်ဘူး။ သူများအိမ်မှာ ငှားနေရတယ်။ ရွှေတိဂုံစေတီတော်ပတ်ဝန်းကျင်မှာ နေ့စဉ် **စာပြရတယ်**။

တစ်နေ့တော့ ရွှေတိဂုံစေတီတော်ကြီးကို ကြည့်ပြီး "စေတီတော်မြတ်ကြီးခင်ဗျာ၊ ကျွန်တော်မှာတော့ အိုးပိုင်အိမ်ပိုင် မရှိသေးလို့ ကူညီပါအုံး" လို့ ပြောမိသတဲ့၊ မကြာမီအတွင်းမှာပဲ အိမ်ဝင်ဖြစ်သွားတယ်လို့ ပြောပြပါတယ်။ ဒါဟာ ဆုတောင်းပြည့်ခြင်းပါပဲ။



## " ပုဂ္ဂိုလ်ထူးများ လာရောက်ဖူးမျှော်ခြင်း "

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော် သုံးထောင်နီးပါး သက်တော်ရှည်ပြီဖြစ်၍ စေတီတော်မြတ်ကြီးအား ပူဇော်၍လည်းကောင်း၊ ရှေ့တော်၌ ကုသိုလ်ကောင်းမှုတစ်ခုခုပြု၍လည်းကောင်း နတ်ရွာသုဂတိသို့ ရောက်သွားသူများ, ထွက်ရက်ပေါက်သွားသူများ များစွာရှိလေသည်။ သူတို့သည် စေတီတော်မြတ်ကြီး၏ ဂုဏ်ကျေးဇူး အထူးသိသည်ဖြစ်၍ မပြတ်လာ ရောက်ဖူးမျှော်တတ်ကြသည်။

တစ်နေ့တာဝန်မှူးအဖြစ် နိုက်ဂျူတီကျရာ ညဘက် စေတီတော်မြတ်ကြီးကို လှည့်ပတ်ဖူးမျှော်ပါသည်။ တစ်ပါတ်ပတ်မိတော့ သော့ခတ်ထားသော ဂူဘုရားစေတီထဲတွင် ပိတ်ဖြူစင်ကြယ်နှင့်ပုတီးစိပ်နေသော ပုဂ္ဂိုလ်တစ်ဦးကို တွေ့ရသည်။ အဝင်အထွက်တံခါးကို သော့ခတ်ထားပါလျက် ဂူတွင်းဝင်ရောက်၍ ပုတီးစိပ်နေခြင်းမှာ ထူးဆန်းသည်ဟု တွေးကာ စောင့်ကြည့်နေမိသည်။ ည၌ (၃)နာရီလောက်မှာ ရင်ပြင်တော်ပေါ် တစ်ပတ်ပတ်ပြီး ထိုပုဂ္ဂိုလ်ထူးကို ပြန်ကြည့်သောအခါ မတွေ့ရတော့ပါ။

တစ်ခါတစ်ရံတွင်မူ အထက်ပစ္စယံတက်၍ သမာဓိကိုထူထောင်ကာ ပုတီးစိပ်ပါသည်။ မိမိပုတီးစိပ်သောနေရာမှာ တစ်ဦးတည်းထိုင်၍ စိပ်နေသော်လည်း ပုတီးပတ်ပြည့်၍ အဓိဋ္ဌာန်ပြီးသောအခါ မိမိ၏အနားမှာ သူတော်စင်တစ်ဦး ရပ်လျက် ဘုရားကို အာရုံပြုနေသည်ကို တွေ့ရသဖြင့် အံ့အား သင့်မိပါသည်။

## " ရက်စွဲသမိုင်းချုပ် "

၁။ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့။ ပစ္စိမယံ၌ ဘုရားရှင်အလောင်းတော်သည် အာသဝက္ခယ ဉာဏ်ခေါ် (အာသဝေါကုန်ခန်းသော စတုတ္ထဝိဇ္ဇာ ဉာဏ်ကို ရရှိတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

၂။ **မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဝါဆိုလဆန်း (၅)ရက်။** ဗုဒ္ဓဟူးနေ့၌ ဘုရာအဖြစ်သို့ ရောက်တော်မူပြီး သတ္တသတ္တာဟ (၄၉)ရက်တို့ပတ်လုံး ဝိမုတ္တိသုခကို ခံစားတော်မူလျက် ကုန်သည် ညီနောင် တဖုဿနှင့်ဘလ္လိက တို့သည် ဘုရားရှင်အား ဆွမ်းဦးကပ်လှူပြီး သရဏဂုံ တည်ကာ ပထမဦးဆုံး ဥပါသကာများ ဖြစ်လာကြသည်၊ ဆံတော်များကို ရရှိကြလေသည်။

၃။ မဟာသက္ကရာဇ်၁၀၃-ခုနှစ်၊တပေါင်းလပြည်၊ ဗုဒ္ဓဟူးနေ့။ ဥက္ကလာပမင်းကြီးနှင့် တဖုဿ ဘလ္လိက ညီနောင် တို့သည် ဦးစီး၍တည်သော ရွှေတိဂုံစေတီတော်မြတ်ကြီး ပြီးစီး အောင်မြင်လေသည်။ သို့ဖြစ်၍ ဆံတော်ရှင်များကို ရလာသောအချိန်မှ ရွှေတိဂုံစေတီတော် တည်သော အချိန်မှာ (၈)လခွဲမျှ ကွာခြားလေသည်။



၄။ မဟာသက္ကရာဇ် ၁၁၁-ခုနှစ် ဘုရားပွင့်တော်မူပြီး (၈)ဝါ။ သထုံပြည်ဘုရင် သီရိမာသောကမင်း၏ ပင့်လျှောက်ထားခြင်းကြောင့် ဘုရားရှင်သည် နောက်ပါရဟန်း သံဃာတော် (၂၅၀၀)နှင့်တကွ သုဝဏ္ဏဘူမိခေါ် သထုံပြည်သို့ ကြွရောက်တော်မူခဲ့လေသည်။ (ကလျာဏီကျောက်စာ)

၅။ မဟာသက္ကရာဇ် ၁၄၈-ခုနှစ်။ ။ဘုရားရှင်သည် သထုံပြည်သို့ ကြွရောက်တော်မူပြီးနောက် ၃၇-ခုနှစ်ကြာသောအခါ ပရိနိဗ္ဗာန်ဝင်စံတော်မူသည်။

၆။ **ဘုရားရှင်ပရိနိဗ္ဗာန်စံပြီး သာသနာသက္ကရာဇ် ၂၃၆-ခုနှစ်။** အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်ကြီး၏ အမိဋ္ဌာနိဒ္ဓိတန်ခိုးတော်ဖြင့် သီရိဓမ္မာသောကမင်းကြီးသည် ရွှေတိဂုံစေတီတော်မြတ်သို့ အဖူးအမြော် လာရောက်လေသည်။ ဒဂုံဆံတော်ရှင် တည်ရာဒေသ၌ သာသနာ တော်မထွန်းကားသေးကြောင်းကို သိရသဖြင့် သာသနာပြု လွှတ်ရန် စီမံလေသည်။

၇။ **သာသနာသက္ကရာဇ် ၂၃၆-ခုနှစ်။** ။အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်ကြီး၏ အမိန့်တော်ဖြင့် အရှင်သောဏ၊ အရှင်ဥတ္တရနှင့်တကွ နောက်ပါ အရှင်အနုရုဒ္ဓ၊ အရှင်တိဿ ဂုတ္တ၊ အရှင်သောဏ

တို့သည် သုဝဏ္ဏဘူမိသထုံပြည်သို့ သာသနာပြုရန် ကြွရောက်တော် မူလာသည်။

၈။ သာသနာသက္ကရာဇ် ၂၃၆-ခုနှစ်။ ။သထုံပြည်ဘုရင် စူဠသီရိမာသောကမင်းက အရှင်ဥတ္တရမထေရ်မြတ်တို့အား ကိုးကွယ်ရန် ဘုရားရတနာကို သနားပါရန် လျှောက်ထားသဖြင့် မထေရ်မြတ်တို့က ခြံနွယ်ပိတ်ပေါင်းတို့ဖြင့် ဖုံးလွှမ်းတိမ်မြုပ် လျက်ရှိသော ရွှေတိဂုံဆံတော်ရှင်မြတ်ကို ညွှန်ပြတော်ကြသည်။(ဓမ္မစေတီကျောက်စာ)

၉။ ဘုရားရှင်ပရိနိဗ္ဗာန်စံပြီး သာသနာသက္ကရာဇ် ၁၀၁-ခုနှစ်၊ မဟာသက္ကရာဇ် ခုနှစ်၊ (၁၄၈-၁၀၁)။ ။ဒွတ္တဘောင်မင်းကြီးသည် စစ်သည်ဗိုလ်ပါများစွာနှင့် ဆံတော်ရှင် များကို ပင့်ဆောင်အံ့ဟု သိင်္ဂုတ္တရကုန်းတော်သို့ ရောက် လာကြပါသည်။ သို့ရာတွင် မိုးကြီးလေကြီးကျသဖြင့် မပင့် ဆောင်နိုင်ချေ။

၁၀။ သာသနာသက္ကရာဇ် ၁၅၆၁-ခုနှစ်၊ မြန်မာသက္ကရာဇ် ၃၇၉-ခုနှစ်။ ။ပုဂံဘုရင်အနော်ရထာမင်းသည် ဆံတော်များကို ပင့်ဆောင်အံ့ဟု စစ်သည်ဗိုလ်ပါ များစွာနှင့် လာရောက်ရာ မြေလျှောင်လှုပ်၊ မိုးကြိုးလောင်မီးကျခြင်း၊ မိုး ကြိုးပစ်ခြင်းစသည့် ကြောက်မက်ဖွယ်ရာများနှင့် တွေ့ကြုံရသဖြင့် စေတီတော်အား ဖူးမြော်ကန်တော့၍ ပြန်သွား ရလေသည်။



၁၁။ သက္ကရာဇ် ၁၇၃၀ခုနှစ်။ ။ဟံသာဝတီပဲခူး၌ ဆင်ဖြူရှင် ဗညားဦး နန်းစံလေသည်။

၁၂။ သက္ကရာဇ် ၇၃၃-ခုနှစ်၊ ခရစ် ၁၃၈၂။ ။ဆင်ဖြူရှင် ဗညားဦးသည် သိင်္ဂုတ္တရကုန်းတော်သို့ လာ၍ ပြိုပျက်နေသော ဆံတော်ရှင်စေတီကို ပြုပြင်သည်။ ဉာဏ်တော် အတောင် လေးဆယ် (၄၀) မြင့်သည်။ ပေခြောက်ဆယ် (၆၀) ရှိသည်။

၁၃။ ၁၄၃၆-ခုနှစ်။ ။လျှောင်လှုပ်၍ ခေါင်းလောင်းအထိ ပြိုသည်။ ဗညားရန်၊ ဗညားဗရု၊ ဗညးကင်းဒေါ်၊ ရှင်စောပုတို့ပါဝင်၍ အဆက်ဆက် ပြုပြင်ခဲ့ရာ ဉာဏ်တော် (၃၀၂) ပေ ဖြစ်လာသည်။

၁၄။ ၁၄၇၆-ခုနှစ်။ ။ဘုရင်မကြီး ရှင်စောပုနှင့် ဓမ္မစေတီတို့က ပြင်ဆင်မွမ်းမံသည်။ ကြေးပိဿာချိန် တစ်သိန်းရှစ်သောင်း (၁၈၀၀၀)ရှိ ဓမ္မစေတီခေါင်းလောင်းကြီးကို လှူဒါန်းသည်။

၁၅။ ၁၄၈၅-ခုနှစ်။ ။ရွှေတိဂုံကျောက်စာတိုင်ကို ရေးထိုးစိုက်ထူသည်။

၁၆။ ၁၅၆၄-ခုနှစ်။ ။ဘုရင့်နောင်လက်ထက်တွင် လျှောင်ကြီးလှုပ်၍ စေတီတော်ပြိုသည်။

၁၇။ ၁၅၇၂-ခုနှစ်။ ။၁၅၆၄-ခုနှစ်ငလျင်လှုပ်ပြီး ပြိုသော အပျက်အစီးများကို ဘုရင့်နောင်က ပြင်ဆင်ပြီး ထီးတော်သစ်ကို တင်သည်၊ မကိုဋ်ကို လှူဒါန်းသည်၊ ပွဲသဘင်ကျင်းပသည်။

၁၈။ ၁၅၈၂-ခုနှစ်။ ။နန္ဒဘုရင် (ငါးဆူဒါယကာ) လက်ထက်တွင် ထီးသစ်တင်သည်၊ ကြေးပိဿာချိန် (၁၄၀) ရှိသော ခေါင်းလောင်း လှူဒါန်းသည်။

၁၉။ ၃၊ ၁၁၊ ၁၅၈၃-ခုနှစ်။ ။အီတလီပြည်၊ ဗင်းနစ်မြို့သားကုန်သည် ဂတပ်ဗရိုဗာလဗီး မြန်မာပြည်ရောက်၍ ရွှေတိဂုံစေတီရင်ပြင်ပေါ် သို့ တက်ရောက်သည်။

၂၀။ ၁၅၈၃-ခုနှစ်။ ။အင်္ဂလိပ်လူမျိုး ရပ်ဖ်ချ်ဒဂုန်ရောက်၍ ရွှေတိဂုံစေတီတော်အကြောင်း မှတ်တမ်းတင်သည်။

၂၁။ ၁၆၀၈-ခုနှစ်။ ။ငလျင်ကြီးလှုပ်၍ ရွှေဘိဂုံစေတီတော်ခေါင်းလောင်းပုံ အထိ ပြိုကျသည်။

၂၂။ ၇၊ ၁၆၁၀-ခုနှစ်။ ။၁၆၀၈-ခုနှစ်ကငလျင်ကြောင့် အပျက်အစီးများကို ပြင်၍ ပထမဦးဆုံး ပြည်သူများ စုပေါင်းတင်လှူသည့် ထီးတော်ကို တင်သည်။ အင်္ဂဗုမ်ဆရာတော်က ဦးစီးသည်။

၂၃။ ၁၆၁၂-ခုနှစ်။ ။ငဇင်ကာသည် ဓမ္မစေတီခေါင်းလောင်းတော်ကြီးကို ဖြုတ်ယူသွားသဖြင့် ဒေါ်ဒိုမြစ်တွင်း၌ ကျခဲ့သည်။



၂၄။ ၁၆၁၃-ခုနှစ်။ ။အနောက်ဘက်လွန်မင်းက သာသနာဖျက် ငဇင်ကာကို နှိမ်နင်း၍ ဒဂုံမြို့သို့ ပြန်လာပြီး စေတီတော်မြတ်ကြီးအား ကြေးခေါင်းလောင်း လှူဒါန်းခဲ့သည်။

၂၅။ ၁၉၊ ၂၊ ၁၉၁၉-ခုနှစ်။ ။အနောက်ဘက်လွန်မင်းလက်ထက်တွင် ထီးတော်သစ်တင်သည်၊ ငွေခေါင်းလောင်းကို လှူပြီး စောင့်ရှောက်ရန် လူ (၄၂၀)ယောက်တို့ကို ထားခဲ့သည်။

၂၆။ ၁၁၊ ၁၆၂၁-ခုနှစ်။ ။အနောက်ဘက်လွန်မင်း လက်ထက်ငလျင်လှုပ်၍ စေတီတော်အထက်ပိုင်း ပြိုကျပြီး မဟာရံတံတိုင်များလည်း ပြိုကျသည်။

၂၇။ ၃၊ ၁၆၂၂-ခုနှစ်။ ။ငလျင်ကြောင့် ပြိုကျသည်များကို ပြုပြင်၍ ထီးတော်သစ်တင်သည်၊ ရွှေသက်နန်းကို ကပ်လှူပူဇော်သည်။

၂၈။ ၂၆၊ ၁၂၊ ၁၆၄၄-ခုနှစ်။ ။ငလျင်လှုပ်၍ ပြိုကျသည်ကို သာလွန်မင်းက ထီးတော်ဟောင်းကို ပြုပြင်ပြီး ပြန်၍ ထီးတော်ကို တင်သည်။

၂၉။ ၆၊ ၅၊ ၁၆၅၂-ခုနှစ်။ ။ငလျင်လှုပ်၍ ပြိုကျသည်ကို ပင်းတလဲ မင်းက ထီးပြန်တင်သည်။

၃၀။ ၁၆၆၂-ခုနှစ်၊ ဖေဖော်ဝါရီလ။ ။ပြည်မင်းလက်ထက် ငလျင်လှုပ်၍ ထီးတော်ဘုံသုံးဆင့် လွင့်စင်၍ မြေခသည်။

၃၁။ ၉၊ ၁၆၆၃-ခုနှစ်။ ။ပြည်မင်းက ထီးတော်ဟောင်းကို အင်းဝသို့ ပြန်ယူ၍ ပြုပြင်ပြီးနောက် ပြန်တင်သည်။

၃၂။ ၁၆၄၄-ခုနှစ်၊ ဒီဇင်ဘာလ။ ။လျှင်လှုပ်သဖြင့် စိန်ဖူးနှင့်တကွ ထီးတော် အနောက်မြောက်ထောင့်သို့ ကျသည်။ ငှက်ပျောဖူးနှစ် ခေါင်းလောင်းပုံ ပြိုသည်။

၃၃။ ၂၊ ၁၆၆၇-ခုနှစ်။ ။စေတီတော်ကြီးဟို ပြုပြင်၍ ထီးသစ်ကို တင်သည်။

၃၄။ ၈၊ ၁၆၇၉-ခုနှစ်။ ။ငလျင်အကြိမ်ကြိမ် လှုပ်ခဲ့သောကြောင့် စေတီကြီးပြိုသည်ကို အများဝိုင်းဝန်း ပြုပြင်သည်။

၃၅။ ၂၃၊ ၆၊ ၁၇၅၅-ခုနှစ်။ ။အလောင်းဘုရား ရွှေတိဂုံ စေတီတော်ကို ပူဇော်ရန် တက်ရောက်သည်။ ရင်ပြင်တွင် ဂုဏ်တော်ကိုးပါး (၁၀၀၀)ပြည့်အောင် ရွတ်ဆိုပူဇော် ပါသည်။

၃၆။ ၇၊ ၁၇၅၇-ခုနှစ်။ ။အလောင်းဘုရား ကောင်းမှု ရွှေသင်္ကန်း ကပ်လှူသည်။ သုဓမ္မာဇရပ်ကြီးများကို ဆောက်လုပ်လှူဒါန်းသည်။

၃၇။ ၁၃၊ ၆၊ ၁၇၆၈-ခုနှစ်။ ။ ဆင်ဖြူရှင်များလက်ထက်တွင် ငလျင်လှုပ်၍ စေတီတော်သပိတ်မှောက်အထက် ပြိုကျသည်။ စေတီပစ္စယာ ပန်းတင်ခုံလည်း ပျက်သည်။



ဆင်ဖြူရှင်က ပြင်ဆင်ရန် ထီးတော်အသစ်ကို လုပ်၍ ရွှေကိုယ်လေးချိန် မျက်ပါးခတ်စေသည်။

၃၈။ ၃၊ ၁၇၇၅-ခုနှစ်။ ။ဆင်ဖြူရှင် ထီးတော်တင်ရန် ရန်ကုန်သို့ ရောက်သည်။ ရန်ကုန်မြို့အနောက်မြောက် ယွန်းတွင် သဘင်နန်းနှင့်စံသည်။

၃၉။ ၁၅၊ ၃၊ ၁၇၇၅-ခုနှစ်။ ။ဆင်ဖြူဆင်ကောင်းမှု အမြင့် (၃၈)ပေ၊ (၉)လက်မရှိသော ဘုံခုနစ်ဆင့် ထီးတော် သစ်ကို တပေါင်းလပြည့်နေ့တွင် စေတီတော်မြတ် အရပ်မှ စက်သီးဖြင့် တင်သည်။ ထိုအချိန်မှ ဉာဏ်တော် (၃၃၈) ပေရှိသည်ဟု ဆိုသည်။

၄၀။ ၂၇၊ ၁၊ ၁၇၇၉-ခုနှစ်။ ။ဆင်ဖြူရှင်အမိန့်ဖြင့် ရွှေတိဂုံ စေတီတော် ရင်ပြင်ပေါ်၌ ဆွဲချိတ်လှူဒါန်းရန် ကြေးပိဿာချိန် (၁၅၅၅)ရှိသော ခေါင်းလောင်းကြီးကို မဟာဃဏ္ဍာဘွဲ့ပေး၍ ဆွဲလှူသည်။ စဉ့်ကူးမင်းခေါင်းလောင်ဟု ထွင်သည်။

၄၁။ ၆၊ ၂၊ ၁၇၈၆-ခုနှစ်။ ။ဘိုးတော်ဘုရားခေါ် ဗဒုံမင်းက ရင်ပြင်တော်ပေါ်မှာ ကြေးနီအုတ် ကြွပ်မိုးဇရပ်ကို ဆောက်လုပ်လှူဒါန်းသည်။

၄၂။ ၄၊ ၁၇၉၅-ခုနှစ်။ ။အင်္ဂလိပ်သံကိုယ်စားလှယ် မိုက်ကယ်ဆိုင်း ရန်ကုန်သို့ရောက်၍ စေတီရင်ပြင်ပေါ် ရောက်သည်။

၄၃။ ၁၄၊ ၁၁၊ ၁၇၉၆-ခုနှစ်။ ။အင်္ဂလိပ်သံဟီရန်ဟောက် ဒဂုန်သို့ ရောက်၍ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ခြေ ရင်းမှ သွားကြည့်ပြီး ဘုရားဖူးများ စည်ကားပုံ မှတ်တမ်းရေးသည်။

၄၄။ ၁၈၁၇-ခုနှစ်။ ။အများကောင်းမှုဖြင့် စေတီတော်ကို ရွှေသင်္ကန်းကပ်လှူသည်။

၄၅။ ၁၂၊ ၅၊ ၁၈၂၄-ခုနှစ်။ ။ရွှေတိဂုံစေတီတော်ကုန်းတော်ကို အင်္ဂလိပ်စစ်တပ်တက်၍ သိမ်းပြီး ခံတပ်လုပ်သည်။ ဌာပနာတိုက်များကို ဖောက်၍ အဖိုးတန်သော ရတနာများကို ယူသည်။ စဉ့်ကူးမင်းခေါင်းလောင်းကြီးကို ဖြုတ်ယူ၍ သင်္ဘောပေါ်တင်ရာ မြစ်ထဲကျသည်။

၄၆။ ၁၊ ၁၈၂၆-ခုနှစ်။ ။အင်္ဂလိပ်စစ်တပ် ဖြုတ်ယူ၍ မြစ်ထဲကျသော စဉ့်ကူးမင်းခေါင်းကြီးကို မြန်မာများ ရအောင် ဆယ်ယူပြီး ပြန်လည်ဆွဲလှူသည်။

၄၇။ ၉၊ ၁၂၊ ၁၈၂၆-ခုနှစ်။ ။ရွှေတိဂုံကုန်းတော်ကို အင်္ဂလိပ်လက်ထဲက ပြန်၍ရသည်။ ဟံသာဝတီ ဝန်ကြီး မဟာမင်းလှရာဇာက လက်ခံယူသည်။ အပျက်အစီးများကို အကြီးအကျယ် ပြုပြင်မွမ်းမံရသည်။

၄၈။ ၃၊၁၀၊ ၁၈၄၁-ခုနှစ်။ ။သာယာဝတီ (ရွှေဘိုမင်း) စေတီတော်ကို ဖူးမြော်ရန် တက်ရောက်သည်။ ရန်ကုန်တွင် နန်းးသစ်ဆောက်၍ ငါးလမျှ စံနေသည်။



၄၉။ ၂၀၊ ၁၂၊ ၁၈၄၁-ခုနှစ်။ ။စေတီတော်ကြီးကို သာယာဝတီမင်းက ရွှေပုဏ္ဏန်ခံ ကပ်လှူသည်။

၅၀။ ၂၆၊ ၁၂၊ ၁၈၄၁-ခုနှစ်။ ။သာယာဝတီ (ရွှေဘိုမင်း)က ရွှေတိဂုံရင်ပြင်မှာ အလှူတော်ရေစက်ချသည်။ မိဖုရားမမြကလေးက ခေါင်းလောင်းတန်ဖိုးကို လှူသည်။

၅၁။ ၂၀၊ ၁၊ ၁၈၄၂-ခုနှစ်။ ။ရွှေဘိုမင်း ရွှေတိဂုံရင်ပြင်ပေါ်သို့ တက်ပြီး သံသေခေါင်းလောင်း နှစ်လုံးနှင့်ဆည်းလည်းများကို လှူသည်။ သွန်းလုပ်ဆဲ ခေါင်းလောင်းကြီး မပြီးသေးသော်လည်း မစောင့်နိုင်သောကြောင့် ဆက်လက်သွန်းလုပ်စေပြီး ပြန်ရန် စီစဉ်သည်။

၅၂။ ၂၂၊ ၁၊ ၁၈၄၂-ခုနှစ်။ ။သာယာဝတီမင်းနှင့် အခြွေအရံများ ရန်ကုန်မှ အမရပူရသို့ ပြန်ကြသည်။

၅၃။ ၁၉၊ ၂၊ ၁၈၄၃-ခုနှစ်။ ။သာယာဝတီမင်းကောင်းမှု မဟာတိသဒ္ဒယဏ္ဍာခေါင်းလောင်းကြီးကို လူ (၅၀)ဖြင့် သွန်းလုပ်ပြီးစီးသည်ကို ဘုရင်မကြွရောက်နိုင်သဖြင့် အသည်ဝန် မဟာစည်သူနှင့် ပန်းတဉ်းဝန်တို့က တန်ဆောင်းပြာသာဒ်နှင့် ဆွဲလှူသည်။

၅၄။ ၁၄၊၄၊ ၁၈၅၂-ခုနှစ်။ ။အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲတွင် အင်္ဂလိပ်တပ်များ ကုန်းတော်ကိုတက်၍ တိုက်ခိုက်သိမ်းယူသည်။ တပ်စွဲ၍ ဌာပနာတိုက်များကို ဖောက်ယူပြန်သည်။

၅၅။ ၂၁၊ ၇၊ ၁၈၅၂-ခုနှစ်။ ။အိန္ဒိယဘုရာခံချုပ် လော့ဒ်ဒါလဟိုဇီ ကုန်းတော်ပေါ် တက်သည်။

၅၆။ ၁၊ ၁၁၊ ၁၈၅၂-ခုနှစ်။ ။ကုန်းတော်အောက်ခြေတွင် လက်နက်တိုက်ပေါက်၍ လူငါးဦး ဒဏ်ရာရသည်။

၅၇။ ၂၂/၂၃၊ ၁၈၅၃-ခုနှစ်။ ။ကုန်းတော်ကို တက်ရောက် သိမ်းမည့်ဟူ သတင်းရသဖြင့် အစောင့်ပေးချထားပြီး ဆူပူမည် ထင်ရသောသူများကို ဖမ်းသည်။

၅၈။ ၁၈၅၃-ခုနှစ်။ ။အိန္ဒိယဘုရင်ခံချုပ်လော့ဒါလဟိုဇီက စေတီတော်ကြီးကို အင်္ဂလိပ်စစ်သားများ ဆက်ပြီး ဖောက် ထွင်းလုယူခြင်းမပြုရ အမိန့်ထွက်သည်။

၅၉။ ၁၈၅၆-ခုနှစ်။ ။၁၈၅၅-ခုနှစ်မှစ၍ စစ်ကြောင့် အပျက် အစီးများကို အင်္ဂလိပ်အစိုးရ၏ခွင့်ပြုချက်ဖြင့် မြူပြင်၍ ဦးထော်လေးက စတင်၍ဆောင်ရွက်သည်။ ဦးထော် လေးသည် စေတီတော်အထက်ပစ္စယာတွင် ဖောက်ထွင် ထားသော အပေါက်ကြီးကို ဖို့ခြင်း၊ စေတီတော်အတွက် ထီးတော်ကို ပြင် ဆင်ခြင်း ပြန်လည်လှူဒါန်းခြင်း ပြု လုပ်သည်။ တပေါင်းလတွင် ခေါင်းလောင်းများ ပြန်၍ တပ်ဆင်သည်။

၆၀။ ၁၈၆၇-ခုနှစ်။ ။ကုန်းတော်ပတ်လည်ကို အင်္ဂလိပ်ခံတပ် အဖြစ် အခိုင်အမာ စတင်ပြုလုပ်သည်။



၆၁။ ၁၈၆၉-ခုနှစ်၊ ရွှေတိဂုံစေတီတော်ကြီးကို စောင့်ရှောက်ရန် ဘုန်းတော်ကြီး ဦးပြာ (ဦးပဏ္ဍိ) ကို နာယကထားပြီး ဂေါပကဖွဲ့သည်။

၆၂။ ၁၁၊ ၁၂၊ ၁၈၆၉-ခုနှစ်။ ။ဂေါပကအဖွဲ့က စည်းဝေး၍ ထီးတော်သစ်တင်လှူရန် ပြည်သူအားနှင့် မဖြစ်နိုင်၍ မန္တလေးမှ မင်းတုန်းမင်းကို ဆောင်ရွက်ပေးပါရန် လျှောက်ထားဖို့ ဆုံးဖြတ်သည်။

၆၃။ ၂၆၊ ၁၂၊ ၁၈၆၉-ခုနှစ်။ ။မင်းတုန်းလင်း၏ ရွှေတိဂုံတော် ရှင်ထီးတော်သစ်ကို တင်ရန် အမိန့်ညီလာ ခံတွင် ချမှတ်သည်။

၆၄။ ၁၁၊ ၁၊ ၁၈၇၀-ခုနှစ်။ ။မင်းတုန်းမင်း၏ ထီးတော် သစ်တင်ရန် အမိန့်ချခြင်းကို စေတီရင်ပြင် သာယာဝတီ ခေါင်းလောင်းအနီး၌ မှတ်လွှာဖတ်ပွဲ ပြုလုပ်သည်။

၆၅။ ၇၊ ၅၊ ၁၈၇၀-ခုနှစ်။ ။ထီးတော်မန္တလေးတွင် ပြုလုပ်ရန် အတွက် အလှူပါရန် ရန်ကုန်မှ ငွေများ၊ ပစ္စည်းများ ပို့သည်။

၆၆။ ၂၊ ၁၀၊ ၁၈၇၁-ခုနှစ်။ ။ထီးတော်ကြီးကို မန္တလေးတွင် ပြုလုပ်ပြီးစီး၍ မင်းတုန်းမင်းက ရေစက်ချ လှူဒါန်းသည်။

၆၇။ ၂၂၊ ၁၀၊ ၁၈၇၁-ခုနှစ်။ ။ထီးတော်သစ် ပင့်ဆောင် လာသောအဖွဲ့ ရေနန်းစကြာသင်္ဘောဖြင့် ရန်ကုန် လမ်းမတော်ဆိပ်သို့ ဆိုက်ရောက်လာသည်။

၆၈။ ၂၆၊ ၁၀၊ ၁၈၇၁-ခုနှစ်။ ။ထီးတော်အဖွဲ့ခေါင်းဆောင် မင်းကြီး မဟာမင်းကျော်မင်းထင် (ပုပ္ပါးဝန်ထောက်)က အင်္ဂလိပ် မဟာမင်းကြီးကို အခမ်းအနားဖြင့် အတွင်းဝန်ရုံးတွင် ထီးတော်ပေးအပ်ပွဲ လုပ်သည်။

၆၉။ ၂၈၊ ၁၀၊ ၁၈၇၁-ခုနှစ်။ ။ထီးတော်သစ်သည် ရွှေတိဂုံကုန်းတော်ပေါ်ရှိ ဒေါဖွားဇရပ်သို့ ရောက်သည်။

၇၀။ ၁၄၊ ၁၁၊ ၁၈၇၁-ခုနှစ်။ ။ထီးတော်ဟောင်းကို တစ်ပိုင်းစီ စပြီးချရာ (၁၈)ရပ်နေ့တွင် ပြီးစီးသည်။

၇၁။ ၁၉၊ ၁၁၊ ၁၈၇၁-ခုနှစ်။ ။ထီးတော်သစ်ကို စ၍တင်ရာ စက်ပျက်၍ မအောင်မြင်ပေ။

၇၂။ ၂၁၊ ၁၁၊ ၁၈၇၁-ခုနှစ်။ ။ထီးတော် ပထမဘုံကို တင်၍ ပြီးသည်။

၇၃။ ၂၆၊ ၁၁၊ ၁၈၇၁-ခုနှစ်။ ။ထီးတော်သစ်နှင့်တကွ စိန်ဖူး၊ ငှက်မြက်နားတင်၍ ပြီးမြောက်အောင်မြင်သည်။

၇၄။ ၂၇၊ ၁၁၊ ၁၈၇၁-ခုနှစ်။ ။ပုပ္ပါးဝန်ထောက်နှင့်အဖွဲ့ ရန်ကုန်မှထွက်၍ နေပြည်တော်သို့ ပြန်သည်။

၇၅။ ၂၂၊ ၁၁၊ ၁၈၇၁-ခုနှစ်။ ။စေတီတော် တပေါင်းပွဲမှာ ခါတိုင်းနှစ်များထက် ထူးပြီး စည်ကားသည်။ တောရွာများမှ ဘုရားဖူးအများ လာရောက်သည်။



၇၆။ ၁၅၊ ၃၊ ၁၈၇၂-ခုနှစ်။ ။ကင်းဝန်မင်းကြီး ခေါင်းဆောင်သော လန်ဒန်သွားသံအဖွဲ့ ရွှေတိဂုံကုန်းတော်မှာတက်ပြီး မြောက်မျက်နှာဇရပ်တွင် ဆွမ်းကျွေးသည်။ စေတီတော်အရှေ့ဘက်ရှိ ကျောင်းတော်ရာသို့ သွားကြ၏။

၇၇။ ၁၁၊ ၄၊ ၁၈၇၂-ခုနှစ်။ ။အင်္ဂလိပ် မဟာဝန် ရှင်တော်မင်းကြီးက နောက်ထပ်ဘဏ္ဍာထိန်းလူကြီး (၅)ဦးခန့်ထားကြောင်း အမိန့်ထုတ်သည်။ လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းပေးသည်။

၇၈။ ၂၆၊ ၃၊ ၁၈၇၄-ခုနှစ်။ ။ကင်းဝန်မင်းကြီးဦးဆောင်သော ပြင်သစ်ပြည် ပါရီသွားသံအဖွဲ့ ဓာတ်တော်ကို ဝင်၍ ဖူးရင်း ဆွမ်းတော်ကပ်သည်။

၇၉။ ၂၀၊ ၁၀၊ ၁၈၇၄-ခုနှစ်။ ။ကင်းဝန်မင်းကြီး၏ ပါရီပြန်သံအဖွဲ့ အပြန် ရန်ကုန်ဝင်ပြီး စေတီတော်ကြီးတွင် တစ်ကြိမ် ဆွမ်းတော်ကြီး ကပ်သည်။

၈၀။ ၂၆၊ ၄၊ ၁၈၈၅-ခုနှစ်။ ။ရန်ကုန်ခရိုင် တရားသူကြီးရုံးက ရွှေတိဂုံစေတီဘဏ္ဍာထိန်းအဖွဲ့ဝင် (၉)ဦး ခန့်အပ်သည့် ဂေဇက်ကို ထုတ်ပြန်သည်။

၈၁။ ၂၊ ၁၈၈၆-ခုနှစ်။ ။ရုရှားပါဠိပညာရှင် မိနေယယ် မြန်မာနိုင်ငံသို့ ရောက်၍ ရွှေတိဂုံစေတီတော်သို့ အဖူးအမြော်တက်ရောက်သည်၊ မှတ်တမ်းရေးသည်။

၈၂။ ၉၊ ၁၀၊ ၁၈၈၈-ခုနှစ်။ ။လျှပ်စစ်လျှပ်၍ ငှက်မြတ်နားနှင့် စိန်ဖူးတော်အောက်သို့ ကျသည်။ ရွှဲအထက်မှ အင်္ဂတေများကွာကျသည်။

၈၃။ ၁၇၊ ၃၊ ၁၈၈၉-ခုနှစ်။ ။၁၈၈၈-ခုနှစ်က လျှပ်ကြောင့် ပြုတ်ကျသော စိန်ဖူးနှင့်ငှက်မြတ်နားကို ပြင်ဆင်ပြီးနောက် တပေါင်းလပွဲတော်တွင် ပြန်၍တင်လှူသည်။

၈၄။ ၁၈၉၈-ခုနှစ်။ ။မြို့လူထုက မဲဆန္ဒဖြင့် ပထမဆုံး ရွေးကောက်သော ဘဏ္ဍာထိန်းအဖွဲ့ စတင်ဆောင်ရွက်သည်။

၈၅။ ၁၈၉၉-ခုနှစ်။ ။စေတီတော်ကြီး၏ငှက်ပျောဖူးတော်တွင် ရွှေစင်ရွှေပြား စတင်တင်လှူသည်။

၈၆။ ၁၉၀၀-ခုနှစ်။ ။စေတီတော်ကြီးအား ရွှေသင်္ကန်း များကို ကပ်လှူရန် ကြေငြာ၍ အလှူရှင်များကို ဖိတ်ခေါ်သည်။

၈၇။ ၂၊ ၃၊ ၁၉၀၃-ခုနှစ်။ ။စေတီတော်ကြီးခေါင်းလောင်းပုံ တောင်ဘက် အနားလန်စန်းတွင် ကျားတစ်ကောင်တက်နေ၍ ဂေါ်ရာများ လာရောက်ပြီး သေနတ်ဖြင့် ပစ်၍ သတ်ရသည်။

၈၈။ ၂၆၊ ၅၊ ၁၉၀၄-ခုနှစ်။ ။စေတီတော် ကိုယ်လုံးပြည့် ရွှေသင်္ကန်း ကပ်လှူသည်။



၈၉။ ၁၉၀၆-ခုနှစ်။ ။ပဋ္ဌမမြောက် ဂျော့ဘုရင်လောင်း ဝေလမင်းသားနှင့်ကြင်ယာတော် မေရီမင်းသမီး ရွှေတိဂုံကုန်းတော်ပေါ် တက်ရောက်ကြည်ညိုသည်။

၉၀။ ၂၊ ၁၀၊ ၁၉၀၈-ခုနှစ်။ ။ဘုရားပိုင်မြေကွက် အကျယ် (၄၉. ၇၄)ဧကအတွက် အင်္ဂလိပ်အစိုးရက ဂရန်ထုတ်ပေးသည်။

၉၁။ ၆၊ ၂၊ ၁၉၁၈-ခုနှစ်။ ။သူရိယမဂ္ဂဇင်းတွင် ကာတွန်းဦးဘကလေးက ဘုရားပေါ်တွင် မျက်နှာဖြူများ ဖိနပ်စီးသည့်အကြောင်းနှင့် ဖိနပ်စီးသည့်ကိစ္စကြောင့် ဝိုင်အမ်ဘီအေအဖွဲ့ ကြီး၍ သဘောကွဲလွဲပုံကို ကာတွန်းများ ရေးဆွဲ၍ သရော်သည်။

၉၂။ ၁၉၁၉-ခုနှစ်။ ။လျှပ်စစ်လျှပ်၍ ငှက်မြက်နားတိုင် ယိုင်သည်။

၉၃။ ၂၉၊ ၁၀၊ ၁၉၁၉-ခုနှစ်။ ။ဘုရားစေတီများတွင် ဖိနပ်မစီးရဟု အင်္ဂလိပ်အစိုးရက အမိန့်ထုတ်သည်။ သို့ရာတွင် တာဝန်အရ သွားရောက်လျှင် စီးနိုင်သည်ဟု ချွင်းချက်ပါ ရှိသည်။

၉၄။ ၁၉၁၉-ခုနှစ်။ ။အင်္ဂလိပ်စစ်တပ်မျာ ဘုရားကုန်းတော်ပေါ်မှ ပြောင်းရွှေ့သွားရန် စပြီး အရေးဆိုသည်။

၉၅။ ၅၊ ၁၂၊ ၁၉၂၀-ခုနှစ်။ ။ရန်ကုန်ကောလိပ်မှ သပိတ်မှောက် ကျောင်းသားများ ဘုရားအရှေ့ဘက် ဗဟန်း ဦးအရိယကျောင်းတိုက်၌ စခန်းချသည်။

၉၆။ ၁၂၊ ၁၂၊ ၁၉၂၀-ခုနှစ်။ ။အင်္ဂလိပ်အတိုင်အခံ လေဘာပါတီအမတ် ကာနယ်ဝက်ဂျ်ဝုဒ် ဇနီးမောင်နှံ ဘုရားပေါ်သို့ ဖိနပ်ချွတ်တက်သည်။ ကောလိပ်သပိတ်မှောက်ကျောင်းသားများနှင့် တွေ့ဆုံဆွေးနွေးသည်။

၉၇။ ၁၆-၂၃၊ ၃၊ ၁၉၂၁-ခုနှစ်။ ။၁၉၉၉-ခုက ငလျင်ကြောင့် ပျက်စီးသော ငှက်မြက်နားကို ပြုပြင်ပြီး အသစ်တင်လှူပွဲ ပြုလုပ်သည်။ ဆရာလင်း မော်ကွန်းရေးသည်။

၉၈။ ၂၂၊ ၁၊ ၁၉၂၉-ခုနှစ်။ ။ကုန်းတော်ပေါ်၌ အင်္ဂလိပ်စစ်သင်္ချိုင်းကို ကန်တော်မင် အင်္ဂလိပ်သင်္ချိုင်းသို့ အခမ်းအနားဖြင့် ပြောင်းသည်။

၉၉။ ၂၇၊ ၁၁၊ ၁၉၂၉-ခုနှစ်။ ။ဘဏ္ဍာတော်ထိန်းအဖွဲ့က လက်မှတ်ရေးထိုး၍ ဘုရင်ခံနှင့်ဘုရားလူကြီးတို့ စစ်တပ်ပြောင်းရေး သဘောတူညီချက် ကြေငြာသည်။

၁၀၀။ ၂၉၊ ၁၁၊ ၁၉၂၉-ခုနှစ်။ ။အင်္ဂလိပ်စစ်တပ်များ ကုန်းတော်ပေါ်မှ အပြီးအပိုင် ရွှေ့ပေးသည်။

၁၀၁။ ၈၊ ၂၊ ၁၉၃၀-ခုနှစ်။ ။အရှင်ဦးဝိစာရ၏အလောင်းတော်ကို အနောက်ဘက်မုခ်အနီးတွင် ပြည်သူတို့က မီးသဂြိုဟ်ကြသည်။

၁၀၂။ ၂၊ ၃၊ ၁၉၃၀-ခုနှစ်။ ။စစ်တပ်များ ရှိစဉ်က ပြည်သူပြည်သားများ တက်ခွင့်မရခဲ့သော အနောက်



ဘက် စောင်းတန်းကြီးကို သံဃာအပါး (၄၀၀၀) တို့အားဆွမ်းကျွေး၍ ဖွင့်သည်။ မဏ္ဍပ်(၁၃၀)ကျော်ဖြင့် ကျွေးမွေးဧည့်ခံသည်။

၁၀၃။ ၅၊ ၅၊ ၁၉၃၀-ခုနှစ်။ ။ငလျင်ကြီးလှုပ်၍ ငှက်မြက်နားတိုင် ကျိုးကျပြီး စိန်ဖူးတော် တွဲလွဲကျသည်။

၁၀၄။ ၂၁၊ ၇၊ ၁၉၃၀-ခုနှစ်။ ။ဦးစံထွန်းတန်ဆောင်းတွင် ဒို့ဗမာသီချင်းဆိုပွဲ ပြုလုပ်ရာ ဝိုင်အမ်ဘီအေ ဆရာတင်က တိုင်ကြားပေးသည်။

၁၀၅။ ၉၊ ၁၉၃၀-ခုနှစ်။ ။ကုန်းတော်ပေါ်မှာ လူငယ်များက (၅၀၀၀)ကျော် စုဝေးပြီး အစည်းအရုံး ဖွဲ့စည်းသည်။

၁၀၆။ ၆၊ ၃၊ ၁၉၃၀-ခုနှစ်။ ။ကုန်းတော်ပေါ်မှာ မီးကြီးလောင်သည်။ အဖိုးတန်လက်ရာများနှင့် တန်ဆောင်း (၂၀) ကျော် မီးထဲပါသွားသဖြင့် သိန်း (၂၀)ဖိုး ဆုံးရှုံးသည်။

၁၀၇။ ၃၀၊ ၄၊ ၁၉၃၀-ခုနှစ်။ ။၁၉၃၀-ခုနှစ်ငလျင်ကြောင့် ပျက်စီးသော စိန်ဖူးတော်ကို ပြုပြင်ပြီး ပြန်လည်တပ်သည်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ဩဘာစာ ရဟုရေးသည်။

၁၀၈။ ၁၀၊ ၇၊ ၁၉၃၂-ခုနှစ်။ ။အနောက်ဘက်မုခ်စောင်းတန်းကို ဆောက်လုပ်ရန် အလယ်တောရဆရာတော် အုတ်မြစ်ချသည်။

၁၀၉။ ၁၉၃၅-ခုနှစ်။ စေတီဖိနပ်တော်ရင်း ပတ်လည်တွင် ဂေါပကလူကြီး ဦးဘသော်နှင့်ဒေါ်သဲမေတို့က သံစည်း ရိုးကာရန် လှူဒါန်းသည်။

၁၁၀။ ၂၅၊ ၂၊ ၁၉၃၆-ခုနှစ်။ ။တက္ကသိုလ်သပိတ်မှောက် ကျောင်းသားများက ကုန်းတော်ပေါ်တက်၍ သပိတ်စခန်း ချသည်။

၁၁၁။ ၈၊ ၁၊ ၁၉၃၉-ခုနှစ်။ ။ရေနံမြေသပိတ်မှောက် အလုပ်သမားများနှင့် ရန်ကုန်ပတ်ဝန်းကျင်မှ သပိတ် မှောက်သမားများ ရွှေတိဂုံကုန်းတော်ကို ဗဟိုပြု၍ စခန်းချသည်။

၁၁၂။ ၉၊ ၁၊ ၁၉၃၉-ခုနှစ်။ ။ကုန်းတော်ပေါ်တွင် နယ်ချဲ့ ဆန့်ကျင်ရေး လူထုအစည်းအဝေးပွဲများ လုပ်သည်။ ၁၃၀၀-ပြည့်နှစ် အရေးတော်ပုံကာလ ဖြစ်သည်။

၁၁၃။ ၂၃၊ ၁၊ ၁၉၃၉-ခုနှစ်။ ။တောင်ဘက်စောင်းတန်းရှိ မော်လမြိုင်ဇရပ်တွင် ဖွင့်လှစ်ထားသော ဒို့ဗမာ အစည်းအရုံး ဌာနချုပ်သို့ ပုလိပ်မင်းကြီး ပရက် စတော့နှင့်အဖွဲ့ ဖိနပ်စီး၍ တက်ရာ ပြင်းထန်စွာ ကန့်ကွက်ကြသည်။

၁၁၄။ ၂၂၊ ၆၊ ၁၉၃၉-ခုနှစ်။ ။ရွှေတိဂုံစေတီတော် ဥပဒေ (စကင်းဘိုင်လော) ကို တရားလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းပေးသည်။



၁၁၅။ ၉၊ ၁၂၊ ၁၉၄၂-ခုနှစ်။ ။ဂျပန်စစ်သေနာပတိနှင့် မြန်မာဝန်ကြီးချုပ် ကုန်းတော်ပေါ်တက်၍ စေတီ တော်ကို ဖူးမြော်ကြပြီး စစ်အောင်နိုင်ရေးအတွက် ဆွမ်း ကျွေးသည်။

၁၁၆။ ၁၊ ၈၊ ၁၉၄၃-ခုနှစ်။ ။နိုင်ငံတော် အဓိပတိ ဒေါက်တာဘမော် ဘုရားဖူးတက်သည်။ ဒုတိယ ကမ္ဘာစစ်တွင် ဂျပန်ရှုံးတော့မည့် အခြေရှိနေသဖြင့် နိုင်ငံတော်အဓိပတိ ဘုရားဖူးပြီး စစ်အောင်နိုင်ရေး ဆုတောင်းသည်။

၁၁၇။ ၁၇၊ ၃၊ ၁၉၄၅-ခုနှစ်။ ။ရွှေတိဂုံစေတီတော် အနောက်ကွင်းမှ ဗိုလ်ချုပ်အောင်ဆန်းဦးစီးလျက် မြန်မာ့တပ်မတော်က ရန်သူကို တိုက်ရန် စစ်ထွက်ပွဲပြု လုပ်သည်။ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောသည်။

၁၁၈။ ၁၈၊ ၁၁၊ ၁၉၄၅-ခုနှစ်။ ။ဖ ဆ ပ လ ပြည်လုံးကျွတ် ညီလာခံကို စေတီတော်ကုန်းပေါ်မှာ လုပ်ပြီး လုံးဝ လွတ်လပ်ရေး တောင်းဆိုသည်။

၁၁၉။ ၁၊ ၁၉၄၆-ခုနှစ်။ ။ဖ ဆ ပ လ ပြည်လုံးကျွတ် ညီလာခံကို စေတီတော်ကုန်းမြေ အလယ်ပစ္စယာ၌ ကျင်းပရာ ပရိသတ်တစ်သိန်းကျော် တက်ရောက်သည်။

၁၂၀။ ၁၂၊ ၆၊ ၁၉၄၆-ခုနှစ်။ ။စစ်ဘေးရန်ကြောင့် ကုန်းတော်တွင် ခိုလှုံနေထိုင်ခဲ့ကြသူများအား သြဝါဒါစရိယ ဆရာတော်ကြီးများ၏အမိန့်ဖြင့် ပြောင်းရွှေ့ရန် အကြောင်းကြားပါသည်။

၁၂၁။ ၉၊ ၁၉၄၆-ခုနှစ်။ ။နယ်ချဲ့ကို ဆန့်ကျင်သော အစိုးရအမှုထမ်းပေါင်းစုံသပိတ်များ ကုန်းတော်ပေါ်တွင် စခန်းချသည်။ ပုလိပ်သပိတ်အဖွဲ့လည်း ပါဝင်သည်။

၁၂၂။ ၂၊ ၁၊ ၁၉၄၈-ခုနှစ်။ မြန်မာနိုင်ငံမှ ပြန်တော့မည် အင်္ဂလိပ် နောက်ဆုံးဘုရင်ခံ ဆာဟူဘရန့်စ်သည် ကုန်းတော်ပေါ်သို့ လာရောက် ကြည်ညိုသည်။

၁၂၃။ ၄၊ ၁၊ ၁၄၄၈-ခုနှစ်။ ။ရင်ပြင်တော်ပေါ် အနောက်မြောက်ထောင့်တွင် လွတ်လပ်ရေး ဗောဓိပင်ကို စိုက်သည်။

၁၂၄။ ၁၉၆၀-ခုနှစ်။ ။ရွှေတိဂုံဘုရားလမ်း ဝဲယာရှိ စေတီတော်ကြီးမှ ဟန့်တော်မူစေတီအထိ မြေများကို ရွှေတိဂုံဘဏ္ဍာတော်ထိန်းအဖွဲ့သို့ လွှဲပေးသည်။

၁၂၅။ ၅၊ ၉၊ ၁၉၇၀-ခုနှစ်။ ။ငလျင်များလှုပ်သည်၊ စေတီတော် ပိန္နဲတိုင်စောင်း၍ ဆည်းလည်းအချို့ ပြုတ်ကျသည်။

၁၂၆။ ၇၊ ၃၊ ၁၉၇၁-ခုနှစ်။ ။ယမန်နှစ်အတွင်း ငလျင်ကြောင့် ပိန္နဲတိုင် စောင်းသွားသည်ကို ပြုပြင်ခြင်းနှင့်ထီးတော်စစ်ဆေးခြင်း၊ ငှက်မြက်နားပြုပြင်ခြင်း၊ ရွှေပြားနှင့်ရတနာများ၊ ဆည်းလည်းများ လှူခြင်းများကို ကုသိုလ်အစုစု သိန်း(၁၀၀)ကျော်ဖိုးကို ရင်ပြင်တော် ရေစက်ချ လှူဒါန်း ကြသည်။



၁၂၇။ **၁၉၇၂-ခုနှစ်၊ ဧပြီ၊ မေလ။** ။စေတီတော် ပထမ ဖောင်းရစ်အထက်တွင် ၁၉၀၃-ခုနှစ်မှ (၈)ကြိမ်မျှ ခွဲပြီး (၁)ပေပတ်လည် ရွှေပြား (၁၃၁၅၃)ပြား ကပ်လှူခဲ့ရာမှ ကျန်ဖောင်း ရစ်များအားလုံး ရွှေကြားကပ်လှူနိုင်ရန် အလှူရှင်တို့၏ နောက်ထပ် ရွှေပြား (၁၀၂၉)ပြား ပူဇော်ဖို့ စီစဉ်သည်။

တစ်ပြားလျှင် (၆)ကျပ်သားရှိ၍ ကာလတန်ဖိုး (၃၀၀၀)ကျပ်ဖြစ်သော ရွှေပြားများကို မေလ ဆန်း (၄)ရက်နေ့မှစ၍ ကပ်လှူသည်။ တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း လှူဒါန်းသည်။

၁၂၈။ **၁၉၇၈-ခုနှစ်။** ။ရွှေတိဂုံစေတီတော်၊ ကင်းဘိုင်လော ဥပဒေအစား ရွှေတိဂုံစေတီတော်တွင် ဂေါပကအဖွဲ့ စည်းမျဉ်းစည်းကမ်းကို တိုင်းပြည်သူ့ကောင်စီ အတည်ပြုသည်။

၁၂၉။ ၁၂၊ ၆၊ ၁၉၉၀-ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၅၂-ခုနှစ်၊ နယုန်လဆုတ် (၅)ရက်နေ့။ ။နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရ၏ ကူညီပံ့ပိုးမှုဖြင့် အနောက်ဘက်စောင်းတန်း၌ ရွှေ့လျားစက်လှေကားကြီး (၈)စင်းကို ဖွင့်လှစ် ခဲ့သည်။

၁၃၀။ ၁၆၊ ၄၊ ၁၉၉၁-ခုနှစ်၊ ၁၅၃၅-ခုနှစ်၊ နှစ်ဆန်း (၁)ရက်။ ရွှေတိဂုံစေတီတော်၏ ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဦးညာဏ်လွင်က မဟာဗုဒ္ဓဝင်ပြခန်းတော်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

၁၃၁။ ၄၊ ၇၊ ၁၉၉၂-ခုနှစ်၊ ၁၃၅၄-ခုနှစ်၊ ဝါဆိုလပြည့်၊ အင်္ဂါနေ့။ ။ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် အလှည့်ကျ သဘာပတိ ဦးကြီးမြင့်က ပြတိုက် ပိဋကတ်တိုက်၊ မော်ကွန်းတိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

၁၃၂။ ၆၊ ၃၊ ၁၉၉၅-ခုနှစ်။ ။ရွှေတိဂုံစေတီတော်ဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ နာယက နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်သည်။

၁၃၃။ ၃၀၊ ၃၊ ၁၉၉၅-ခုနှစ်။ ။ရောင်တော်ဖွင့်တန်ဆောင်း၌ ကျင်းပပြုလုပ်သော ဘက်စုံမွမ်းမံ တည်ဆောက်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ နာယက နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁)ဗိုလ်ချုပ်ကြီး ခင်ညွန့်က တက်ရောက်၍ ဆွေးနွေး မှာကြားသည်။



၁၃၄။ ၂၅၊ ၇၊ ၁၉၉၄-ခုနှစ်။ ။နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်က ရွှေတိဂုံစေတီတော် ဘက်စုံ ပြုပြင် မွမ်းမံတည်ဆောက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဩဝါဒါစရိယ ဆရာတော်ကြီးများထံ ရှင်းလင်း လျှောက်ထားပါသည်။

၁၃၅။ ၃၊ ၇၊ ၁၉၉၅-ခုနှစ်။ ။ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေးအဖွဲ့ နာယက နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်က ရွှေတိဂုံစေတီတော် တောင်ဘက်စောင်းတန်း ပြန်လည်၍ တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၁၃၆။ ၂၇၊ ၇၊ ၁၉၉၅-ခုနှစ်။ ။မြန်မာမှု မဟုတ်သည်များကို ဖယ်ရှား၍ မြန်မာမှုစစ်စစ် အစားထိုးရန် မှာကြားခဲ့သည်။

၁၃၇။ ၃၊ ၈၊ ၁၉၉၅-ခုနှစ်။ ။ထာဝရဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်း တာဝန်ရှိသူများအား ဆွေးနွေး မှာကြားခဲ့သည်။

၁၃၈။ ၂၅၊ ၈၊ ၉၅-ခုနှစ်။ ။ရွှေတိဂုံစေတီတော် ရှေ့ဘက်ရှိ ရွှေစောင်းတန်းကြီး ပြန်လည်တည်ဆောက်ရန် အလှူရှင်များက စေတနာထက်သန်စွာ ငွေကျပ် (၂၅၀)သိန်းကျော် လှူဒါန်း၊

၁၃၉။ ၉၊ ၇၊ ၁၉၉၆-ခုနှစ်။ ယိုးဒယားဆရာတော် ပြုပြင်မွမ်းမံရေးလုပ်ငန်းများကို ကြည့်ရှုလေ့လာပါသည်။

၁၄၀။ ၁၆၊၉၊ ၁၉၉၆-ခုနှစ်။ ။ရွှေတိဂုံစေတီတော် တောင်ဘက်စောင်းတန်းကြီး ရေစက်ချအလှူမင်္ဂလာပွဲ ကျင်းပခဲ့သည်။

၁၄၁။ ၁၉၊ ၉၊ ၁၉၉၆-ခုနှစ်။ ။ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီ နာယက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ဦး ရွှေစောင်းတန်းတော်ကြီးဖွင့်ပွဲ မဟာမင်္ဂလာ အခမ်းအနားတွင် ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

၁၄၂။ ၁၉၊ ၉၊ ၁၉၉၆-ခုနှစ်။ ။သာသနာရေးဝန်ကြီးဌာနဝန်ကြီးက တောင်ဘက်မုခ်ဦး ရွှေစောင်းတန်းတော်ကြီး ဖွင့်ပွဲ ဒုတိယမင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ပေးသည်။



၁၄၃။ ၁၇၊ ၆၊ ၁၉၉၇-ခုနှစ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ရွှေတိဂုံစေတီတော်တော် အရှေ့ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

၁၄၄။ ၂၈၊ ၆၊ ၁၉၉၇-ခုနှစ်။ ။(၁၃၅၉-ခုနှစ်၊ နယုန်လဆန်း ၈-ရက်၊ စနေနေ့) အရှေ့ဘက်စောင်းတန်း တော်ကြီး အရှေ့ဘက်မုခ် မြင်ကွင်းကျယ် လှေကားနှင့် အနောက်ဘက်မုခ်ဦး ဧည့်သည်တော် နားနေစောင်တို့ကို ရေစက်ချ လှူဒါန်းပွဲ ကျင်းပသည်။

၁၄၅/ ၂၉၊ ၆၊ ၁၉၉၇-ခုနှစ်။ ။ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေးနာယက နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရွှေတိဂုံစေတီတော် အရှေ့ဘက် စောင်းတန်းတော်ကြီး ဖွင့်ပွဲ မင်္ဂလာအခမ်းအနားတွင် ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

၁၄၆။ ၁၈၊ ၁၁၊ ၁၉၉၈-ခုနှစ်။ ။ရွှေတိဂုံသမိုင်းပြဇာတ် ပါဝင်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်ရှိ

ဂုဏ်ဘာလမ်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်း အတွင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်း သာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က တက်ရောက်၍ ဂုဏ်ပြုစကား ပြောကြားသည်။

၁၄၇။ ၈၊ ၁၁၊ ၁၉၉၈-ခုနှစ်။ ။(၁) နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရွှေတိဂုံစေတီတော် ပရိဝုဏ်အတွင်းရှိ ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်တွင် ကြည့်ရှု စစ်ဆေးသည်။

(၂) ရွှေတိဂုံစေတီတော် ဘက်စုံပြုပြင်မွမ်းမံတည် ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

(၃) ရွှေတိဂုံ အထက်ပစ္စယာရှိ ပတ္တမြား မျက်ရှင် ဘုရားအား ဖူးမြော်ကြည်ညိုသည်။

(၄) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်က ရွှေတိဂုံစေတီတော် ဘက်စုံပြုပြင် မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းများကို ရှင်းလင်း တင်ပြ သွားပါသည်။



၁၄၈။ ၉၊ ၁၁၊ ၁၉၉၈-ခုနှစ်။ ။လေးဆူဓာတ်ပုံ ရွှေတိဂုံ စေတီတော်မြောက်ဘက် ရွှေစောင်းတန်းတော်ကြီး၊ မြောက်ဘက် ဓာတ်လှေကား၊ တောင်ဘက် ဂန္ဓကုဋိ တိုက်၊ အနောက်ဘက် ခြင်္သေ့ရုပ်တုကြီးများ၊ မြောက် ဘက်စောင်းတန်း၊ မော်ကွန်းကျောက်စာတို့ကို ရေစက်ချ လှူဒါန်းပွဲတွင် နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ ဝင်များ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်ချ အမျှဝေသည်။

ရွှေတိဂုံစေတီတော် မြောက်ဘက်စောင်းတန်းတော်ကြီး၊ မြောက်ဘက်ဓာတ်လှေကား၊ တောင်ဘက်ဂန္ဓကုဋိ တိုက်၊ အနောက်ဘက် ခြင်္သေ့ရုပ်ကြီးများ၊ မြောက်ဘက် စောင်းတန်း၊ မော်ကွန်းကျောက်စာ၊ ရေစက်ချ လှူဒါန်း ပွဲတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆရာတော်ကြီးများအား လျှောက်ထားကြသည်။

၁၄၉။ ၂၀၊ ၁၁၊ ၁၉၉၈-ခုနှစ်။ ရွှေတိဂုံစေတီတော် မြောက် ဘက်မုခ်ဦး ရွှေစောင်းတန်းတော်ကြီးအား နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

၁၅၀။ ၂၀၊ ၁၁၊ ၁၉၉၈-ခုနှစ်၊ နံနက် (၈)နာရီ၊ သာသနာရေးဝန်ကြီး ဗိုလ်ချုပ်စိန်ထွား (ယခု လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး) နှင့်မြောက်ဘက် ရွှေစောင်းတန်းတော်ကြီးပြုပြင်ရန် ငွေကျပ် သိန်း (၅၀၀)မတည် အလှူရှင် ရွှေသံလွင်ကုမ္ပဏီပိုင်ရှင် နာယကကြီး ဦးသိန်းဝင်း+ဒေါ်နီတို့ အနောက်ဘက် စောင်းတန်းတော်ကြီး၊ ရင်ပြင်တော် မုခ်ဦးဆောင်ကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ကြသည်။

၁၅၁။ ၂၀၊ ၁၁၊ ၁၉၉၈-ခုနှစ်။ ။နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေတိဂုံစေတီတော်တောင်ဘက်မုခ် အာရုံခံတန်ဆောင်းကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်ဦး ရွှေစောင်းတန်းတော်ကြီးပြုပြင်မွမ်းမံ တည်ဆောက်ခြင်း၊ မော်ကွန်းကျောက်စာကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။



၁၅၂။ ၁၁၊ ၁၉၉၈-ခုနှစ်။ ။လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆီဆဗက်ကအိုကွန်ဖန်နှင့် မဒမ်ခမ်လာကဲအိုကွန်ဖန်တို့က ရွှေတိဂုံစေတီတော်အတွက် အလှူငွေများကို စေတီတော်ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

၁၅၃။ ၂၇၊ ၁၁၊ ၁၉၉၈-ခုနှစ်၊ နံနက် (၈) နာရီခွဲ။ ။လမ်းမတော်မြို့နယ်၊ အမှတ် (၈၉)၊ ဘုန်းကြီးလမ်းနေ ဦးသိန်းမောင်+ဒေါ်ခင်လှမြင့်၊ သားသမီးမြေးတစ်ခုတို့က ငွေကျပ် (၁၀,၀၀၀၀၀ဝိ)နှင့် အသင်းဥက္ကဋ္ဌ ဦးတင်ရွှေက အလှူရှင် (၅၂)ဦး၏ စုပေါင်းအလှူငွေ (၃၉၂၆၀၀)တို့ကို ပေးအပ်လှူဒါန်းကြရာတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်က လက်ခံရယူသည်။

၁၅၄။ ၇၊ ၁၂၊ ၁၉၉၈-ခုနှစ်၊ ။ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်က ရွှေတိဂုံစေတီတော်ထီးတော်ကို တက်ရောက်ဖူးမြော်ကြည်ညိုပြီး ထီးတော်ကြီးကြဲ့ခိုင်မှုအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၁၅၅။ ၁၃၊ ၁၂၊ ၁၉၉၈-ခုနှစ်။ ။ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပေါ်ရှိ ရှေးဟောင်းပြတိုက် တန်ဆောင်း၌ ကျင်းပသောရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေပြားသက်န်းရွှေတော် ကပ်လှူ ပူဇော်ရန်အတွက် ရွှေထည်ပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်က တက်ရောက်၍ ရွှေထည်ပစ္စည်းများကို လက်ခံသည်။

၁၅၆။ ၂၇၊ ၁၂၊ ၁၉၉၈-ခုနှစ်။ ။နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁)

ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရွှေတိဂုံစေတီတော်ထီးတော် ကြဲ့ခိုင်မှုအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၁၅၇။ ၄၊ ၁၁၊ ၁၉၉၈-ခုနှစ်။ ။နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁)

ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရွှေတိဂုံ စေတီတော်ထီးတော်ကြဲ့ ခိုင်မှုအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှု စစ်ဆေးသည်။

၁၅၈။ ၁၁-လ၊ ၁၉၉၈-ခုနှစ်။ ။ကျေးဇူးရှင် ဆရာတော် တိပိဋကဓရ ဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်



ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသအား ဦးထိပ်ထား၍ ဦးမောင်မောင်လွင်+ဒေါ်ခင်ညို မိသားစုက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကြေးပေါင်းကြေးပြားများကို ကပ်လှူရန် အမေရိကန် ဒေါ်လာငွေ (၁၅၃၀၀၀)ကိုလည်းကောင်း၊ ဦးစိန်ကျံ+ဒေါ်လီလီတို့အား အမှူးထား၍ ဖစ်ကစက်ကုမ္ပဏီလီမိတက် မန်းနေဂျင်းဒါရိုက်တာ ဦးဇော်ဝိတ်က အလှူတော်ငွေ (၁၀၀၀၀၀)ကိုလည်းကောင်း၊ လှူဒါန်းသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁)

ဗိုလ်ချုပ်ကြီး ခင်ညွန့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး အကြိမ်(၄၀)မြောက် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားသို့ ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး နာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)

ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အလှူငွေများကို လက်ခံသည်။

၁၅၉။ ၉၊ ၁၂၊ ၁၉၉၈-ခုနှစ်။ ။စင်ကာပူနိုင်ငံ၊ ရွှေဘုရားကျောင်း ဆရာတော် ရှိဖာဖော့အမှူးထားသည့် တရုပ်ဗုဒ္ဓဘာသ ဒါယကာ ဒါယိကာမများက ရွှေတိဂုံစေတီ

တော်မြတ်ကြီးတွင် တင်လှူရန်အတွက် ရွှေဖလားနှင့် (ရွှေခေါင်းလောင်း လှူဒါန်းပွဲ အခမ်းအနားကို ရှေး ဟောင်း ဗုဒ္ဓရုပ်ပွားတော်များကို တန်ဆောင်း၌ ကျင်းပ ခဲ့သည်။

၁၆၀။ ၃၀၊ ၁၁၊ ၁၉၉၉-ခုနှစ်။ ။ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေး နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရွှေတိဂုံစေတီတော်ကြီး၏ ထီးတော် ကြံ့ခိုင်မှုအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၁၆၁။ ၁၊ ၁၊ ၁၉၉၉-ခုနှစ်။ ။မင်းတုန်းမင်းကြီး တင်လှူခဲ့သော ထီးတော်ဟောင်းမှာ သိန်းပေါင်း (၆၀၀၀၀) ကျော်တန်ကြောင်းကို စာရေးဆရာ သိန်းသန်းထွန်းက မြန်မာ့အလင်းသတင်းစာမှ ဆောင်းပါးရေး၍ တင်ပြထားသည်။ (၄၂)ကြိမ်မြောက် ရွှေတိဂုံစေတီတော် ဘက်စုံပြုပြင်ရေးအတွက် အလှူတော်ငွေ ပေးအပ်ပွဲကို ကျင်းပသည်။

၁၆၂။ ၁၀၊ ၁၊ ၁၉၉၉-ခုနှစ်၊ နံနက်ပိုင်း။ ။ရွှေတိဂုံစေတီ တော် ရွှေထီးတော်ကြီးကို ပြုပြင်မွမ်းမံ ပြင်ဆင်ရန် ဆရာတော် ကြီးများထံမှ ဩဝါဒခံယူ မင်္ဂလာပွဲကို ကျင်းပသည်။



ရွှေထီးတော်ကြီးကို ပုံသဏ္ဌာန်မပျက်စေဘဲ ထုံးတမ်း နှင့်အညီ သံမဏိစတီး သံထည်များဖြင့် မွမ်းမံ ပြင် ဆင်သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ပညာရှင်များသည် ထီးတော်အစိတ် အပိုင်း များကို စေတီတော်ကြီးအား တပ်ဆင်ပူဇော်သည်။ နံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

၁၆၃။ ၂၀၊ ၁၊ ၁၉၉၉-ခုနှစ်၊ နံနက် (၇)နာရီခွဲ။ ။ရွှေတိဂုံ စေတီတော် ပြုပြင်မွမ်းမံမှုပြပွဲ အခမ်းအနားကို ရွှေတိဂုံ စေတီတော်ရင်ပြင်ပေါ်ရှိ ချမ်းသာကြီးတန်ဆောင်းတွင် ကျင်းပရာ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင် မွမ်းမံ တည်ဆောက်ရေးနာယက နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ ရွှေကြိုး ဖြတ်ကာ ဖွင့်လှစ်ပေးသည်။
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရွှေတိဂုံစေတီတော်၊ ရွှေထီးတော်ကြီးအတွက် အလှူ ရှင်များ လှူဒါန်းသော ရတနာပစ္စည်းများနှင့် အလှူ ငွေများကို လက်ခံသည်။

၁၆၄။ ၂၈၊ ၁၊ ၁၉၉၈-ခုနှစ်။ ။၁၉၉၂-ခုနှစ်စ၍ အလှူ ရှင်များ လှူဒါန်းသော ရွှေပြားများအနက် အမှတ်စဉ် (၁)မှ အမှတ်စဉ် (၁၇၀)အထိ နှစ်ကျပ်သားရွှေပြား အချပ်(၁၅၀) ကပ်လှူပွဲ အခမ်းအနားကို ကျင်းပသည်။

၁၆၅။ ၂၉၊ ၁၊ ၁၉၉၉-ခုနှစ်။ ။ရွှေတိဂုံစေတီတော် ထီးတော် ပြုပြင်မွမ်းမံမှုပြပွဲ ဆက်လက်ပြသသည်။ သဒ္ဓါတရား ထက်သန်စွာ ရတနာပစ္စည်းများနှင့် ငွေများကို လှူဒါန်းကြသည်။

၁၆၆။ ၃၀၊ ၁၊ ၁၉၉၉-ခုနှစ်။ ။ရွှေတိဂုံစေတီတော် ထီးတော် ပြုပြင်မှုပြပွဲ ဖူးမြော်ကြည်ညိုသူများနှင့် လှူဒါန်းသူများဖြင့် စည်ကားလျက် ရှိသည်။

၁၆၇။ ၃၁၊ ၁၊ ၁၉၉၉-ခုနှစ်။ ။ထီးတော်ပြုပြင်မှုပြပွဲနှင့် အများပြည်သူများက ရတနာပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

၁၆၈။ ၂၊ ၂၊ ၁၉၉၉-ခုနှစ်။ ။ထီးတော်ပြုပြင်မှုပြပွဲတွင် ရဟန်း ရှင်လူ ပြည်သူများ၊ ကမ္ဘာလှည့်ခရီးသည်များ၊ နိုင်ငံခြားသားများဖြင့် အထူးစည်ကားလျက်ရှိသည်။ သဒ္ဓါတရား ထက်သန်စွာဖြင့် ရတနာပစ္စည်းများ ငွေများကို ပေးအပ်လှူဒါန်း ကြသည်။

၁၆၉။ ၃၊ ၂၊ ၁၉၉၉-ခုနှစ်။ ။ရွှေတိဂုံစေတီတော် ထီးတော် ပြုပြင် မွမ်းမံမှုပြပွဲ၌ ရတနာပစ္စည်းများ၊ ငွေလှူဒါန်းသူများဖြင့် စည်ကားလျက် ရှိသည်။ ရတနာပစ္စည်း (၃၁၄)ခု၊ အလေးချိန် (၁၂၂၅. ၆)ဂရမ်၊ ရွှေစင်ရွှေသား (၁၇)ပိဿာ စသည်များကို လှူဒါန်းကြသည်။



၁၇၀။ ၄၊ ၂၊ ၁၉၉၉-ခုနှစ်။ ။ထီးတော်ပြုပြင်မွမ်းမံမှုပြပွဲ ရတနာပစ္စည်း (၃၁၅)ခု၊ အလေးချိန် (၁၀၃၃. ၆)ဂရမ် အပါအဝင် အမေရိကန်ဒေါ်လာများလှူဒါန်းကြသည်။ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ပန်းလယ် တိုင်အတွက် တင်လှူပွဲ မင်္ဂလာအခမ်းအနားတွင် ရွှေတိဂုံစေတီတော် ယာဝရ ဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေး နာယက နိုင်ငံတော် ငြိမ်းချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ မြန်မာ မညာရှင်များက ပန်းလယ်တိုင်အတွက်နှင့် စိန်ဖူးတော် တို့ကို ရွှေတိဂုံစေတီတော်ကြီးအား ထပ်ဆင့်ပူဇော် ကြသည်။

၁၇၁။ ၁၃၊ ၂၊ ၁၉၉၉-ခုနှစ်။ ။ရွှေတိဂုံစေတီတော်ကြီး အတွက် ရွှေစင်နှင့် ရတနာပစ္စည်းများ ပေးအပ်လှူဒါန်း ပွဲတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်က တက်ရောက် လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

၁၇၂။ ၁၈၊ ၂၊ ၁၉၉၉-ခုနှစ်။ ။ထီးတော်ပြုပြင် မွမ်းမံမှု ပြပွဲတွင် ကြည်ညိုလေ့လာသူများ၊ ရတနာပစ္စည်းလှူသူ များဖြင့် စည်ကားလျက် ရှိသည်။

ဇန်နဝါရီလ (၂၀)ရက်မှ ယနေ့ညနေ (၆)နာရီအထိ လက်ခံရရှိငွေ (၂၈၃၂၅၂၈၅၅)ကျပ်၊ အက်ဖ်အီးစီ (၂၀၆၅)၊ အမေရိကန် ဒေါ်လာ (၁၉၃၀)၊ တရုပ်ယွမ်း (၁၅၃၇)၊ ထိုင်း ဘတ် (၆၂၄၅)၊ ကနေဒါဒေါ်လာ(၃၈)၊ မလေးရှားရင်းဂစ် (၄၁၈)၊ ကိုရီးယားဝမ် (၁၉၃၅၀၀)၊ အင်ဒိုနီးရှားရူပီ (၁၄၅၉၀၀)၊ ဂျပန်ယန်း (၁၄၅၄၅) တို့ကို လက်ခံရရှိထားပြီး ဖြစ်သည်။

၁၇၃။ ၁၉၊ ၂၊ ၁၉၉၉-ခုနှစ်။ ။ပြပွဲတွင် ကြည်ညိုလေ့လာသူများ၊ ရတနာရွှေငွေပစ္စည်း၊ လှူသူများဖြင့် စည်ကားလျက်ရှိသည်။ ဇန်နဝါရီလ (၂၀)ရက်မှ ဖေဖေါ်ဝါရီလ (၁၉)ရက်နေ့အထိ ရတနာပစ္စည်း အရေအတွက် စုစုပေါင်း (၂၉၂၆၇)ခု၊ အလေးချိန် (၈၈၇၁၉. ၁)ဂရမ်၊ ရွှေစင်ရွှေသား (၃၄)ပိဿာ၊ (၃၂)ကျပ်သား၊ (၁၀)ပဲ၊ (၃)ရွေး၊ ရရှိငွေ (၂၉၂၉၈၅၅၄၁)ကျပ်၊ အက်ဖ်အီးစီ (၂၁၁၀)၊ စင်္ကာပူဒေါ်လာ (၁၉၄)၊ တရုပ်ယွမ်း (၁၈၂၀)၊ ထိုင်းဘတ် (၈၃၃၅)၊ ကနေဒါ ဒေါ်လာ (၃၈)၊ မလေးရှားရင်းဂစ်(၄၄၆)၊ ကိုရီးယားဝမ်း (၂၀၁၅၀၀)၊ အင်ဒိုနီးရှားရူပီ (၁၄၆၁၀၀)၊ ဂျပန်ယန်း (၁၄၅၄၅) တို့ကို လက်ခံရရှိထားပြီးဖြစ်သည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် ရွှေစင်၊ ရတနာနှင့်အလှူ



ငွေများ ပေးအပ်လှူဒါန်းသည်ကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့ပြင် စေတီတော်မြတ်ကြီးအား တင်လှူပူဇော်မည့် ရွှေသားစိန်တောင်နှင့်မှန်ကင်းများ၊ ရွှေကျောင်းဆောင်တော်၊ ဗုဒ္ဓရုပ်ပွားတော်များနှင့် ဓာတ်တော်ကြုတ်တို့ကို စစ်ဆေးသည်။

၁၇၄။ ၁၉၉၉-ခုနှစ်။ ။နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁)
ဗိုလ်ချုပ်ကြီး ခင်ညွန့် ရွှေတိဂုံစေတီတော်စိန်ဖူးတော်နှင့် ငှက်မြက်နားတော်အား ရောင်တော်ဖွင့်သည်။ အများပြည်သူ လှူဒါန်းထားသော ရတနာပစ္စည်းများကို ပေးအပ်သည်။

ထို့ပြင် ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် ရွှေစင်၊ ရတနာနှင့် အလှူငွေများ လှူဒါန်းကြသည်ကို နိုင်ငံတောငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်က လက်ခံပြီး ဂုဏ်ပြုလွှာများကို ပေးအပ်သည်။

၁၇၅။ ၁၀၊ ၃၊ ၁၉၉၉-ခုနှစ်။ ။ရွှေတိဂုံစေတီတော်မြတ်ကြီး ထီးတော်ပြုပြင်မွမ်းမံမှုပြပွဲ အထူးစည်ကားသည်။ ဘုရားဖူး ပြည်သူများက ရတနာပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းကြသည်။

၁၇၆။ ၁၉၉၉-ခုနှစ်။ ။ထီးတော်ပြုပြင် မွမ်းမံမှုပြပွဲ အထူး စည်ကားသည်။ စေတနာထက်သန်စွာဖြင့် ရတနာ ပစ္စည်းများနှင့်ငွေများ လှူဒါန်းကြသည်။

၁၇၇။ ၁၅၊ ၃၊ ၁၉၉၉-ခုနှစ်။ ။နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရွှေတိဂုံစေတီတော် မြတ်ကြီး၏ ထီးတော်ကြံ့ခိုင်မှုကို ကြည့်ရှု စစ်ဆေး ခဲ့သည်။ ပြည်သူများ လှူဒါန်းထားသော ရတနာ ပစ္စည်းများ ရွှေထီးတော်တွင် တပ်ဆင်ပူဇော်သည်။

၁၇၈။ ၁၉၉၉-ခုနှစ်။ ။ရွှေတိဂုံစေတီတော် ထီးတော်တင် လှူရေးကို ညှိနှိုင်းသည်။

၁၈၉။ ၁၉၊ ၃၊ ၁၉၉၉-ခုနှစ်။ ။ရွှေတိဂုံစေတီတော် မြတ်ကြီး၏ ထီးတော်ကြံ့ခိုင်မှု လုပ်ငန်းများကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်က ကြည့်ရှုစစ်ဆေးသည်။ အများ ပြည်သူများ လှူဒါန်း ထားသော ရွှေထည်ပစ္စည်းများနှင့် ရတနာ ပစ္စည်း များကို ကပ်လှူပူဇော်သည်။



၁၉၀။ ၂၁၊ ၃၊ ၁၉၉၉-ခုနှစ်။ ။ရွှေတိဂုံစေတီတော်မြတ်၏ ရွှေထီးတော်ကြံ့ခိုင်မှု လုပ်ငန်းများကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ကြည့်ရှု စစ်ဆေးသည်။ အများပြည်သူများ လှူဒါန်းထားသော ရွှေဆည်းလည်းများနှင့် အလှူငွေများကို လက်ခံသည်။ ထို့ပြင် အလှူရှင်များမှ လှူဒါန်းထားသော ရတနာ ပစ္စည်းများနှင့်အလှူငွေများကို လက်ခံသည်။

၁၉၁။ ၂၃၊ ၃၊ ၁၉၉၉-ခုနှစ်။ ။ (၃၁၂) ကြိမ်မြောက် အလှူငွေနှင့် ရွှေစင်ရွှေပြား ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် (၃၅၅)ဦး၏ အလှူတော်ငွေ ရွှေစင်ရွှေပြား စုစုပေါင်း တန်ဖိုးငွေကျပ် (၂၁၉၇၆၈၀၀)ကို ဂေါပက အဖွဲ့ဝင်များက လက်ခံသည်။

၁၉၂။ ၂၅၊ ၃၊ ၁၉၉၉-ခုနှစ်။ ။နိုင်ငံတော် ငြိမ်ဝပ်ပိပြား မှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရွှေထီးတော်ကြီး ကြံ့ခိုင်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ လှူဒါန်းထားသော ရတနာပစ္စည်းများကို တင်လှူ ပူဇော်သည်။

၁၉၃။ ၂၇၊ ၃၊ ၁၉၉၉-ခုနှစ်။ ။ရွှေတိဂုံစေတီတော် ရွှေထီး တော်တင် မင်္ဂလာအခမ်းအနားကို ကျင်းပရေးအတွက်

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် ဆွေးနွေးမှာကြားသည်။

၁၉၄။ ၂၉၊ ၃၊ ၁၉၉၉-ခုနှစ်။ ။နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရွှေထီးတော်ကြံ့ခိုင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများလှူဒါန်းထားသော ရတနာပစ္စည်းများကို တင်လှူပူဇော်သည်။

၁၉၅။ ၃၁၊ ၃၊ ၁၉၉၉-ခုနှစ်။ ။နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် ရွှေတိဂုံစေတီတော်ကြီးအား ရွှေထီးတော် တင်လှူပူဇော်ရန် ကြိုတင်ပြင်ဆင်မှုများကို ကြည့်ရှုစစ်ဆေးပြီး ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ကိန်းဝပ်အပူဇော်ခံမည့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်ကို ကြည်ညိုသည်။ ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား ကျင်းပရေး ဦးစီးကော်မတီ အစည်းအဝေးကို ကျင်းပသည်။

၁၉၆။ ၁၊ ၄၊ ၁၉၉၉-ခုနှစ်။ ။ရွှေတိဂုံစေတီတော်မြတ်ကြီးအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး



ကောင်စီ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးနှင့်နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်တို့ ဖူးမြော် ကြည်ညိုပြီး အများပြည်သူများ လှူဒါန်းထားသော ရွှေဆည်းလည်း၊ ရွှေညောင်ရွက်နှင့် ရတနာပစ္စည်းများအား စေတီတော်မြတ်ကြီး၏ စိန်းဖူးတော်၊ ထီးတော်နှင့် ငှက်မြက်နားတော်တို့တွင် တင်လှူပူဇော်သည်။

၁၉၇။ ၂၊ ၄၊ ၁၉၉၉-ခုနှစ်။ ။ရွှေတိဂုံစေတီတော်၏ စိန်ဖူးတော်နှင့်ငှက်မြက်နားတော်များကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်က ရောင်တော်ဖွင့်ပူဇော်၍ အများပြည်သူများ ကြည်ဖြူစွာ လှူဒါန်းထားသော ရတနာပစ္စည်းများကို တင်လှူ ပူဇော်ခဲ့သည်။ ထို့နောက် ဆက်လက်၍ လှူဒါန်းထားသော ရတနာပစ္စည်းများကို လက်ခံသည်။

၁၉၈။ ၃၊ ၄၊ ၁၉၉၉-ခုနှစ်။ ။နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရွှေထီးတော် ဘုံခုနစ်ဆင့်ရှိ ထီးခရိုင်၊ ထီးချလက်နှင့်ထီးခွေ တို့တွင် အများပြည်သူ

လှူဒါန်းထားသော ရတနာပစ္စည်းများ၊ ရွှေဆည်းလည်းနှင့်ဗုဒ္ဓရုပ်ပွားတော်များကို တင်လှူပူဇော်သည်။

၁၉၉။ ၃၊ ၄၊ ၁၉၉၉-ခုနှစ်။ ။ရွှေတိဂုံစေတီတော်မြတ်ကြီး ထာဝရဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင်ဘုရားကို ဖူးမြော်ကြည်ညိုပြီး ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားအတွက်ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၂၀၀။ ၄၊ ၄၊ ၁၉၉၉-ခုနှစ်။ ။လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရွှေထီးတော် တင်လှူပူဇော်ပွဲကို ၁၉၉၉-ခုနှစ်၊ ဧပြီလ (၄)ရက်နေ့ နံနက်ပိုင်းတွင် မြောက်ဘက်ရင်ပြင်တော် အောင်မြေရှိ မင်္ဂလာမဏ္ဍပ်နှင့် တနင်္ဂနွေထောင့်တို့တွင် ကျင်းပရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ပူဇော် ကြည်ညိုကြပြီး နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁)



ဗိုလ်ချုပ်ကြီး ခင်ညွန့်က တက်ရောက်၍ ထီးတော်ပထမဘုံကို စေတီတော်သို့ တင်လှူ ပူဇော်ခဲ့သည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှဝေသည်။

၂၀၁။ ၄၊ ၄၊ ၁၉၉၉-ခုနှစ်။ ။လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေထီးတော် ကပ်လှူပူဇော်ပွဲမင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရည်မှန်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သောဘိတထံမှ မှန်ကင်းတော်နှင့်စိန်တောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

၂၀၂။ ၄၊ ၄၊ ၁၉၉၉-ခုနှစ်။ ။စေတီတော်မြတ်ကြီးသို့ တင်လှူမည့် ရွှေထီးတော် ပထမဘုံအဆင့်ကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းသည်။

၂၀၃။ ၄၊ ၄၊ ၁၉၉၉-ခုနှစ်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဒေါ်မြမြစန်းတို့က ထီးတော်တင်ပွဲ အလှူမင်္ဂလာအခမ်းအနားတွင် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်သည်။

၂၀၄။ ၄၊ ၄၊ ၁၉၉၉-ခုနှစ်။ ။နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ ရွှေထီးတော် ပထမဘုံဆင့်ကို မင်္ဂလာဝေါယာဉ်ဖြင့် ကြိုးဆွဲတင်၍ ပူဇော်လှူဒါန်းသည်။

၂၀၅။ ၄၊ ၄၊ ၁၉၉၉-ခုနှစ်။ ။ရွှေထီးအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုး ရွာသွန်းဖြိုးသည်။ ရဟန်းရှင်လူ ပြည်သူများက သစ်သီး (၉၀၀၀)၊ ပန်း (၉၀၀၀)၊ ဆီမီး (၉၀၀၀) တို့ကို ကပ်လှူပူဇော်သည်။

၂၀၆။ ၅၊ ၄၊ ၁၉၉၉-ခုနှစ်။ ။စေတီတော်မြတ်ကြီးအား ဒုတိယ၊ တတိယ၊ စတုတ္ထဘုံဆင့်များကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) မောင်အေးနှင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့တို့က တင်လှူ ပူဇော်ခဲ့ပါသည်။



၂၀၇။ ၅၊ ၄၊ ၁၉၉၉-ခုနှစ်။ ။နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်က ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရည်မှန်း၍ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌ ဂုရု၊ အဂ္ဂမဟာပဏ္ဍိတ သီရိမင်္ဂလာစံကျောင်းဆရာတော် ဘဒ္ဒန္တရာဇိန္ဒာဘိဝံသ (ဒုတိယရွှေကျင်သာသနာပိုင်) ထံသို့ မှန်ကင်းတော်နှင့် စိန်တောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။ ဒုတိယ၊ တတိယ၊ စတုတ္ထဘုံ သုံးဆင့်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်သည်။

၂၀၈။ ၆၊ ၄၊ ၁၉၉၉-ခုနှစ်။ ။ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေထီးတော် ပဥ္စမ၊ ဆဋ္ဌမနှင့်သတ္တမဘုံဆင့်များ တင်လှူပူဇော်သည်။

၂၀၉။ ၆၊ ၄၊ ၁၉၉-ခုနှစ်။ ။နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယတပ်မတော်

ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး တက်ရောက် ပူဇော်သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က တက်ရောက်၍ ရွှေတိဂုံစေတီတော်မြတ်ပေါ်သို့ တင်လှူသည်။

၂၁၀။ ၆၊ ၄၊ ၁၉၉၉-ခုနှစ်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးက ရထားပျံနှင့် တင်လှူရန်အတွက် စိန်တောင်နှင့်မှန်ကင်းတော်များကို ပေးအပ်သည်။

၂၁၁။ ၆၊ ၄၊ ၁၉၉၉-ခုနှစ်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအားရည်မှန်း၍ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ သီရိမင်္ဂလာ စံကျောင်းဆရာတော် ဘဒ္ဒန္တရာဇိန္ဒာဘိဝံသ (ဒုတိယ ရွှေကျင်သာသနာပိုင်)ထံသို့ မှန်ကင်းတော်ကို ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ရွှေတိဂုံ စေတီတော်မြတ်ကြီးသို့ တင်လှူ ပူဇော်မည့် စိန်တောင်တော်ကို ရထားပျံသို့ တင်လှူသည်။



၂၁၂။ ၆၊ ၄၊ ၁၉၉၉-ခုနှစ်။ ။ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေးအဖွဲ့ နာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေထီးတော် ပဉ္စမဘုံအဆင့်၊ ဆဋ္ဌမဘုံဆင့်နှင့် သတ္တမဘုံဆင့်တို့ကို တင်လှူပူဇော်ပြီး အမွှေးနံ့သာရည်များဖြင့် ပူဇော်ခဲ့သည်။ ထို့နောက် အများပြည်သူများ လှူဒါန်းထားသော ရတနာပစ္စည်းများအား ထီးတော်သို့ ချိတ်ဆွဲဆက်ကပ် ပူဇော်သည်။

၂၁၃။ ၆၊ ၄၊ ၁၉၉၉-ခုနှစ်။ ။ရွှေတိဂုံတော် ပဉ္စမဘုံ၊ ဆဋ္ဌမဘုံ၊ သတ္တမဘုံ တင်လှူပူဇော်ပွဲ အခမ်းအနားကို ထောင် ပေါင်းများစွာသော ရဟန်းရှင်လူ ပြည်သူအပေါင်း တက်ရောက်ပူဇော်ကြသည်။

၂၁၄။ ၆၊ ၄၊ ၁၉၉၉-ခုနှစ်။ ။ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား အောင်မြင်ပြီးမြောက်ခြင်း အထိမ်းအမှတ် ရတနာရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးသည်။ ရဟန်းရှင်လူ ပြည်သူအများက သစ်သီး၊ ပန်း၊ ဆီမီး (၉၀၀၀) စီ ကပ်လှူပူဇော်ကြသည်။

၂၁၅။ ၁၇၊ ၄၊ ၁၉၉၉-ခုနှစ်။ ။ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေး နာယက

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရွှေတိဂုံစေတီတော်မြတ်၏ စိန်ဖူးတော်အား အမွှေးနံ့သာရည်တို့ဖြင့် ရောင်တော်ဖွင့်သည်။

၂၁၆။ ၁၉၊ ၄၊ ၁၉၉၉-ခုနှစ်။ ။ရွှေတိဂုံစေတီတော် ရတနာအုတ်မြစ်တော်စီ မင်္ဂလာကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ရတနာ အုတ်မြစ်စီသည်။ စေတီတော်မြတ်ကြီး၏ ရွှေထီးတော်နှင့်ပုံတူစေတီတော် တည်ထားရန် ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားတွင် အလယ်ဗဟို၌ ပတ္တမြား ရတနာအုတ်တော်ကို စီပေးသည်။

၂၁၇။ ၂၀၊ ၄၊ ၁၉၉၉-ခုနှစ်။ ။နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရွှေတိဂုံ စေတီတော်မြတ်ကြီးတွင် ကိန်းဝပ်စမ္ပာယ်တော်မူသော ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုသည်။

၂၁၈။ ၂၃၊ ၄၊ ၁၉၉၉-ခုနှစ်။ ။နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ပူဇော်ထားရှိမည့် ပုံတော်တူ ရွှေစေတီ



ထုလုပ်ပြီးစီးမှု အခြေအနေကို စစ်ဆေးဖူးမြော်ကြည်ညိုသည်။

၂၁၉။ ၂၅၊ ၄၊ ၁၉၉၉-ခုနှစ်။ ။စေတီတော်မြတ်ကြီး၏ ငှက်မြက်နားတော်အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်က ရွှေကြာသကန်းတော်မြတ် ဆက်ကပ်လှူဒါန်းသည်။

၂၂၀။ ၂၉၊ ၄၊ ၁၉၉၉-ခုနှစ်။ ။နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတအမှူးပြုသော ဆရာတော် သံဃာတော်များက လေးဆူဓာတ်ပုံ စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

၂၂၁။ ၂၉၊ ၄၊ ၁၉၉၉-ခုနှစ်။ ။ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနား ကျင်းပသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်က ဂေါ်ဝါမ မြတ်စွာဘုရားအား ရွှေကြာသကန်း ကပ်လှူပူဇော်သည်။

၂၂၂။ ၂၉၊ ၄၊ ၁၉၉၉-ခုနှစ်။ ။ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး ဦးစီးကော်မတီ နာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး ရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်က သာသနာရေး ဆိုင်ရာများကို လျှောက် ထားသည်။

၂၂၃။ ၂၉၊ ၄၊ ၁၉၉၉-ခုနှစ်။ ။ရွှေတိဂုံတော်တင် အောင်မြင် ခြင်းအထိမ်းအမှတ် ရေစက်ချ မင်္ဂလာအခမ်းအနားကို မွန်းလွဲ (၁)နာရီ၊ (၁၅)မိနစ်တွင် ရန်ကုန်မြို့၊ သီရိ မင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူ တော်ကြီး၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ ရေစက်သွန်းချ-အမျှ ဝေသည်။

# ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ခြေတော်ရင်းရှိ အခြားသိမှတ် ဖွယ်ရာများ “သိင်္ဂုတ္တရကုန်းတော်ပေါ်မှ အံ့ဖွယ်ကိုးဖြာ”

## ၁။ တစ်ဝဂ္ဂုဆုတောင်းပြည့်ဘုရား

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အထက်ပစ္စယံအရှေ့ဘက်တည့်တည့်တွင် ပတ္တမြားမျက်ရှင်တစ်ဝဂ္ဂုဆုတောင်းပြည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ရှိသည်။ ထိုရုပ်ပွားတော်ကို ပထမံဘိုးဘိုးအောင်က မြန်မာသက္ကရာဇ် ၁၁၅၄ခုနှစ် သီတင်းကျွတ်လပြည့် (၁/၁၀/၁၇၉၂) တနင်္ဂနွေနေ့တွင် တည်ထားကိုးကွယ်ခဲ့သည်၊ ဟုဆိုသည်။ ရုပ်ပွားတော်မြတ်သည် ပတ္တမြားမျက်ရှင်ကိန်းဝပ်သဖြင့် ရံဖန်ရံခါ မျက်လုံးတော်ဖွင့်၊ ပိတ်ခြင်းရဲရဲတောက် နီမြန်းခြင်းရှိသည်၊ ဆုတောင်းပြည့်သည်။

## ၂။ ဝိဇ္ဇာဇော်ဂျီဘုရား

ရင်ပြင်တော် စနေထောင့်ရှိ စေတီငယ်တစ်ဆူပေါ်တွင် ဇော်ဂျီရုပ်များ ထုလုပ်ထားသည်။ ရှေးကလောကီဝိဇ္ဇာစိုရ်ပညာ ဖြင့်ပြုလုပ်ထားသည်ဟု အယူရှိကြသည်။

## ၃။ ဆုတောင်းပြည့် (ရှင်စောပုဘုရား)

ရင်ပြင်တော်အနောက်မြောက်ထောင့်တွင် ရှင်စောပု စေတီရှိသည်။ ဘုရင်မကြီး ရှင်စောပုကုသိုလ်တော်ဖြစ်သည်။ ဗားလေးဗား ဘုရားဟုလည်း လူသိများသည်။ တီတော်၏

မုခ်လိုဏ်အတွင်း၌ရှိသော ရုပ်ပွားတော်မှာ ညဥ့်လူသူတိတ်ချိန်တွင် မုခ်အတွင်းမှအပြင်သို့ထွက်၍ သီတင်းသုံးသည်ဟု ပြောစမှတ်ပြုကြသည်၊ ပဒါးရှင်တစ်လုံးနှင့် ဓမ္မစေတီမင်းကြီးစီရင်ခဲ့သော အင်းတစ်စုံရှိသည်ဟုဆိုသည်။ လင်ကွဲမယားကွဲများလိုရာဆုတောင်းပါက ပြည့်သည်။

## ၄။ ရှင်မထီးဘုရား

နောင်တော်ကြီး စေတီတော်၏ မြောက်ဘက်အာရုံခံတန်ဆောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူမှာ ထွက်ရပ်ပေါက် ရှင်မထီးဆရာတော် တည်ထားကိုးကွယ်ခဲ့သည်ဟုဆိုသည်။ ထိုရုပ်ပွားတော်တွင် ပြဒါးရှင်တစ်လုံးရှိသည်။ ဆုတောင်းပြည့်သည်ဟု ယုံကြည်ကြသည်။

## ၅။ ရှင်အဇ္ဇဂေါဏဘုရား

နောင်တော်ကြီးစေတီ၏ တောင်ဘက်အာရုံခံတန်ဆောင်းထဲတွင် ရှင်အဇ္ဇဂေါဏ အရှင်မြတ်တည်ထားခဲ့သော မျက်လုံးတစ်ဖက်ကျဉ်း၊ တစ်ဖက်ကျယ် ရုပ်ပွားတော်တစ်ဆူရှိသည်။ ထိုရုပ်ပွားတော်ကို ပြဒါးရှင်တစ်လုံးရှိသည်။ ဆုတောင်းပြည့်သည်ဟု ယုံကြည်ကြသည်။

## ၆။ ဆံတော်တွင်းဗုဒ္ဓရုပ်ပွားတော်

စေတီတော်မြတ်ကြီး၏ မြောက်ဘက်အာရုံခံတန်ဆောင်းနှင့် မျက်နှာချင်းဆိုင်တန်ဆောင်းမှာ ဆံတော်များကိုရေသပ္ပာယ်သော ရေတွင်းရှိသည့် တန်ဆောင်းဖြစ်သည်။ ထိုတန်ဆောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မှာ တန်ခိုးကြီးသည်၊ ဆုတောင်းပြည့်သည်၊ လူအများယုံကြည်ကြသည်။

## ၇။ ဘိုးဘိုးတောင်ဆုတောင်းပြည့်ဘုရား

ရင်ပြင်တော်ပေါ် အရှေ့ဘက်မုခ်အနီး ဘိုးဘိုးအောင်တန်ဆောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မှာ ဆုတောင်းပြည့်သည်၊ ဘိုးဘိုးအောင်တည်ထားခဲ့သည်ဟုဆိုသည်။

## ၈။ လက်ပက်လက် (လာဘမုနိဘုရား)

စေတီတော်မြတ်ကြီး၏ အရှေ့ဘက်အာရုံခံ တန်ဆောင်းအတွင်းရှိ ကကုသန်ဘုရားရှင်၏ ရုပ်ပွားတော်မှာ အဘယမုဒြာဖြစ်၍ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစေသည်၊ ဆုတောင်းပြည့်သည်၊ ပြဒါးရှင်တစ်လုံးရှိသည်ဟုဆိုသည်။

## ၉။ ပြဒါးရှင်ဘုရား

ရင်ပြင်တော်ပေါ် အင်္ဂါထောင့်ရှိ စေတီငယ်တစ်ဆူ၏ မုခ်အတွင်းမှာ စံပယ်တော်မူသော ကြေးဆင်းတုတော်တစ်ဆူမှာ ပြဒါးရှင်တစ်လုံးရှိသည်၊ ဆုတောင်းပြည့်သည်ဟုဆိုသည်၊ ဆိုခဲ့ပြီးသော ဗုဒ္ဓရုပ်ပွားတော်များရှေ့တွင် အဓိဋ္ဌာန်ဝင်၊ ပုတီးစိပ်သူများဖြင့် စည်ကားလျှက်ရှိသည်။ အံ့ဖွယ်ကိုးဌာနဟုလည်း သမုတ်ထားကြသည်။

## "အခြားးသိဖွယ်ရာဘုရားများ"

ဣစ္ဆာသယဆုတောင်းပြည့် နှစ်ဆူမှာ တောင်ဘက်စောင်းတန်းကြီး၏ အထက်စတွင် မတ်ရပ်ပုံတော်ဖြစ်သည်။ စောင်းတန်းတက်စ ဝဲယာတွင်ရှိ၍ လိုရာဆုတောင်းပါက ဆုတောင်းပြည့်မည်ဖြစ်လျှင် ပုံတော်မှာ ပြုံးရောင်သန်းနေသည်၊ ကာလကြာမှ တောင်းဆုပြည့်မည်ဖြစ်ပါက မျက်နှာတော်ညှိုးနေတတ်သည်၊ အလွန်ဆုတောင်းပြည့်သော ဘုရားနှစ်ဆူဖြစ်သည်။

### နေလဘုရား

ရင်ပြင်တော်ပေါ်အနောက်တောင်ထောင့်တွင်ရှိသည်။ စေတီတော်မြတ်၏အဝင်မုခ်ဝတွင် နေနှင့်လပုံများ ထုလုပ်ထားသဖြင့် နေလဘုရားဟု တွင်ခြင်းဖြစ်ပါသည်။ နေတစ်ဆူ၊ လတစ်ပါးကဲ့သို့ ကျော်ကြားလိုသူများ ဆည်းကပ်ကိုးကွယ်ကြသည်၊ ဆုတောင်းပြည့်သည်။

### မျက်ရှင်တော်သုံးဆူ

စေတီတော်မြတ်ကြီး၏ အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်တော်တစ်ဆူ၊ ရှင်အရဟံတန်ဆောင်းတွင်းရှိ မျက်ရှင်တော်တစ်ဆူနှင့် ရင်ပြင်တော်အရှေ့တောင်ထောင့်ရှိ စေတီငယ်တစ်ဆူ၏မုခ်အတွင်းရှိ ကြေးဗုဒ္ဓရုပ်ပွားတော် မျက်ရှင်တော်တစ်ဆူဟူ၍ မျက်ရှင်တော်ဘုရားသုံးဆူရှိသည်။



### ပြည်တော်ပြန်ဘုရား

ရင်ပြင်တော်အရှေ့တောင်ထောင့် ဟသ်ာရုပ်ရှိသော တံခွန်တိုင်၏အောက်ခြေတွင် မတ်ရပ်ဆင်းတုတော်နှင့် ရှင်အဇ္ဇဂေါဏ တန်ဆောင်းနှင့် မျက်နှာချင်းဆိုင်တန်ဆောင်းတွင် တစ်ဆူဟူ၍ အင်္ဂလန်ပြည်မှ ပြန်ရသော ပြည်တော်ပြန်ဘုရားနှစ်ဆူရှိသည်။ ဆုတောင်းပြည့်သည်။

### ပဒုံးပဒိုင်းမုနိ

ပြည်တော်ပြန်ဘုရား၏ နောက်ဘက် စတုသစ္စပါရမီ အသင်းတန်ဆောင်းတွင် ပဒုံးပဒိုင်းမုနိဟု ပမွှည်းထိုးထားသော ဆင်းတုတော် တစ်ဆူရှိသည်။

### ဆယ်တော်ဘုရား

ရင်ပြင်တော်တောင်ဘက်ပိုင်း ပုံတော်တူရွှေစေတီတန်ဆောင်း၏ နောက်တွင် စေတီတစ်ဆူ၏ အရှေ့ဘက်မုခ်ထဲတွင်ရှိသည်၊ နေရာကျဉ်းသဖြင့် လူတစ်ဦးသာဝင်နိုင်သည်၊ ဘေးဒုက္ခ အပေါင်းမှ ကယ်ဆယ်နိုင်သဖြင့် ဆယ်တော်ဘုရားဟု လူသိများသည်။

### ပိတောက်ပိုင်းဘုရား

ရင်ပြင်တော်ပေါ် အောင်မြေ၏ အရှေ့ဘက်တွင်ရှိသည်၊ မျက်လုံးတော်ဖူးသူဘက်လှည့်နေသဖြင့် ထူးသည်ဟု ဆိုသည်။

## ရှစ်မျက်နှာဘုရား

အောင်မြေ၏အနောကတောင်ထောင့် စဥ့်ကူးမင်းခေါင်းလောင်းကြီး၏ အရှေ့ဘက်ရှစ်မျက်နှာရှိသော စေတီငယ်တစ်ဆူရှိသည်။ တပေါင်းလဘုရားပွဲတော်နီးလျှင် ပဌာန်းပူဇော်သောအခါ ရေအိုး ၂၄လုံးထား၍ အန္တရာယ်ကင်းရေတော်များကို ဘုရားဖူးလာသူများအား တိုက်ကျွေးလေ့ရှိသည်။

## ကျားခြင်္သေ့ရှိသော ဓမ္မစေတီမင်းကောင်းမှု

စေတီတော်သည် ရင်ပြင်တော်အရှေ့မြောက်ထောင့်တွင်ရှိသည်၊ ဗုဒ္ဓရုပ်ပွားတော်အောက်တွင် ကျားနှင့်ခြင်္သေ့ရုပ်ရှိသဖြင့် "ခြင်္သေ့နှင့်ကျား၊ နှစ်ပါးပေါင်းဘက်၊ မီးသုံးကျိန်နာနာနက်၊ တစ်ပါးနိဗ္ဗာန်တက်" ဟူသော အညွန်းတိုင်းဘင်္ဂီယပ်လုပ်ထုံးကို သင်္ကေတပြုထားသည်ဟု အယူရှိကြသည်။ ဓမ္မစေတီမင်း၏ ကောင်းမှုဆုတောင်းပြည့်ဘုရားဟုယုံကြည်ကာ အုန်းငှက်ပျောပုတီးစိပ်သူများဖြင့် ပြည့်လျှံက်ရှိသည်။

## ရာဇမုနိဗုဒ္ဓရုပ်ပွားတော်

နောင်တော်ကြီးစေတီမြောက်ဘက် အာရုံခံတန်ဆောင်းအောက်တွင် ရာဇမုနိဗုဒ္ဓရုပ်ပွားတော် တစ်ဆူရှိသည်။ ဗုဒ္ဓဂါယာမှ ညောင်ရမ်းမင်းသားယူလာသော ဗောဓိသားကိုထုလုပ်ထားသော ရုပ်ပွားတော်ဖြစ်သည်၊မင်းများအထူး ပူဇော်ကြသည်။



## ဘိုးဘိုးအောင်စေတီ

ဗုဒ္ဓဝင်ပြခန်းကြီးသွားသော လမ်းအောက်တွင်ရှိသည်။ ထိုလေးမျက်နှာစေတီတော်မှာ ယခင်က သိင်္ဂုတ္တရကုန်းတော်၏ အထက်ဘက်တွင်ရှိသည်။ မိုးများ၍ မြေပြိုကျရာတွင် မလဲမပြို သူ့ပကတိအတိုင်း ကုန်းတော်၏အောက်ခြေဆင်းလာသော စေတီတော်ဖြစ်၍ တန်ခိုးကြီးသည်ဟုယူဆကြသည်။ လူတိုင်းမသိကြပါ၊ ဘိုးဘိုးအောင်တည်ထားခဲ့သော စေတီဟုဆိုသည်။

## ခြေတော်ရာနှစ်ဆူ

ရင်ပြင်တော်စေတီယင်္ဂဏ တန်ဆောင်း၏ ခြေရင်းဘက်တန်ဆောင်းအတွင်း၌ နဂါးခွေပတ်၍ ခြေတော်ရာတစ်ဆူရှိသည်။ အင်္ဂါထောင့် ဦးဘကဲ၊ ဒေါ်သိန်းသိန်းတန်ဆောင်းအတွင်း၌ နှစ်ဆူရှိသည်။ ခြေတော်ပေါ်တွင် ပန်း၊ ရေချမ်းသွန်းလောင်း၍ ထိုရေကို အသုံးပြုပါက အန္တရာယ်ကင်းသည်။ မျက်နှာပွင့်သည်။

## ရှင်ငါးရှင်

၁။ ပတ္တမြားမျက်ရှင်
၂။ ရှင်စောပုဘုရား
၃။ ရှင်မထီးဘုရား
၄။ ရှင်အဇ္ဇဂေါဏဘုရား

၅။ ရှင်အရဟံဘုရားကိုဖြစ်သည်။

ဘုန်းကံနိမ့်၍ "သေကံ" နှင့်ကြုံတွေ့နေရသူများသည် ဤရှင်ငါးရှင်ဘုရားများကို ကုသိုလ်ပြု၍ ရှင်ဓါတ်ကိုယူကြရသည်။

## ဆင်ငါးဆင်

၁။ တနင်္လာဂြိုလ်တိုင်အနီး ဆင်(၃)ကောင်ပေါ်တွင် တည်ထားသော ရှမ်းထီးဆောင်ဘုရား။

၂။ ထိုအနီးမှာပင် ဆင်(၃)ကောင်ပေါ်တွင် တည်ထားသော စေတီတော်ဆူ

၃။ ဦးသိုက်၊ ဒေါ်သူတို့၏ တန်ဆောင်းအတွင်းရှိ ဆင်(၃)ကောင် ပလ္လင်ခံဆင်းတုတော်တစ်ဆူ။

၄။ ပုညကုသလဗဟုကာရ အသင်းတန်ဆောင်း၏ ကျောဘက်တွင် စေတီငယ်တစ်ဆူ၏အတွင်း၌တစ်ဆူ။

၅။ ရာဟုဂြိုလ်တိုင်အနီးတွင် ဆင်(၃)ကောင်ပလ္လင်ခံစေတီတစ်ဆူတို့ဖြစ်ကြသည်။ ဆင်စီး၍ မြင်းရံလိုသူများ အကြီးအကဲဖြစ်လိုသူများသည် ဆင်ငါးဆင်ဘုရားများအား ကောင်းမှုပြု၍ သိဒ္ဓိယူကြရသည်။

## "အခြားသိဖွယ်ရာများ"

ဗြဟ္မာမင်းသားသိုက်ရုပ်ထု၊ စေတီတော်မြတ်ကြီး၏ ခြေတော်ရင်း တောင်ဘက်စေတီငယ်တစ်၏ဘေးတွင်ရှိသည်။



သားသမီးမရသူများ သားဆုပန်ကရသည်ဟု ဆိုသည်။ လိုရာ သားသမီးကိုတောင်းယူနိုင်ပါသည်။

## ခြသေ့်ကနဂါးကိုမြို နေဟန်

အင်္ဂလိပ်ဇာပညာပေး ရုပ်ထုဖြစ်သည်။ ခြသေ့်ဟူသော သုံ ထဲနဂါးဟူသော ပြဒါးကို သွင်းနိုင်က အောင်မြင်မည်ဟုသိစေသည်။ နဂါးကို ခြသေ့်စီး၍ မီးစီးထိုးပါဟု ဆိုလိုပါသည်။

## ရွှေတိဂုံဘိုးဘိုးကြီးနှင့်သိကြားမင်း

ထိုရုပ်ထုများသည် ရင်ပြင်တော်၏ အနောက်တောင်ထောင့်တွင် သီးခြားဆောင်နှင့်ရှိသည်။ ဘိုးဘိုးကြီးမှာ အမြဲသဘေ မော်ဘီနတ်ကြီးပင်ဖြစ်သည်။ သူသည် ကမ္ဘာတည်သရွေ့ပတ်လုံး ဘုရားရှင်တို့၏ ဓါတ်တော်မွေတော်များကို စောင့်ရှောက်ရန် တာဝန်ရှိသည်။ သိကြားမင်းမှာ ဥက္ကလာပမင်း၏ ဖခင်ဖြစ်သည်ဟု ရှေးသမိုင်းကဆိုသည်။

## ရန်ကုန်ဘိုးဘိုးကြီး

သိင်္ဂုတ္တရကုန်းတော်၏အနောက်တောင်ဘက်အောက်ခြေတွင် နတ်နန်းနှင့်ရှိသည်။ အရောင်းအဝယ်ကောင်းအောင် မစနိုင်သည်ဟုယူဆကာ ပသကြသူများရှိသည်။ သူ့နတ်နန်း၏ အောက်ခြေတွင် နယ်ချဲ့တို့၏ ခံကတုပ်များ၊ ယနေ့တိုင် အထင်အရှား ရှိနေသေးသည်။

## လောကပါလယက္ခမယ်တော်ကြီး

မြောက်ဘက်စောင်းတန်းကြီး၏ ထိတ်ဘေးဘက်တွင် ယခုအခါ နတ်နန်းနှင့်ရှိသည်။ မိမိမတရားအနှိပ်စက်ခံရလျှင် သို့မဟုတ် ဘုရား၏ ဘဏ္ဍာတော်အဖျက်အဆီးခံရသော် တိုင်တယ်၍ရသည်။ အတော်အစွမ်းထက်သည်။ စာအုပ်ငယ်ဖြစ်၍ အကျယ်မရေးသာသည်ကို ခွင့်လွှတ်ကြပါရန် တောင်းပန်အင်ပါသည်။



### စေတီတော်ဆိုင်ရာကိန်းဂဏန်းများ

၁။ စေတီတော်ဆိုင်ရာ

| | | |
|---|---|---|
| (က) | ဉာဏ်တော်အမြင့် | ၃၂၆-ပေ၊ |
| (ခ) | ပစ္စယာများ | ၆၂-ပေ၊ ၄-လက်မ၊ |
| (ဂ) | ရှစ်မြောင် | ၂၅-ပေ၊ ၁၀-လက်မ၊ |
| (ဃ) | ကြည်းပန်း | ၂၄-ပေ၊ ၂-လက်မ၊ |
| (င) | သပိတ်မှောက်နှင့် ခေါင်းလောင်း၊ | ၄၅-ပေ၊ ၁၁-လက်မ၊ |
| (စ) | ဖောင်းရစ်များ | ၄၃-ပေ၊ ၄-လက်မ၊ |
| (ဆ) | ကြာမှောက်ကြာလန် ကြာနှုတ်၊ ရွှဲ | ၂၈-ပေ၊ ၁၀-လက်မ၊ |
| (ဇ) | ငှက်ပျောဖူး | ၅၁-ပေ၊ ၁၁-လက်မ၊ |
| (ဈ) | ထီးတော်စိန်ဖူးအထိ | ၄၃-ပေ၊ ၈-လက်မ၊ |
| | စုစုပေါင်း | ၃၂၆ - ပေ။ |

၂။ (၁) ပေပတ်လည် ရွှေပြားကြီးများ ၁၃၁၅၃-ပြား၊ (ပထမဖောင်းရစ်မှ အထက်)

၃။ ထီးတော်ဆိုင်ရာ

(က) ထီးတော်ဘုံများအမြင့် ၁၆-ပေ၊ ၃-လက်မ၊

(ခ) ဘုံပေါင်း ၇-ဆင့်၊

(ဂ) အောက်ဆုံးဘုံအမြင့် ၃-ပေ၊ ၃-လက်မ၊

(ဃ) အောက်ဆုံးဘုံအချင်း ၁၄-ပေ၊ ၁၁-၁/၂လက်မ၊

(င) အထက်ဆုံးဘုံအမြင့် ၁-ပေ၊ ၆-လက်မ၊

(စ) အထက်ဆုံးဘုံးအချင်း ၃-ပေ၊ ၆ -လက်မ၊

၄။ စိန်ဖူးတော်

(က) အမြင့် ၁-ပေ၊ ၁၀-လက်မ၊

(ခ) အချင်း ၁၀ ၁/၂ -လက်မ၊

(ဂ) အဝန်း ၃၁. ၄-လက်မ၊

(ဃ) စိန်လုံးရေ ၄၃၅၁-လုံး၊

(င) ကာရက်အချိန် ၁၈၀၀( ရတီ -၂၀၀၀)

(ဆ) စိန်ဖူးထိပ်ရှိစိန်ကြီး ၇၆-ကာရက်
(၈၃-ရတီကျော်)

၅။ ငှက်မြက်နားတော်

(က) အကျယ်ဆုံးနေရာ ၂-ပေ၊ ၅ ၁/၂-လက်မ၊

(ခ) အရှည်ဆုံးနေရာ ၄-ပေ၊ ၂-လက်မ၊



(ဂ) စိန်လုံးရေ ၁၀၉၈-လုံး၊

(ဃ) ရတ်ချိန် ရတီ ၂၄၀-ကျော်၊

(င) အခြားကျောက်များ ၁၃၃၈-လုံး၊

၆။ ဆပ်သွားဖူး

(က) အမြင့် ၈-ပေ၊ ၂-လက်မ၊

(ခ) အချင်း ၃-ပေ၊ ၃-လက်မ၊

(ဂ) ကျောက်မျက်မျိုးစုံ ၈၈၆-လုံး။

၇။ ပိန္နဲတိုင်

(က) အလျား ၃၈-ပေ၊ ၄ ၃/၄- လက်မ၊
(ကြေးစလောင်းမှ စိန်ဖူးတော်အောက်ခြေအထိ)

(ခ) အောက်ခြေအချင်း ၁၀ ၁/၂- လက်မ၊

(ဂ) အပေါ်အချင်း ၂ ၁/၆-လက်မ၊

၈။ ရင်ပြင်တော်ဆိုင်ရာ

(က) ရင်ပြင်တော်အကျယ် ၁၄-ဧက၊

(ခ) သီးခြားကုဋီတိုက်စေတီ ၄၅-ဆူ၊

(စ) တံခွန်တိုင် ၁၀-ခု၊

(ဃ) သင်ပုတ်၊ ပလ္လင် ၄၀-ခု၊

(င) ကျောက်ထီး ၃-ခု၊
(စ) ရေချမ်းစင် ၆-ခု၊
(ဆ) အာရုံခံတန်ဆောင်း ၁၁-ဆောင်၊
(ဇ) ဘုရားတန်ဆောင်း ၅၁-ဆောင်၊
(ဈ) စေတီ ၅၄-ဆူ၊
(ည) အုတ်ဂူ၊ ပြာသာဒ်စေတီ ၁၂၁-ဆူ၊
(ဋ) ခေါင်းလောင်း ၂၉-လုံး၊
(ဌ) ခေါင်းလောင်းကြီး ၂-လုံး၊
(ဍ) မီးမောင်းစင် ၆-ခု၊
(ဎ) ရေစင် ၃-စင်၊
(ဏ) ဇရပ် ၄-ဆောင်၊
(တ) ပြတိုက် (အဟောင်း/အသစ်) ၂-ခု၊
(ထ) ဗုဒ္ဓဝင်ပြခန်းကြီး ၁-ခု၊
(ဒ) ညောင်ပင် ၁၂-ပင်၊
(ဓ) အုန်းပင် ၃၄-ပင်၊
(န) အခြားအပင်များ ၁၆-ပင်၊
(ပ) ဖိနပ်တော်ပတ်လည် ၁၄၂၀-ပေ၊



၉။ ထီးတော်အောက်ခြေ ဆိုင်ရာ

(က) ပန်းတင်ခုံစေတီရံ ၆၀-ဆူ၊
(ခ) ပန်းတင်ခုံထောင့်စေတီ ၄-ဆူ၊
(ဂ) မုခ်ဦးစေတီ ၄-ဆူ၊
(ဃ) မနုသီဟ (ခြေတော်ရင်းလေးထောင့် ၄-ရုပ်၊
(င) ခြသေ့် (စောင်းတန်းဦး) ၈-ကောင်၊
(စ) ခြသေ့် (ခြေတော်ရင်းပတ်လည်) ၂၄-ကောင်၊
(ဆ) ပစ္စယာပန်းထီးတော် ၄၄-ခု၊
(ဇ) ဂြိုဟ်တိုင် ၁၂-တိုင်၊
(ဈ) ထီးတော် ၄-စင်း၊
(ည) သင်ပုတ်ပလ္လင် ၃၉-ခု၊
(ဋ) ပန်းစွန့်တန် ၆-လုံး၊
(ဌ) အာရုံခံတန်ဆောင်း ၄-ဆောင်၊
(ဍ) ဂန္ဓကုဋိတိုက်စေတီ ၈၂-ဆူ၊

၁၀။ ကုန်းတော်မြေဆိုင်ရာ

(က) ကုန်းတော်အမြင့် (ပင်လယ်ပြင်မှ ၁၉၀-ပေ၊
(ခ) ကုန်းတော်ဝန်းကျင်ဧရိယာ ၁၁၄-ဧက
(ဝတ္တကမြေ)

၁၁။ အုပ်ချုပ် ဆိုင်ရာ

(က) ဩဝါဒါစရိယ ဆရာတော်ကြီးများ ၁၁-ပါး၊

(ခ) ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်လူကြီး ၁၀-ဦး၊

(ဂ) အတွင်းရေးမှူး ၁-ဦး၊

(ဃ) ဝန်ထမ်းများ ၉၀၀-ဦး

## သိင်္ဂုတ္တာရရွှေတောင်

### အမှားအမှန် ပြင်ဆင်ချက်

| မျက်နှာ | | မှန် |
|---|---|---|
| နိဒါန်း | အကြောင်းများစွာ | အကြောင်းများမှာ |
| ၃ | သုဝဏ္ဏဘုမ္မိ | သတ္တဘူမိ |
| ၂၉ | ၂၆၄၁ | ၂၆၁၄ |
| ၁၆၇ | စေတီတော်မြတ်အရပ်မှ | စေတီတော်မြောက်အရပ်မှ |
| ၁၆၉ | ရွှေပုဏ္ဏနိမ်ခံ | ရွှေပုဏ္ဏနိမ်ခွံ |
| ၁၇၀ | ၂၂/၂၃၊ ၁၈၅၃ ခုနှစ် | ၂၂/၂၃။ ၁၁၊ ၁၈၅၃ခုနှစ် |
| ၁၇၁ | မင်းတုန်းလင်း၏ | မင်းတုန်းမင်း၏ |
| ၁၇၅ | ချွတ်ယွင်းပါရှိသည် | ချွင်းချက်ပါရှိသည် |
| ၁၈၁ | ရွှေကြွားကပ်လှူ | ရွှေပြားကပ်လှူ |
| ၁၈၁ | ကင်းဘိုင်လော | စက်ကင်းဘိုင်လော |
| ၂၁၅ | ပြည်ထောင်စုဘုရား | ပြည်တော်ပြန်ဘုရား |
| ၂၁၅ | ပမ္ဗည်းထိုးထားသော | ကမ္ဗည်းထိုးထားသော |

ဤစာအုပ်ကို စေ့စေ့စပ်စပ် လေ့လာဖတ်ရှုခြင်းအားဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းကို အနည်းအကျဉ်း သိရှိနိုင်လောက်ပြီဟု ယူဆ၍ ဤမျှဖြင့် နိဂုံးသတ်ပါသည်။

ဤစာအုပ်ပြုစုသည့် ကုသိုလ်ကောင်းမှုအဖို့ ဘာဂကို မွေးသမိခင် မွေးဖခင်မှ အစပြု၍ (၃၁)ဘုံ၌ ရှိကြကုန်သော ဝေနေယျ သတ္တဝါတို့အား အမျှပေးဝေပါ၏။

အားလုံးကျန်းမာ ချမ်းသာကြပါစေ။

ထွန်း